
www.burmeseclassic.com

# ဒေါင်ဇင်

ငွေယားတောင်ရိုးက

မောင်မိုးမောင်

ဒုတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ငွေယားတောင်ကြီးက

# မောင်မိုးမှောင်

စာမူခွင့်ပြုချက်အမှတ်-၈၂၄/ ၂၀၀၄(၈)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၆၇/ ၂၀၀၄(၈)၊ ဒုတိယအကြိမ်-၂၀၀၄ခု၊ အောက်တိုဘာလ၊နိုဝင်ဘာလ အုပ်ရေ-၅၀၀ တန်ဖိုး-၆၀၀၊ မျက်နှာဖုံးပန်းချီမောင်မောင်သိုက်၊ ကာလာခွဲ-စိန်နဂါး၊စာအုပ်ချုပ်ကိုတင်အေး၊ ဦးခင်မောင်သိန်းဆွေ(၀၇၄၇)၊ သလ္လာဝတီစာပေ ၂၄၀၊ အခန်း (၃)၊ ဓေယျာသုခလမ်း ၂ရပ်ကွက်ယုဝဏ္ဏ၊ ရန်ကုန်မြို့မှထုတ်ဝေ၍ ဒေါ်ခင်စီ(၀၂၅၀၇)၊ ပြည်ဦးဘောပုံနှိပ်တိုက် တိုက်၁၅၈၊ ၃၇လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်းပုံနှိပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ငွေယားတောင်ရိုးက မောင်မိုးမှောင်

၁။

နေသည် အရှေ့ဘက်ဆီမှ တဖြည်းဖြည်း မြင့်တက်လာပြီးနောက် အခေါင်အဖျားသို့ရောက်ကာ အနောက်အရပ်ကို လျှောဆင်း ပျောက်ကွယ်ရမည်မှာ ဓမ္မတာပင် ဖြစ်လေသည်။

ထိုသဘောသဘာဝအတိုင်းပင် နေလုံးနီနီကြီးမှာ မျက်စိမျက်နှာ မကောင်းလှစွာဖြင့် ငွေယားတောင်၏ အနောက်ဘက်သို့ လိုင်ဆန်တောင်ကြောကြီး အာခံတွင်းထဲသို့ လျှောကျသွားဆဲဆင်း နေရသလို ထင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအချိန် ဤကာလမျိုးတွင် ငွေယားတောင်၏ တစ်ခုသော ချောက်စွယ်ပေါ်တွင် ခြေတစ်ဖက်ကိုတင်ကာ နေမင်းကြီးဝင်ရောက်ပျောက်ကွယ်သွားတော့မည့် အရပ်ဘက်မှ တောင်ကြားလမ်းသွယ်ဆီသို့ မမှိတ်မသုန် စူးရှထက်သန်လှသော မျက်စိဖြင့် စိုက်ကြည့်နေသည့် လူတစ်ယောက်။

ထိုလူ၏အကြည့်သည် စူးရှထက်သန်သလောက်၊ ရဲတင်းသန်မာသလောက်၊ ရက်စက်ခက်ထန်သလောက်၊ မာန်တင်းအားပြည့်နေသလောက်၊ မျှော်လင့်စိတ်စောနေသော မျက်လုံးနှစ်လုံး ဖြစ်သည်ဟုလည်း ပြောလျှင်ဖြစ်မည် ထင်သည်။

ထိုစဉ် လေရိုင်းသည် တောင်ကြားလမ်းဆီမှ ကဆုန်ဆိုင်းကာ တောင်တန်း တောင်ခါးပန်းရှိ တောချုံနွယ်များကို ရက်စက်ရမ်းကားစွာ နင်းကျော်ဖြတ်သန်းကာ အဆီးအတားမရှိ ထီးတည်းကြီးရပ်နေသော ထိုလူအား အညှာအတာမဲ့စွာပင် ဝင်တိုးသွား၏။

ထိုအခါ၌ သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အနက်ရောင်ခြုံထည်နှင့် မျက်နှာတစ်ဝက်မျှဖုံးအောင် ချည်နှောင်ထားသည့် အနက်ရောင်ပဝါတစ်ပိုင်း၏ အစအနများသည် လေတိုးမခံနိုင်သဖြင့် လွင့်လွင့်ခါနေလေသည်။

သို့သော် မျက်လုံးနှစ်လုံးသာဖော်လျက် ကျောက်ရုပ်





ကဲ့သို့ ရပ်နေသော ထိုလူကတော့ လုံးဝမတုန်လှုပ်။ ကြည်မြဲငြိမ်မြဲ၊ တည်ငြိမ်ဆဲပင် ရှိပါသည်။

ထိုလူကို အပြင်ဇန်းအားဖြင့်ကြည့်သော် ထိုမျှခိုင်မာငြိမ်သက်နေပါလားဟု မှတ်ယူနေရသော်လည်း သူ့အတွင်းစိတ်များက မတည်မငြိမ် ဖြစ်နေသည်။ စောစောက လေပြင်းကလေး တိုက်ခတ်သည်ထက်ပင် အဆများစွာ လွန်ကဲနေသည်။

ရင်ထဲမှာ လေပြင်းမုန်တိုင်း ကျနေ၏။

တကယ်တော့မှ သူ့မယုံမရဲ အတွင်းစိတ် အတွေးများက သူ့ကိုယ်သူပင် မညှာတမ်း နှိပ်စက်နေခြင်း ဖြစ်ပါ၏။ စောင့်လို့သာ စောင့်ရပေသည်။ စောင့်မောကြီးများ ဖြစ်နေမလားဟူသော အသိက အာရုံထဲမှာ ပျောက်မရ။

စောင့်ခဲ့ရသည့်ရက်မှာ သုံးလေးရက်ကျော်ခဲ့လေပြီ။ တစ်နေ့ လာနိုးလာနိုးနှင့် ရင်မောခဲ့ရ၏။ ထိုအလုပ်မျိုးကို သူစိတ်မရှည်နိုင်ပါ။ တုံးဆိုတိုက် ကျားဆိုကိုက် မြန်မြန်ဆန်ဆန်သာ လုပ်လိုက်ချင်သည်။

ပြီးတော့ သူ့အလုပ်က စွန့်စားရမည့် အနေအထား။ တစ်နည်းအားဖြင့် မိုက်ရူးရဲလုပ်ရမည် ဖြစ်သည်။ တကယ်တော့မှ တစ်ကိုယ်တော်မိုက်ရမည့်အလုပ်မှာ အဘယ်မှာလျှင် လွယ်ပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူဆုံးဖြတ်ပြီးပြီ၊ ဆုံးဖြတ်ချက်ချထားပြီး ပြီဆိုလျှင် ပို၍ မှန်ပေလိမ့်မည်။ အသက်အန္တရာယ်ပင် ရောက်ချင် ရောက်ပါစေတော့ သူနောက်ဆုတ်တော့မည် မဟုတ်။

စင်စစ်သော် သူတစ်ဦးတည်း မဟုတ်သေးပါ။ သူ့မှာ အဖော်ပါ ပါသေးသည်။ စိန်ဝေလျှံ ဖြစ်သည်။ စိန်ဝေလျှံကို တောင်ခေါင်းတစ်နေရာရှိ ဝါးရုံပင်အောက်တွင် ချည်နှောင် ထားခဲ့သည်။

စိန်ဝေလျှံသည် သခင့်အလိုကို အကင်းပါးစွာ နားလည် သော မြင်းလိမ္မာကြီး ဖြစ်သည်။ ဝါးရုံပင်တစ်ဝိုက်ရှိ မြက်နုများ ကို ဆွဲယူစားသောက်ရင်း သခင်၏တာဝန်ကို ထမ်းဆောင်ရန် စောင့်ဆိုင်းနေသည့်အလား ရှိပါသည်။

သခင်ကတော့ တစ်နေကုန်၍ တစ်မိုးချုပ်တောင် လာ မှလာ ပါဦးမလားဟူသော အပူဖြင့် သောကများနေရလေပြီ။

သို့နှင့် ညီအစ်ကို မသိတသိအချိန် ရောက်လာသည်။ အမှောင်ရိပ်များသည် ရှည်လျားလာတော့သည်။ တောင်ကြားရှိ လျှမ်းကလေးပင် မပီဝိုးဝါး ရှိနေလေပြီ ဖြစ်သည်။

ထို့အတွက် သူလက်လျှော့ရတော့မလို ဖြစ်သွားသည်။ ဦးခေါင်းကို ခပ်ငိုက်ငိုက် ချလိုက်စဉ်မှာပင် သူ့နားထဲသို့ အသံ တစ်သံက တိုးဝင်လာ၏။ ယဉ်ပါးနေသော အသံမျိုးကြောင့် သူ





ချက်ချင်း သိလိုက်ပါသည်။ သူ့ဦးခေါင်း မတ်သွားလေသည်။

အသံလှိုင်းများသည် သူရှိရာအရပ်နှင့် တဖြည်းဖြည်းနီး ကပ်လာကြလေပြီ။ ခပ်သွက်သွက်နှင့် လာကြသော မြင်းခွာ သံများမှာ တစ်ကလုပ် တစ်ကလှုပ် မြည်လျက် စီးချက်ဝါးချက် ညီနေသလို ဖြစ်နေသည်။ ထိုအသံများသည် တောနှင့်တောင်ကို ပဲ့တင်ရိုက်လျက် ရှိသည်။

သူ အားချင်းပင် လှုပ်ရှားလိုက်သည်။ စိန်ဝေလျှံဆီသို့ ပေါ့ပါးစွာ ပြေးတက်သွားပြီးနောက် ဝါးကိုင်းတွင် ချည်ထားသော ဇက်ကြိုးကို အမြန်ဖြုတ်လိုက်ပါသည်။

ထို့နောက် ခြေနင်းကွင်းကိုနင်းကာ လွှားခနဲနေအောင် မြင်းကုန်းနှီးပေါ်သို့ တက်ထိုင်ရင်း စိန်ဝေလျှံ၏တင်ပါးကို ညာလက် ဖြင့် ဆတ်ဆတ်ကလေး ပုတ်လိုက်သည်။

စိန်ဝေလျှံမှာ သခင်က တပ်လှန့်နိုးနေပြီဖြစ်၍ ရှေ့သို့အ ရှိန်ယူ ထွက်ခွာလိုက်ရာ သူက ဇက်ကြိုးကို အလိုက်သင့် ထိန်း လျက်ရှိပေ၏။ ဝါးရုံကိုကွေ့ကာ လျှိုတစ်ခုလမ်းကြားအတိုင်း စိန် ဝေလျှံ အရှိန်နှင့် ဆင်းလာသည်။

မကြာမီမှာပင် သူတို့သည် တောင်ခြေရှိ လမ်းမပေါ်သို့ ရောက်သွားသည်။ သူသည် မြင်းဇက်ကြိုးကို ဘယ်လက်ဖြင့် ပိုင်ပိုင်နိုင်နိုင်ထိန်းပြီး ညာဘက်လက်တွင်မူ ဓားရှည်ကို မြဲမြဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ ဇက်ကုန်ဖွင့်လိုက်တော့သည်။

တစ်ဖက်မျက်နှာချင်းဆိုင်မှ လာနေကြသော မြင်းတပ်စု အတွင်းသို့ တည့်မတ်စွာပင် ဒုန်းစိုင်းကာ ဝင်သွားတော့၏။ မြင်းတပ်စုမှာလည်း ရုတ်ခြည်း အပြင်းဝင်ရောက်လာသူကို မမျှော်လင့်ဘဲ ဘွားခနဲ တွေ့မြင်လိုက်ကြရသောကြောင့် မိတ်ဆွေလား ရန်သူလားဟူသော အမေးကိုပင် မမေးမိလိုက်နိုင်အောင် ကြောင်ေးသွားလေသည်။

အငိုက်ဖမ်း၍ ဝင်ရောက်လာသော ဓားသမားမှာ အညှာအတာ လုံးဝမရှိပေ။ ရှေ့တန်းက မြင်းသည်တော်များကြားထဲသို့ ရောက်သည်နှင့် တပြိုင်နက်တည်း လက်ထဲက ဓားသည် သွက်လက်စွာ လှုပ်ရှားသွား၏။

"အင့် . ." "အား . ."

"ဖုန်း . ."

အော်ညည်းသံများ၊ ညည်းတွားသံများနှင့်အတူ မြင်းသမားသုံးဦးမှာ မြင်းပေါ်မှ တဖုန်းဖုန်း ပြုတ်ကျသွားကာ အသက်ပျောက် သွားကုန်သည်။

အားလုံးပင် လုံးဝမထင်မှတ်သော ပြဿနာတစ်ရပ်ကြောင့် အချိန်မီ မထိန်းလိုက်နိုင်ခင်မှာပင် ဖယိုဖရဲ ဖြစ်သွားတော့သည်။ တစ်ဦးတည်းသော ဓားသမားမှာလည်း ထိုကဲ့သို့





ဖြစ်မည်ကို ကြိုတင်ခန့်မှန်းထားဟန် ရှိသည်။

ရင့်ကျက်သော သမ္မာအတိုင်းပင် သူသည့် အစိတ်စိတ် အမွှာမွှာ ပြိုကွဲသွားသော မြင်းသမားကို အလွတ်မပေးပေ။ စိန်ဝေလျှံကို နတ်မြင်းပျံကဲ့သို့ လွှားခနဲနေအောင် စီးရင်း တစ်ယောက်ပြီး တစ်ယောက် တိုက်ချနေတော့သည်။

လျင်သည့်၊ မြန်သည့်၊ သွက်လက်သည့်၊ ရက်စက်သည့် တိုက်ကွက်ကို မည်သူမှ ကောင်းစွာ ခုခံနိုင်ပုံ မရချေ။ အကွဲကွဲ အပြဲပြဲနှင့် ခြေဦးတည့်ရာသို့ ဆုတ်သူဆုတ်၊ ပြေးသူပြေး ဖြစ်နေစဉ် မြင်းသမားသည် မြင်းရထားတစ်စီးဆီသို့ သူ့စိန်ဝေလျှံကြီးကို မြားတစ်စင်း ပစ်လွှတ်သကဲ့သို့ နှင်သွားပြန်သည်။

ထို့နောက် မြင်းရထားထက်သို့ လွှားခနဲ ခုန်ဝင်သွားကာ ရထားပေါ်က ရဲမက်အား ဓားဖျားဖြင့် ရင်ညွန့်ကို ထောက်၍ အလိုက်သင့်ပင် ထိုးစိုက်ပေးလိုက်သည်။

"အ . . အား . . အဲ့"

မချိမဆန့်အော်ဟစ်ရင်း ထိုရဲမက်မှာ ရထားပေါ်မှ ပက်လက်လန်၍ ကျသွားသည်။ ထို့နောက် ရထားပေါ်မှ ဘုရင့်ပဏ္ဏာတော်ထုပ်များကိုယူပြီး စိန်ဝေလျှံပေါ်သို့တင်၍ လှုပ်ခုန်တက်ပြီးနောက် ငွေယားတောင်၏ အနောက်ဘက်တောအုပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## တစ်ကိုယ်တော်ခရီးသမားနှင့် နောက်ဆက်တွဲ

၂။

‘‘တောက်’’

အပ်ကျသံပင် ကြားလောက်သော တိတ်ဆိတ်နေသည့် ခန်းမထဲ၌ တောက်ခေါက်သံက မြည်ဟိန်းသွားသည်။

တောက်ခေါက်သံ အလွန်ပြင်းထန်သလောက် ထိုလူ၏ မျက်နှာတစ်ခု လုံးမှာလည်း ရှာမီးခဲကဲ့သို့ နီရဲနေ၏။ မျက်လုံး နှစ်လုံးမှာလည်း မီးဝင်းဝင်းတောက်နေ၏။

မကျေနိုင် မချမ်းနိုင်သော ထိုလူ၏မျက်နှာမှာ တင်းမာ





ခက်ထန်လွန်းသဖြင့် သူ့ရှေ့ ရဲမက်များပင် တုတ်တုတ်မျှ မလှုပ်ရဲ အောင် ငြိမ်သက်နေကြ၏။

‘‘ထွီ.. ဘာ.. သူရဲလဲ၊ သူအ.. သူအ၊ သိပ်ကို အသုံး မကျတဲ့ သူအ၊ ငအ’’

မိုးချုန်းသကဲ့သို့ ဟစ်အော်ပစ်၏။ ထို့နောက် အားလုံးကို တစ်ချက်ခြုံကြည့်သည်။ ကော့နေသော နှုတ်ခမ်းမွေးကို လက် ဖြင့်သပ်၍ . . .

‘‘ကြည့်စမ်း၊ အများနဲ့တစ်ယောက်၊ အများကခံလိုက် ရသတဲ့ကွာ၊ ဒါမျိုးဆိုတာ မြွေခြောက် အကိုက်ခံရတာထက် နာသ ကွာ’’

ထိုလူသည် ခြေကို ကားကားရပ်လိုက်သည်။ လက်နှစ် ဖက်ကို တင်းတင်းကျပ်ကျပ် ပိုက်ထားပြီးနောက် . .

‘‘ဒီ သူရဲဆိုတဲ့အကောင်ကို အကျဉ်းချပြီး ခြေထိပ် ခတ်တာထက်စာရင် ခေါင်းဖြတ်လိုက်တာ အကောင်းဆုံးပဲ၊ ကိုယ့်ပဏ္ဏာတော် ရတနာတွေပါလာတဲ့ ဘုရင့်တပ်ဖွဲ့အတွင်းကို တစ်ကိုယ်တော်ခရီးသမားက ထိုးဖောက်လုယူသွားတာ ဘယ် လောက်ရှက်စရာ ကောင်းသလဲ၊ ရာဇဝင်ရိုင်းလိုက်လေကွာ’’

မီးကုန်ယမ်းကုန် ဒေါသပုန်ထနေသည့် ထိုလူကြီး၏ မျက်နှာကို မည်သူကမှ မော်မကြည့်ရဲပါ။ အားလုံးပင် ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငိုက်ငိုက်ထားလျက် အသက်ကိုပင် ရဲရဲမရှူဝံ့လောက်အောင်ပင် ငြိမ်သက်နေ၏။

''ဘုရင့်လက်အောက်မှာ သစ္စာတော်ခံနေကြတဲ့ တိုင်းသူပြည်သား လူအများက ဘာပြောကြမလဲ၊ ဘုရင့်တပ်မတော်တောင် လုံခြုံမှုမရှိဘူး၊ ဘုရင့်ပဏ္ဏာတော်ပစ္စည်း ဥစ္စာရတနာတွေတောင် ဓားပြတိုက်ခံနေရသေးတာ လုယက်ယူငင်သွားတာကိုတောင် လက်ရ မဖမ်းဆီးနိုင်လိုက်တာ ငါတို့ ပြည်သူပြည်သားတွေဆို ပိုဆိုးတော့မပေါ့၊ အေးချမ်းမှု မရှိတော့ပါဘူးလို့ မပြောပေဘူးလား။ ကျောသားရင်သား မခွဲခြားဘဲ ကာကွယ်စောင့်ရှောက်ပေးရမယ့် ကာလမျိုးမှာ ကိုယ့်လုံခြုံမှုတောင် မရှိနိုင်ဘူးဆိုတော့ သိပ်ရှက်ဖို့ ကောင်းတယ်၊ ကိုယ့်မျက်နှာကို ကိုယ်ဓားနဲ့လှီးပစ်ဖို့ပဲ ရှိတော့တယ်''

ထိုလူကြီးသည် စကားကို ခေတ္တရပ်လိုက်သည်။ ထို့နောက် အားလုံး၏ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းမှ

''ကောင်းကွာ၊ တိုင်းပြည်ကြီးက မငြိမ်မသက်ဖြစ်၊ အောက်ပြည်အောက်ရွာတွေကို ကုလားဖြူတွေက သိမ်းပိုက်၊ တောမီးလောင် တောကြောင်တွေက ထနဲ့၊ အသားထဲက လောက်တွေက အင်မတန် ကြောက်စရာ ကောင်းနေတာပဲ၊ ခုလဲ အတွင်းသိ အဆင်းသိက ဖြတ်ပြီး တိုက်ခိုက်သွားတာ ဖြစ်နိုင်





ပေတယ်''

ဒေါ်သထွက်နေသဖြင့် လေသံမှာ နည်းနည်းတုန်ယင်နေသည်။ ထိုလူသည် စကားဆုံးသည်နှင့် ဆက်မပြောသေးဘဲ ရပ်နားထားသည်။ သူ့လက်အောက် ရဲမက်တပ်သားများထံမှ မည်သို့သော စကားမျိုးများ ပြန်၍တုံ့ပြန်လာလေမလားဟူသော အနေဖြင့် စောင့်လိုက်ခြင်း ဖြစ်သည်။

သို့သော် မည်သူကမျှ စကားမဆိုဝံ့ချေ။ တကယ့်တကယ်တော့မူ ဤခန်းမအတွင်းသို့ ရောက်လာရသော ရဲမက်များ၏ သတ္တိသွေးသည် နယ်နယ်ရရ မဟုတ်ပါ။ သတ္တိနှင့် ပြည့်စုံသည်။ ဇာတိမာန် ရှိသည်။ ရဲရင့်သည်။ တိုက်ပွဲအတွေ့အကြုံ များသည်။

ထိုကဲ့သို့ ဘုရင့်အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့သော တပ်ဖွဲ့များအတွင်းမှ ခေါင်းခေါက် ဆကာတင် လက်ရွေးစင်ရွေးထုတ် ခေါ်ယူထားသော ရဲမက်ကျော် ရဲမက်မော်များ ဖြစ်လေသည်။

ထို့ပြင် ဤသို့ လက်ရွေးစင် ခေါ်ယူခဲ့သည်ကိုပင် တပ်ဖွဲ့အချင်းချင်း၊ အကြပ်တပ်သား အချင်းချင်းပင် အလျှင်းမသိစေဘဲ အထူးလျှို့ဝှက်၍ ဤခန်းမထဲသို့ ပို့ဆောင်ခဲ့သည်။

ခန်းမထဲသို့ ရောက်သည်နှင့် ထိုရဲမက်များကို အခန်းထဲ၌ စားနပ်ရိက္ခာ အပြည့်ပေးထား၍ အထူးလျှို့ဝှက် လောက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ရေး အတတ်ပညာနှင့် တိုက်ခိုက်ရေး ပညာများကို တစ်ပတ်အတွင်း၌ ပြီးပြည့်စုံအောင် အမှုတပြင်း အတင်း သင်ကြားပေးပါတော့၏။

တိုတောင်းလှသည့် ရက်အတွင်း၌ အထူးရဲမက်များမှာ မနားမနေ သင်ယူတတ်မြောက်ပြီးမှ တပ်များ၏ မဟာမင်းကြီး ရောက်လာကာ ဤသို့တဖျစ်တောက်တောက် ဆူပူကြိမ်းမောင်းနေခြင်းဖြစ်သည်။

မည်သူကမှ စောဒကမတက်တော့မှ ထိုလူသည် ကိုယ်ရှိန်တန့်သွားပုံရသည်။ ထို့နောက် သူ့အတွက် ချပေးထားသော ကုလားထိုင် အမြင့်ကြီးဆီသို့ လျှောက်သွားပြီး ထိုင်လိုက်သည်။

ထိုကုလားထိုင်ကြီးမှာလည်း အမြင့်ကြီးရှိသည့်အပြင် နောက်မှီက ပိုမြင့်မားနေသည်။ နောက်မှီ မျဉ်ချပ်ပေါ်တွင် အလွန်လက်ရာမြောက်လှသော ပန်းပုဆရာက ဖော်ကြွ ကနုတ်ပန်းများကို ဖော်ကြွထားသည်။

ရုတ်တရက်ကြည့်သော် ခြူးမန်းခြူးနွယ် အသွယ်သွယ်ဖြင့် ရောယှက်လိမ်ထားသည်ဟု ထင်ရသည်။ လှပစွာရှိသည်။ သို့သော် သေချာထိရောက်စွာ ကြည့်မည်ဆိုပါက သိကြားနှင့် အသူရာ စစ်ခင်းနေသည့် တိုက်ပွဲတစ်ခု ဖော်ကြွထားပုံများကို လက်ရာမြောက်မြောက် ထိရောက်စွာ ထုထားသည်ကို တွေ့ရ





သည်။

ကုလားထိုင် လက်တန်းထိပ်မှာမူ ဘီလူးနှစ်ကောင်၏ အစွယ်ပြူးပြူးဖြင့် ဦးခေါင်းများ ဖြစ်သည်။ ကုလားထိုင်ခြေထောက်က ခြင်္သေ့မင်း၏ ခြေလက်များပင် ဖြစ်သည်။

ထိုလူနှင့် ထိုကုလားထိုင်သည် အခြေအနေအားလုံးကို တစ်ထပ်တည်း တစ်သားတည်း ထင်ဟပ်အောင် ပြထားသည်ထင်၏။ ထိုလူသည် ကုလားထိုင်တွင် ထိုင်နေပြီးနောက် သူတို့ရွေးထုတ် ပေးလိုက်သော အထူးလျှို့ဝှက်တပ်သားများ၏ တစ်ဦးချင်း တစ်ဦးချင်း မျက်နှာကို စူးရှင်းသောအကြည့်ဖြင့် ကြည့်နေပြီးမှ

''မင်းတို့ကို အခုလို ဘာကြောင့် လက်ရွေးစင်အဖြစ် တမင်ရွေးထုတ်ပြီး ဘာလို့ လေ့ကျင့်ခန်းတွေ ပေးခဲ့ရသလဲဆိုတာကို အခုချိန်မှာ သဘောပေါက်ကြမှာ မဟုတ်သေးဘူး။ ပြီးတော့ ဘာတာဝန်နဲ့ ဘာတွေ ဆောင်ရွက် ရမယ်ဆိုတာကို လုံးဝသဘောပေါက်ကြမှာ မဟုတ်သေးဘူး'' ဟု ပြောပြီး ရပ်ထားသည်။

ကွမ်းတစ်ယာ ညက်ခန့်ကြာမှ . .

''အဟမ်း . . လွန်ခဲ့တဲ့ နှစ်ပတ်ကျော်လောက်က ငွေယားတောင်ကြားမှာ တစ်ကိုယ်တော် ဓားသမားတစ်ဦးအကြောင်းကို မင်းတို့ ကြားတန်သလောက် ကြားမိရောပေါ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့အစအဆုံး ပြန်ပြောနေလို့ အကြောင်းသိပ်ထူးမှာ မဟုတ်တော့ပါဘူး။ သိနေပြီးမှတော့ ထားပါတော့လေ၊ အဲဒီဓားသမားက ဓားရေးပြသွားလို့ ဘုရင့်ပဏ္ဏာတော်ထိန်းတပ်က မင်းတို့ရဲ့ ညီနောင်ရဲမက်ငါးဦး အသက်ဆုံးခဲ့ရတယ်၊ အဲ . . ဒါပြင် ဘုရင့်ပဏ္ဏာတွေကိုလဲ အပိုင်စီးသွားသေးတယ်၊ ဒီပဏ္ဏာတွေဟာ မိုးနဲစော်ဘွားဆက်သလိုက်တာပဲ၊ ပဏ္ဏာတော်ပါသွားတာက အကြောင်းတော့ အကြောင်းပဲ၊ တစ်နည်းဖြင့် အကြောင်းမဟုတ်ဘူးလို့ ပြောရင်လဲ ရပါတယ်၊ ဒါပေမယ့် ရှမ်းစော်ဘွားက နေပြည်တော်ကို ပဏ္ဏာဆက်သရာမှာ အလုစ်ရတယ်ဆိုတာက တော့ အတိုင်းထက်အလွန် အရှပ်ဆိုးတာပေါ့ မဟုတ်ဘူးလား၊ မင်းတို့စဉ်းစား၊ နေပြည်တော် နယ်နိမိတ်ထဲမှာတောင် ဗ ယောက်ဗယက် မငြိမ်မသက် ဖြစ်နေပါလားလို့ တွေးစရာ ဖြစ်မနေဘူးလား''

အမေးနှင့်ပင် စကားဖြတ်၍ ရပ်ထားပြန်သည်။

ထို့နောက် ကုလားထိုင်မှ အသာထပြီး ရှေ့သို့ သုံးလေးလှမ်း တိုးလာကာ

''ဒီတော့ကာ လက်အောက်ခံ နေဝင်ဘုရင်တွေ အကြည်ညိုပျက်အောင် လေးစားမှုပျက်အောင် အရိုသေတန်အောင်လုပ်တဲ့လူ ဖော်ထုတ်သုတ်သင်ပစ်ရမှာက မင်းတို့ဝါတို့





တာဝန်ပဲ၊ အဲဒါကြောင့် ဒီတာဝန်ကို မင်းတို့ ဆောင်ရွက်ရမယ်၊ ဆောင်ရွက်တဲ့ နေရာမှာလဲ သစ္စာကို ဦးထိပ်ပန်ဆင်ထားရမယ်၊ အသက်ကိုလဲ ပဓာနမထားရဘူး၊ ဒါကို မြဲမြဲမှတ်၊ ပြီးတော့ မင်းတို့အဖွဲ့ရဲ့ သစ္စာတော်ကိုခံပါ၊ မင်းတို့တပ်ဖွဲ့ကို မင်းတို့မမေ့ကြနဲ့၊ မင်းတို့တပ်ဖွဲ့ရဲ့ အမည်က အမည်သစ်၊ ရက္ခနာပုံ နေပြည်တော် ဘုရင့်ထောက်လှမ်းရေးအဖွဲ့ မဟုတ်လား၊ မင်းတို့ မှတ်မိတယ် နော်''

အားလုံးကပင်

''မှတ်မိပါတယ် တပ်မင်းကြီး''ဟု တညီတညွတ်တည်း ဖြေကြသည်။

''အေး . . မှတ်မိတယ်ဆိုရင် နောက်တစ်ခု ပြောမယ်၊ အဲဒီတပ်ဖွဲ့အမည်ကို နေရာတကာမှာ ဖော်ထုတ်ပြောလို့ မဖြစ်ဘူး၊ အထူးလျှို့ဝှက်ထားရမယ်၊ ဒါပေမယ့် အတိုကောက်နာမည်ပဲ ပြောရမယ်၊ 'ဖြူ'ဒွာနဆို လုံလောက်ပြီ''

''ဟုတ်ကဲ့ တပ်မင်းကြီး''

သံပြိုင်ဖြေသံ အဆုံးတွင် . .

''အဲ . . နောက်ဆုံးအချက်ကတော့ မင်းတို့ကြားရှင် သိပ်အံ့ဩသွားကြမှာ အမှန်ပဲ၊ အဲဒီတော့ ခုမင်းတို့ကို ငါမပြောသေးဘူး၊ မပြောဘူးဆိုလို့ လုံးဝမပြောတာတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ ည လူခြေတိတ်မှာ မင်းတို့ နေပြည်တော်က ထွက်ရလိမ့်မယ်၊ နေပြည်တော်ရဲ့ နယ်နိမိတ်ထိ ငါလိုက်ပို့ပေးမယ်၊ သွားရမယ့် ခရီးကို တို့ညွှန်ကြားလိုက်မယ်၊ အဲဒီမှာပဲ အဲဒီလူနာမည်ကိုပါ တစ်ပါတည်း ပြောပြလိုက်မယ်၊ ဘာလုပ်ရမယ်ဆိုတာပါ ဘုရင့်အမိန့်ကိုပါ တစ်ခါတည်း အပ်နှင်းလိုက်မယ်၊ ကဲ.. မင်းတို့ နားနားနေနေ နေလိုက်ကြပါဦးတော့''

ပြောပြောဆိုဆိုနှင့်ပင် ထိုလူသည် ခန်းမအတွင်းမှ ထွက်ခွာသွားတော့သည်။



## ညလူကိုးယောက်

၃။

ညသည် မပီမသပင် ရှိသေးသည်။

လဆုတ်ရက်ဖြစ်သောကြောင့် လထွက်ကလေးသည် နောက်ကျလျက် ရှိ၏။ အမှောင်အလင်းသည် ရောထွေးနေသည့် အမယ်ဘုတ်၏ သူချည်ခင်လို လုံးဝခွဲခြား၍ မရနိုင်သလို ရှိနေပေသည်။

ထိုအချိန်တွင် ကျိုးသဲမြို့၏ အနောက်ယွန်းယွန်းရှိ ပညောင်ပင်ကြီးအောက်တွင် လူရှစ်ယောက်နှင့် မြင်းကိုးကောင်



www.burmeseclassic.com

www.burmeseclassic.com



သည် ငြိမ်သက်စွာ ရပ်နေကြသည်။ ထိုလူရှစ်ယောက်နှင့် မြင်းကိုးကောင်မှာ ဘာက်မညီသလို ဖြစ်နေ၏။ ဆန်းနေပေသည်။ တစ်ဦးတစ်ယောက်တော့ လိုနေပြီ။

မှန်ပါသည်။ ထိုလူရှစ်ယောက်မှာ တစ်ယောက်နှင့် တစ်ယောက်ပင် စကားမဆိုနိုင်လောက်အောင် တစ်တိုင်ခန့်ဝေးသော မြို့ဆီသို့သာ အကြည့်စူးစူးဖြင့် မျှော်ငေးနေကြသည်။

မမှောင့်တမှောင်အောက်တွင် ရိုးတိုးရိပ်တိတ် သဏ္ဌာန်များ ထင်လိုက်သည်နှင့် သူတို့၏မျက်တောင်များသည် ခတ်ဖို့ကိုပင် မေ့သွားတတ်၏။ လူလား အထင်လားဟူသော အကြည့်ဖြင့် စိတ်စောစွာ ကြည့်နေရင်းမှ သက်ပြင်းသာ ချလိုက်ရတော့သည်။

စိတ်စောနေ၍လား မပြောတတ်။ အမြင်မှာပင် ခဏခဏ လူရိပ်သဏ္ဌာန်ထင်ငြီး မှားနဲ့မိရ၏။ ကြည့်ရင်း ကြည့်ရင်းနှင့်ပင် ထိုအရိပ်မှာ ဘာကိုမျှ အကောင်မထင်ဘဲ ဖြစ်လာလေသည်။

''ဟော . .''

တစ်ယောက်က အာမေဋိတ်သံ ပြုလိုက်၏။ လေမတိုးသဖြင့် ညောင်ရွက်ခတ်သံမျှပင် မကြားရဘဲ ငြိမ်သက်တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ထိုအသံမှာ ပေါက်ကွဲမြည်ဟိန်းသွားဟန်ရှိသည်။

ကျန်လူများ၏ အကြည့်မှာလည်း ဟိုမှာတွေ့နီး ဒီမှာတွေ့



နီးဖြင့် အကြည့်စူးစူးဖြင့် လှည့်ပတ်ရှာကြသည်။

''တုတ်တယ် . . လာနေပြီ''

အမှောင်ရိပ်ဝယ် တိုးဖြတ်ကာ သူတို့ထံသို့ ခပ်သုတ်သုတ် လျှောက်လာနေသော လူတစ်ယောက်ကို တွေ့နေရလေပြီ။ သို့သော် သူတို့၏ရင်ထဲ၌ ခဲဆွဲထားသလို လေးလံနေသော အရာက မပျောက်ကွယ်နိုင်သေးပဲ ရှိနေဆဲပင်။

ထိုလူ့ထံမှ စကားတစ်ခွန်းသည် အလွန်အရေးကြီးနေသည်။

အဖြူအမည်း သဲကွဲမည့်စကားသည် ယခုလာနေသော လူထံ၌ ပါလာလိမ့်မည်။ ထိုစကားကို နားထောင်ပြီးမှ ရှေ့ဘာကို ဆက်လုပ်ရမည်ဟု ဆုံးဖြတ်ရမည် ဖြစ်၏။

အားလုံး စိတ်စော ရင်မောနေကြလျက် ရှိလေသည်။

*

''ကိုဖျိုကြီး အဆင်ပြေခဲ့ရဲ့လား''

ခရီးရောက်မဆိုက် မေးလိုက်သည်။ ကိုဖျိုကြီးဟု အခေါ်ခံခဲ့ရသူသည် လက်ထဲမှ တုတ်ကောက်နှင့် ခွက်ကို ပစ်ချလိုက်ပြီး ခေါင်းပေါင်းထားသည့် ပုဆိုးစုတ်ကို ဖြုတ်ပယ်လျက် နဖူး



www.burmeseclassic.com

www.burmeseclassic.com



မှ ချွေးစေးများနှင့် လည်ပင်းမှ ချွေးများကို သုတ်နေ၏။

ခင်စစ်သော် သူသည် ကပါတစ်ယောက်တန် ပေါက်အောင် ရှပ်ဖျက်ထားခြင်း ဖြစ်ပါသည်။

''တပ်မှူးလေး အားလုံး အဆင်ပြေပါတယ်''

ဟု ဝမ်းသာအားရ ဖြေကြားလိုက်သည်။ သို့သော် တပ်မှူးလေးဟု အခေါ်ခံလိုက်ရသူမှာ ဝမ်းမသာနိုင်သည့်အပြင် မျက်နှာတွင် မည်းခနဲ ထင်သွားသည်။ ချက်ချင်းပင် မျက်နှာကြောတင်းမာသွားလျက် . .

''သတိထားပါ ကိုဖျိုးကြီး၊ ဒီအခေါ် ဒီအပြော ဒါ . . နောက်ဆုံးဖြစ်ပါစေ၊ နောက်တစ်ခါ ခေါ်မိရင်တော့ ကျွန်တော် မညှာနိုင်တော့ဘူး။ ခေါင်းဖြတ်ဖို့ပဲ ရှိတော့တယ်''

''ခွင့်လွှတ်ပါ၊ ရုတ်တရက် ဝမ်းသာအားရ ရှိသွားလို့ပါ''

''ကောင်းပြီ ဒီတစ်ကြိမ်တော့ ရှိစေတော့၊ ဒါဟာ ရန်သူ့နယ်မြေ ရန်သူ့ပိုင်နက်ဆိုတာကိုတော့ အစဉ်သတိရှိဖို့ အလွန်အရေးကြီးတယ်နော်၊ ဘယ်သူမှ မေ့လို့မဖြစ်ဘူး။ သတိတစ်ချက် လွတ်တာနဲ့ အသက်ပါ ဆုံးရှုံးနိုင်တယ်''

''ဟုတ်ကဲ့ သတိထားပါ့မယ်''

တပ်မှူးလေးဆိုသူမှာ ခုမှ စိတ်ပြေသွားပုံရသည်။ မြေပေါ်သို့ ထိုးထွက်ပေါ်နေသော ညောင်မြစ်ပေါ်တွင် ထိုင်ရင်းမှ . .





''ကိုဖျိုးကြီး အချိန်သိပ်မရှိဘူး၊ အကြောင်းကို လိုရင်းနဲ့တိုတိုပဲ ပြောပါ''

''ဟုတ်ကဲ့ ပြောပါ့မယ်''

''ပထမအချက် ဟုတ်သလား၊ သေချာသလား''

''ဟုတ်တယ် သေချာတယ်''

''ဒုတိယအချက် ဟုတ်ရင် ရှိနေသလား''

''ရှိနေတယ်''

''ဒါဆို တတိယအချက်က ဝင်လမ်းထွက်လမ်းကော''

''အားလုံး အဆင်ပြေပါတယ်''

မေးသူက ခေတ္တငြိမ်သွားသည်။ သူ့ခေါင်းထဲတွင် ချိန်ဆနေသေး၏။ တအောင့်လောက်ကြာတော့မှ သူမတ်တတ်ရပ်လိုက်ပြီး . .

''ကိုင်း . . ဒါဆို အလုပ်စကြရအောင်''

အားလုံးပင် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

မကြာမီမှာပင် သူတို့သည် မြင်းကိုယ်စီစီး၍ ပညောင်ပင်အောက်မှ ထွက်ခွာသွားပြီး အမှောင်ထုထဲသို့ နစ်ဝင်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## ပြဿနာခေါင်

၄။

တံစဉ်ကွေးကလေးကဲ့သို့ ခပ်ရေးရေးရှိသော လတစ်ခြမ်းသည် တောနှင့်တောင်စွယ်ကို ခုန်ကျော်ကာ တဖြည်းဖြည်း မြင့်တက်လာလေသည်။

ထိုအချိန်တွင် လူညိုထွားကြီးတစ်ယောက်မှာမူ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ပက်လက်လှန်၍ အိပ်နေရာမှ မန်ကျည်းကိုင်းများအကြား၌ ရေးတေးတေးမျှ လှမ်းမြင်နေရသော ဆုတ်လကလေးကို အကြောင်းမဲ့ ငေးကြည့်နေရင်း စိတ်ခပ်လေးလေး





ဖြစ်နေ၏။ ထိုအခါ သူသည် သက်ပြင်းကိုသာ ဟင်းခနဲ ဟင်းခနဲ ချနေမိတော့၏။

''ကိုခေါင် ရှင် ဘာကြောင့် သက်ပြင်းတွေ တဟင်းဟင်း ချနေရတာလဲ၊ ရှင့်မှာ ဘာအခက်အခဲတွေ ကြုံတွေ့နေရလို့လဲ၊ အခက်ကြုံနေရင်လဲ ကျွန်မကို ပြောပြဦးမှပေါ့''

သူ့ဇနီး မထွန်းမယ်သည် ကွပ်ပျစ်အနီးသို့ ရောက်လာရင်း မေးလိုက်သည်။ ကိုခေါင်မှာမူ ခိုးထုပ်ခိုးထည်နှင့် လူမိသွားသလို ရှိသွားသည်။ ဘာမှ ရုတ်တရက် ပြန်မပြောသေးဘဲ လှဲနေရာမှ အသာထထိုင်ရင်း မေးလိုက်၏။

''သမီးထားထား အိပ်သွားပြီလား''

သူ့ဆီသို့ တည့်တည့်ဝင်လာနေသော ပြဿနာကို စကားလမ်းကြောင်းဖြင့် ပြောင်းလွှဲပစ်လိုက်ရာ မထွန်းမယ်ကလည်း . .

''ခုပဲ သိပ်ခဲ့ပြီ''

ဟု ခပ်တိုတို ဖြေသည်။ ကိုခေါင့်အာရုံထဲတွင် အိပ်ပျော်နေမည့် သမီးလေး၏ မျက်နှာပုံသွင်သည် ပေါ်လာသည်။ ဤသမီးကလေးသည် သူတို့လင်မယားနှစ်ယောက်၏ အသည်းညွှာ ဖြစ်သည်။

ခုမှ သမီးကလေး၏ အသက်မှာ သုံးနှစ်သာ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သမီးမှာ အသက်အရွယ်နှင့် မလိုက်မီအောင် စကားအလွန်တတ်သည်။ သွက်လက်ချက်ချာသည်။ အကင်းပါးသည်။ လိမ္မာသည်။

ထိုကဲ့သို့သော် သမီးလေးမျိုးနှင့် ခွဲခွာနေရသော အချိန်ကာလများကို ပြန်လည်တွေးကြည့်သောအခါ၌ လွန်စွာမှပင် နှမြောခုံမင်စရာ ကောင်းလှသည်ဟု တွေးမိသည်။

ခုတော့ သူ့သမီးနှင့်နေရပါပြီ။ သို့သော် အချိန်ပြည့်နေရသည်တော့ မဟုတ်ပါ။ အတိတ်က အရိပ်တစ်ခုသည် သူ့နောက်ဆီသို့ လိုက်နေချေပြီဖြစ်၏။ သူမှားခဲ့သည်။ အဖြူပေါ်တွင် အမည်းစွန်းသကဲ့သို့ ဘယ်လိုမှချွတ်၍ မရတော့ပေ။

ထို့ကြောင့် သူသည် အိမ်မှာပင် ရဲရဲမနေနိုင်ချေ။ အလုပ်ကို အကြောင်းပြုကာ အကြောင်းပြု၍ ခရီးထွက်နေသည်ကများသည်။ အိမ်ကို ဝင်ပြန်တော့လည်း မည်သူမှ မထင်မှတ်သောအချိန်၌ အိမ်ရိပ်နင်း၍ ဝင်ရခြင်း ဖြစ်သည်။

''ပြောလေ ကိုခေါင်၊ ကျွန်မ မေးတာကို ဘာလို့မဖြေသေးတာလဲ''

ဝေ့လည်ချောင်ပတ် စကားဖြတ်သော်လည်း မထွန်းမယ်က အဖြတ်မခံပါ။ မေးလက်စ စကားလမ်းကြောင်းပေါ်သို့ မရမက ဆွဲတင်သည်။





သူမျက်နှာ တည်ပစ်သည်။ နဖူးကြောကို ကြုတ်ကာ . .

''ဘာများလဲကွာ မမယ်ရာ၊ မင်းမှာလဲ စကားမရှိစကား ရှာပြောနေတော့တာကိုး''

ခပ်ဆတ်ဆတ် အပြောမျိုးဖြင့် ပြောလိုက်သည်။ မထွန်းမယ်က . .

''ကြော် . . ကျွန်မက အကောင်းပြော အကောင်းမေးတာပါ၊ ရှင် အခုလို သက်ပြင်းတွေ တချချနဲ့ဆိုတော့ ရှင့်မှာ အခက်အခဲတွေများ ရှိနေမလားလို့ တွေးမိလို့ပါ တော်ရယ်''

သူ လေနည်းနည်းလျော့လိုက်သည်။ အပြောချိုချိုနှင့်

''မမယ်ရယ်၊ မင်းတွေးတာတွေ တစ်ခုမှ မဟုတ်ပါဘူးကွာ၊ ဟိုထင်ဒီထင်နဲ့ လျှောက်မေးနေတော့ ငါ့အနေနဲ့ ဘာပြောရမလဲ မမယ် စဉ်းစားကြည့်ပေါ့''

''ကျွန်မ အဲသလို ထင်လို့ မဟုတ်ပါဘူး။ ရှင့်ကိုသနားလို့ ကျွန်မ မေးတာပါ။ ရှင်ပဲ စဉ်းစားကြည့်တော့၊ လင်ရယ်မယားရယ်ဆိုပြီး တစ်လကိုးသီတင်း မျက်နှာချင်းဆုံရရဲ့လား၊ ရှင့်မှာ ရေလမ်းခရီးနဲ့ အချိန်ကုန်နေတာပဲ၊ ပြီးတော့ အန္တရာယ်က များပါဘိနဲ့၊ ရှင့်ဘာ တစ်စုံတစ်ခုဖြစ်ရင် ဒီကလေးတစ်ယောက်နဲ့ ကျွန်မ ဘယ်လိုက်ရမှာလဲ၊ ကျွန်မ မလိုက်တတ်ဘူး ကိုခေါင်''

ထွန်းမယ်က ပြောရင်း ကွပ်ပျစ်စွန်းတွင် ထိုင်ပါးလွှဲထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူက မထွန်းမယ်ကို ကြည့်ကာ . .

"မစိုးရိမ်ပါနဲ့ မမယ်ရယ်၊ ငါ့ရှာဖွေနေတာလဲ မင်းနဲ့သမီးလေးအတွက်ပဲ မဟုတ်လား။ မိုးရွာတုန်း ရေခံမှပေါ့၊ အရွယ်လွန်ပါမှ စီးပွားရှာချင်ပါတယ်ဆိုလို့ ဘယ်ဖြစ်တော့မလဲ မမယ်ရယ်"

"ဒါတော့ ဒါပေါ့၊ ရေလမ်းနဲ့ စီးပွားကုန်သွယ်ရတယ်ဆိုတာ အလွယ်မှတ်လို့ ကိုခေါင်ရဲ့၊ အသက်အန္တရာယ် အလွန်များပါဘိနဲ့၊ ကျွန်မ ဘယ်လိုစိတ်ချနိုင်မှာတဲ့လဲ၊ ကျွန်မတော့ ဒီလိုစဉ်းစားတယ် ကိုခေါင်"

သူသည် အလွန်စိတ်ဝင်စားသွားကာ . .

"အံမယ် ငါ့မိန်းမက အကြံသစ် ဉာဏ်သစ်တွေနဲ့ဆိုပါလား။ အင်း . . ပြောစမ်းပါဦး။ မမယ် ဘယ်လို စဉ်းစားထားလဲ"

မထွန်းမယ်မှာ ကိုခေါင်၏ တောင်းဆိုစကား ကြားလိုက်ရသဖြင့် အလွန်အားတက်သွားလေသည်။ ခေါင်းကလေး ဆတ်ညိတ်လိုက်ပြီး . .

"ရှိတာပေါ့ ကိုခေါင်ရယ်၊ ခုပဲ ကြည့်လေ၊ ကိုခေါင်က သက်စွန့်ကြိုးပမ်း စီးပွားရှာတယ်၊ ဥစ္စာပစ္စည်း အတော်အတန်ဖြစ်လာပြီပဲ၊ ကိုခေါင် ရှာသမျှကို ကျွန်မကပဲ စီးတဲ့ရေ ဆည်တဲ့ကစင်းဆိုသလို ထိန်းထိန်းသိမ်းသိမ်းနဲ့ လုပ်လို့ ပစ္စည်းဆိုတာ





ဖြစ်လာတာပဲ မဟုတ်လား။ ကျွန်မ ကျေနပ်ပါတယ်၊ ဟိုတစ်ချိန်တုန်းကတော့ ကျွန်မတို့ ဒီလိုပဲ လုပ်စားခဲ့ရသေးတာပဲ၊ ကိုခေါင် သိပါတယ်"

သူ မသိ၍တော့ မဟုတ်ပါချေ။ သိခဲ့သည်။ မထွန်းမယ်တို့၏ ဘဝတစ်စိတ်တစ်ဒေသကို သူအတွင်းကျကျ သိထားပြီးဖြစ်လေ၏။ ထိုစဉ်က မထွန်းမယ်နှင့်သူ အိမ်ထောင်မကျသေးပေ။ မထွန်းမယ်မှာ မိဘများအရိပ်အောက်၌ ရှိနေတုန်း ဖြစ်သည်။

မထွန်းမယ်၏ မိဘသည် အလွန်ဆင်းရဲသည်။ သူများ၏ လယ်ကျွန်ဘဝ၌ အခြေမကျ ဘဝမလှနေခဲ့ရသည်။ ဤသို့ ဆင်းရဲနွမ်းပါးသူကိုမှ သူက မေတ္တာရှိခဲ့သည်။ သူနှင့်မထွန်းမယ်တို့ မေတ္တာမျှခဲ့သည်။

ချစ်ခြင်းမေတ္တာသည် ဆန်းလေစွ။

သည်တော့ သူ့ဘက်က မိဘညီအစ်ကို မောင်နှမ ဆွေမျိုးတွေက ဝိုင်းတားခဲ့သည်။ ဘယ်သူကမှ သဘောမတူ။ တူချင်တူ မတူချင်နေ၊ သူကတော့ မထွန်းမယ်ကလွဲလျှင် အမျိုးသမီးများကို ဖွဲနှင့်ဆန်ကွဲသာ မှတ်ထင်နေသည်။

တစ်နေ့ မထွန်းမယ်ကိုသာ ရအောင်ယူမည်ဟု အောက်မေ့ထားသည်။ ရလျှင်လည်း မထွန်းမယ်ကို ထို့ထက်သာအောင်ထားမည် ရွှေပေါ်မြတင်ထားချင်သော ချစ်စေတနာတွေ ရှိနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ကြိုတင်စိတ်ကူး ရှိခဲ့သည့်အတိုင်း မထွန်းမယ်ကို အရယူခဲ့၏။ ထို့အပြင် မထွန်းမယ်ကိုလည်း မထွန်းမယ်၏ မိဘများ ထက် ဆယ်ဆမကသာအောင် ထားခဲ့ပေသည်။

နတ်သျှင်နောင်က မာတုကလျာကို မဟေသီမိဖုရားအထိ မြှောက်ကာ အချစ်အတွက် ကိုးကွယ်လိုသော ဆန္ဒသည်လည်း သူ့ ရင်ထဲ၌ ရှိနေသည်ကို သူမှတစ်ပါး မထွန်းမယ်ပင် သိနိုင်လိမ့်မည် မထင်ပေ။ ထို့ကြောင့် မထွန်းမယ်စကားကို အလေးအနက် စဉ်းစားပြီး

''အင်း . . အဲဒီတော့ မမယ် ဘာပြောချင်လို့လဲ''

မထွန်းမယ်က လက်ညှိုးကလေးကို ထောင်လိုက်ပြီးမှ မေးကိုထောက်ကာ

''ကျွန်မ သဘောကတော့ ကိုခေါင် ခရီးထွက်နေမယ့် အစား အိမ်မှာပဲ နားနားနေနေ နေစေချင်တယ်၊ ကျွန်မ တစ်လှည့် ရှာမယ်လေ''

သူ တဟဲဟဲ ရယ်လိုက်သည်။ အရယ်ရပ်တော့မှ . .

''မလုပ်လိုက်ပါနဲ့ဗျာ၊ ကျုပ်ကို အများက တဘီနားမိုစား တယ်လို့ ပြောနေပါဦးမယ်''

''ဒါကတော့ ဒီအရပ်ကလူတွေ မသိကြလို့ ပြောတဲ့ဟာပဲ၊ ကျွန်မတို့ အချင်းချင်းတော့ သိနေမယ့်ဟာ ရှင်အသက်နဲ့ ရင်းခဲ့ရ





တာတွေ ဒါတွေဟာ ဘယ်သူ့အတွက်လဲ၊ ကျွန်မတို့သားအမိ အတွက်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ သူတို့ ဘာပြောပြော မှုမနေစမ်းပါနဲ့''

ဤသို့ လင်မယားနှစ်ဦး အိမ်တွင်းရေးစကားများ အချီအချ ပြောနေစဉ် အဝေးခပ်ဝေးဝေးဆီမှ မြင်းခွာသံတဖြောင်းဖြောင်း ကို ကိုခေါင် အမှတ်မထင် ကြားလိုက်ရသဖြင့် ဦးခေါင်းဆတ်ခနဲ ထောင်သွားလေသည်။

သေချာ နားကျပါးကျ နားထောင်နေရာမှ . .

''ဟော . . သူတို့လာကြပြီ''

ဟု လွှတ်ခနဲ သူ့နှုတ်မှ ထွက်သွားမိသည်။ မထွန်းမယ်မှာ ထိတ်ထိတ်ပျာပျာနှင့် . .

''ဟင် . . ကိုခေါင်၊ ဘယ်သူတွေလဲ ဘာကိစ္စလာတာ လဲ''

ထိုစကားကို သူဖြေနေချိန်မရ၊ ကွပ်ပျစ်ပေါ်မှ ရုတ်ခြည်းဆင်းလိုက်သည်။ ရန်သူများ၏ မြင်းခွာသံများကို နားထောင်နေပြီးနောက် အနီးအဝေးကိုပါ ခန့်မှန်းကြည့်ကာ . .

''လာ . . မမယ်''

ဟုဆိုကာ မထွန်းမယ် လက်မောင်းအိုးကို ဆုပ်ကိုင်ပြီး အိမ်အပေါ်ဆင့်ရောက်အောင် ဆွဲခေါ်သွားလေသည်။ မထွန်းမယ်



www.burmeseclassic.com

www.burmeseclassic.com



မှာမူ ကိုခေါင် အစမ္ပဆွဲခေါ်၍သာ ပါခဲ့သည်။ ဘာမှန်းညာမှန်း မသိဘဲ ကြောင်စီစီဖြင့် မျက်လုံးပြူးလျက် ဖဲ့အားသင့်နေရပေသည်။

ကိုခေါင်ကတော့မူ အရှုံးတစ်ယောက်လို ဖြစ်နေသည်။ အိမ်ပေါ်သို့ ရောက်လျှင် မထွန်းမယ်၏ လက်ကို လွှတ်လိုက်ပြီး ယှက်ငင်စရာ ပစ္စည်းအနည်းငယ်ကို လျှင်မြန်စွာ ယူသည်။

ထို့နောက် အခန်းထဲ၌ အိပ်နေသော သမီးကို ပွေးချီသည်။ ထို့နောက် မထွန်းမယ်ကို လက်ဆွဲခေါ်လျက် နောက်ဖေး မီးဖိုဆောင်သို့ ဆင်းလာခဲ့သည်။

ထို့နောက် မီးဖိုဆောင်ထရံကို ကန်ဖွင့်လိုက်ပြီးနောက် သစ်ပင်ကြီးများ အုပ်ဆိုင်းမည်းမှောင်နေသော အမှောင်ရိပ်ထဲသို့ တရကြမ်းပင် ဆွဲပြေးသွားတော့သည်။

သူတို့ တောအုပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားချိန်မှာစင် မြင်းကိုးစီးနှင့် လူကိုးယောက်သည် အိမ်ရှေ့သို့ ရောက်လာချေပြီ။



## ပြေးနိုင်မှ လွတ်မယ်ဟော့

## ၅။

မြင်းသမားများသည် အိမ်ကို ဝိုင်းလိုက်ကြသည်။ ဓားအိမ်မှ ဓားများကို ရှိမ်းခနဲ ဆွဲထုတ်၏။ သို့သော် အိမ်ကလေးမှာ တိတ်ဆိတ်လျက်နေသည်။ ချိုးချိုးချွတ်ချွတ် အသံပင် မကြားရ၊ ခြောက်သွေ့နေသလို ဖြစ်နေ၏။

အိမ်ရှေ့ရှိ မြင်းသမားတစ်ဦးသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းပြီး အိမ်ပေါ်သို့ ခုန်တက်သွားသည်။ ထို့နောက် သံလျက်ကြီး ဆွဲထားလျက် အိမ်ထဲသို့ ဝင်သည်။ မျက်လုံးနှစ်လုံးကို လျှင်မြန်



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်စွာ လှည့်ပတ်ကြည့်ရှုသည်။

မည်သည့်အရိပ်အယောင်မျှ မတွေ့ရ။

ထို့နောက် အခန်းထဲ ဝင်ရှာပြန်သည်။ အိပ်ရာမှာ ပုံ ပျက်နေ၏။ စောင်တွေ ခေါင်းအုံးတွေ ပွစာကျဲနေလေပြီ၊ အဝတ် အစားတွေက ကြမ်းပေါ်မှာ ဖရိုဖရဲ ကျနေသည်။

အိမ်ထဲသို့ ဝင်လာသူမှာ ချက်ချင်း ခန့်မှန်းသည်။ သူတို့ လာကြသည်ကို သိ၍ ရှောင်သွားပြီဟု နားလည်လိုက်သည်။

သို့နှင့် ထိုလူသည် မီးဖိုချောင်သို့ ဝင်လိုက်သောအခါ၌ ထရံမှာ ပွင့်နေလေပြီ။ ဤနေရာမှ ထွက်ပြေးလွတ်မြောက်သွား ဟန်တူသည်ဟု တွေးမိသဖြင့် အိမ်ရှေ့သို့ ပြေးထွက်လာခဲ့သည်။

ထိုလူသည် မြင်းပေါ်သို့ လွှားခနဲ တက်လိုက်ပြီး

''သူတို့နောက်ဖေးကနေ ထွက်ပြေးသွားကြပြီ''

''ဒါဆို သိပ်ဝေးဝေး ပြေးနိုင်ကြသေးမှာ မဟုတ်ဘူး။ အဲဒီ လမ်းကြောင်းအတိုင်း နှင်းလိုက်''

အမိန့်သံ စကားဆုံးသည်နှင့် တပြိုင်နက်တည်း မြင်း သမားကိုးယောက်သည် အိမ်ကိုပတ်၍ နောက်ဖေးလမ်းရှိ တော ထဲသို့ ဒုန်းစိုင်းဝင်သွားကြပြန်သည်။

ကိုခေါင်မှာ ဇနီးကိုတစ်ဖက်ကတွဲ သမီးကို တစ်ဖက်မွေ့ ချီကာ ရန်သူများ၏လက်မှ လွတ်ရာဝေးရာသို့ အားသွန်၍





ပြေးနေရင်း နားကို အလစ်မပေးရဲဘဲ စွင့်၍ နားထောင်သည်။

တခွပ်ခွပ်မြည်ဟည်းကာ လာနေသော မြင်းခွာသံများက လည်း မိမိနောက်ကျောနှင့် တဖြည်းဖြည်း နီးသည်ထက် နီးလာနေ တော့၏။

ထိုသို့ အသက်ဘေးအတွက် ရတတ်မအေးသဖြင့် တ ပြေးတည်း ပြေးနေရာမှ ဇနီးသည် မထွန်းမယ်၏ ခြေလှမ်းများ မှာ တစ်စထက်တစ်စ နောက်သို့ ဆွဲနေလေသည်။

ဤကဲ့သို့ ခရီးမတွင်နိုင်အောင် ရှိလှသဖြင့် ကိုခေါင်မှာ အားမလိုအားမရ ရှိလာသောကြောင့် . .

''မမယ်ရယ် . . အားခဲပြီး ပြေးစမ်းပါဦးကွယ်၊ မင်းဟာ က ပြေးတယ်လို့မှ မဟုတ်တော့ဘဲ ဒရွတ်တိုက်လိုက်နေတော့ တာကိုး'' ဟု မာန်သည်။

ထိုအခါ၌ မထွန်းမယ်မှာ အသက်ထွက်လုမတတ် မော လုံးဆို့သံဖြင့်

''ကိုခေါင် . . နောက်က ရန်သူတွေ ကျွန်မတို့ကို မှီလာ တော့မယ် ထင်တယ်၊ ဒီတစ်ခါတော့ ခက်ကြပြီထင်ပါရဲ့'' ဟု လေမဆက်မိဘဲ တစ်လုံးချင်း ပြော၏။

''ဘာလို့ ခက်ရမှာလဲ အားမလျှော့စမ်းပါနဲ့ကွာ၊ ပြေးနိုင် မှ လွတ်တော့မပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဟု အားပေးလိုက်သောအခါ မထွန်းမယ်ခမျာ ငိုသံကြီးဖြင့်

''အဟင့် . . ကျွန်မ ဘယ်လိုမှ ပြေးနိုင်တော့မှာ မဟုတ်ဘူး၊ ကျွန်မ ခြေထောက်တွေ နာလှပြီ၊ ပေါက်ပြဲကုန်ပြီထင်ပါရဲ့၊ ကိုခေါင်ရယ် . . ကျွန်မကို ထားခဲ့ပါတော့၊ ရှင်နဲ့ သမီးလေးတို့သာ လွတ်ရာကျွတ်ရာ ပြေးကြပါတော့၊ ကျွန်မ အသက် သေချင်သေပါစေတော့''

ကိုခေါင်က . .

''အို . . မဟုတ်တာကွာ၊ ထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ မမယ်၊ မင်းကို မိသွားရင် တို့အသက်လဲ လွတ်မယ်ထင်သလား၊ ဘယ်လွတ်ပါ့မလဲ ခြေရာခံပြီး အမိလိုက်ကြမှာပဲ''

''ကျွန်မ ဘယ်လိုမှ မပြေးနိုင်တော့လို့ပါ ကျွတ် . . ကျွတ် . . ကျွတ် . . နာလိုက်တာ''

''နာတာကို ခဏအမေ့ထားလိုက်မယ်၊ အသက်တစ်ချောင်းအတွက် ခြေထောက်နှစ်ချောင်းက ဒီလောက်တော့ အနာခံရမှာပဲ''

ဟု ပြောလည်းပြော၊ အတင်းလည်းဆွဲခေါ်သဖြင့် မထွန်းမယ်မှာ ငုတ်တစ်ခုကို ခလုတ်တိုက်ကာ လဲကျသွားသဖြင့်

''အမယ်လေး သေပါပြီ''





ဟူ၍ပင် နှုတ်ဖျားမှ လွှတ်ခနဲ တလိုက်မိရှာတော့သည်။

ကိုခေါင်က အတင်းတွဲထူရင်းဖြင့် . .

''ထ . . ထ၊ ဘယ်နာသွားသေးသလဲ မမယ်''

မထွန်းမယ်က တဟင့်ဟင့်ရှိုက်ကာ . .

''ကျွန်မ ခြေမကွဲသွားပြီထင်တယ် ကိုခေါင်''

ကိုခေါင်သည် အလွန်စိတ်ပျက်အားငယ်သွားသည်။ ထို့နောက် အားပေးစကားပြောသည်။

''ခဏသည်းခံလိုက်ပါဦးကွာ၊ ဟောဟိုမှာ တွေ့လား၊ အဲဒီတောင်ကွေ့မှာ လျှိုတစ်ခု ရှိတယ်၊ အဲဒီလျှိုကြီးထဲမှာ ပေါက်နေတဲ့ ကညင်ပင်ကြီးအောက်ရောက်ရင် မမယ်တို့သားအမိကို အတူ လွတ်ရာကျွတ်ရာကို ပို့နိုင်ပါပြီကွာ၊ နည်းနည်းလေးသာ အားတင်းလိုက်စမ်းပါ၊ ဟော . . ပြောရင်းဆိုရင်းနဲ့ မြင်းခွာသံတွေ ဘက်လှည့်လာပြန်ပြီ၊ ကဲ . . လာ''



www.burmeseclassic.com

www.burmeseclassic.com

## တွေ့ရာသချိုင်း

## ၆။

မထွန်းမယ်နှင့် သမီးကို ကညင်ပင်၏ သစ်ခေါင်းအတွင်း၌ ကျကျနန ဝှက်ထားပြီးနောက် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပိတ်ဆို့ကာ အပြင်မှနေ၍ အားမငယ်ရန်နှင့် အသက်မသေပါက ပြန်လာပြီး ခေါ်မည်ဖြစ်ကြောင်း အကယ်၍ မနက်မိုးစင်စင် လင်းသော်မှ လာမခေါ်ပါက အသက်နှင့်ကိုယ် အိုးစားကွဲပြီမို့ ၎င်းတို့ဘာသာ လွတ်ရာကျွတ်ရာသို့ ရှောင်သွားကြရန် အထပ်ထပ် မှာကြားပြီးလျှင် ထွက်ခဲ့သည်။



ထိုနောက် ကိုခေါင်သည် နောက်မှ မြေလှန်၍ ရှာဖွေကာ လိုက်လာသော ရန်သူများအား မျက်စိလည်သွားစေရန် လမ်းကြောင်းပြောင်းလိုက်တော့၏။ လရောင်ရေးရေးအောက်တွင် ရုတ်တရက် ပျောက်ဆုံးသွားသဖြင့် မြင်းသမားကိုးယောက်မှာ ကြောင်ငေးသွားကြသေးသည်။

အတန်ကြာမှ ခေါင်းဆောင်လုပ်သူက . .

''ဒီလိုလုပ်နေလို့ မဖြစ်ဘူး၊ ၎င်းတို့ သည့်ထက် ဝေးဝေး ပြေးနိုင်ကြမှာ မဟုတ်ဘူး၊ ဒီနားမှာတင် ပျောက်သွားတာ၊ တို့အားလုံး လှူစုခွဲရှာကြမယ် သတိဝီရိယတော့ ရှိပစေနော်''

အားလုံးကပင် ''ဟုတ်တယ်''ဟု တညီတညွတ်တည်း ဆိုကာ လှူစုခွဲလိုက်ကြတော့သည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်စသည်ဘက်သို့ လူစုအုပ်စုခွဲကာ တောနင်းတောတိုးလာကြစဉ် တစ်ယောက်သော မြင်းသမားသည် တောင်ခြေစဉ်းလျှောအတိုင်း လျှောတိုက်ပြေးဆင်းနေသော ကိုခေါင်အား လရောင်ခပ်မှိန်မှိန်အောက်၌ အမှတ်မထင် တွေ့လိုက်သောကြောင့် . .

''ဟော . . သင်း ဘယ်ပြေးဦးမလဲ''

ပြောပြီး တောင်ခါးပန်းကို မြင်းဖြင့် ပတ်ကွေ့ကာ ကန့်ဆန့်စိုင်းသွားသည်။ ရှေ့မှပိတ်စောင့်၍ သုတ်သင်ရန် ဖြစ်၏။

ကိုခေါင်ကလည်း လျှင်သည်။ ထိုမြင်းသမား၏ အကဲကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်သည်။ ရှေ့က ပိတ်ဆည်းနေမည်ကို သဘောပေါက် သည်ဖြစ်၍ တောင်ခြေစင်းလျှောအတိုင်း ဆင်းနေရာမှ ကိုယ်က တစ်ပတ်လှည့်ကာ ညာဘက်ချုံနွယ်ထူထပ်သော တောစပ်သို့ အသာလိမ့်ဆင်းလိုက် တော့သည်။

ထင်မှတ်ထားသလို ရောက်မလာသောအခါ၌ မြင်း သမားမှာ အလွန်ပင် ကျိတ်မခံနိုင်ခဲ့မရ ဖြစ်သွားသည်။ ဒေါ သွားပုံလည်းတူသည်။ ချက်ချင်းပင် မြင်း၏တင်ပါးကို ဖနောင့် နှစ်ဖက်ဖြင့် ခပ်ပြင်းပြင်းတို့လိုက်ပြီး ချုံနွယ်များကြားသို့ နှင်လာ မိ၏။

ကိုခေါင်က ထိုအခွင့်အရေးကို လက်မလွှတ်ပေ။ ချုံပုတ်ထဲ တွင် ဝပ်နေရာမှ ခါးကြားက ဓားမြှောင်ကို ထုတ်သည်။ ဓားနှောင့် ကို ပါးစပ်တွင် ကိုက်ထားလျက် အချက်ပိုင်ပိုင်ကို စောင့်နေသည်။

ချုံအနီးသို့ ရောက်သည်နှင့် တပြိုင်တည်းပင် မြင်းပေါ်သို့ ရောက်အောင် လွှားခနဲ ခုန်တက်လိုက်သည်။ ထိုမြင်းသမား၏ နောက်ကျောမှ သိမ်းဖက် ချုပ်ကိုင်လိုက်သည်။

မြင်းသမားမှာ အမှတ်တမဲ့ တိုက်ကွက်ကို ခံလိုက်ရသော ကြောင့် လှည့်၍ တိုက်ခိုက်ချိန်မရလိုက်တော့ရှာဘဲ နံကြား ထဲသို့သာ ဓားမြှောင်ထိုးစိုက်ခံလိုက်ရတော့သည်။

"အား . ."





အသံနက်ကြီးဖြင့် အော်ဟစ်ကာ ခန္ဓာကိုယ်မှာလည်း မြင်းပေါ်မှ ပြုတ်ကျသွားသဖြင့် ဘုန်းခနဲ အသံကို ကြားလိုက်ရ၏။ ကိုခေါင်ကတော့ နောက်သို့ လှည့်မကြည့်တော့ဘဲ မြင်းကိုသာ အသော့နှင် သွားလေတော့သည်။

❀

ယခုလို လူစုခွဲကာ တိုက်ခိုက်သည်ကိုပင် ကိုခေါင်က ပို၍ သဘောကျနေ၏။ ရန်သူ၏အားပျော့ချက်ဟု နားလည်သည်။

စုစုစည်းစည်းနေလျှင် တစ်ယောက်နှင့် အများ ဖြစ်နေ သည်။ ကိုယ့်ဘက်က အင်အားနည်းသည်။ တစ်ဖက်က အား သာသည်။ မည်မျှပင် တိုက်ရည်စွမ်းရည်တော်သည်ဆိုဦးတော့ နိုင်ဖို့မလွယ်သည်မှာ အမှန်ပင်။

ခုတော့ သူတို့မှားသွားလေပြီ။ မိမိက တစ်ချက်လှည့် စားလိုက်သည်နှင့် ရန်သူမှာလည်းသွားပြီ ဖြစ်သည်။ ဝါးအ စည်းပြေသလို တစ်လုံးစီ ဖြစ်သွားသည့်အတွက် တစ်လုံးချင်း ချိုးရန် အခွင့်သာသည်။

ထို့ကြောင့် ကိုခေါင်သည် ရထားသော မြင်းတစ်စီးဖြင့် ဉာဏ်ကိုလှည့်သုံးရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ပြက် ဝင်တိုက်သည်ထက် ကိုယ်ရောင်ဖျောက်ပြီး တစ်ယောက်စီ တစ်ယောက်စီ ချေပစ်ရန် ဆုံးဖြတ်သည်။

ထို့နောက် ဇက်ကြိုးကို သတ်လိုက်၏။ မြင်းကို ခပ်နှေးနှေးနှင်လျက် ချုံနွယ်များကို အကာအကွယ်ယူရင်း တိုးသွားတော့သည်။

ဆန်း ကွန်ပျူတာစာစီ/ဒီဇိုင်း၊ သင်တန်းများ
၀၂၆၊ မြိတ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း



မေကျပွဲ

## ၇။

''တောက် . . တစ်ယောက်နဲ့ အများ၊ အများဘက်က ခံ လိုက်ရတယ်ဆိုတော့ ရာဇဝင်ရှိင်းလိုက်လေကွာ''

တောက်တစ်ခေါက်ခေါက်နှင့် ပြောနေသူ၏ မျက်နှာမှာ မည်းနေပြီး မကြေနိုင် မချမ်းနိုင် ဖြစ်နေသည်။ ရင်ထဲ၌လည်း နာသာ ခံခက်ကြီး ဖြစ်နေ၏။ လက်မတင်ကလေး လွတ်ထွက်သွားသူအား မိသာမိလိုက်မည်ဆိုလျှင် နေရာတွင်ပင် နုတ်နုတ်စင်းပစ်ချင်စိတ်ပေါက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုမျှ မခံမရပ်နိုင်အောင် စိတ်လှုပ်ရှားခံစားနေ
ချိန်တွင် ကျန်ငါးဦးမှာ သူတို့၏ ခေါင်းဆောင်ကြီး ဒေါသပုန်
ဖြစ်နေသဖြင့် မည်သို့မျှ ဝင်မစွက်ရဲဘဲ ငြိမ်သက်စွာ မှုဆိုးဖူး
ထောက်ထိုင်လျက် နာခံနေကြသည်။

ထို့ပြင် သူတို့သည် သူတို့၏ ဓားများကို ဓားအိမ်မှ ထုတ်
ပြီး သေဆုံးသွားကြသော ရဲသုံးဘော်တို့အား ကျောက်တုံး
ကျောက်ခဲများဖြင့် ဖုံးအုပ်၍ သင်္ဂြိုဟ်ထားသည့် မြေပုံများ၏
ခေါင်းရင်း မြေပေါ်တွင် စိုက်ထားကြသည်။

''ဒီလောက်တောင် ညှပ်ပူးညှပ်ပိတ် ဝိုင်းထားတာ
တောင်မှ မယားနဲ့သမီးပါ အပါခေါ်ဆောင်သွားတာကို မဟာ
တပ်မင်းကြီးသာ သိသွားရင် တို့ဟာ ကိုယ့်လည်ပင်းကိုယ် လှီး
ဖြတ်လိုက်ဖို့ပဲ 'ကောင်းတယ်''

နားထောင်နေသူများမှာ ဦးခေါင်းမမော့၊ ခပ်ငိုက်ငိုက်
ချရင်း ငြိမ်မြငြိမ်နေ၏။ ပြောနေသူကတော့ မားမားရပ်နေရာမှ
အံကို တင်းတင်းကျိတ်လိုက်ပြီးလျှင် . .

''ရာဇဝင်ပြောင်တဲ့ ကိုခေါင်ကိုတော့ နောင်မှာ ဘုရင့်
သစ္စာဖောက်၊ အမျိုးအပေါ် သစ္စာမဲ့ပြီး တစ်ပါးကျွန်တွေ အားရ
မယ့်အလုပ်မျိုး မလုပ်ဝံ့အောင် ခေါင်းဖြတ်ပြီး ပညာပေးရမှာပဲ''

မာကျွတ်သော လေသံဖြင့် သူပြော၏။ သူ့စကားလုံးများ





သည် လေဟုန်စီးကာ တောခြေရှိ မြိုင်ကလေးအတွင်းသို့ တိုင်
အောင် ရိုက်ခတ်သွားသည် ထင်ရလောက်သည်။

''အဲဒီတော့ ကျုပ် မင်းတို့အားလုံးကို ရတနာပုံနေပြည်
တော်ကို ပြန်လွှတ်မယ်၊ ကိုမျိုကြီး . . ကိုရွှေဘုံနဲ့ ကိုစံထားတို့
ကျဆုံးသွားတဲ့ သတင်းကိုသာ မဟာတပ်မင်းကြီးကိုသာ အစီ
ရင်ခံလိုက်ကြပေတော့''

အားလုံးကပင် လှုပ်ရှားသွားကြလေသည်။ သူ့မျက်
နှာကို မော့ကြည့်ကြ၏။ ပထမဦးဆုံး လှုပ်ရှားသွားသူမှာ ကိုမြေ
ဖြစ်သည်။

''ကိုနေဦးကကော''

အမေးက ပညာသားပါသည်။ သူ မျက်မှောင်ကြုတ်
သည်။

''ကျုပ် သစ္စာဖောက်နောက်ကို ဆက်လိုက်မယ်၊
မြေလှန် ရှာမယ်ဗျာ၊ ဘယ်ရောက်ပဲ ခြေရာဖျောက်ဖျောက်
မတွေ့မချင်း ကျုပ် နေပြည်တော်ကို ခြေဦးပြန်မလှည့်ဘူး၊ ဒါ . .
ကျုပ်ရဲ့အဓိဋ္ဌာန်ပဲ၊ ကဲ . . ခင်ဗျားတို့အားလုံး နေပြည်တော်ကို
ပြန်ကြပေတော့''

ကိုကျော်ဝ ဒူးထောက်ထိုင်နေရာမှ ဆတ်ခနဲ ထသည်။

''ကျွန်ုပ်ကိုလဲ ခွင့်ပြုပါ''



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲညို့ကလည်း . .

''ကျွန်ုပ်လဲ သေအတူရှင်မကွာ လိုက်ပါရစေ''

သူ ကိုကျော်ဝနှင့် ကိုရဲညို့ကို တင်းတင်းကြည့်လိုက်ပြီး နောက် . .

''ဒါ . . အမိန့်ပဲ ကိုကျော်ဝနဲ့ ကိုရဲညို့၊ အမိန့်ကို မနာခံရင် သူပုန်ပဲ၊ ကျုပ် ခင်ဗျားတို့ကို အမိန့်ပေးနေတာပါ၊ ခင်ဗျားတို့ စဉ်းစားကြည့်လေ၊ သစ္စာမဲ့တစ်ယောက်ကို သုတ်သင်ဖို့အတွက် လူတွေတစ်လေ့ကြီး အကုန်ခံနေရတာကိုက အဓိပ္ပာယ်မဲ့တာပဲဗျာ၊ ပြီး . . အချိန်ကုန်တယ်၊ ခုပဲ ကျုပ်တို့ ရဲမက်သုံးဦး ဆုံးရှုံးသွားရပြီ မဟုတ်လား၊ ဒါဟာ . . ကျုပ်တို့ရဲ့ ဟာကွက်ပဲလေ''

ကိုအောင်သူက စကားထောက်သည်။

''ကျွန်ုပ်တို့ အခုလို ပြန်သွားလို့ကော ဘာအကျိုးထူးမှာမို့လဲ၊ မျက်နှာမရ ခြေထောက်ရဆိုသလို တပ်မင်းကြီးရဲ့ မကျေနပ်မှုကိုသာရမှာ သေချာနေပါတယ်၊ ရဲသုံးဘော် ကျဆုံးလို့ တပ်ခေါက်ပြန် လာရမလားဆိုတဲ့ အပြစ်တင်ခံရမယ့် အတူတူ သေတာပဲ ကောင်းပါလိမ့်မယ်''

ထိုစကားဆုံးလျှင် သူခေါင်းခါသည်။ ခေါင်းခါခါ လည်ခါခါ နှင့် . .





''မဟုတ်ဘူး ကိုအောင်သူ၊ တပ်မင်းကြီး နားလည်ပါလိမ့်မယ်၊ ပြီးတော့ ခုနေအချိန်မှာ တိုင်းရေးပြည်ရေး ပေါက်နဲ့ကျေးဆိုသလို အလွန်ရှုပ်ထွေးနေတယ် မဟုတ်လား၊ နေပြည်တော်မှာ အတော်လေး ဆိုးရွားနေတယ်၊ အောက်ပြည်အောက်ရွာကို ကုလားဖြူတွေက သိမ်းပိုက်ထားသလို အထက်ပြည်တွေကို သိမ်းဖို့ကြံစည်နေကြတာ၊ စစ်ကြောင်းတွေကို ခုခံဖို့ အင်အားလိုနေတဲ့ အချိန်ဖြစ်နေတယ် ဒီတော့ ဒီရန်သူ တစ်ယောက်အတွက်နဲ့တော့ဖြင့် ခင်ဗျားတို့ရဲ့ အင်အားတွေ အဆုံးရှုံး မဖြစ်စေချင်ဘူးဗျာ၊ ခင်ဗျားတို့ရဲ့ ရဲစွမ်းသတ္တိနဲ့ စွမ်းအားတွေကို နေပြည်တော်က လိုအပ်နေမှာ အမှန်ပဲ၊ ခုခံကာကွယ်တဲ့ ခံတပ်တွေမှာ လိုအပ်နေမှာပါ၊ ဒါကြောင့် ကျုပ် ခင်ဗျားတို့ကို အမြန်ပြန်လွှတ်တာပါ၊ ပြန်ပါ ကျုပ် အမိန့်ပေးတယ် ဒီရန်သူကို တိုက်ဖို့ အတွက် ကျုပ်တာဝန်ထား''

အကျိုးအကြောင်း အဆိုးအကောင်းကိုပါ သူရှင်းပြသည်။ အားလုံးကပင် သူ့ရှင်းလင်းချက်ကို မငြင်းဆန်နိုင်အောင် ရှိသွားပါ၏။ ငြိမ်သက်စွာ ငိုင်တွေနေကြသည်။

ထိုစဉ် သူက အောင်မြင်သော အသံကြီးဖြင့်

''ကဲ . . ရဲမက်အားလုံး မြင်းပေါ်တက်၊ နေပြည်တော်ကို ခုချက်ချင်း ပြန်ကြပေတော့''



www.burmeseclassic.com

www.burmeseclassic.com



ရဲမက်အားလုံးသည် သူ့အမိန့်ကို မလွန်ဆန်ဝံ့တော့ပါ။ မြင်းပေါ်သို့ တက်သွားကြသည်။ ထို့နောက် မျက်ရည်ဝေ့သော မျက်လုံးများဖြင့် သူ့ကို ဆို့နင့်စွာ ကြည့်နေကြသည်။

သူ လက်ဝှေ့ယမ်းကာ နှုတ်ဆက်လိုက်၏။

ရဲမက်များသည် ချစ်ခင်လေးမြတ်သော အကြည့်ဖြင့် အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ မြင်းများ၏ ဇက်ကြိုးကို ဆွဲလှည့်ကာ ထွက်ခွာသွားကြတော့သည်။

တဖြည်းဖြည်း ဝေး၍ဝေး၍ သွားပါတော့၏။

× × ×

မြင်းဇောခွာသံ တဖြောင်းဖြောင်းသည် တစ်တောလုံးကိုပင် ညံသွားစေတော့သည်။ တောကျွေ၊ တောင်ကျွေ၊ လျှိုကွေ့တွေကို ကျော်ဖြတ်သန်းခဲ့သည်။ တစ်ခါတစ်ရံ၌ ချုံနွယ်ပိတ်ပေါင်းတွေကို ထိုး ပေါက်သည်။ တစ်ခါတစ်ရံ၌ ချိုင့်ဝှမ်းတွေကို ခုန်ကျော်ခဲ့သည်။ တစ်ခါတစ်ရံ၌ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ကူးဖြတ်ရသည်။

ထိုသို့ ဗုက္ခ၊ သုက္ခပေါင်းများစွာနှင့် ကျော်လွှားသွားနေရသော်လည်း သူသည် ဖွဲလုံ့လမလျှော့၊ အားမာန်အပြည့် ရှိနေသည်။ သို့သော် သူ့ရင်ထဲမှာတော့ အခိုင်အမာ တစ်ခုရှိနေပါ၏။

အသက်နှင့်ခန္ဓာ တည်မြဲနေသရွေ့တော့ မကျေပွဲ နွှဲရဦးမည်တည်း။



## အသက်ကလေးရယ်တဲ့ ရှည်စေလို

အသက်ဘေးအတွက် ရတက်မအေးဘဲ တမြေးတည်း မြေးရသော မြင်းတစ်စီးနှင့် လူသုံးယောက်မှာလည်း တစ်နေ့ ထွက်မှ တစ်နေ့ဝင်အထိ မနားတမ်း ခရီးကြမ်းက နှင်ခဲ့ရသည်။

ညအချိန်သို့ ရောက်လျှင် ကျားရဲဂူပင် ဖြစ်လင့်ကစား များအိပ်စက်ရပြန်သည်။ အိပ်သည်ဆိုသော်လည်း မထွန်းမယ်မှာ ကြက်အိပ်ကြက်နိုး ပမာသာရှိ၏။ ဘယ်ခါမှ စိတ်ချလက်ချ မအိပ်ရ။

သမီးငယ်ကို ရင်ခွင်တွင်ထွေးကာ မီးလင်းဖို အနားမှာသာ



www.burmeseclassic.com

www.burmeseclassic.com



မေးရ၏။ ကိုခေါင်ကတော့မူ ဘယ်တော့မှ အိပ်သည်ဟူ၍ မတွေ့ပေ။

မားထမ်းရင်း ဖိုထားသော မီးလင်းဖိုအား မီးရှိန်မပျက်အောင် သစ်ခက်သစ်တုံးတို့ကို မီးထိုးပေးလျက် ရှိသည်။ ထို့ပြင် အဝေးသို့လည်း နားတစွင့်စွင့် လည်တဆန့်ဆန့် ရှိနေတတ်သည်။

ချိုးချိုးချွတ်ချွတ် အသံကြားသည်နှင့် တပြိုင်တည်း ခါးဆွဲပြီး အသင့်ရှိနေတတ်သည်။ တောကောင်လား၊ ရန်သူလား ခွဲခြားသော မျက်လုံးဖြင့် ဂူဝမှောင်ကြီး မည်းကြီးထဲသို့ မျက်တောင်တစ်ချက်မခတ် စိုက်ကြည့်နေ၏။

တပြိုင်တည်းမှာပင် မထွန်းမယ်အား နှိုးပြီးသား ဖြစ်နေတတ်ပါ၏။ ထိုအခါ၌ မထွန်းမယ်မှာလည်း လင်သားနှင့်အတူ ကလေးကိုပွေ့၍ အမှောင်ထဲသို့ ပြူးပြူးပျာပျာ ကြည့်သည်။

ရန်သူ့လက်မှ ရရှိထားပြီးသော မြင်းကိုလည်း ဆုံးရှုံးသွားမှာကို အထူးစိုးရိမ်နေရသည်။ မြင်းရှိပေမှ ခရီးတွင်မည် မဟုတ်ပါ လော။

ထိုမြင်းကို ကျားဆွဲမှာ၊ ခွေးအစဲမှာ၊ အန္တရာယ်တစ်စုံတစ်ရာကြုံမှာကိုလည်း ကိုခေါင် စိုးသည်။ ခုတော့လည်း ကိုခေါင့်မှာ ကိုယ်ရေးကြုံနေရပြီမို့ ခေါင်းပင်မချဝံ့အောင် ရှိနေရသ





ဖြင့် မထွန်းမယ်မှာ ကြည့်ရင်း သနားလာသဖြင့် . .

"ကိုခေါင်ရယ်၊ ရှင့်မလဲ နေ့နေ့ညည အိပ်ရတယ်လို့ မရှိတော့ပါလား။ ဒီလိုချည်းသာဖြင့် ရှင်ကြာရင် လဲတော့မယ်၊ ခဏကလေးဖြစ်ဖြစ် ရှင် တစ်မှေးမှေးလိုက်ပါဦးလား။ ကျွန်မ တစ်လှည့်စောင့်မယ်လေ"

ကိုခေါင်က ခေါင်းကို တွင်တွင်ခါယမ်းသည်။

"နေပါစေကွာ၊ ဒါ ငါ့အလုပ်ပါ၊ မအိပ်မနေ အသက်ရှည်တဲ့၊ သွားပါများ ခရီးရောက်တဲ့၊ တစ်ချက်ကလေး ငိုက်လိုက်တာနဲ့ အသက်တစ်ချောင်း ဆုံးရှုံးသွားနိုင်တယ် မမယ်၊ ငါ မအိပ်ဘူး၊ မမယ်သာ အိပ်ရေးဝအောင်အိပ်"

အိပ်ရေးဝအောင်အိပ်ဟု ဆိုသော်လည်း မထွန်းမယ် မအိပ်နိုင်တော့ပါ။ မယားအပေါ်မှာ အသားပါပါ သက်ညှာတတ်သော လင့်မျက်နှာကို မီးလင်းဖို၏ မီးတောက်အလင်းရောင်ဖြင့် တစိမ့်စိမ့် ကြည့်ရင်း ရင်ထဲ၌ပင် နင့်ခနဲ ခံစားလိုက်ရသည်။ မျက်ဝန်းထဲတွင် မျက်ရည်များ ပြည့်လာတော့သည်။

ပါးပေါ်သို့ စီးကျလာသော မျက်ရည်စကို လက်ဖနောင့်ဖြင့် သုတ်ရင်း . .

"ကိုခေါင် ကျွန်မတို့ အခုလို ဝရမ်းပြေးဘဝက ဘယ်တော့ များမှ လွတ်ပါတော့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



မထွန်းမယ်က ဝမ်းနည်းပမ်းနည်း မေးလာသည့် စကားကို ကိုခေါင် ရုတ်ခြည်းမဖြေနိုင်သေးဘဲ မီးလင်းဖိုထဲမှ မီးတောက်ကိုသာ အကြောင်းမဲ့ ငေးနေမိသည်။ အတန်ကြာမှ မီးတောက်ထဲသို့ သစ်ကိုင်းခြောက် သုံးလေးချောင်းကို ပစ်ထည့်ပြီးမှ . .

''ရန်သူနဲ့ ဝေးသထက် ဝေးအောင်တော့ ရှောင်ရမှာပဲ မမယ်''

မရေရာ မသေချာသည့် စကားမျိုးကြောင့် မထွန်းမယ်သည် မသိသာလွန်းသော သက်ပြင်းကို ခပ်ဖွဖွချလိုက်မိ၏။ တစ်အောင့်လောက်ရှိမှ မထွန်းမယ်က . .

''ဝေးသထက် ဝေးအောင်ဆိုတာက ကျွန်မတို့ ဘယ်အထိ ရောက်အောင် ပြေးရမှာလဲ ကိုခေါင်''

ဟု သိချင်ဇောဖြင့် မေးလိုက်သည်။

ကိုခေါင်က . .

''ဒီနားတစ်ဝိုက် နေလို့တော့ အကျိုးထူးမှာ မဟုတ်ဘူး မမယ်၊ ဝါတို့ ညောင်တုန်းအထိ ဆင်းရှောင်မှ သက်သာမှာ ခုပဲကြည့်၊ သင်းတို့ ဒီနယ်ထဲအထိကျွံပြီး လိုက်လာတာကို ထောက်ရင် အပြီးအပိုင် ရှင်းနိုင်းတာပဲ ဖြစ်ရမယ် မမယ်၊ ဒီနယ်ဟာ သီပေါဘုရင်မင်းမြတ်ပိုင်တဲ့နယ် မဟုတ်တော့ဘူး၊ ကုလား





ဖြူတွေအုပ်စိုးတဲ့ နယ်နိမိတ်၊ ဒီအထိ လိုက်လာတယ်ဆိုတာကိုက အထူးလျှို့ဝှက်ပြီး စီစဉ်တယ်လို့ တွက်ရမယ် မဟုတ်လား၊ အဲဒီတော့ သူတို့ကို ခြေရာဖျောက်နိုင်တာက ညောင်တုန်းဆိုရင် သူတို့လိုက်လာနိုင်ကြလိမ့်မယ် မထင်ဘူး၊ ပြီးတော့ နေပြည်တော်နဲ့ဆို အဝေးသား''

ဟု ချိန်ဆ၍ ပြောပြလိုက်၏။

ထိုစကားကြားကာမှ မထွန်းမယ်မှာ တစ်ရှိုက်နှစ်ရှိုက်ကာ

''ဒီလောက်ဝေးတဲ့ နေရာကြီးများ ကျွန်မတို့ တစ်ခေါက်တစ်ခါမှ ရောက်ဖူးတာလဲမဟုတ်၊ ဆွေမရှိမျိုးမရှိနဲ့ ဘာလုပ်လို့ ဘာလုပ်ကိုင်စားကြမလဲ ကိုခေါင်ရယ်''

မိန်းမတွေးတွေးကာ ငိုရှာပါတော့၏။ ကိုခေါင်က . .

''တွေးပြီး အားငယ်မနေစမ်းပါနဲ့ မမယ်ရာ၊ ပျော်ရာမှာ မနေနဲ့၊ တော်ရာမှာနေရမယ် မဟုတ်လား။ အဲဒီကမှ ဘေးကင်းမှာ၊ ဝါတစ်ယောက်လုံး ရှိပါသေးတယ်ကွာ၊ မနားမနေ ရှာကျွေးမှာပါ၊ မမယ်တို့သားအမိကို ဘယ်တော့မှ ပစ်မထားဘူးဆိုတာ မြဲမြဲမှတ်ဂျ''

လင့်တစ်မျက်နှာ တစ်ရွာထင်နေရသော မထွန်းမယ်အဖို့ ထိုစကားကို ကြားလိုက်ရသောအခါ၌ တစ်အားပေးကျမိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရန်သူတွေ နောက်က ခြေရာပျောက်မခံဘဲ အရိပ်ပမာ တကောက်ကောက်လိုက်နေသည့်အတွက် စိုးထိတ်မှုကလေးများ ရင်မှာရှိ အောင်းနေဆဲပင် ရှိနေပါ၏။

※

ညောင်တုန်းသို့ ရောက်လျှင် ကိုခေါင်မှာ သူ့မိတ်ဆွေများ၏အကူအညီဖြင့် မြို့အစွန်ရှိ ခြံကြီးတစ်ခြံကို ဝယ်ယူလိုက်ပြီးနောက် အိမ်ကြီးရခိုင်တစ်လုံးကို ဆောက်သည်။

အိမ်ကြီး၏ အခန်းခန်းကိုလည်း ကိုခေါင်က လက်သမားများနှင့် ညှိနှိုင်းကာ စိတ်တိုင်းကျလုပ်သည်။ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်းအပြင် လသာဆောင်ဟုခေါ်သော ဆင်ဝင်ကလေးကိုလည်း ထုတ်ထား၏။

ထိုအခါ၌ မထွန်းမယ်က . .

''ကိုခေါင်ရယ် ဘာလို့များ ဒီလောက်တောင် ကောင်းကောင်းကန်းကန်းတွေ လုပ်နေရတာလဲ၊ တော်ရုံသင့်ရုံဆို တော်ရောပေါ့၊ ကျွန်မတို့အဖို့ နေလောက်ထိုင်လောက်ဆိုရတဲ့ဟာပဲ'' ဟု တိုးတိုးကျိတ်ကျိတ် ပြောပြသည်။

ကိုခေါင်က . .





''ဘာဖြစ်လို့ လိုက်တားမြစ်နေရတာလဲကွာ''

''မတားလို့ ဘယ်ဖြစ်ပါ့မလဲ ကိုခေါင်ရာ၊ ကျွန်မတို့ဘဝက ရှင်သိတဲ့အတိုင်းပဲတာ၊ တော်ကြာ ဟိုရန်သူတွေ ဒီအထိ လိုက်လာမှဖြင့် ဒါတွေဒီအတိုင်းထားပြီး လက်လွှတ် ထွက်ပြေးနေရဦးမှာတော်ရဲ့၊ အလဟဿဆုံးရှုံးတော့ နှမြောစရာကြီး မဟုတ်လား''

မထွန်းမယ်၏ စကားကြောင့် ကိုခေါင် တစ်ချက်ငိုင်တွေသွားတော့၏။ ထိုရန်သူများဆိုသည်ကလည်း မထင်မှတ်သော အချိန်မှာ မထင်မှတ်သောအရပ်မှ ဘွားခနဲ ပေါ်လာသလို ပေါ်လာတတ်ပါ၏။ မြေလျှိုးမိုးပျံလာနိုင်သလား မဆိုနိုင်။

ချက်ချင်းပင် ထိုအတွေးကို ပယ်ထုတ်လိုက်ပြီး . .

''ဟာကွာ . . မမယ်မှာလဲ ထမင်းလုံးတစ္ဆေခြောက်သလို ဖြစ်နေတော့တာကိုး၊ ဒါတွေ မေ့ပစ်လိုက်စမ်းပါ၊ ဒင်းတို့ ဒီထိအောင်တော့ မလိုက်နိုင်တော့ပါဘူး၊ ပြီးတော့ ဒီနေရာက လွယ်တဲ့နေရာ မဟုတ်ဘူး၊ ဗြိတိသျှပိုင်နက်ကွ၊ လိုက်လာတာနဲ့ တန်းခနဲ မိသွားမှာ သေချာတယ်၊ တို့တောင် ကုန်သည်ပွဲစား ဟန်ဆောင်နေလို့ သက်သာတာ၊ နို့မဟုတ်ရင် ပါသွားတာ ကြာပြီ''

မထွန်းမယ်က ကိုခေါင့်အတွက် ရေနွေးတစ်ပန်းကန် ထည့်ပေးရင်း ''မထင်နဲ့ ကိုခေါင်၊ ရန်သူဆိုတာက မိုးလို့ရွာမယောင်



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းပြီး အံ့မှိုင်းလာတာမျိုး မဟုတ်ဘူးနော်၊ လျှပ်ပြက်သလို လက်ခနဲ ပေါ်လာနိုင်တာမျိုး၊ ကျွန်မတော့ စိတ်က ဘယ်လိုမှ မချုနိုင်သေး ဘူး၊ ဒါအမှန်ပြောတာ''ဟု အကွက်ပိုင်ပိုင် ထောက်၍ ပြောလိုက်ပါသည်။

ကိုခေါင်က အားပါးတရ ရယ်မောလိုက်ပြီးမှ ပြန်ပြော၏။

''မမယ်ရယ် မင်းမလဲ အလွန်ပူတတ်ရန်ကောကွာ၊ ဒင်းတို့ လိုက်လာဖို့ မလွယ်ပါဘူး၊ ဒီမှာက အင်္ဂလိပ်စစ်ဗိုလ်တွေ၊ ပုလိပ်တွေဆိုတာ ခြေချင်းလိမ်နေတာ၊ ဗိုလ်မြတ်ထွန်းကို သဲကြီးမဲကြီး ရှာနေတာ အဲဒီသတင်းကို နေပြည်တော်က အထောက်တော်တွေ သိတယ်၊ နေပြည်တော်ကို သတင်းပို့နေတာ၊ သူတို့အုပ်စု ဒီထဲဝင်လာရင် နေပြည်တော်ရဲ့ အထောက်တော်ဆိုပြီး အဖမ်းခံရမှာ သိရဲ့လား မမယ်၊ မလာဝံ့ပါဘူးကွာ''

ထိုစကားကြားရတော့ မထွန်းမယ်မှာ အားရှိသလိုလို ရှိ ခဲ့သေး၏။

✡

အပြောနှင့်အလုပ် အဟုတ်မညီသည့် အဖြစ်ကြောင့် မထွန်းမယ် စိတ်ညစ်ရပြန်သည်။ ကိုခေါင်မှာ ကိုယ့်အရိပ်ကို ကိုယ် လန့်နေသလို ရှိနေလေသည်။





ထို့ကြောင့် တစ်နေရာတည်း ဖွဲ့ဖွဲ့မြဲမြဲ စိတ်ချလက်ချ နေနိုင်၊ မနေဝံ့။

ထို့ကြောင့် အိမ်ကပ်သည်ဟူ၍ မရှိ။ တစ်နေရာမှ တစ်နေရာသို့ ခရီးထွက်သည်သာများ၏။ အတည်တကျ မပြောနိုင်။ ဘယ်အရပ်ဒေသဟု ထောက်မပြနိုင်။ ခြေဦးနှင့်ရှု တည့်ရာသွားနေသကဲ့သို့ ဖြစ်သည်။

သို့သော် ယခုလိုသွားနေသော်လည်း အိမ်သို့မပြန်ဘဲ နေသည်တော့ မဟုတ်။ ပြန်လာတတ်ပါသည်။ ပြန်လာသည်ကလည်း ထင်ထင်ပေါ်ပေါ် ပေါ်မလာပေ။

ပုန်းလျှိုးကွယ်လျှိုး ညကြီးအချိန်မတော် ရောက်လာတတ်၏။ သို့နှင့် အရှက်မလာမီ ကိုခေါင် ပြန်သွားသည်က များသည်။ လင်မယားဖြစ်ပါလျက်နှင့် ခိုးချောင်ခိုးဝှက် တွေ့ကြုံနေရသည့် ဘဝမျိုးမို့ မထွန်းမယ် တော်တော်လေးပင် စိတ်ထိခိုက်မိသည်။

လင်ရယ်၊ မယားရယ်ဆိုလို့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် နေလိုသည်မှာ မထွန်းမယ်၏ ဆန္ဒဖြစ်သည်။ ထို့ကြောင့် ကိုခေါင့်အား ကိုယ်မကွာ အိမ်မကွာနေဖို့ အကြောင်းပြောရန် အခွင့်ကောင်းကို မထွန်းမယ် စောင့်နေပါ၏။

တစ်နေ့တွင် ကိုခေါင့်အား . .



www.burmeseclassic.com

www.burmeseclassic.com



''ကိုခေါင် ရှင့်ကို စကားပြောဖို့ အခွင့်အရေး စောင့်နေတာ ကြာခဲ့ပြီ''

မထွန်းမယ်၏ စကားကို ကြားသောအခါ၌ ကိုခေါင် အံ့အားသင့်သွားသည်။ မပြောစဖူး အပြောထူးသည်မို့ ဘာများပါလိမ့်ဟူသော သိချင်စိတ်လည်း ဖြစ်သွားသည်။ ထို့ကြောင့် ပြုံးကြည့်လျက် . .

''အလို မမယ်၊ မင်းစကားက တော်တော်ဆန်းမယ့်ပုံ ထင်ပါရဲ့၊ စကားပလ္လင်ခံပုံထောက်ရင် တစ်ခုခုတော့ တစ်ခုခုပဲ''

''ဟုတ်လိမ့်မယ် ထင်တာပဲ၊ ကျွန်မတော့ ရိုးတာတွေ၊ ဆန်းတာတွေ ဘာမှ နားမလည်ပါဘူး၊ ရင်ထဲရှိတဲ့ စကားအတိုင်းပဲ ပြောချင်တယ်၊ အဲဒါ ကိုခေါင့်ကို ပြောမယ်ပြောမယ်နဲ့ အတော်ကြာခဲ့ပြီ''

''ဘာလဲ မမယ်''

မထွန်းမယ်၏ ဟင်းချသံကို ကျယ်ကျယ်လောင်လောင် ကြားရ၏။

''ကျွန်မနဲ့ သမီးလေးဟာ လင့်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်နေရတာပါ''

''ထားပါတော့၊ ဘာတွေများ ဖြစ်နေလို့လဲ''

''ဘာမှတော့ ဖြစ်လို့ မဟုတ်ပါဘူး ကိုခေါင်၊ ကျွန်မတို့





နေရတာက တစ်မြို့တစ်ရွာ အသိအကျွမ်း ဆွေရယ်မျိုးရယ်ရှိတာ မဟုတ်ဘူး၊ တိုးတိုးဖော်တိုင်ပင်ရအောင် ဘယ်မလဲ၊ သူစိမ်းသူရံတွေ ချည်းပဲလေ၊ ပြီးတော့ ကိုယ့်သမီးလေးဆိုလဲ အရွယ်လေးရှိလာပြီ မဟုတ်လား''

ကိုခေါင်က မရယ်ချင့်ရယ်ချင် ရယ်သည်။

''အမယ်လေး မိန်းမရယ်၊ ဒါများ အဆန်းလုပ်လို့ကွာ၊ ငါ အခုလို သွားလာနေတော့လဲ မင်းတို့အတွက် ဘာများမှတစ်ပေါက် စွန်းလို့လဲ၊ ဒီမှာ ငါ့မိတ်ဆွေတွေ အပေါသားနဲ့၊ ပြီးတော့ မင်းလဲ ဒီ မှာ အနေကြာလာမှပဲ၊ ခင်မင်ရင်းနှီးသူတွေ ရှိလာမှ တော့ ဘာအားငယ်နေရမှာလဲ၊ မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုးပဲ မဟုတ်လား''

''ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ကိုယ့်လင်သားလောက် ဘယ်မှာအားကိုးရပ့်မလဲ၊ တိုးတိုးဖော်ဆိုတာ ရှိမှပေါ့၊ ပြီးတော့လဲ မားမား မတ်မတ်ရပ်ဖို့ဆိုတာ ရှဗိုရှေ့ကရှိမှ မဟုတ်လား၊ ခုတော့ ရှင်က အိမ်မှာ အမြဲရှိနေတာ မဟုတ်ဘူး၊ သုံးရက်နေမှ တစ်ခါပြန်လာ၊ ငါးရက်နေမှ တစ်ခါပြန်လာနဲ့ သွားချည်လာလှည့်ဆိုတော့ ဒီကြားထဲက တကယ့်အရေးဆို မခက်ပါလား''

စကားအဆုံးတွင် ကိုခေါင် ငိုင်တွေသွားတော့သည်။ မထွန်းမယ် စကားက မှန်သင့်သလောက် မှန်ပေ၏ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို သိနေသည်။ မိမိပြုစုခဲ့ဖူးသော အမှားသည် နွားခြေရာနောက်သို့သာ အစဉ်ကစိုက်လိုက်နေတတ်သော လှည်းဘီးကဲ့သို့ နင်းချေ ဖြတ်သန်းသွားမှာကို ထိတ်လန့်နေသည်။

ထို့ကြောင့် အန္တရာယ်ကို ကြိုမြင်ထားသူ တစ်ယောက်လို အမြဲရှောင်နေမိသည်။ ထိုသို့ သတိစိုရိမ်ကြီးစွာဖြင့် ရှောင်တိမ်းနေသည်မှာလည်း တစ်နေ့တစ်ရက် တစ်လလည်း မဟုတ်ပေ။ နှစ်ပင်တိုင်နေလေပြီ။

သို့သော် ဤကဲ့သို့ ရှောင်ပုန်းနေသော်လည်း အကျိုးမရှိသည်တော့ မဟုတ်ပါ။ ရှောင်ရင်း ပုန်းရင်း အလုပ်လုပ်၊ လုပ်၍ ရသမျှ ဥစ္စာပစ္စည်းကို တစ်ပြားတစ်ချပ် မချန် အိမ်ပြန်အပ်သည်သာ ဖြစ်၏။ ယခု သူ့ကို ပြောလာသည့် စကားမှာ သူ့ကို မယုံ ခေါင်းပေါ်ပုလာသည့် အထင်ဖြင့် သူပြင်းသည်။

''ဘာလဲ မမယ် ငါ့ဒီလို သွားလာနေလို့ မယုံသင်္ကာ စကားများလား''

''ဒီလိုသဘောနဲ့ ပြောနေတာ မဟုတ်ဘူး ကိုခေါင်၊ ကျွန်မ ရှင့်ကို ယုံပါတယ်၊ ဒါပေမယ့် ယောကျ်ားသားရယ် အနေနဲ့အိမ်မှာတော့ ရှိစေချင်တာပေါ့ ဒီလိုသဘောနဲ့ ပြောနေတာပါ''





ကိုခေါင် စိတ်သက်သာမှု ရသွားသည်။

''ငါလဲ နေချင်တာပေါ့ကွာ၊ ဒါပေမယ့် မိုးမျှားတုန်း ရေခံဆိုသလို အခြေအနေ ပေးနေတုန်း စီးပွားကို ကြိုးစားရှာနေရသေးတာကွ၊ သမီးထားထား ဒီအရွယ်ရောက်လာရင် ဝတ်ချင်စားချင်၊ လှချင် ပချင်လာမှာ မမယ်ရဲ့ အဲဒါကြောင့် ခုကတည်းက စုဆောင်းနေရတာ ဟ၊ ဟဲ . . ဟဲ''

ပြောရင်း ရယ်မောမိသည်။ အမှန်ပြောရမည်ဆိုလျှင်လည်း ဤသမီးကလေးကို သူတို့လင်မယား နှစ်ယောက်လုံးက အချစ်ဆုံး ဖြစ်သည်။ သူတို့လင်မယားနှစ်ယောက်တွင် သားသမီးကံ နည်းသည်။ သမီးကလေးထားထား ဖွားမြောက်ပြီးနောက် နောက်ထပ် သားသမီး မရတော့ပေ။

ထို့ကြောင့် ဤသမီးတစ်ယောက်တည်းကိုသာ စုပုံချစ်နေရတော့သည်။ ဤကဲ့သို့ သမီးနှင့် ကိုင်လှုပ်လိုက်သောအခါ၌ ထွန်းမယ်ပါ ငြိမ်သက်သွားတော့၏။ ရှေ့ဆက်လာမည့် စကားပင် ဆန့်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဧရေရှာခနေသောလူ

၃။

တောင်ကျချောင်းရေများ အားကောင်းနေ၏။

အထက်တွင် တစ်လနီးပါး မိုးဆက်မပြတ်ပေ။ တောင်ပေါ် မှာဆိုလျှင် မိုးကင်းသော အချိန်ဟူ၍ ရှိတော့မည်မထင်ရ၊ ညို့မှိုင်း ၍သာ တဝေဝေနေမည် ထင်သည်။

ထို့ကြောင့် တောင်ကျရေများက တရဟော ဆင်းလာဖို့ ရှိသည်။ ရောဝတီမြစ်ရိုးတစ်လျှောက်မှာ ပြည့်မောက်နေသည်။ ကမ်းနဖူးကိုပင် ရေထိနေပြီ၊ အချို့နေရာမှာဆို ရေကျော်သည်။





ရပ်ထဲရွာထဲထိ ရေဝင်လာသည်။

ကမ်းနဖူးရှိ မြို့များရွာများသည် ရေကို စိုးရိမ်နေကြသည်။ တာကျိုးမှာကို ကြောက်ကြသည်။ ရေလုံး ဝေါခနဲ ဝင်လာသည်နှင့် ဈက်ပြီ။ အိမ်တွေခြံတွေ ရေထဲမျောပါသွားနိုင်သည်။ ကျွဲနွား တိရစ္ဆာန်တွေ သေကြေပျက်စီးနိုင်သည်။ ဒုက္ခ သုက္ခ ရောက်ကြ မည်ကို တွေးပူ နေရပေသည်။

ဤအခြေအနေကြောင့် ဘယ်သူမှ မနေသာတော့ပေ။ လှည်းတွေနွားတွေ ရှိသူများကလဲ လှည်းနွားဖြင့်၊ လှည်း နွားမရှိသူကလဲ လူအားဖြင့် မြေပေါက်သူပေါက်၊ သယ်သူသယ် လျှက်၊ တစ်နိုင်တစ်ပိုင်အားနှင့် တာဖို့နေကြလေ၏။

နေ့မအား ညမအား အလုပ်မနား ရှိနေချိန်၌ မောင်မျိုး ညွန့်ကတော့ ခပ်အေးအေးပင်။ ပခုက္ကူလက် လှေဦးမှာထိုင်၍ လရောင်အောက် ရေတာဖွေးဖွေးနှင့် မြစနဒီကျောကို ငေးမော နေသည်။ ပခုက္ကူလက်ဆိုသည်မှာ ပခုက္ကူမှ ပြုလုပ်သည့် လှေဖြစ် လေသည်။

ထိုလှေကြီးမှာလဲ သူ့ဖခင်ဖြစ်သော ဟသ်ာတမြို့မှ ပွဲစား ကြီးဦးကြာဆိုင်၏ ကိုယ်ပိုင်လှေကြီး ဖြစ်သည်။ ရှေးယခင်ကတော့ ၍ ဤလှေကြီးကို သူ့ဖခင်ကိုယ်တိုင် ဦးစီးဦးကိုင်ပြုခဲ့၏။

ခုတော့ သူ့ဖခင်မှာ အသက်အရွယ် ထော[illegible]လာလေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့်အရွယ်၊ တစ်လ ကိုးသီတင်း ခရီးထွက်ရသည်ကလဲ မလွယ် နားနားနေနေဟူ၍ လုံးဝမရှိ ဘုရားသွားကျောင်းတက် အလွန်ဖျက်နေ၏။

ထို့ကြောင့် ပွဲစားကြီး ဦးကြာဆိုင်သည် နားချင့်နေပြီ သံသရာအတွက် မိမိအဖို့ ရိက္ခာထုပ်ကလေး ပါအောင်ယူသွား တော့မှပဲ ဟူ၍ စိတ်ဆုံးဖြတ်ကာ လုပ်ငန်းကိစ္စအဝဝနှင့် ဤ လှေကြီးကိုပါ သားလက်သို့ အပ်လိုက်၏။

ထိုအချိန်မှစ၍ မောင်မျိုးညွန့်သည် ဤလှေကြီးကို ဦးစီး သည်။ အညာမှ ကုန်ပစ္စည်းများ အောက်ပြည်အောက်ရွာသို့ အောက်ပြည် အောက်ရွာမှ ကုန်ပစ္စည်းများကို အထက်အညာသို့ တင်ပို့ရောင်းဝယ်ခြင်းဖြင့် နေခဲ့သည်။

ထိုကဲ့သို့ လှေပေါ်မှာသာ အနေများခဲ့သောကြောင့် ယခုလို ရေအေးဆိုက်တော့မည့် လက္ခဏာပြနေသောဖြားလည်း မောင်မျိုးညွန့်တို့အဖို့ ရိုးနေသလို ဖြစ်နေလေပြီ။

တောင်ကြီးဖဝါးအောက် လှိုင်းကြီးလှေအောက်ဆိုသကဲ့ သို့ မောင်မျိုးညွန့်အတွက် နည်းနည်းမှ မတုန်လှုပ်မိပါ။ မြစ်ပြင် ကို အပြစ်မမြင်ဘဲ ချစ်ခင်သောစိတ်ဖြင့်ပင် လရောင်အောက်က ရေတာဖွေးဖွေးကို အရသာခံကြည့်ရင်း လိုက်ပါလာခဲ့၏။

လေအခတ်တွင် လှိုင်းအကြွကလေးများသည် မြစ်ရေပြင်



ပေါ်၌ တောင်စဉ်တောင်တန်းများသဏ္ဍာန် ဖြစ်နေကြသည်။ ထိုလှိုင်းဂယက်များမှာ လရောင်အောက်တွင် ငုပ်ချည်ပေါ်ချည် ဖြင့် လှုပ်ရှားနေ၏။

ထိုစဉ်တွင် မောင်မျိုးညွန့်၏ အမြင်ထဲတွင် အမှတ်မထင် မြင်ကွင်းတစ်ခုကို လှစ်ခနဲ တွေ့လိုက်သည်။ လှိုင်းကြားလေကြား၌ ဝုံတိုဟုခေါ်နိုင်လောက်သော သစ်တုံးကလေးတစ်ခုကို ဖက် တွယ်ထားသည့် အရာတစ်ခုပင်။

ရုတ်ခြည်း မြင်လိုက်ရသဖြင့် သဲသဲကွဲကွဲမရှိ။ လူလော၊ တိရစ္ဆာန်လောဟု စိတ်မှာ ဝိဇ္ဇါဓမကွဲ၊ ယခုလို တောင်ကျချောင်း များ အားကောင်းနေစဉ် တောသတ္တဝါများ ရေမှာမျောပါလာ တတ်သည်။ သမင်၊ ဒရယ်၊ ချေငယ်များပင် မဆိုထားနှင့် သားစားသည့် ကျားပင်လျှင် ရေထဲမျောပါလာတတ်လေသည်။

တောင်ပေါ်၌ မိုးညိုသည့်ဆိုလျှင် ဆင်ပြေးလို့ မ လွတ်သော ချောင်းများရှိသည်။ တောင်ပေါ်ဆိုသည်မှာ မိုးအုံ့သည်နှင့် တစ်ပြိုင်တည်း ရွာသည်သာရှိ၏။ ရွာသော မိုးရေကလည်း အားကောင်းသည်။

ရေများသည် တောင်ပေါ်မှ တောင်အောက်သို့ အရှိန် တုန်ဖြင့် တစ်အားထိုး ဆင်းလာသည်။ ချောင်းတွေမြောင်းတွေ လည်း ဝါးလုံးထိုးချလိုက်သလို ဖြစ်၏။ အလွန်မြန်သည်။ ခေါ



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ရိုပ်ခနဲနှင့်ပင် ရေနက်ကြီးအင်းပြင်ပမာ ဖြစ်သည်။ ရေလှိုင်းများဖြင့် ရိုက်ချသွားတော့သည်။

ထိုရောအခါ၌ တောသတ္တဝါတစ်ကောင်ကောင်သည် သဲသောင်ပေါ်၌လည်းကောင်း၊ ချောင်းထဲ၌လည်းကောင်း။ ရောက်နေပါက ရေလုံးရိုက်လာသည်ကို ပြေးမလွတ်တော့ပေ။ ရေထဲသို့ မျောပါသွားရရှာတော့၏။

ထို့ကြောင့် မောင်မျိုးညွှန့်သည် မိမိတွေ့လိုက်ရသော အရာကို သဲကွဲအောင် သေချာကျန လိုက်ကြည့်ရပေသည်။ ကြည့်နေစဉ်မှာပင် လှိုင်းအရိုက်တစ်ချက်တွင် ထိုအရာသည် လှိုင်းနှင့်အတူ အပေါ်သို့ ရိုပ်ခနဲ ရောက်လာပြန်သည်။

လရောင်ဖြင့် တော်တော်ကြီးပင် ထင်ရှားသွားသည်။ လူတစ်ယောက် အသက်တစ်ချောင်းအတွက် ရရှိထားသော တုံးတိုကလေးကို မလွတ်တမ်း ဖက်တွယ်ထားရရှာပုံ ရှိ၏။

မောင်မျိုးညွှန့် အတော်ပင် အံ့သြတုန်လှုပ်သွားသည်။ ထိုလူသည် ရေထဲ၌ ဘယ်နှစ်ရက်ရှိအောင် မျောနေသည်မသိ။ ခြေကုန်လက်ပန်းကျနေဟန် တူသည်။ အားအင်ချည့်နဲ့သော အသွင်ဖြင့်သာ တုံးကိုဖက်ထားလေသည်။

ထို့ပြင် မည်သူ့ကိုမှ အော်ဟစ်အကူအညီ တောင်းရန် အားမထုတ်နိုင်တော့သဖြင့် တုံးတိုပေါ်တွင် ဦးခေါင်းကို မှေး





တင်ထားတော့သည်။ ချက်ချင်းပင် မောင်မျိုးညွှန့်သည် ထိုင်နေရာမှ ထလိုက် သည်။

"ဦးလှကြီး .. ဦးလှကြီး။ ဗျို့ .. ဦးလှကြီး"

လှေဝမ်းဘက်သို့ လှည့်ကာ အော်လိုက်သည်။ ထိုသို့ အော်ခေါ်နေစဉ်တွင်လည်း အကြည့်က ခပ်စောစောက မြင်လိုက်ရသော မြင်ကွင်းကို မျက်စိအောက်က မပျောက်အောင် လိုက်ကြည့်နေရသေးသည်။ ထိုအရာမှာလည်း လှိုင်းလုံးရေလုံးဖြင့် ဝဲတစ်ပြန်သာသာခန့်ပင် ဝေးသွားချေပြီ ဖြစ်သည်။

"ဗျို့ .. ဦးလှကြီး"

နောက်တစ်ကြိမ် ထပ်အော်ခေါ်တော့မှပင် ..

"ဟေလေကွာ၊ မောင်မျိုးညွှန့် ဘာတုံးကွယ့်"

ပြောပြောဆိုဆိုနှင့်ပင် လှေဝမ်းထဲမှ အပေါ်သို့ ပြေးလွှားထက်လာခဲ့၏။ မောင်မျိုးညွှန့်က ဦးလှကြီးကို လှမ်းကြည့်ရင်း ပြောဆိုလိုက်သည်။

"ဦးလှကြီး မောင်ဘိုတို့ မောင်လှရွှေတို့ကိုပါ ခေါ်ပြီး ဘုန်းတော့်ဆီကို ကြိုးရောက်အောင် ပစ်ပေးကြပါ"

ထိုစကားအဆုံးတွင် ရေထဲဝုန်းခနဲ ခုန်ဆင်းသွားသည်။ ဦးလှကြီးမှာမူ ဘုမသိဘမသိဆိုသကဲ့သို့ပင် ..

"ဟ .. ဟ .. ဟကောင်လေးရ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုရင်းနှင့် ပါးစပ်ကြီးအဟောင်းသားဖြင့် ကုန်းပတ်ပေါ်တွင် ငူငူကြီးရပ်ကျန်ရစ်၏။ ခေတ္တမျှငိုင်ရပ်ရင်း အံ့သြတွေဝေနေပြီးမှ ဘယ်သူရေ၊ ဘယ်ဝါရေ မြန်မြန်လာကြပေါ့ဟူ၍ ဟစ်ခေါ်လိုက်သည်။

မောင်မျိုးညွှန့်မှာ လှေသမားဖြစ်နေ၍လည်း တော်ရုံတန်ရုံ ရေလောက်ကိုတော့ မကြောက်ပေ။ ကျင်လည်ပြီးသားပါ။ ပက်လက်ကူး၊ လက်ယက်ကူး၊ ဖားကူး၊ လက်ပစ်ကူး၊ ကိုယ်ဖော့ကူးနည်းတို့ဆိုတာ မောင်မျိုးညွှန့်အဖို့တော့ ထမင်းစားရေသောက်လောက်ပင် မခက်တော့ပေ။

ခဏအတွင်းမှာပင် ထိုလူ၏ ကျွန်းတုံးကလေးဆီသို့ ရောက်သွားသည်။ လှိုင်းတွေလေတွေကြားမှာပင် ကျွန်းတုံးကလေးကို အသာထိန်းကွပ်ထားသည်။ ထို့နောက် ရေစီးကြောင်းအတိုင်း မျောလိုက်ရင်း ထိုကျွန်းတုံးကလေးကို ကမ်းဘက်သို့ အလိုက်သင့် တွန်းပို့ပေး၏။

ရည်ရွယ်ချက်မှာ သူ့လူများ ကြိုးခွေများပစ်ပေးဖို့ အခက်အခဲရှိနေပါက ကမ်းနဖူးသို့ ကပ်မိပြီး ကမ်းပေါ်တက်နိုင်ရန်ဖြစ်သည်။ သို့သော် ဦးလှကြိုးတို့ အုပ်စုမှာလည်း မညံ့လှပေ။

ချက်ချင်းပင် လှေကြိုးဖြုတ်၍ မျောလိုက်လာကြ၏။ မီလောက်မည့်နေရာသို့ ရောက်တိုင်း ရောက်တိုင်း ကြိုးပစ်ပေး





သည်။ သုံးလေးကြိမ်မျှမက ရှိလေသည်။ လှိုင်းကလည်းထန် ရေစီးကလည်း သန်နေသဖြင့် မှန်းသည့်နေရာသို့ မရောက်ဘဲ ဖြစ်နေသည်။

တော်တော်ကြီး ကြိုးစားကြမှ မောင်မျိုးညွှန့်အနားသို့ ကြိုးစရောက်သွားသည်။ ထိုအခွင့်အရေးကို မောင်မျိုးညွှန့် လက်လွတ်မခံနိုင်တော့ ကြိုးစကို အမိအရဖမ်းပြီး တုံးကိုပတ်၍ ခိုင်ခိုင်ချည်သည်။

ထို့နောက် ကြိုးကိုဆွဲစေရန် အချက်ပေးသည်။ လှေပေါ်မှ လူများကလည်း ကြိုးကို အလျင်အမြန် ဆွဲယူလေ၏။ မောင်မျိုးညွှန့်မှာ တုံးတွင်တွယ်နေသူအား လွတ်မထွက်သွားစေဖို့ ဖေးကူပေးရင်း လိုက်ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





စိတ်လျှော့လိုက်၍လား မပြောတတ်။

ရေထဲမှ ဆယ်ယူလိုက်သည်နှင့် ထိုလူမှာ လုံးဝ သတိလက်လွတ် ဖြစ်နေတော့၏။ မောင်မျိုးညွန့်တို့သည် ထိုလူ၏ရင်ထဲမှ ရေများအန်ထွက်စေရန် ပခုံး၌ထမ်းကာ လှေပေါ်တွင် အသွားအပြန် ပြေးကြသည်။ တစ်ယောက်တစ်လှည့် ဦးခေါင်းကို ဇောက်ထိုးထားကာပြေးမှ ဝမ်းထဲမှရေများ အတော်အတန် ထွက်သွားပါသည်။





ထို့နောက် ထိုလူ၏အဝတ်အစားများကို လဲပေးစေသည်။ ခြောက်သွေ့သော အဝတ်အထည်များ၊ စောင်များဖြင့် နွေးနွေးထွေးထွေး ထားစေပြီးမှ လှေလုပ်သားများသည် ကိုယ့်အလုပ်ရှိရာသို့ အသီးသီး ထွက်ခွာသွားကြသည်။

မောင်မျိုးညွန့်မှာ ကိုယ်နေရာ သီးသန့်အခန်းကလေးအတွင်း၌ ထိုလူ၏အရိပ်အခြည်ကို ကြည့်ရင်း ကျန်ရစ်ပေသည်။ မောင်မျိုးညွန့်မှာ လသာမှန်အိမ်ကလေး၏ အလင်းပျပျဖြင့် ထိုလူ့မျက်နှာကို အတန်ကြာအောင် စိုက်ကြည့်နေမိလေသည်။

ထိုလူ၏ ဥပမိရုပ်သည် လူချောဖြစ်သည်။ အသားမှာ ဖြူသည်။ မျက်နှာလေးထောင့်ကျကျ ရှိလေသည်။ နှုတ်ခမ်းမှာမူ ထူမပါး ဖြစ်သည်။ နှာတံမှာစင်း၍ ဖြောင့်သည်။

မျက်ခုံးမှာ သိသိသာသာ ထင်ရှားလျက် နက်မှောင်နေသည်။ လက်မောင်းနှင့် လက်ရုံးမှာမူ ကြွခိုင်တောင့်တင်းလျက် ရှိလေ၏။ အလုံးစုံကို ခြုံကြည့်ရုံမျှနှင့် ထိုလူသည် ဗလကောင်းသလောက် သတ္တိဗျတ္တိအရာ၌လည်း အလွန်ကောင်းပုံရှိသည်ဟု မောင်မျိုးညွန့် အကဲခတ်မိပါသည်။

ထို့နောက် မောင်မျိုးညွန့်သည် အကြည့်ကို တစ်နေရာဆီသို့ ရွှေ့ပြောင်းကြည့်မိသည်။

ကျယ်ပြန့်သော မဟာနမ္မူးသည် အလွန်ခန့်ညားလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။ နဖူးထောင့်မှာ လွန်စွာအချိုးအစား ကျနလှန်းသဖြ
တစိမ့်စိမ့်ကြည့်လေ၊ အလွန်ခန့်ချောလေသည်ကို သတိထားမိ

အတန်ကြာအောင် ကြည့်နေစဉ် နဖူးထက်၌ မမျှော်လ
သော စာတမ်းတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့သည်

မောင်မျိုးညွန့်သည် ထင်ထင်ရှားရှား တွေ့လိုသဖြ
လသာ မှန်အိမ်ကို လှေနံရံမှ ဖြုတ်ယူခဲ့ပြီးနောက် အနီးကပ်
ကြည့်လိုက်သည်။

စာကို ကောင်းစွာ ဖတ်ရှုလိုက်ရသည်။

''နောင်မဆိုးနှင့် . .''

ထိုစာတမ်းကို ဖတ်လိုက်ပြီးနောက် မောင်မျိုးညွန့်မှ
အလွန် ထူးဆန်းသလို ခံစားလိုက်ရလေသည်။ ရင်ထဲမှာလည်
အံ့ဩတုန်ခါ သွားလေသည်။

ချက်ချင်းပင် လသာမှန်အိမ်ကို နေရာတွင် ပြန်ချိတ်ခဲ့
နောက်အခန်းထဲမှ ထွက်ခဲ့သည်။ ထိုနောက် လှေဦးသို့ လျှော
လာကာ စောစောက ထိုင်နေသောနေရာတွင် အားအင် က
ခမ်းနေသူတစ်ယောက်ကဲ့သို့ ခြေပစ်လက်ပစ် ထိုင်ချလို
လေသည်။



## မောင်မျိုးညွန့်နှင့် နောင်မဆိုး

၁၁။

မောင်မျိုးညွန့် ခေါင်းခဲရလေပြီ။

လူ့အသက်တစ်ချောင်းကို ကယ်ကောင်းပါသည်ဟု လူကြီးသူမများ၏ စကားအတိုင်း အသက်တစ်ချောင်းကိုဖြင့် ကယ်ဆယ်ခဲ့မိလေသည်။ ယခုဆိုလျှင် ထိုလူ၏အသက်သည် ကောင်းစွာ စိတ်ချရသည့် အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်သည်။

မကြာမီမှာပင် ထိုလူသည် လူကောင်းများကဲ့သို့ သွား



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်တော့မည် ဖြစ်သည်။ သို့သော် ထိုလူ၏ နဖူးထက်၌ ပါသော စာတမ်းတစ်ခုက မောင်မျိုးညွန့်၏ရင်၌ မလင်းနိုင်အောင် ရှိလေသည်။

ထိုစာကပင် အလွန်နက်ရှိုင်းနေသည်ဟု ထင်၏။

တွေးရင်းတွေးရင်း သူ့ရင်မှာ အလွန်တရာ လေးပင်သော ခဲကြီးတစ်လုံး ဖိထားသကဲ့သို့ ရှိနေတော့သည်။ သူ့အတွေးများ ကျပ်လာတော့၏။

ဤလူသည် ဘယ်အရပ်ကလူလဲ . .

ဘယ်အကြောင်းကြောင့် ရေထဲမျောလာရသလဲ . .

လူဆိုးလား၊ လူကောင်းလား အလို . . ဘယ်နည်းနှင့်မှ လူကောင်းမဖြစ်နိုင်ပါ။ ထိုလူ၏နဖူးထက်တွင် ရေးထိုးထားသော စာတမ်းက သက်သေခံနေလေပြီ 'နောင်မဆိုး'နှင့်ဆိုသော စာတစ်ကြောင်းကပင်လျှင် ထိုလူ၏ လက်ရှိဘဝကို ဖော်ပြနေပြီ ဖြစ်၏။

လူကောင်းသူကောင်းတော့ ဘယ်လိုမှ ဖြစ်နိုင်မည် မဟုတ်။ အလွန်တရာ ဆိုးသွမ်းလွန်းလို့ လူအများက ထိုသူအား ရာသက်ပန်ဒဏ်ခတ်သည့် အနေဖြင့် ဖမ်းဆီးချုပ်နှောင်ပြီးနောက် ၎င်းစာတမ်းကို သေရာရှင်ရာပါသွားအောင် ထိုးလှတ်လိုက်ပုံ ရပေသည်။

ထိုနောက် သေချင်လည်းသေ ရှင်ချင်လည်း ရှင်တော့ဟု





သော သဘောမျိုးဖြင့် ရေထဲသို့ ကန်ချလိုက်လေရော့လား မဆိုနိုင်။ သို့တည်းမဟုတ် မြို့ရွာများရှိ လူအများသည် တော ထုတ်သလို ရိုက်မောင်းပုတ်မောင်းလုပ်ကာ ထိုလူအား အသက်ကိုလုစေလျက် အပြေးခိုင်းရာမှ ချောင်းထဲမြောင်းထဲကျ တာ မျောလာရော့သလား မဆိုနိုင်။

မောင်မျိုးညွန့်သည် ထိုကဲ့သို့ ဟိုမှသည် အမျိုးမျိုး လှည့် တွေးရင်း ဦးနှောက်ခြောက်လာတော့သည်။ ထို့ပြင် ရှေ့ဆက်ပြီး လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းကိုပင် မစဉ်းစားတတ်လေအောင် ရှိလေသည်။

သို့ရာတွင် ယခုအခါတွင် မောင်မျိုးညွန့် မှတ်ချက်ချနိုင် သည်က တစ်ခုသာ ရှိသည်။ ထိုလူမှာ ရာဇဝင်တွင်အောင် ဆိုးခဲ့ သော လူဆိုးစာရင်းဝင်တစ်ဦးဟုသာ နားလည်ထားနိုင်၏။

သို့ဖြစ်လျှင် သူဘာဆက်လုပ်ရမည်နည်း။

သူတစ်ပါး အသက်ကို ;ကယ်ကောင်းပါသည်ဟူသော စကားနှင့်အညီ သူကယ်တင်ခဲ့ပြီးလေပြီ၊ သို့နှင့် ယခု သူ ကယ်တင်ခဲ့ မိသောလူမှာ လူကောင်းမဟုတ် လူဆိုး၊ ထိုလူဆိုး အား ကယ်မိသည့်အတွက် သူ့လူများက မချီးကျူးသည့်အပြင် ကွယ်ရာ၌ ရယ်ပွဲဖွဲ့နေမည်မှာ သေချာ၏။ အပြစ်တင်နေမှာ သေချာ၏။ ကဲ့ရဲ့စကားပြောမှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



အများ အထင်အမြင်သေးစရာ ဖြစ်နေသည့်အတွက် သူ့ ကိုယ်သူ အတော်ရှက်နေမိသည်။ သူ ဘာဆက်လုပ်ရမှန်းတ မသိ အောင် ဖြစ်နေသည်။

နောက်ဆုံးတွင် အတွေးတစ်ခုက သူ့ခေါင်းထဲ ဝင်လာပြ သည်။ ထိုလူကို နီးရာကမ်းတစ်ခုကို ကပ်ပြီးနောက် ချထားခဲ့ လျှင် ကောင်းလေမည်လား၊ သို့တည်းမဟုတ် ယခင်က သူမျော လာသည့် အတိုင်း မြစ်ထဲသို့ ပြန်မျှောလိုက်ရ ကောင်းမည်လာ

သို့လော သို့လော အတွေးများဖြင့် သူ ရင်မောလာ ချွေး ပြန်လာသည်။ သက်ပြင်းတစ်ချချဖြင့် မောဟိုက်လာရ မမျှော်လင့်သော အတွေးတစ်ခုက အလင်းရောင်တန်းသလို သူ့အာရုံထဲသို့ ထွင်းဖောက်ဝင်ရောက်လာတော့သည်။

တစ်နယ်မပြောင်းလျှင် သူကောင်းမဖြစ်ဆိုသော စကာ

ဤစကား၏ အဓိပ္ပာယ်မှာ အလွန်ကျယ်ဝန်းသည်။ အ ဘက်ဘက်က လှည့်တွေးလျှင်လည်း ရပေသည်။ ယခု ဤလူမှာ ရာဇဝင်တွင်အောင် မိုက်မဲခဲ့သော်လည်း အရပ်ကဝိုင်း၍ ပညာပေ ခဲ့သဖြင့် နောက်ကျဉ်လောက်ပါပြီ၊ မှတ်လောက်သားလောက် နေပါပြီ၊ သူ့မိုက်ပြစ်ကိုသူ ကောင်းစွာနားလည် သဘောပေါက် သလောက်နေပြီ ဖြစ်သည်။

ထိုမျှ ခံစားခဲ့ရသော ဒုက္ခဝေဒနာများကြောင့် နောင်ဆို





ရန်ပင် တွေးဝံ့တော့မည် မထင်။ အကျွတ်တရား ရရှိကာ နောက် နောင် မဆိုးသွမ်းအောင် မိမိကိုယ်ကိုမိမိ ပြုပြင်သွားနိုင်မည်မှာ သေချာနေပြီ ဖြစ်၏။

ထို့ကြောင့် ယခုဆိုးသွမ်းမိုက်မဲခဲ့သော အရပ်ကို ကျော ခိုင်းခဲ့ပြီမို့၊ ဝေးလံခဲ့ပြီမို့ သူ့ဆိုးမွေတို့သည် ထိုအရပ်၌သာ ကျန်နေမည်မှာ အမှန်ဖြစ်၏။ တစ်နယ်မှ နောက်တစ်နယ် ရောက်သည်နှင့် ထိုလူသည် လူသစ်ဖြစ်သွားနိုင်သည်။

ထိုကဲ့သို့ တစ်နယ်တစ်ကျေး ရောက်သည်နှင့် တပြိုင်နက် မိမိအတိတ်က မကောင်းမှုမှန်သမျှကို ခဝါချကာ လူတောသူ တောထဲသို့ ပြန်လည်တိုးနိုင်အောင် ကြိုးစားပြုပြင်သွားပါက ထိုလူသည် နေ့ချင်းညချင်း လူကောင်းဖြစ်သွားနိုင်သည်ဟု မောင်မျိုးညွန့် အတွေးပေါက်သည်။

တစ်နယ်ပြောင်းသည့်အတွက် သူ့အဖို့ ကောင်းစားစရာ အခြေသို့ ရောက်နိုင်မည်ဟူ၍ မောင်မျိုးညွန့် ယုံကြည်၏။ ထို့ကြောင့် သူ့ကို မောင်မျိုးညွန့် ကယ်တင်ရာလည်းရောက်၊ လူကောင်းတစ်ယောက်ပြန်ဖြစ်ဖို့ အဖတ်ဆယ်ရာလည်းရောက် အောင် ဆက်ခေါ်သွားတော့မည်ဟု စိတ်နှလုံး ဒုံးဒုံးချလိုက်၏။

ခုမှ ရင်ထဲက အလုံးကြီးသည် လျှောခနဲ ကျသွားတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်မှ လန့်နိုးခြင်း

၁၂။

ရင်မှာ လေးလံနေသော အစိုင်အခဲကြီး ပျောက်ဆုံးသွားသည်ကို သိသာစွာ သတိထားလိုက်မိသည်။

သူ့တစ်ကိုယ်လုံး သက်သက်သာသာနှင့် နေသာထိုင်သာရှိနေသည်ကို ကောင်းစွာ သိရှိလိုက်သည့် အခိုက်မှာပင် သူသည် မျက်လုံးကို ဖွင့်ကြည့်လိုက်ပါသည်။

အစတွင် အမြင်တွေက ဝေဝါးလျက်ရှိသည်။ ပြတ်ပြတ်ထင်ထင်မရှိ၊ ထင်ထင်ရှားရှား မရှိ၊ မျက်လုံးထဲတွင် တိမ်သလ္လာများ





ဖိတ်ကာတားဆီးထားဘိသကဲ့သို့ အမြင်မကြည်။

ထို့ကြောင့် သူခေတ္တမျှပင် မျက်စိမှိတ်ထားလိုက်ပြန်သည်။ အတန်ကြာမျှ မှိတ်ထားပြီးမှ အသာအယာ ဖွင့်ကြည့်လိုက်ပါသည်။

ယခုတစ်ကြိမ်တွင် အမြင်သည် ထင်ထင်ရှားရှားတွေ့မြင်လိုက်ရသည့် မြင်ကွင်းတွေက သူ့ကို အိပ်မက်ကဲ့သို့ လှည့်စားနေသလား အောက်မေ့ရသည်။

လသာမှန်အိမ်၏ အလင်းကြောင့် အခန်းကလေးအတွင်း၌ အရာဝတ္ထုအားလုံးကို ကောင်းမွန်စွာ မြင်တွေ့နေရပါသည်။ အခန်းကလေးသည် ကျဉ်းပင်ကျဉ်းသော်ငြားလည်း အလွန်သပ်သပ်ခပ်ခပ် ရှိလေသည်။

အခန်းတွင်း၌ မခြောက်သေးသော အဝတ်အစားများတို ကြိုးတန်းပြု၍ လှန်းထားသည်မှာ ခုတင်နှင့် တပြေးညီတန်းထားသည်။ သို့သော် ဦးခေါင်းနှင့် မတိုက်မိအောင် အခန်းနံရံဘက်သို့လှ၍ ကပ်တန်းထားသည်။ တစ်ဘက်နံရံနှင့်ဆို လက်လေးလုံးသာ ကွာနေစေသည်။

ထို့ပြင် ခုတင်နှင့် ကပ်နေသော နေရာတွင် စားပွဲခုံကလေး တစ်လုံးနှင့် ခုံမြင့်ကုလားထိုင်တစ်လုံး ရှိလေသည်။ စားပွဲပေါ်တွင်မူ မှန်နှင့်စာအုပ်အချို့ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစားပွဲ၏ အပေါ်နံရံတွင်မူ မြတ်ဗုဒ္ဓ၏ ဆင်းတုတော်တစ်ဆူကို ကျောင်းဆောင်နှင့်တကွ ပူဇော်ထားသည်။ ဘုရားပန်းအိုးမှာ စဉ့်အိုးငယ် ဖြစ်သည်။ ထိုအိုးထဲ၌ မကြာသေးခင်ကမှ ထိုးထားသော ပန်းများဝေနေသည်ကို မြင်ရပါ၏။

သူသည် လက်အုပ်ချီကာ ဘုရားကို အာရုံပြုလိုက်သည်။ ထိုနောက် အဝတ်လှန်းကြိုးတန်းကို ကြည့်မိပြန်သည်။ သူ့အဝတ်အစားများနှင့် အခြားလူတစ်ဦး၏ အဝတ်အစားများ လှန်းထားသည် တွေ့လိုက်ရ၏။

ထိုအဝတ်အစားများကို ကြည့်ခြင်းအားဖြင့် ယောကျ်ားတစ်ဦး၏ အဝတ်ဟု အတတ်သိလိုက်ပါသည်။

ဤအခန်း၏ပိုင်ရှင်မှာ ယောကျ်ားတစ်ဦးဖြစ်ကြောင်း သူ နားလည်လိုက်သည်။ ဤလူနှင့်သူ မည်သို့ဆက်နွယ်ကာ ဤအခန်းကျဉ်းကလေးထဲသို့ မည်သို့မည်ပုံ ရောက်ရှိလာသည်ကို အတွေးရလောက် မှန်းကြည့်နေမိသည်။

သည်တော့ သူ ပထမဦးဆုံး အာကာကို သတိရမိ၏။

× × ×

အာကာသည် သူ၏လက်စွဲတော် ဖြစ်၏။

သူတို့နှစ်ဦးသည် သေတူရှင်မကွာ သစ္စာနှံခဲ့သည်အလား





ရှိသည်။ သူ့အလို သူ့စိတ်ကြိုက်ကို အလွန်သိတတ်လွန်းသည်။ သူတို့နှစ်ဦးအတွဲညီသည်။ တိုက်ပွဲပေါင်းများစွာကို အတူနွှဲခဲ့သည်။

တိုက်ပွဲအတွင်းသို့ ရောက်သည်နှင့် တပြိုင်တည်းမှာပင် အာကာသည် မြူးကြွနေတော့သည်။ နတ်မြင်းပျံအလား မှတ်ထင်ထားရပေသည်။

သူက ဓားကို ဝင့်လိုက်သည်နှင့် အာကာသည် တိုက်ပွဲအတွင်းသို့ လေးညှို့မှ ပစ်လွှတ်လိုက်သည့် မြင်းပမာ ဒုန်းစိုင်းဝင်သွားတတ်သည်။ လုံးဝတွန့်ခြင်းဆုတ်ခြင်း အလျဉ်းမရှိပါပေ။

ထိုမျှနှင့်ပင် မဟုတ်သေးပါ။ အာကာသည် သခင့်အသံနှင့် သခင့်ဟန်ကို ကျွက်မိနေသည်။ လက်ခေါက်မှုတ်လိုက်သည့်အခါတိုင်း အာကာသည် ရောက်ရှိနေရာအရပ်မှ အသံကြားရာအရပ်သို့ ကဆုန်စိုင်းကာ ပြေးလာတတ်သည်။

ထိုကဲ့သို့ အခြားတစ်ဦးတစ်ယောက်က ပုံမှားရိုက်ပြီး ခေါ်ချင် အာကာသည် အရောက်လာတော့သည်။ ထိုလူ ကျောပေါ် ရောက်သည်နှင့် အာကာသည် ခါချသည်။ ကဆုန်စိုင်းသည်။

ထိုလူစိမ်းသည် အာကာ့ကျောပေါ်က လိမ့်မကျမချင်း အမျိုးမျိုး အဖုံဖုံ တိုက်ခိုက်တော့သည်။ ကျောပေါ်က လိမ့်ကျသည့်အခါတွင်လည်း သက်သာမည် မဟုတ်။ အာကာသည်



www.burmeseclassic.com

www.burmeseclassic.com



ပတတ်ရပ်၍ ရှေ့လက်နှစ်ချောင်းဖြင့် ပေါက်ကာပေါက်ကာ ချသည်။

ထိုကဲ့သို့အချိန်မှာပင် ထိုလူသည် အရှောင်အတိမ်း ကောင်းလွန်း၍ လွတ်ထွက်သွားလျှင် အာကာသည် နောက်ခြေ ဖြင့် ကန်ကျောက်လိုက်သေးသည်။ ထိုမျှအထိ အာကာသည် အသတ်အပုတ် တော်သည်။

ထို့နှယ် လိမ္မာသွက်လက်သော အာကာနှင့်တော့ဖြင့် ယခု တစ်ကြိမ်တွင် အပြီးအပိုင် ဝေးကွာသွားကြပြီ ထင်ပါသည်။ ယခုဆိုလျှင် အာကာသည် သေပြီလား ရှင်နေသေးလား အမှန် ကိုပင် မသိနိုင်တော့ပါ။ သူ့ရင်မှာ ကြေကွဲဆို့နစ်နေ၏။

ထိုနေ့က အဖြစ်ကို သူ့တစ်သက်တွင် မေ့နိုင်ဖွယ် ရှိတော့ မည်မထင်။

သူတို့နှစ်ဦးသည် သစ္စာဖောက်ကို ခြေရာခံ၍ လိုက်နေရ သော ဘုရင့်သစ္စာတော်ခံ ဖြစ်ပါသည်။ နေ့မှရက်၊ ရက်မှလသို့ တိုင်အောင် တစ်ရွာဝင် တစ်ရွာထွက်၊ တစ်တောဝင် တစ်တော ထွက်၊ တစ်တောင်ကျော် တစ်တောင်တက်၊ တစ်မြို့ကပ်





တစ်မြို့ခွာဖြင့် စိုက်လိုက်မတ်တတ် လိုက်ခဲ့ပေသည်။

သစ္စာဖောက်တို့၏ သွားရာလမ်းသို့ အရောက်ပို့ဆောင် ရန် မြေလှန်ရှာဖွေနေဆဲ ဖြစ်သည်။ အစာရေစာ အငတ်အပြတ် ခံလျက် သစ္စာဖောက်အား မြေလှန်ရှာရန် အားခဲလာခဲ့ရာ တစ်ခုသော သောင်ပြင်ကြီးကို ဖြတ်သန်းခဲ့၏။

ထိုစဉ် တောင်ပေါ်၌ မိုးများညို့တက်လာသည်။ တစ်ခ ဏ အတွင်းမှာပင် တောတောင်တစ်ဝိုက်တွင် တောဆင်ရိုင်းများ အပြေးဆင်း လာဘိသကဲ့သို့ တဝေါဝေါ အသံဆိုးကြီးကို ကြား လိုက်ရပေသည်။

ထိုနောက် တောလဲသံ၊ တောင်ပြိုသံများ ကြားရပြီး နောက် သောင်ပြင်ကြီးတစ်လျှောက်ဆီသို့ ရေလုံးကြီးများ ထိုး ဆင်းလာတော့သည်။ သည်တော့ သူ လန့်သွားသည်။ အာကာ ကို အတင်းမောင်းနှင်နေရသည်။

အာကာခမျာမှာလည်း သံနားစရာ့ပင်။ သူ့အလိုကျ ဒုန်း စိုင်း၍ ပြေးတော့ပြေးပါ၏။ သို့သော် သဲပွင့်များအတွင်းသို့ နစ်၍ ဝင်သွားသောခြေကို အလျင်မီအောင် ဆွဲမထုတ်နိုင်သကဲ့သို့ ရှိ လေသည်။

နောက်ဆုံး၌ အရှိန်အဟုန်ဖြင့် စီးဆင်းလာသော ရေ လှိုင်းများက သူတို့နှစ်ဦးကို ဝါးမျိုသွားတော့သည်။ ထိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အာကာသည် တကွဲတပြား ဖြစ်သွား၏။

ယခုလောက်ဆို အာကာသည် အသက်ရှင်ရှာတော့မည် မဟုတ်။

သေကံမရောက် သက်မပျောက် ဆိုသောစကားသည် အလွန်မှန်လေစွ၊ သူသည် ရေလှိုင်းလုံးများအကြား၌ ဖျာလိပ်လိပ်သလို လိမ့်ပါသွားပါ၏။ ကံကောင်းထောက်မပြီး ကျောက်ဆောင် ကျောက်တုံးများဖြင့် ရိုက်မိတိုက်မိ ခိုက်မိသည်ကို မခံစားရ။ ထို့ပြင် သစ်တုံးတိုလေး တစ်တုံးကို မမျှော်လင့်ဘဲ ဆုပ်ကိုင်ဖက်တွယ်မိသွားသည်။

ထိုသို့ဖြင့် သူသည် မြစ်ထဲသို့ မျောပါခဲ့၏။ ရေများ ပါးစပ်ထဲသို့ ဝင်လာသည်။ တစ်ခါတစ်ရံ၌ ဝမ်းခေါင်းထဲသို့ ဝင်သွားသည်ထင်သည်။ လူမှာလည်း တဖြည်းဖြည်း မောဟိုက်လာသည်။ ပင်ပန်းနွမ်းနယ်လာသည်။

ကူးခတ်လှုပ်ရှားရန် အင်အားလည်း မရှိတော့ပါ။

ထို့ပြင် အစာအဟာရလည်း လုံးဝမစားရသဖြင့် လူမှာ လှုပ်ရှားရုန်းကန်၍ မရတော့ပေ။ မြစ်ရေကလည်း တိုးနေသည့်





က်မို့ ကမ်းပြည့်လမ်းပြည့်မို့ လျှံနေသည်။

ပင်လယ်ကြီးတမျှ ကမ်းမမြင် လမ်းမမြင်အောင် ရှိလေသည်။ သူသည် ထိုတုံးတိုကလေးကိုသာ တွယ်ဖက်၍ ရေစုန်မှာ ျာချင်တိုင်း မျောနေတော့သည်။

ဘယ်နှစ်ရက်မျှ မျောချင်တိုင်း မျောနေသည်ကို မမှတ်မိတော့ပါ။ နောက်ဆုံးအချိန်၌ သူသည် သတိလက်လွတ်မည့် အနေထားသို့ ရောက်လာသည်။ သိမေ့သိမေ့နှင့် ရှိလာပေပြီ။

ထိုအချိန်အထိ သူသည် ဖွဲလုံ့လကို မလျှော့သေးပါ။ သမျှ ခွန်အားကို စိုက်ထုတ်ကာ တုံးတို့ကို အမိအရ တွယ်ားလိုက်သည်။ ထိုစဉ် လှိုင်းအကြွတစ်လုံးသည် ပင့်ရိုက်သွား်၏။

တုံးတိုနှင့်သူသည် လှိုင်းများအတွင်း၌ ရောထွေးလိမ့်သွား၏။ ရေထဲတွင် မြုပ်တစ်လှည့်ပေါ်တစ်လှည့် ဖြစ်နော့သည်။ ထိုအခိုက် သူ့ကိုယ်ကို တစ်စုံတစ်ယောက်က းမကိုင်တွယ်လာသည်ကို သိထိခံစားလိုက်ရပေသည်။ သူ ာင်းစွာ သိလိုက်၏။

သူဘယ်နည်းနှင့်မျှ အသက်မသေနိုင်တော့ဟု နားလည်ိုက်ပါသည်။ ထိုအခါ၌ သူစိတ်အားတွေ လျှော့ချလိုက်သည်။

ဤအကြိမ်၌ သူသည် မြစ်ပြင်ထဲ၌ မျောပါနေသည်

www.burmeseclassic.com



မဟုတ်တော့ပေ။ နက်ရှိုင်းကျယ်ပြန့်သော အမှောင်တိုက် ဝဲဩ ဃကြီးအတွင်းသို့ ဝေ့ခနဲ ရောက်သွားသလို ရှိသည်။ ခဏချင်းဝင် သူအမှောင်ထဲသို့ စီးမျောဝင်ရောက်သွား၏။

ထိုအရာအားလုံးကို သူနောက်ဆုံး သိလိုက်ရသော အသိ ဖြစ်ပါသည်။ ယခုတော့မူ ထိုအမှောင်တိုက်ကြီး အတွင်းမှ လွတ်မြောက်ခဲ့ပြီ ဖြစ်သည်။

ကောင်းစွာ သတိရနေပါပြီ။ သို့သော် သူဘယ်ဝယ် ရောက်နေသည်မသိ။ ဘယ်က သူ့ကို ကယ်ထားလေသည် မသိ။ အတွေးသံသရာကြား၌ ချာလည်လည် ရှိနေပါသည်။

ထို့ကြောင့် သူ့မျက်စိမှေးကာ အသာငြိမ်သက် နေလိုက်၏။



**ကျူစိမ်းတစ်ယောက်**

၁၃။

''သတိရနေပြီလား''

လေသံတိုးတိုးကလေးက သူ့နားစည်ကို တိုးဝှေ့သွားသည်။ ထိုမေးခွန်းက သူ့ကို မေးတာလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် သူတို့အချင်းချင်း ပြောဆိုမေးမြန်းနေတာလည်း ဖြစ်နိုင်သည်။

ထိုနှစ်ချက်ကို ခွဲခြားမရသဖြင့် သူဆက်၍သာ မှိန်းမြဲမှိန်းနေတော့သည်။ နောက်ထပ် ထွက်ပေါ်လာမည့် စကားကို စောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ စကားအိမ်လည်မည် မဟုတ်လော။

"သတိတော့ ရလောက်နေပြီကွ၊ ဒါပေမယ့် ပင်ပန်းလွန်း လို့ မှိန်းနေတာ ဖြစ်ချင်ဖြစ်မယ်"

ဖြန်ဖြေနေသူ၏ အသံမှာ ခပ်ဩဩ၊ ထို့ပြင် ပြောပုံဆိုပုံ ကြမ်းတမ်းမာကျောသော လေသံမျိုး ရှိသည်။ သူတွက်မိ၏။ ဤ လူသည်ကား အလုပ်ကြမ်းဖြင့် အသက်မွေးဝမ်းကျောင်း ဖြစ် ရမည်။ ထို့ပြင် မြို့ပြနှင့် ဝေးလံပြီး တောခေါင်ခေါင်၌သာ အ နေများသော ကျေးတောသား ဖြစ်မည်။

မယဉ်ကျေးသော ပြောဆိုပုံကို ထောက်လျှင် သူတို့တစ် တွေသည် အလုပ်ကြမ်းဖြင့် အသက်မွေးနေသူများ ဖြစ်နိုင် ကြောင်းကို တွက်ဆလိုက်၏။

"ရေထဲမှာ အနေကြာလို့ အဖျားဝင်ချင် ဝင်နေမလား မသိဘူး"

"ငါ စမ်းကြည့်ပြီးပြီကွ၊ အဖျား မရှိပါဘူးကွာ၊ တစ်ခုခု ရှိနိုင်တယ်၊ အစာရေစာ မစားရလို့ ပင်ပန်းပြီး သတိမေ့သွားတာ လောက်ပဲ ရှိနိုင်ပါတယ်၊ သိမ်စိုးရိမ်စရာ မရှိပါဘူး။ ကဲ . . မင်းဒီမှာ နေချင်နေလိုက်ဦး၊ ငါတို့လှေ ကမ်းကပ်ဖို့ မဝေးတော့ဘူး၊ ဖိုးထင်တို့ လှေရှေ့တို့ကို လုပ်စရာ ကိုင်စရာတွေ သွားပြောထားလိုက်ဦးမယ်"

"ဟုတ်ကဲ့"





ခြေသံပြင်းပြင်းနှင့် ထွက်ခွာသွားသည်ကို နားစွင့်မိသည်။ အခန်းကလေးအတွင်း၌ တိတ်ဆိတ်နေသည်။

ထို့နောက် လူနာ၏နဖူးကို အသာစမ်းကြည့်သည်။ ကိုယ် မပူတော့။ ရေထဲက ဆယ်တင်ပြီးနောက် လူနာသည် အတော်က လေးဖျားခဲ့သေးသည်။ တစ်ကိုယ်လုံး မီးထတောက်မတတ် ပူခဲ့သည်။

သည်လိုနှင့် နှစ်ရက်မျှ အဖျားပြင်းထန်ခဲ့ပါ၏။ လက်လွတ် ရတော့မည်ဟု အောက်မေ့ခဲ့ရပေသည်။ ကံအားလျော်စွာပဲဟု ပြောရမည်လား မသိ။

ကိုပျို့ကြီး၏ ဆေးတစ်ခွက်နှင့်ပင် အဖျားတန့်သွားသည်။ ငန်းနီကျော် အစွမ်းကြောင့် ထင်သည်။ ယခုတော့ လူနာမှာ အဖျား လုံးဝမရှိတော့ပါ။

"အင်း . ."

လူနာသည် အင်းသံရှည်ကြီး ဆွဲကာ လွန့်လာသည်။ မောင်မျိုးညွန့် လက်ရပ်လိုက်သည်။ လူနာမှာ မျက်စိမဖွင့်ပေးဘဲ ကိုယ်ကို ဘယ်ညာစောင်းရင်း . . .

"ရေ . . ရေ . . ရေနည်းနည်းပေးပါ၊ အာခေါင်တွေ ခြောက်လိုက်တာ"

မောင်မျိုးညွန့် ချက်ချင်းပင် ရေတကောင်းကို ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေတကောင်းအပေါ်တွင် မှောက်ထားသော ယွန်းရေခွက်ကို ဖွင့်ကာ ရေအနည်းငယ်ထည့်ပြီး လူနာ၏နှုတ်ခမ်းတွင် တော့မော့ပေးသည်။

လူနာသည် ရေတစ်ကျိုက် နှစ်ကျိုက်သောက်၏။ ထို့နောက် ရပ်နားသွားသည်။ မောင်မျိုးညွန့် လက်ရုပ်ပြီး ရေခွက်ကို စားပွဲပေါ် တင်ထားလိုက်၏။

လူနာမှာ မျက်စိအနည်းငယ် ဖွင့်ပြီး . .

''ကျွန်တော် ဘယ်ရောက်နေလဲ မသိရဘူးလားဗျာ''

''ကိုကြီး ကျွန်တော်တို့လှေပေါ် ရောက်နေတာပါ။ ကိုကြီးကို ကျွန်တော်တို့ ကယ်တင်ခဲ့ပါတယ်''

''ဪ . . 'ကျွန်တော် မသေနိုင်တော့ဘူးပေါ့နော်''

''မသေတော့ပါဘူး''

လူနာသည် သူ့စကားကို မည်သို့ အဓိပ္ပာယ်ပေါက်သွားသည် မပြောတတ်။ ချက်ချင်းပင် မဲ့ပြုံးပြုံးပြီး ပြောသည်။

''သေမှာကို ကြောက်လို့ ပြောတာ မဟုတ်ဘူးဗျာ''

မောင်မျိုးညွန့် နဖူးကြုတ်ပြီး မေးသည်။

''လူတိုင်း သေမှာကြောက်ကြတာပဲ၊ ကိုကြီးက ဘာလို့ သေမှာ မကြောက်တာလဲဟင်''

လူနာက စကားမဆက်သေး။ အတန်ကြာအောင်





ရပ်နား နေသေးသည်။ ပြီးမှ တစ်လုံးချင်း ဖြည်းလေးစွာ ပြောသည်။

''သေတယ်ဆိုတာ သတ္တဝါတိုင်း ရှောင်လွှဲလို့ရတဲ့အလုပ်မှ မဟုတ်တာ၊ မွေးကတည်းက သေမင်းနဲ့ စာချုပ်ထားပြီးသားပဲ၊ တစ်နေ့နေ့ တစ်ချိန်ချိန် သေရမှာ အမှန်ပဲလေ၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့တော့ တာဝန်တွေ မပြီးဆုံးခင် မသေစေချင်သေးဘူးဗျာ''

မောင်မျိုးညွန့် အံ့ဩသွားသည်။ တာဝန်တွေဟူသော စကားပိုဒ်တွင် သူ့လေသံမှာ လေးနက်ခိုင်မာနေသည်ဟု ထင်ရသည်။ သူ့မှာ ဘာတာဝန်တွေ ရှိနေသနည်း။

''အဲဒီတာဝန်တွေဟာ ကျွန်တော့်အသက်ထက် အရေးကြီးတယ်ဗျာ''

လူနာက အခိုင်အမာ ဆိုသည်။ မောင်မျိုးညွန့်က ဘာရယ်မဟုတ် ကျောထဲမှာ အလိုလိုစိမ့်သွားသလို ခံစားရသေးသည်။

မောင်မျိုးညွန့် စဉ်းစားမရ ရှိနေသည်။ ဤလူစိမ်းသည် မည်သို့သော တာဝန်တွေဖြင့် မြစ်ပြင်မှာ မျောနေသလဲ မဆိုနိုင်။

✡

ညှိသည်လူစိမ်းကို အိမ်တိုင်ယာရောက် ခေါ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မိဘနှစ်ပါးက မည်သို့မျှ မမေးမမြန်းကြပါ။

တကယ်တော့မူ ခေတ်ကာလ မငြိမ်မသက်ရှိနေစဉ် ကာလတွင် သတိရှိဖို့ လိုအပ်သည်။ အင်္ဂလိပ်များက အောက်ပြည်အောက်ရွာများကို မိမိတို့ သိမ်းပိုက်လိုက်ပြီဟု ကြေညာကတည်းက မြန်မာများသည် အနိုင်မခံ အရှုံးမပေးလိုသည့် စိတ်ဓာတ်ဖြင့် အင်္ဂလိပ်များကို အမျိုးမျိုးအဘက်ဘက်မှ တော်လှန်တိုက်ခိုက်လျက် ရှိသည်။

အခြားအခြားသော နယ်မြေများတွင် ရေပွက်သလို အမှတ်မထင် လျှပ်တစ်ပြက်ဆိုသလို ချုံခိုတိုက်ခိုက်မှုများ၊ ရုံးဂိတ်များကို အလစ်ဝင်စီးမှုများ အစိုးရမင်းများ ပိုင်ဆိုင်သော ပဏ္ဏာတော်များကို ဖျက်ဆီးခြင်းများ မကြာခဏဆိုသလို ကြုံဆုံနေရပေသည်။

ဤအချိန် ဤကာလ၌ အိမ်တိုင်းအိမ်တိုင်းတွင် ဧည့်လက်ခံရန် လွန်စွာပင် သတိထားနေရသော အချိန်ဖြစ်သည်။ လူစိမ်းသူစိမ်းဆိုလျှင် မည်သူကမျှ လက်မခံလိုပေ။ ဘုန်းကြီးအမှုရွာပတ်ဆိုသလို ကြားချောင်ခံရမှာကို စိုးရိမ်နေကြရသည်။

ဤသို့ သတိဝီရိယထားနေသော အချိန်ကာလ၌ ရေထဲမှ ဆယ်ယူရရှိလာသော ဧည့်သည်ကို အိမ်သို့ ခေါ်ဆောင်လာသည်မှာ အမှားဖြစ်နိုင်သည်။ လူဆိုးလား လူကောင်းလား။





အင်္ဂလိပ်အစိုးရနှင့် ရာဇဝတ်မကင်းသူလား ဆိုသည်ကို မိမိတို့ မခွဲခြားနိုင်ပါပေ။

ထို့အပြင် ယခုအခါ၌ အင်္ဂလိပ်များ၏ အရှိက်ကို ထိုးနှက်ပြီး အောင်ပွဲအောင်လံ လွှင့်နေသူမှာ ဗိုလ်မြတ်ထွန်း ဖြစ်နေသည်။

ဗိုလ်မြတ်ထွန်းမှာ သူ့ကျွန်သူ့လက်အောက်မခံလိုတဲ့ မျိုးချစ်စိတ်ဓာတ်ဖြင့် အင်္ဂလိပ်နယ်ချဲ့အား သူ့နည်းသူ့ဟန်ဖြင့် တော်လှန်နေသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ဗိုလ်မြတ်ထွန်း၏ လက်အောက်တွင် လူသူလေးထောင်လောက်သာ ရှိသည်။

ထိုမျှလောက်သော တပ်သားများသည် သူတို့၏ ခေါင်းဆောင်ကြီး ဗိုလ်မြတ်ထွန်းအား အလွန်လေးစား ချစ်ခင်ကြသည်။ ညီညွတ်စည်းရုံးကြသည်။

ထို့ကြောင့် အင်္ဂလိပ်မင်းများ အုပ်ချုပ်ရေး အခန်းကဏ္ဍကို ကောင်းစွာ မအုပ်ချုပ်နိုင်အောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးနိုင်ခဲ့ပါပေသည်။

အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာ မလည်နိုင်သဖြင့် အင်္ဂလိပ်တို့သည် တော်တော် အရှက်ရခဲ့ပါသည်။ လော့ဒ်ဒါလထိုဇီက ဆာအာသာဖယ်ယာထံ ရေးသားသည့် စာတစ်စောင်တွင်လည်း ဗိုလ်မြတ်ထွန်းမှာ တကယ့်ခေါင်းဆောင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ကြောင်း၊ တကယ့် စစ်သားကောင်းတစ်ယောက်ဖြစ်ကြောင်း၊ တကယ့် လူတော်လူကောင်းဖြစ်ကြောင်းကို ရှက်ရှက်နှင့်ပင် ဖွင့်၍ ချီးကျူးခဲ့ရလေပြီ။

ထိုသို့ တိုင်းတစ်ပါးကပင် ကမ္ဘာမှာ မြန်မာဟု ချီးကျူးခံရသော သတင်းစကားကို ကြားသိရသောအခါ၌ မောင်မျိုးညွန့်မှာ ကျွမ်းပစ်ထိုးချင်လောက်အောင်ပင် ဝမ်းသာပီတိဖြစ်ခဲ့ရသေးသည်။

သို့သော် မိမိတို့မိသားစုမှာ တိုင်းတစ်ပါးလက်အောက်၌ နေရသဖြင့် အဘယ်မျှပင် အသိစိတ်ဓာတ်ရှိသော်လည်း မတော်လှန်ရဲသဖြင့် ထိုဝမ်းသာမှုများကို ဝမ်းထဲ၌ပင် မျိုသိပ်ကာ တိတ်တိတ်နေခဲ့ရပေသည်။

ယခုလို လူစိမ်းမှာလည်း ဗိုလ်မြတ်ထွန်း၏ တပ်မှဆိုလျှင်လည်း အပြင်သို့ တစ်စွန်းတစ်စမျှ မပေါက်ကြားလေအောင် မိမိထိန်း သိမ်းထားမည်ဟု မောင်မျိုးညွန့်က စိတ်နှလုံးဒုံးဒုံးချထားလေသည်။

❀

''ကိုကြီးကို ကျွန်တော် တစ်ခုမေးမယ်နော်''

''တစ်ခု မဟုတ်ဘူး၊ နှစ်ခု သုံးခုမက မေးနိုင်ပါတယ်၊





ညီလေးက ကိုကြီးရဲ့အသက်သခင် ကျေးဇူးရှင်ပဲ၊ အမေအဖေ မွေးတဲ့ အသက်မရှိတော့ဘဲလေ၊ ညီလေးကယ်တဲ့ အသက်ပဲ ရှိတော့တယ်ကွယ့်၊ အဲဒီအသက်သခင်မေးတဲ့ အမေးကို ကိုကြီး အနေနဲ့ ဘာမှ မဖြေနိုင်စရာ မရှိပါဘူးကွာ''

မောင်နေဦး၏ စကားကြောင့် မောင်မျိုးညွန့်မှာ ရှက်အားနာဖြစ်သွားလျက် ပြုံးနေမိသည်။ ထို့ပြင် မိမိ၏အသက်အရွယ်နှင့် မိမိထက် အသက်ကြီးသူအား တစ်ကြိမ်တစ်ခါ ကယ်တင်လိုက်ရသည့် အတွက် အသက်သခင်ကျေးဇူးရှင်ဟု အသိအမှတ်ပြုခံလိုက်ရသည်ကို စိတ်ထဲ၌ မလုံမလဲ ဖြစ်သွားရသည်မှာတော့ အမှန်ပင်ဖြစ်ပါ၏။

''မိဘများက လူ့အသက်တစ်ချောင်းကို ကယ်ကောင်းတယ်ဆိုတဲ့ ဆုံးမစကားကြောင့်သာ ကျွန်တော် လုပ်ခဲ့တာပါ ကိုကြီးရယ်၊ ကျွန်တော် ခုထိ ဘာရယ်ညာရယ် ဆိုတာကို အဓိပ္ပာယ်မ ပေါက်တတ်သေးပါဘူး၊ နက်နက်နဲနဲလဲ မတွေးတတ်သေးပါဘူး၊ ကိုကြီး ပြောသလို ကျွန်တော်ဟာ အသက်သခင် ကျေးဇူးရှင် မဖြစ်ထိုက်သေးပါဘူးလို့ အောက်မေ့မိတာပဲဗျာ''

မောင်နေဦးက လက်ကာပြရင်း . .

''ဘယ်ဟုတ်မလဲ ညီလေးရယ်၊ အသက်ဆိုတာ ငယ်တယ် ကြီးတယ် မဟုတ်ဘူးကွ၊ အသက်ကြီးပေမယ့် အချိန်မစီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတွေ အများကြီးရှိသလို အသက်ငယ်ပြီး အသိဉာဏ်ရှိတဲ့ လူငယ်တွေလဲ အများကြီးပဲကွယ့်၊ လေးစားထိုက်တယ် ဆိုတာက အသက်နဲ့မဆိုင် ဘူး၊ အရွယ်နဲ့မဆိုင်ဘူး၊ အသိနဲ့ဆိုင်တဲ့ ကိစ္စပဲ ညီရဲ့၊ အဲဒါကြောင့်မို့ ကျေးဇူးသိတတ်တာဟာလဲ အပိုင်းအခြား အကန့်အသတ်ထားရမယ်၊ ကောင်းတဲ့အသိတရားနဲ့ ကူညီတဲ့ လူအပေါ်မှာ ကျေးဇူးတုံ့ပြန်မယ့် လူကလဲ မိမိရဲ့ကျေးဇူးသစ္စာကို မဖောက်မပြန်အောင် ထိန်းသိမ်း တဘ်ရတယ်''

မောင်မျိုးညွန့်မှာ ထိုစကားကို ကြားရသောအခါ၌ မစဉ်းစား မဝေဖန်တက်အောင် ရှိသွားပြီး နဖူးကြောများ ထောင်ထလာသည်အထိ တွေးနေမိတော့သည်။ အတန်ကြာမှ . .

''ကိုကြီးပြောတဲ့စကားက အတော်ကြီး လေးနက်နေတာပဲ၊ ကျွန်တော်တော့ အဲသလောက်ဆို ဉာဏ်မမီတော့ဘူး ကိုကြီးရာ၊ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့က အလုပ်ကြမ်းသမားတွေပဲ၊ လှေထိုးလှော်ဆိုတာ လူမိုက်အလုပ် မဟုတ်လား ကိုကြီး''

မောင်နေဦးက တစ်ချက်ရယ်နေပြီးမှ . .

''ဒီလိုမဟုတ်သေးဘူး ညီလေးရဲ့ လှေထိုးလို့ လှော်ပိုက်လို့ လူမိုက်ဆိုရင် တို့တစ်တွေမှာ ဘယ်ထွန်းကားတော့မလဲ၊ တို့တိုင်းပြည် ထွန်းကားဖို့၊ စည်ပင်ဖို့ဆိုတာ ကျရာအခန်း





ရွာက ဝိုင်းဝန်းပံ့ပိုးရမှာပဲကွ၊ ပမာဆိုကြပါစို့ကွာ လှေသမားတွေရှိနေလို့ အထက်အညာကျေးက ကုန်ပစ္စည်းတွေ အောက်ပြည်အောက်ရွာကို ရောက်တယ်၊ အောက်ပြည်အောက်ရွာက လူတွေစားရတယ်၊ အောက်ပြည် အောက်ရွာက ကုန်တွေလဲ အထက်ကို ရောက်တယ်၊ အထက်က လူတွေ စားသုံးရတယ် မဟုတ်လား၊ အဲသလို လှေသမားတွေသာ မရှိခဲ့ရင် ဘယ်လို လုပ်ကြမလဲ၊ အောက်က ကုန်တွေလဲ အထက်မရောက်၊ အထက်က ကုန်တွေလဲ အောက်မရောက်နဲ့ ဘယ်မှာစားသုံးရတော့မလဲ ညီလေးရဲ့ ဒီလူတွေရှိနေလို့သာ ကုန်စည်လဲလှယ်မှု ဖြစ်နေတာပေါ့ ဒါကိုက ကျေးဇူးရှိနေတဲ့ ဥစ္စာပဲကွာ''

မောင်မျိုးညွန့်မှာ မောင်နေဦး၏ စကားကို ကြားရသောအခါ၌ လွန်စွာမှပင် အံ့ဩသွားရလေသည်။ အစက မောင်နေဦးအား ဤမျှအထိ အထင်မရှိခဲ့ပါ။ မောင်နေဦး၏ နှုတ်ထက်မှ 'နောင်မဆိုးနှင့်'ဟူသော စာတမ်းကြောင့် မိမိစိတ်မှာ အတွေးအမျိုးမျိုး ဖြစ်ခဲ့ရသေးသည်။ ယုန်ထင်ကြောင်ထင်နှင့် မယုံမရဲ ဖြစ်နေသေးသည်။

ယခု မိမိစကား အစပျိုးခဲ့သည်မှာလည်း ထိုသံသယစိတ်ကတစ်ပြွတ် ပါနေသည်ကတော့ အမှန်ပင်။ ထိုသံသယဖြင့် စမ်းမည်ဟု ကြံရွယ်ထားခဲ့သော စကားတစ်ခွန်းကိုပင် ယခု



www.burmeseclassic.com

www.burmeseclassic.com



မောင်နေဦးထံမှ အယူအဆပိုင်းများကို ကြားသိရသောအခါ ထိုမေးခွန်းကိုပင် မေးမြန်းရမှာ ဝန်လေးသွားသလို ရှိလေသည်။

ထို့ကြောင့် အားနာစွာပင် မမေးတော့ပါဘူးဟု စိတ်ကူး လိုက်သည့် အခိုက်မှာပင် မောင်နေဦးက ဆက်၍ . .

''ခုန ညီလေးမေးမယ်ဆိုတာ မေးတော့လေ၊ ဘာမေးမှာ လဲ''

မောင်မျိုးညွန့်က အားနာစွာ ပြုံးလိုက်သည်။ ပြီးမှ . .

''ကျွန်တော် မေးရမှာတောင် အားနာသွားပြီ''

မောင်နေဦးက တစ်ချက်ရယ်သွမ်း သွေးလိုက်ပြီး . .

''ကိုကြီးဟာ အားနာရမယ့်လူ မဟုတ်တော့ပါဘူးကွာ ညီလေးတို့အိမ်ပေါ်မှာ နေလာရတာလဲ တစ်ရက်နှစ်ရက် မဟုတ်တော့တာ၊ တကယ့်ညီအစ်ကိုတွေလို ဖြစ်နေမှပဲ၊ အားနာ စရာ မရှိပါဘူး။ မေးမှာသာ မေးပါကွာ''

ထိုကဲ့သို့ တိုက်တွန်းလိုက်မှ မောင်မျိုးညွန့်မှာ စိတ်ပေါ့ ကိုယ်ပေါ့ ရှိသွားသည်။ ထို့နောက် ဟသာတမြို့၏ တစ်ဘက် ကမ်းရှိ အိမ်ခြေများကို ငေးနေရာမှ . .

''ကိုကြီးက ဘယ်ကလာလို့၊ ဘယ်ကိုသွားမယ့် လူဆို တာရယ်၊ ကိုကြီးဘာလဲ ဆိုတာရယ် ကျွန်တော် သိချင်နေလို့ပါ ကိုကြီး ပြောပြချင်တယ်ဆိုရင် ကျွန်တော့်ကို ပြောပြထားပါလား





ကျွန်တော် ကူညီနိုင်တာဆိုရင် ကူညီနိုင်တာပေါ့၊ မဟုတ်ဘူးလား ကိုကြီး''

ထိုစကားကြားရသောအခါ၌ မောင်နေဦးမှာ ခေတ္တမျှ ငြိမ်သွားသည်။ မျက်နှာတွင် တင်းမာသယောင်ယောင် ရှိ ပြီးမှ

''ညီလေးက ဘာလို့ သိချင်ရတာလဲဟင်''

''ဒီလိုပါ ကိုကြီးဟာ အတော်ထူးဆန်းတဲ့လူလို့ ကျွန် တော့်စိတ်မှာ စွဲနေလို့ပါ၊ ပြီး . . ကိုကြီးနဖူးပေါ်က စာတမ်းဟာလဲ ကျွန်တော့်စိတ်မှာ အံ့ဩစရာ ဖြစ်နေလို့ပါ''

တစ်ချက်ပြုံးနေသည်။ ပြီးမှ လေသံတိုးတိုးဖြင့် . .

''နောင်မဆိုးနှင့် ဆိုတဲ့စာလား''

''အင်း . . ဟုတ်တယ်''

''အဲ . . ဟုတ်ရမှာပေါ့၊ ဒီစာကို ဖတ်မိတဲ့လူအဖို့တော့ လူဟာ ရာဇဝင်တွင်အောင် မိုက်ခဲ့လို့ ဒီစာပိုဒ်ကို အရပ်က ငင်းဖမ်းပြီး မှတ်လောက်သားလောက်အောင် ရေးထိုးလိုက် ယ်လို့ ထင်စရာပဲ''

မောင်မျိုးညွန့်သည် မှတ်မထင်ပင် မောင်နေဦး၏ နဖူး ကို မော့ကြည့်မိလေသည်။ မောင်နေဦးမှာ အမြဲတမ်းပင် ဦး စ်ပိုင်းဖြင့် နဖူးမှစာတမ်းကို အုပ်မိအောင် ပေါင်းထားတတ်သ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မမြင်မတွေ့နိုင်အောင် ရှိတော့၏။

''ကျွန်တော်လဲ ဒီလိုပဲ ထင်မိတယ် ကိုကြီးရဲ့''

အမှန်အတိုင်းပင် ဝန်ခံလိုက်သည်။

''ဒါက ကိုယ့်ကိုယ်ကို ဆုံးမဖို့ ရေးထိုးထားတဲ့စာပါကွာ ကြေးမုံကြည့်တိုင်း ဒီစာကို မြင်ရမယ် မဟုတ်လား''

''နောင်မဆိုးနှင့်ဆိုတာက ကိုကြီးအရင်တုန်းက ဆိုးခဲ့တော့ခဲ့ဖူးလို့လား''

မောင်နေဦး ရယ်ပစ်သည်။ ထို့နောက် ခေါင်းယမ်းကာ

''ညီလေး အယူအဆ လွဲနေတာ၊ နောင်မဆိုးနှင့်ဆိုတာက ရှေ့ကို ဆိုလိုတာ၊ အရင်က ဆိုးတာကို ပြောတာ မဟုတ်ဘူးကွ၊ ရှေ့အဖို့ကို ကြိုတင်ဆုံးမတာ''

မောင်မျိုးညွှန့် ငိုင်သွားသည်။ အတန်ကြာအောင် စဉ်းစားနေပြီးမှ . .

''နောင်မဆိုးနှင့်ဆိုတော့ ကိုကြီးက နောင်ကို ဆိုးဖို့ စဉ်းစားထားလို့လား၊ အဲဒါကို သတိရှိနေဖို့လား၊ ကိုကြီးရဲ့''

စစ်စစ်ပေါက်ပေါက် မေးမြန်းနေသော မောင်မျိုးညွှန့်ကို မောင်နေဦးက စိုက်ကြည့်သည်။

''လူဆိုတာ မပြောနိုင်ဘူးလေကွာ၊ ခုကောင်းပေမယ့် နောင်ကို မကောင်းချင် မကောင်းတတ်တာပဲ၊ ခုမကောင်းပေမယ့် နောင်ကို ကောင်းချင်ကောင်းသွားတတ်တာပဲ၊ တစ်သမတ်တည်းပြောထားလို့ မရဘူးညီလေးရဲ့၊ ကိုကြီး သဘောတစ်ခုတော့ ပြောမယ်ကွာ လူဆိုတာ ကိုယ့်အတွက်ကို ကိုယ်ကြည့်တတ်တာများတယ်၊ ကိုယ်ကောင်းစားမယ် ကိုယ့်ချမ်းသာမယ် ဆိုရင် တိုင်းပြည်နဲ့ လူမျိုးမျက်နှာကို ထောက်တတ်တဲ့ လူမျိုးမဟုတ်ဘူးကွ၊ ကိုယ့်တစ်ဘို့ပဲ ကြည့်ပြီး မိုက်တတ်တာပဲ''

ထိုစကားကို ပြောနေသည့်အခိုက်၌ မောင်နေဦး၏ မျက်နှာမှာ တည်ကြည်လေးနက်နေသည်။ ဒေါသံကလေးဝင် အနည်းအကျဉ်း စွက်ဖက်နေသည်ဟု မောင်မျိုးညွှန့် ထင်သည်။

''ကိုကြီးဟာ အတော်ထူးဆန်းတဲ့ လူပဲဗျာ''

''ဘာဖြစ်လို့ ထူးဆန်းတယ်လို့ ညီလေး ပြောနိုင်တာလဲ''

''ပြောနိုင်တာပေါ့ ကိုကြီးရေထဲက ဆယ်တင်ခဲ့တဲ့နေ့ကစပြီး ဒီနေ့အထိ ကျွန်တော့်စိတ်ထဲမှာ ဆန်းနေတာပဲ ဘာဆန်းနေသလဲလို့ ကိုကြီးမေးရင်တောင် ကျွန်တော် ဘာပြန်ပြောရမှန်းတောင် မသိဘူး''

မောင်နေဦး ပြုံးပြီး . .

''ပြောသာပြောပါ၊ ညီလေး ရင်ထဲမှာရှိတဲ့အတိုင်း ပြောသာပြောလိုက်၊ ကိုကြီး စိတ်မဆိုးဘူး ကိုကြီးရဲ့ ကျေးဇူးရှင်တွေပဲ







www.burmeseclassic.com

www.burmeseclassic.com



ဟာ''

''ဒါဆို ကျွန်တော်ပြောမယ် ကိုကြီးဟာ သာမန်ပုဂ္ဂိုလ် ထဲကတော့ မဖြစ်နိုင်ဘူး၊ ကိုကြီးဟာ အင်မတန်ကြီးမားတဲ့ တာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်နေတယ်လို့ ကျွန်တော် ထင်နေတယ်''

''ညီလေးတွေးတာ မမှားဘူး ကိုကြီးဟာ ဗိုလ်မြတ်ထွန်း တပ်က တပ်သားတစ်ယောက် ဆိုပါတော့၊ တိုင်းပြည်အတွက် ကိုကြီး တို့ လှုပ်ရှားနေရတာပါ''

ဗိုလ်မြတ်ထွန်းဟု အသံကြားလိုက်ရသော အခါ၌ မောင်မျိုးညွန့်မှာ တစ်ကိုယ်လုံး တုန်လှုပ်သွားပါတော့သည်။ သူယုံကြည်လေးစားနေသည့် ဗိုလ်မြတ်ထွန်း။

မတွေ့ဘူး မကြုံဘူး မမြင်ပါလျက်နှင့်ပင် ဗိုလ်မြတ်ထွန်း အပေါ်၌ အင်မတန် စိတ်ဝင်စားချစ်ခင်နေသည်။ ထို့ပြင် သတင်း တစ်ခုကလည်း သူ့ရင်ထဲစွဲနေအောင် ရှိပေသည်။

ထိုသတင်းမှာ ဗိုလ်မြတ်ထွန်းတွင် တစ်ဦးတည်းသော သားရှိပေသည်။ ထိုသား၏နာမည်မှာ 'မောင်ဖြိုတ်ကြီး' ဖြစ်၏ တစ်နေ့တွင် မောင်ဖြိုတ်ကြီးက 'ဒါလောက် အင်အားကြီးမားတဲ့ နိုင်ငံခြားသားတွေနဲ့ ပြိုင်ပြီးတိုက်နေလို့ အလကားပါပဲဗျာ၊ ကျုပ်တို့မြန်မာတွေဟာ နောက်ဆုံးကျတော့ ရှုံးကြရမှာ သေချာ





ပါတယ်' ဟု ပြောမိလေသည်။

ထိုစကားကို ဗိုလ်မြတ်ထွန်း ကြားသိရလျှင် သူ့သားကိုခေါ်၍ အဆုံးစီရင်လိုက်၏။ ထိုသို့ အဆုံးစီရင်ရာတွင်လည်း သူ၏တော်လှန်ရေးသမားများ ရှေ့မှောက်၌ပင် ရက်ရက်စက်စက် မညှာမတာ သတ်ဖြတ်လိုက်ခြင်း ဖြစ်ပါသည်။

ထိုမျှအထိ ဗိုလ်မြတ်ထွန်းမှာ တော်လှန်ရေး စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်ရဲသည့် စိတ်ဓာတ်၊ ရဲရင့်တည်ကြည်သည့် စိတ်ဓာတ်အပြည့် ရှိပေသည်။

ထိုသတင်းစကားများ ကြားရကတည်းကပင် မောင်မျိုးညွန့်မှာ တော်လှန်ရေးသမားကြီး ဗိုလ်မြတ်ထွန်းအား အလွန်လေးစားချစ်ခင်နေပြီး ဖြစ်လေသည်။

ယခု သူကယ်တင်လိုက်ရသော မောင်နေဦးမှာလည်း ဗိုလ်မြတ်ထွန်း၏ တပ်ကပါဆိုသဖြင့် သူ အလွန်ဝမ်းသာသွားမိသည်။

မိမိကိုယ်တိုင်ကိုယ်ကျ တော်လှန်ရေးထဲ ဝင်ရောက်မပါဝင်နိုင်သော်လည်း တော်လှန်ရေးသမားတစ်ဦးအား ကူညီခွင့်ရသဖြင့် များစွာပင် ဂုဏ်ယူမိလေသည်။

သို့ရာတွင်လည်း သူ့မှာ တစ်ခက်ဖြစ်နေသည်။ ထိုတစ်ခက်မှာကလည်း ချစ်ဦးသူ ထားထားအတွက်တည်း။



www.burmeseclassic.com

www.burmeseclassic.com

## ချစ်တဲ့သူနှင့်ဝေးမှာစိုးတယ်

၁၄။

သွန်းဘုရားကြီး၏ မုခ်ဦးဝအဝင်သို့ ရောက်သောအခါ၌ မောင်မျိုးညွန့်နှင့် ထားထားတို့ ချစ်သူနှစ်ဦးသည် လက်ချင်းယှက်နေရာမှ လွှတ်လိုက်ကြသည်။

အတုလမာရဇိန် သွန်းဘုရားကြီး၏ ပရဝုဏ်မှာ အေးချမ်းငြိမ်သက်နေ၏။ ဘုရားရိပ် တရားရိပ်၏ အေးငြိမ်းမှုသည် နှလုံးသည်းပွက်ထဲသို့ တိုင်အောင် ရောက်လာလေသလားမသိ။

ချစ်သူနှစ်ဦးမှာ စောင်းတန်းအတွင်းသို့ တဖြည်းဖြည်း





လျှောက်ဝင်လာရင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ရှုရှင်နေကြသည်။ ကြီးမားခိုင်ခန့်သော အုတ်တိုင်များကို ကွေ့င်လှာရှုနေစဉ်မှာပင် . .

''ကိုကို၊ ဘုရားကို အရင် ဝတ်ဖြည့်လိုက်ရအောင်နော်''

ချစ်ဦးသူတို့ဘဝတွင် တစ်ဦးအကြိုက် တစ်ဦးကလိုက်ရှိ သကဲ့သို့ပင် မောင်မျိုးညွန့်ကလည်း ဦးခေါင်းညိတ်ပြနေရာမှ

''ဘယ်ဆုကို တောင်းမှာတဲ့လဲ''

ထားထား၏ မျက်စောင်းကလေးက လှပသွားသည်။

''ကိုကိုက ဘယ်ဆုကို တောင်းစေချင်လို့လဲ၊ ပြောလေ''

''ထားတောင်းမယ့်ဆုကို ကိုကိုကြိုသိထားချင်လို့ပါ''

''ကိုကို့ဆန္ဒတွေ မှန်သမျှကို ပါရမီဖြည့်ပေးမယ် ထားပါကိုကိုရယ်၊ အဲဒီတော့ ကိုကိုလိုရာဆုကိုလဲ ထားက ကူတောင်းပေးမှာပေါ့၊ ကိုကို့အကြိုက်ကိုပြော ထား ဆုတောင်းမယ်လေ''

စကားအဆုံးတွင် နှစ်ဦးသား ကြည်နူးစွာ ရယ်လိုက်၏။ ယ်သံလွင်လွင်ကလေးက တန်ဆောင်းကြီးအတွင်းသို့ ပျံ့လွင့်သွားသည်။

''ဒီဘုရားကြီးကို ဆုတောင်းပြည့်ဘုရားကြီးလို့လဲ များက သိကြတယ် မဟုတ်လား၊ အဲဒါကြောင့် ဆုတောင်းရင်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်မယ်လို့ ကိုကို ယုံကြည်တယ်''

ဘုရား၏ မုခ်ဝအရောက်တွင် မောင်မျိုးညွန့်က ပြောလိုက်သည်။

''မှန်တယ်လေ၊ ဒီညောင်တုန်းမြို့ရဲ့ အထိကရဘုရားကြီးပဲ၊ မြို့သူမြို့သားတွေအားလုံးကလဲ ယုံယုံကြည်ကြည်နဲ့ ဆုတောင်းကြတာပဲ၊ ကိုကိုလဲ ယုံယုံကြည်ကြည်နဲ့ ဆုတောင်းလေ''

''ကိုကိုက ဆုတောင်းမှာပါ''

''ဘာဆုတောင်းမှာလဲ''

ထားထားက ဝါးကြမ်းဖျာပေါ်တွင် ပဆစ်တုပ်ထိုင်ရင်း မေး၏။ မောင်မျိုးညွန့်က ထားထား၏ ညာဘက်တွင် ထိုင်ချသည်။ ထို့နောက် ဘုရားရုပ်ပွားတော်ကို မော့ကြည့်နေရာမှ . .

''လေ့မှောက်တုန်းက အသက်မသေအောင် ကယ်ဆယ်ပေးခဲ့တဲ့ ကျေးဇူးရှင်နဲ့တကွ ကျေးဇူးရှင် မိသားစုအားလုံးကပါ ထာဝရ စောင့်ရှောက်နိုင်တဲ့ ကျေးဇူးမျိုး ပြန်ဆပ်နိုင်ပါစေလို့ ဆုတောင်းရ မယ်''

ထားထားက မဲ့ပြုံးကလေးဖြင့် မေးဆတ်ခနဲ ထိုးလိုက်ပြီး

''ဖေ့ဖေ့သမီးကို ယူပြီးမှတော့ ဒီမိသားစုကို မစောင့်





ရှောက်လို့ ဘယ်ရမလဲ၊ မစောင့်ရှောက်ဘူး ဆိုရင်တော့လား ထားအကြောင်း သိတယ် မဟုတ်လား၊ ဟင်း . . တွေ့သွားမယ်''

တစ်ကြိမ်သောအခါက မောင်မျိုးညွန့်တို့ ပခုက္ကူလက် လှေကြီးသည် ညောင်တုန်းတို့ ဒါးပိ၊ ဒါးခြောက်တင်ရန် သွားရောက်ခဲ့သည်။

ညောင်တုန်းမြို့မှာ နယ်နယ်ရရ မြို့မဟုတ်။ ၁၂၅၀-ပြည့်နှစ် ပတ်ဝန်းကျင်လောက်ကပင် သစ်ကုန်သည်ကြီးများ၊ အညာကုန် အောက်ကုန် ကုန်မျိုးစုံ ရောင်းဝယ်ဖောက်ကားကြသည်။

ထို့ကြောင့် အမိကကျသော ကုန်သည်ကြီးများ ဝင်ထွက်သွားလာနေထိုင်ရာ ဌာနဖြစ်သဖြင့် အညာကုန်လှောင်သော ပွဲရုံများ၊ အောက်ကုန်များဖြစ်သော ဒါးပိဒါးခြောက်၊ ငံပြာရည်များ လှောင်သော ပွဲရုံများရှိ၍ အလွန်စည်ကားသည်။

ထိုသို့ ပွဲရုံလှောင်ရုံများရှိသဖြင့် အညာလှေကြီးများ၊ အောက်လှေကြီးများ ဝင်ထိုးထွက်ရှိသလို ရန်ကုန်၊ ညောင်တုန်း၊ ပြည်၊ ဟင်္သာတ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ မော်ကျွန်း၊ ဘိုကလေး မှ ကုန်သည်များဖြင့် ခြေချင်းလိမ်နေသည်။

ဤမျှ စည်ကားသည့်မြို့ကို ကုန်တင်ရန် မောင်မျိုးညွန့် လှေကြီးရောက်လာသည်။ ထိုသို့လာစဉ် ပန်းလှိုင်မြစ်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးညွန့်တို့ လှေမှောက်သွားသည်။

ထိုနေ့က မိုးမုန်တိုင်းကျနေသည်။ တက်မကို ကိုင်ရင်းကပင် ဖျောင်းခနဲ ကျိုးသွားသည်။ လှေကြီးမှာ မြစ်လယ်၌ချာလည်လည်လျက် မှောက်သွားသည်။

မောင်မျိုးညွန့်တို့ လှေသမားအားလုံး မြစ်ထဲရောက်နေသည်။ ရေစုန်မျောနေရာမှ လှေကြီးတစ်စင်းက မောင်မျိုးညွန့်ကို တွေ့ရှိ ကယ်တင်လိုက်သည်။

ထိုကယ်တင်ရှင်မှာ ထားထား၏ဖခင်ကြီး ဖြစ်နေသည်။ သို့ဖြင့် မောင်မျိုးညွန့်မှာ ထားထားတို့အိမ်သို့ ရောက်လာသည်။ တစ်လကိုးသီတင်းကြာမျှ ထားထားတို့အိမ်၌ နေနေခဲ့ရပေသည်။

ထိုမျှပင် မကသေးပါ။ ထားထား၏ဖခင်ကြီးက ဦးဆောင်ကာ မောင်မျိုးညွန့်တို့၏ လှေကြီးကို ဆယ်ယူပြင်ဆင်ပေးခဲ့သည်။ ထိုကျေးဇူးတရားတို့ကို မောင်မျိုးညွန့်က ကောင်းစွာ နားလည်ထားသည်။

ထို့ပြင် ကျေးဇူးရှင်ဆိုသည့်အတိုင်း ထားထားကို ချစ်ကြိုးသွယ်ခြင်းဖြင့် ကျေးဇူးကန်းသည်ဟု မဆိုနိုင်ပါ။ ထားထား၏ မိဘနှစ်ပါးကိုယ်နှိုက်ကပင် မောင်မျိုးညွန့်အပေါ်၌ မျက်စိကျနေခဲ့ပါသည်။

မောင်မျိုးညွန့်ကို လူငယ်တစ်ယောက်ပင် ဖြစ်လင့်ကစား





အလုပ်ကြိုးစားကြောင်းကို ကောင်းစွာသဘောပေါက်ထားသည်။ မောင်မျိုးညွန့် ဦးဆောင်၍ လုပ်ငန်းကိုလုပ်ကာမှ မောင်မျိုးညွန့်တို့ မိသားစု ဥစ္စာစီးပွား တိုးတက်လာသည်မှာ အမှန်ဖြစ်ပါ၏။

ထိုကဲ့သို့ လူတော်တစ်ယောက်နှင့် ရည်ငံစေလိုသဖြင့် ထားထား၏မိခင်ကြီး ဒေါ်ထွန်းမယ်ကိုယ်တိုင်က မောင်မျိုးညွန့်ကို အထူးအခွင့်အရေး ပေးခဲ့ပါသည်။

သမီးနှင့်နီးစပ်အောင်လည်း ရေလာမြောင်းပေးလုပ်ပေးသဖြင့် တစ်လအတွင်း၌ပင် မောင်မျိုးညွန့်နှင့် ထားထားတို့ နှစ်ဦးမှာ သုံးနှစ်သုံးမိုး မပိုးလိုက်ရဘဲနှင့် ချစ်သူဘဝသို့ ရောက်ခဲ့ပါတော့သည်။

''မညားခင်က နိုင်တော့မှာလား ထား''

ထားထားမျက်နှာမှာ ရဲသွားသည်။ နီမြန်းမြန်းမျက်နှာကလေးဖြင့် . .

''လင်နေစ ဆင်သေမှတဲ့၊ ဆင်ကိုတောင် သေအောင်ဆက်ထားနိုင်မှ လင်ဆိုတာ ကြောက်တော့မပေါ့''

ထားထား၏ အရွှတ်အနောက် စကားကို မောင်မျိုးညွန့်သဘောကျသွားပါသည်။ တဟဲဟဲ ရယ်လျက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



★

သိဒ္ဓတ္တ တောထွက်ခန်းဘက်သို့ ခြေဦးလှည့်တော့မည် မောင်မျိုးညွန့်အား ထားထားက လက်ကိုဖမ်းဆွဲထားရင်း ပြော လိုက်သည်။

''ကိုကို၊ ဟိုရုပ်တုတွေဘက် မသွားပါနဲ့လား''

မောင်မျိုးညွန့် အံ့အားသင့်သွားသည်။ မျက်လုံးကလေ ဝိုင်းစက်သွားပြီး ထားထားကို စိုက်ကြည့်နေရာမှ . .

''ဘာဖြစ်လို့လဲ ထားရဲ့''

ထားထားက မျက်နှာကို ရှုံ့မဲ့စွာ ပြုံးပြသည်။

''အဲဒီကို ထားထား မသွားချင်လို့''

မောင်မျိုးညွန့်က မေးသည်။

''မသွားချင်တာက . .''

ထားထားက မျက်နှာသေလေးဖြင့် မဲ့ပြုံးပြုံးရင်း ပြော

''တော်ကြာနေ သံဝေဂတွေရသွားပြီး တောထွက်သွား ဖြင့် မိထားတစ်ယောက်တည်း ပူဆွေးသောကရောက်မှာကို ကြော ကြောက်လို့ပါရှင်ရယ်''

ခုမှ ထားထားနောက်နေမှန်းကို သဘောပေါက်သွား ဖြင့် မောင်မျိုးညွန့် အားပါးတရ ရယ်လိုက်သည်။ ထိုစဉ် ထားထာ





ပင် မောင်မျိုးညွန့်လက်ကိုဆွဲကာ . .

''လာပါ၊ ထား နောက်တာပါ၊ ကိုကိုက ထားကိုပစ်ပြီး တ်ကြောင်ပုဆိုးကို မစွန့်ဘူးဆိုတာ ထားနားလည်ပါတယ်၊ ားကို ကိုကို ဘယ်လောက်ချစ်တယ်ဆိုတာ သိနေပြီးသား နော်''

ဟု လေပြည်ထိုးသည်။

''ဟောဒီ ဒေဝီထားကြောင့် ခက်နေပါပြီ၊ ခု စာကလေး၊ ဆိုထမင်းနဲ့ ကြာရင် ကိုကို ရူးတော့မယ် ထင်ပါရဲ့''

ဟု ပြောရင်း မောင်မျိုးညွန့် ရယ်လေသည်။

''ဘုရားကို ခေါ်လာပြီး ဘုရားသမိုင်းကလေးတော့ ပြောပြတော့ဘူးလား ထားထားရဲ့''

ကန်လည် နဂါးရုံဘုရား၏ တံတားပေါ်တွင် နှစ်ယောက် ဉ်တွဲလျှောက်လာရင်းပင် မောင်မျိုးညွန့်က ထားထားကို ချစ်စ ခနဲ့လိုက်သည်။

ထားထားက တံတား၏ လက်ရမ်းတွင် မှီရပ်သည်။ ပြီးမှ က်ထဲက ပေါက်ပေါက်များကို ရေကန်တွင်းသို့ ချလိုက်သည်။ ထဲ၌ ငါးကြီးများ ဘွားခနဲ ပေါ်လာသည်။ ထို့နောက် လိပ်ကြီး ား လှုပ်လှုပ်လှုပ်လှုပ်နှင့် ပေါ်လာသည်။

ပေါက်ပေါက်ပွင့်များကို အလုအယက် စားနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ယှဉ်တွဲငုံ့ကြည့်နေစဉ် . .

"ကိုကိုက နားထောင်မယ်ဆိုရင် ထားပြောပြမှာပေါ့"

"ပြောပါဆိုမှ နားထောင်မယ်ဆိုရင် လုပ်နေပြန်ပြီ၊ ဒီထ နားထောင်ချင်လို့ မေးနေတာများ ဈေးကိုင်ပါရော"

ထားထားက အကြည့်ချင်း ရင်ဆိုင်ကြည့်နေမိသည်။ တ ယောက်နှင့်တစ်ယောက် ကွယ်ပျောက်သွားမည်ကို စိုးရိမ်သည့်အ လား စိုက်ကြည့်နေမိ၏။

အတန်ကြာမှ . .

"ဘုရားသမိုင်းကို ပြောပြမယ်ဆိုရင် ဒီညောင်တုန်းမြို့ကြ ပါ အစချီပြောမှ ကိုကိုရဲ့"

မောင်မျိုးညွန့်က လက်ထဲမှ ပေါက်ပေါက်များကို ရေထဲသို့ ကျဲချရင်း . .

"ဟောဗျ၊ ပြောပါဆိုမှ အစချီတာတို့၊ အဆုံးချီတာတို့ လုပ်နေပြန်ပြီ"

ထားထားက တံစဉ်ကွေးလို ညွတ်နေသော မျက်ခုံးနှစ် ကို တွန့်၍ ပြုံးလိုက်ကာဆိုသည်။

"မြို့သမိုင်းကလေးပါ ညှပ်ပြောတော့ ကိုကို ပိုမှတ်မိ တာပေါ့ မဟုတ်ဘူးလား"

မောင်မျိုးညွန့်က နောက်သည်။





"ဟုတ်ကဲ့ပါခင်ဗျာ"

"ကြည့် . . ကိုကိုနောက်ပြီ"

"မနောက်ပါဘူး၊ နားထောင်နေပါတယ်"

ထားထားက တံတားအတိုင်း ဆက်လျှောက်ရင်း စကား ဆိုသည်။

"ညောင်တုန်းမြို့ဟာ မြန်မာပြည်ရဲ့ အနောက်တောင် ဘက်မှာရှိပြီး ပန်းလှိုင်မြစ်နဲ့ ဧရာဝတီမြစ်တို့ ပေါင်းဆုံရာဌာန ထွန်းဦးကျွန်းထိပ်မှာ တည်ထားတဲ့အတွက် လှသိမ်များလှတဲ့ ဆိပ်ကမ်းမြို့ကလေးပါ ကိုကို"

မောင်မျိုးညွန့်က တံတား၏ လက်ရန်းကို ကျောမှီရပ် သည်။

"မြို့တည်ထားတာကလဲ တကယ်သာယာနေတာပဲ ထား ရဲ့"

"ကုန်ပစ္စည်း ရောင်းဝယ်ဖောက်ကားတာကလဲ တကယ့် အချက်အချာကျနေတာပဲ ကိုကိုရာ၊ ငါးပိငါးခြောက် ပြောရည်ဆို ညောင်တုန်းက နာမည်ရတာပဲ၊ ဒါကြောင့်မို့ အချို့ကုန်သည်တွေက ဒီမြို့ကို ငွေထုပ်ဖြည်ရာ ငွေထုပ်ချည်ရာ မြို့လို့တောင် အစွဲပြုပြော ကြတယ်"

"စီးပွားရေးလုပ်ငန်းကလဲ တကယ်ကောင်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုး''

''ဟုတ်တယ် ကိုကို၊ အဲသလို ရောင်းအားဝယ်အား ကောင်းခဲ့တဲ့အချိန်မှာပဲ ဝတ်ညွန့်ရပ်ကွက်မှာ တာဝတိံသာဆိုတဲ့ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိခဲ့တယ် ကိုကို''

မောင်မျိုးညွန့်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး . .

''ဆိပ်ကမ်းနဲ့ အတော်ဝေးတဲ့ နေရာပဲ''

''ဟုတ်ကဲ့ . . ဒီကျောင်းမှာ ဦးတလုပ်ဆိုတဲ့ ဘုန်းတော်ကြီးက ကျောင်းထိုင်တယ်၊ ဆရာတော်ဦးတလုပ် ကျန်းမ ရေးအခြေအနေ မကောင်းလာတဲ့အခါမှာ ကျောင်းဒကာများ ကိုခေါ်ပြီး တာဝတိံသာကျောင်းအတွက် ဆရာတော်က စီမံသတဲ့ ကိုကို၊ ဒကာတွေကလဲ ဆရာတော်ရဲ့ ဆန္ဒအတိုင်း အချိန်ဆွဲမ နေကြော့ဘဲ ကျုံမငေးမြို့တစ်ဘက်ကမ်း ကျွန်းပြသာဒ်ကျောင်းရဲ့ ပဓာန နာယက အရှင် စန္ဒဝရာလင်္ကာရကလဲ ဆရာတော် ဦးတလုပ်နဲ့ အကျွမ်းဝင်ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် မဆိုင်းမတွဘဲ ညောင်းတုန်းကို ကြွလာခဲ့သတဲ့ ကိုကို''

ထားထားက ပြောရင်း ခေတ္တနားသည်။ သူတို့နှစ်ယောက် ကန်လယ်နဂါးရုံဘုရားမှ အပြင်သို့ ပြန်ထွက်လာစဉ် ထားထားက စကားဆက်သည်။

''ဆရာတော်ဦးတလုပ်ကလဲ ကျောင်းအပ်ပွဲကို





က်သုတ် ရိုက်စီမံတယ်၊ ရဟန်းပရိသတ်၊ ဒကာ၊ ဒကာမ ရိသတ်အစုံအညီ ရှေ့မှာတင်ပဲ အဲဒီတာဝတိံသာ ကျောင်း ိုက်အာရာမ်ကို အရှင်စန္ဒဝရာလင်္ကာရအား ဝိနည်းတော် ည်းကမ်းနဲ့အညီ လုံးဝအပ်နှံလိုက်တယ်၊ အဲသလိုအပ်ပြီးနောက် ြာက်ရက်မြောက်မှာပဲ ဆရာတော် ဦးတလုပ်လဲ နတ်ပြည် ပြောင်း ကျောင်းထိုင်သတဲ့ ကိုကိုရ''

''ဗြော် . .''

''ဒါနဲ့ ဒကာ ဒကာမများက ဆရာတော်ဦးတလုပ်ရဲ့ တုဇရုပ်ကို တခမ်းတနားသဂြိုဟ်ပူဇော်ပွဲကို သရက်ဥယျာဉ်ကြီး ဲမှာ ကျူကျူနန ပြင်ဆင်ပူဇော်ကြတယ်၊ အဲဒီပူဇော်ပွဲကြီးမှာ ပထမ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်တယ်၊ အရံကျောင်း ၁၂ ောင်ကို ထပ်မံလုပ်တယ်၊ အဲသလို ဆောက်တဲ့အဆောင်တွေ ိုလဲ ဒကာတစ်ဦးတည်းတစ်ယောက်တည်း ဆောက်သလိုထင်ရ အောင် ဆရာတော် ဦးစန္ဒဝရာလင်္ကာရက စီမံဆောင်ရွက်ပေးတော် သတဲ့ ကိုကိုရာ''

''အဲသလို ဆောင်ရွက်တော်မူတဲ့ နေရာမှာလဲ န်းတောင်၊ ပန်းလက်၊ ပန်းရွက်၊ ပန်းခက်၊ ပန်းညွန့်၊ ပန်းတွန့်၊ န်းပွင့်၊ ပန်းဖူး၊ ပန်းငုံ၊ ပန်းရုံ၊ ပန်းချို ပန်းနွယ် အသွယ်သွယ် ပြင် ရုပ်လုံး၊ ရုပ်ကြွ၊ ရုပ်တု အစုစုတို့ကြောင့် ရင်သပ်ရှုမော



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် လှသတဲ့၊ အဲဒီ ပူဇော်ပွဲရဲ့ ပုံစံအတိုင်း ဒီနေ့ဒီ ရက်အထိ တွေ့နေရအောင် ဆောက်လုပ်ခဲ့တာတဲ့ ကိုကို''

''သွန်းဘုရားကြီးကကော ထားရဲ့''

သွန်းဘုရားကြီး အကြောင်း မပြောခင်၊ ယာမာခေါ်ပုံကို အရင်ပြောရဦးမယ်၊ ဆရာတော် ဦးတလုပ်ရဲ့ အနှိမ်မရှာပနပြီးတဲ့ နောက်မှာ ဆရာတော်ဦးစန္ဒဝရာလင်္ကာရ နိဗ္ဗာန်ကျောင်းကြီးအ ဖြစ် တည်ဆောက်ပြီး အဲဒီကျောင်းမှာပဲ ကျောင်းထိုင် သီတင်း သုံးတယ်လေ၊ နောက်ပြီး ကျောင်းကြီးကိုလဲ ယာမာလို့ အမည် တပ်လိုက်တယ်၊ ယာမာကို ၁၂၃၃-ခုနှစ်မှာ တည်ဆောက်တာ ပါ၊ ၁၂၃၈-မှာတော့ ကျောင်းဒကာကြီး ဦးရွှေစိုးနဲ့ ဒကာမကြီး ဒေါ်ဘုံလုံတို့က ''အရှင် ဘုရား စေတီတည်ထား ကိုးကွယ်လိုပါက ကိုးကွယ်တော်မူပါ တပည့်တော်တို့ ကုန်ကျစရိတ်အားလုံးကို တပည့်တော်တို့ တာဝန်ထားပါ'' ဆိုလို့ ယာမာကျောင်းရဲ့ အရှေ့ဘက်မှာ ဉာဏ်တော်အတောင် (၅၀) ခန့်ရှိတဲ့ စေတီကို တည်ထားပြီး ခေတ်ပေါင်းစု ဆုတောင်းပြည့် စေတီတော်လို့ ဘွဲ့မည်နာမ ဆက်သတော်မူသတဲ့ကိုကိုရ''

မောင်မျိုးညွန့်က ခေါင်းညိတ်ရင်း . .

''စေတနာ သဒ္ဓါတရားပဲနော်''

''သဒ္ဓါထူးတဲ့အတိုင်းပဲ ကိုကိုရဲ့၊ ဒီဘုရားမှာ ရှင်မဟာ





သာသပနဲ့ ရှင်သီဝလိတို့ရဲ့ ဓာတ်တော်တွေ ကိန်းအောင်းတာ လေ၊ သိပ်ထူးခြားတာပေါ့''

''ဒါနဲ့ သွန်းဘုရားကြီး ဖြစ်ပေါ်လာပုံကိုလဲ ပြောပါဦး''

ထားထားက တစ်ချက်ပြုံးလိုက်၏။ ပြီးမှ . .

''ညောင်တုန်းမြို့အကြောင်း ပြောချင်အားကြီးသွား တယ်၊ ကိုယ့်မြို့ကိုယ့်ဒေသကို ဂုဏ်ယူချင်နေတာကိုး၊ ကိုကို နားမငြီးဘူးဆိုရင် အားလုံးပြည့်ပြည့်စုံစုံ ပြောမှာပါ''

''အမယ်လေးဗျာ၊ နားမငြီးဘူးတဲ့၊ ချစ်သူ့အသံနှင့် ချစ် သူ့ ဟန်ကလေးကို ကိုကိုကြားနေ မြင်နေရတာနဲ့ပဲ ကြည်နူး ချမ်းသာနေရတာပါဗျာ''

ထားထားက ချစ်မျက်လုံးကလေးကို ထောင့်ကပ်ကြည့် ၏။

''ဟင်း . . သိပ်မုန်းဖို့ကို ကောင်းနေပြီနော်၊ ကိုကိုပို'' တဟဲဟဲ ရယ်မောလျက် . .

''အချစ်နဲ့ ပတ်သက်လာရင် ပိုချင်သလောက် ပိုပါ စေဗျာ''

''တော်ပါတော့၊ ဘုရားသမိုင်း နားထောင်နေရာကနေ ကြားစကားတွေ ဖောက်ဖောက်လာတယ်၊ အဲလိုဆို ပြောမပြ တော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



''အဲ့သလို စိတ်ကောက်သွားတာလဲ လှတာပဲ''

''ကြည့်၊ ပြောလေ ကဲလေပဲ''

ထားထားက နှုတ်ခမ်းကလေးစူကာ ပြောသည်။

''ကဲ . . မနောက်တော့ပါဘူးတဲ့ဗျာ''

မောင်မျိုးညွန့်က တောင်းပန်လိုက်တော့မှ . .

''ခေတ်ပေါင်းစု စေတီတော်ကို တည်ထားပြီး (၄)နှစ်အ ကြာ (၁၂၄၂)ခုနှစ်ရောက်မှ ရုပ်ပွားတော်တစ်ဆူ သွန်းလောင်း သတဲ့၊ ဉာဏ်တော် (၇)တောင် (၂)မိုက်ရှိတဲ့ ရုပ်ပွားတော်ကို ဆရာတော်ရဲ့ ရည်မှန်းချက်ကို ပြည့်မီခြင်းမရှိခဲ့ဘူးတဲ့ ကိုကိုရာ ဒါနဲ့ (၁၂၅၃)ခုနှစ်မှာ နောက်တစ်ဆူ သွန်းလောင်းပြန်တယ် ဉာဏ်တော် (၉)တောင် (၂)မိုက် (၁၄-၁၆၊ ဖိလက်မ)ရှိတဲ့ ရုပ်ပွား တော်ကို စတင်ပုံသွင်းကြ ပြန်တယ် . . .

နောင်တော်ကြီး သွန်းတုန်းက အတွေ့အကြုံကို အခြေခံ ပြီး ဒီရုပ်ပွားတော်ကို ထုလုပ်ကြတာ အခက်အခဲ သိပ်မရှိလှပါဘူး ကိုကို၊ ဆရာတော်ကလဲ စိတ်ရှည်လက်ရှည်နဲ့ စောင့်ကြပ်ပြီး ကြေး အချိန် (၅၂၄၆)ပိဿာ ( ၈ တန်ကျော်) အလေအလွင့်မရှိ အောင် ဂရုစိုက်ခဲ့တယ်၊ ကြေးချိန် သုံးကျပ်သားမှာ ဖယောင်းတစ် ကျပ်သားနှုန်းနဲ့ ရွှံ့ပုံအဖြစ် အပြင်ကနေ မံရသတဲ့၊ ပြီးတော့ ထက်ရယ် အောက်ရယ် မှုပြီး ကုလားနို့လိုခေါ်တဲ့ ပြွန်ပေါက်ငါး





ပေါက် ဖောက်ရတယ် ကိုကို၊ အဲ့သလိုပြီးမှ လုံတော်ကြီးနဲ့ ကြိုထားတဲ့ ကြေးရည်တွေကို ကုလားနို့ပေါက်ကနေ လောင်း ချပေးပြီး ပြွန်တွေကိုပိတ်ပြီး သဲများနဲ့ပုံတော်ကြီးတစ်ခုလုံးကို အုပ်ထားလိုက်တာ တောင်ကြီးတစ်တောင်လောက်တောင် မြင့်တယ် ကိုကိုရယ်''

''အံ့သြစရာပဲနော်''

''ရက်စေ့လို့ သဲတွေလဲ ဖယ်လိုက်ရော အံ့သြကြည် ညိုစရာ ကောင်းတဲ့ ရုပ်ပွားတော်ကို ဖူးတွေ့ကြရလို့ မြို့သူမြို့ သားတွေ အတော့်ကို ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်''

❀

မုခ်ဝအထွက်တွင် ထားထားက မေးသည်။

''ကိုကို ခြေကျင်ပဲ ပြန်မလား''

မောင်မျိုးညွန့် တစ်ချက်စဉ်းစားနေပြီးမှ ဖြေသည်။

''ခြေကျင်ပဲ ပြန်ကြတာပေါ့ ဘာလို့လဲထား''

''ဘုရားနဲ့ ကမ်းနားက ဝေးလို့ပေါ့၊ ကိုကို ပင်ပန်းမှာစိုးလို့ ပြောတာ''

''ဝေးချင်သလောက် ဝေးပါစေဗျာ၊ ချစ်သူ့အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



အတူ ယှဉ်တွဲလျှောက်နေရရင် ကမ္ဘာဆုံးတိုင် သွားနိုင်ပါတယ် ဘယ်တော့မှလဲ ပင်ပန်းတယ်လို့ ညည်းမှာ မဟုတ်ရပါဘူးတဲ့''

စကားအဆုံးတွင် ချစ်သူနှစ်ဦးမှာ တစ်ယောက်ကို တစ် ယောက် ကြည့်ကာ ပြုံးလိုက်ကြပါသည်။

(မှတ်ချက် . . . ရှေးယခင်က သွန်းဘုရားကြီးနှင့် ကမ်းနားဆိပ်မှာ အလွန်ဝေးလှပါသည်။ ဘုရားကြီးနှင့် ကမ်း နားသို့ပင် ဆိုက်ကားစီးလျှင် တစ်ကျပ်ပေးရသည်။ ယခု ကမ်း နားနှင့် ဘုရားကြီးမှာ မဝေးလှတော့ပါ)။



## ကျွမ်းလို့ ကျန်ရစ်မှာလား အချစ်ရယ်

၁၅။

''ကိုကိုတို့လှေ ဘယ်နေ့လောက် ထွက်မှာလဲ''

အားငယ်စိုးရွံ့နေသော အသံဟု မောင်မျိုးညွန့် ထင် သည်။ တကယ်တော့လဲ ထားထားမှာ ထာဝရအားငယ်နေရ ညေ်မှာ အမှန် ဖြစ်သည်။ ထားထားတို့မှာ ဖခင်မိခင်ဟူ၍တော့ စုံစုံညီညီ ရှိပါ၏။

သို့သော် စုံညီပါသော်လည်း အတူတကွ၊ ပျော်ပျော် ရွှင်ရွှင် ဆိုတာမျိုး နေရသည့်အချိန်ကမရှိ။ ဖခင်ကြီးမှာ ဒူးအလုပ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့သူ အိမ်မှာပူအောင်နေသည့် မဟုတ်၊ ခဏတဖြုတ် ရောက်လာ
ခဏတဖြုတ်နှင့် ပြန်သွားဖြစ်သည်။

ဖခင်မျက်နှာကို တခဏလေးသာ မြင်တွေ့လိုက်ရသည့်
ဘဝမျိုး ဖြစ်ပါသည်။ ကျန်အချိန်များ၌ ထားထားနှင့် မိခင်ကြီး
ဒေါ်ထွန်းမယ်တို့ နှစ်ယောက်သား အိမ်ကြီးတစ်လုံးထဲ၌ နေ
နေကြရသည်။

အမြဲတမ်း ခြောက်သွေ့ငြိမ်သက်လျက် ရှိနေပါသည်။ ည
ရောက်လျှင်လည်း တံခါးပေါက်များကို အလုံအလဲပိတ်ပြီးနောက်
ကိုယ့်အခန်း ကိုယ့်ခုတင်ပေါ်၌သာ အတွေးကိုယ်စီဖြင့် လှဲနေကြရ
တော့၏။ စကားပြောဖော် ရယ်ဖော် နောက်ဖော်ဟူ၍ လုံးဝမရှိပါ
ပေ။

ထိုကဲ့သို့ ဖြစ်နေရသည့် ဘဝကို ထားထား အလွန်မုန်း
သည်။ ဘာ့ကြောင့် ဖခင်ကြီးသည် အိမ်သို့ ခဏလာ၍ ခဏပြန်
သွားရသနည်း။ မိခင်ကြီးနှင့် အဘယ်အတွက် အတူတကွ မနေ
နိုင်သနည်း။ ဖခင်ကြီးတွင် နောက်ထပ် အနှောင်အတွယ်များ
ရှိနေပြီလား။

ထိုအတွေးများ ခေါင်းထဲသို့ ရောက်လာသောအခါ
ထားထားသည် ရင်ဖိုနေတော့သည်။ ထိုအတွေးဆိုးများကို
ဦးခေါင်းထဲမှ အလျှင်အမြန် မောင်းထုတ်ပစ်ရတော့သည်။





ကျေးဇူးရှင် ဖခင်ကြီးအပေါ်၌ ထိုအတွေးမျိုး မထား
ကောင်း သည်ကို မိမိသိသည်။ ဖခင်ကြီး၏ အတွင်းစိတ်ကို မိမိ
နားအလည်ဆုံး ဖြစ်သည်။

ဖခင်ကြီးမှာ မိမိအပေါ်၌ အလွန်တရာ ချစ်ရှာသည်။
အလွန် အလိုလိုက်သည်။ သမီးက နှစ်ခွန်းမပြောရ၊ လိုချင်သမျှ
ပစ္စည်းကို ရှေ့မှောက်သို့ ရောက်လာစေပါသည်။ ထို့ပြင် မိမိ
တို့သားအမိအပေါ်တွင်လဲ ဖခင်ကြီးသည် တာဝန်ကျေပြွန်ပါ
သည်။

အိမ်၏ စားဝတ်နေရေးမှန်သမျှကို ဘာတစ်ခုမှ မပူမပန်
မကြောင့်မကြရအောင် ဆောင်ရွက်ပေးနေရှာသည်။ ရွှေဆိုရွှေ
ငွေဆိုငွေ အလုံးစုံပြည့်စုံအောင် လုပ်ကိုင်ပေးထားပါလျက်
၍လိုဖခင်မျိုး အပေါ်၌ စိတ်နှင့်တောင် မပြစ်မှားထိုက်ကြောင်း
ကို ထားထား သဘောပေါက်ထားပါလေသည်။

သို့သော် အိမ်ကြီး၏ ခြောက်သွေ့တိတ်ဆိတ်မှုဒဏ်ကို
နှစ် နှင့်ချီ၍ ခံစားလာရကာ ဖိစီးမှုကို ရုန်းကန်တွန်းဖြိုချင်သည့်
ဆန္ဒများ ထားထားရင်ထဲ၌ အမှန်ဖြစ်ပေါ်နေမှာကိုတော့
*မောင်မျိုးညွန့် သနားညှာတာမိပါသည်။*

''ကုန်တွေ ညနေပိုင်းလောက်ဆို တင်လို့ပြီးသွားမှာပဲ
ညပိုင်းလောက်ကို ထွက်မှာပေါ့ ထားရယ်''



www.burmeseclassic.com

www.burmeseclassic.com



ထားထားက ရေပြင်ကို ခပ်ငေးငေးကြည့်နေရင်း သက်ပြင်းရှိုက်နေသည်။ မျက်ဝန်းမှာ မျက်ရည်များကလည်း ကျလုကျခင်ရှိနေသည်။

''ကိုကို ဘယ်တော့လောက် ပြန်လာဦးမှာလဲဟင်''

မောင်မျိုးညွန့် ရင်နင့်သွားသည်။ တကယ်ဆိုလျှင် ထားထား မေးသော မေးခွန်းကို ရုတ်ခြည်းပြန်ဖြေလိုက်ဖို့ ကောင်းပါသည်။ သူမသိမသာ သက်မချလိုက်ပြီး . .

''ဒါကတော့ ကုန်သည်တွေရဲ့ သဘောပဲ ထားရယ်၊ သူတို့က ငှားရင် မနက်ဖြန် သန်ဘက် ရောက်ချင်ရောက်လာမှာပဲ၊ ဒါမှမဟုတ် အထက်အညာကို ငှားရင်လဲ လိုက်ရမှာပဲထား၊ အငှားရှိရာကို လိုက်ရမယ့်ဘဝက လှေသမားတွေရဲ့ဘဝပဲ၊ ကိုယ့်လှေကိုယ်ထိုး ပဲခူးရောက်ရောက်ဆိုတာမျိုး လုပ်လို့မရဘူး ကိုကိုတို့က ကိုယ့်လှေနဲ့ သူများ စိတ်ပါထားရာ''

ချစ်သူကို အတတ်နိုင်ဆုံး သဘောပေါက်အောင် ရှင်းပြလိုက်သည်။ ထားထားက လှေဦးရှိ ခုံကလေးတွင် တင်မလွှဲဝင်ထိုင်လိုက်သည်။ မြစ်ပြင်မှ တိုက်ခတ်လာသော လေနုအေးသည် ထားထား၏ တစ်ပတ်လျှို ထုံးထားသည့် ဆံဖျားကလေးတို့ သာသာ ဝှေ့ဝှေ့ တိုးနေသည်။

''အကြာကြီး နေမှာပေါ့နော်''





မောင်မျိုးညွန့်က ချစ်သူ၏ဆံဖျားများကို ကြည့်နေရာမှ အကြည့်ကို ခွာလိုက်ပြီးနောက် . .

''ဪ . . ကိုကို ပြောနေပြီပဲကွယ်၊ ကြာတယ် မြန်တယ် ဆိုတာက ကုန်သည်တွေအပေါ်မှာ မူတည်နေတယ်လို့၊ ထား ဘာလို့ မေးနေတာလဲကွယ်''

''ထား တစ်ယောက်တည်း အကြာကြီး နေရမှာကို ကြောက်ကြောက်နေတယ် ကိုကိုရယ်''

မောင်မျိုးညွန့် မရယ်ချင်သော်လည်း လုပ်ရယ်လိုက်ပြီး

''ခက်ပါလား ထားရယ်၊ ထားတစ်ယောက်တည်းမှ မဟုတ်တာ၊ ထားမေမေလဲ ရှိနေသားနဲ့၊ ဘာတွေ လျှောက်ပြောနေရတာလဲ''

ထားထားက ခေါင်းကို လေးပင်စွာ ယမ်းလိုက်သည်။ ဆံထုံးရင်းတွင် တစ်ပွင့်တည်း ပန်ဆင်ထားသည့် နှင်းဆီနီက လေးမှာ ဘယ်ညာရွေ့နေသည်။ ;

''ကိုကိုလဲ သိသားနဲ့၊ မေမေနဲ့ ထားဟာ ဒီအိမ်ကြီး ထဲမှာ အတူတူနေကြပေမယ့် သူစိမ်းတွေလိုပါပဲ ကိုကိုရာ၊ မေမေ က ချက်ရေး ပြုတ်ရေး လုပ်ရေးကိုင်ရေးသာ ဟိုဟာလုပ်လိုက်၊ ဒီဟာလုပ်လိုက်လောက်သာ စကားပြောစီမံတာပါ၊ ကျန်တဲ့ အချိန်မှာတော့ ပုတီးကိုင်ပြီးနေတာရယ်၊ ဘုရားခန်းထဲဝင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ရယ် မျှားတာ၊ ထားမှာ အဖော်ရယ်လို့ ဘယ်မှာရှိလို့လဲ၊ ဖေဖေ ဆိုတာကလဲ တစ်လတစ်ခေါက်တောင် ပြန်ချင်မှပြန်လာတာမျိုး လာပြန်တော့လဲ ချက်ချင်းပြန်သွားတာပဲ၊ ကိုကို သိလား၊ ထား ဒီအိမ်ကြီးမှာ နေနေရတာလေ ငရဲ ရောက်နေသလိုပဲ အဟုတ် ပြောတာ''

ရင်ထဲရှိသမျှ ပေါက်ကွဲလာသလို လေသံပါ မာလာသေ သည်။ မောင်မျိုးညွန့်က ထားထား၏ ပခုံးကို အသာဖွဖွ ကိုင်လိုက် ရင်း . .

''မတွေးကောင်း မတွေးအပ်တာတွေ ဘာလို့ တွေး ရတာလဲ ထားရယ်၊ လူကြီးတွေက အရာရာပြည့်စုံအောင် စီမံ ပေးထားပြီပဲ၊ ပြီးတော့ ဦးကြီးသောင်လဲ လာလာနေတယ် မဟုတ်လားကွယ်''

ထားထား မျက်နှာကြောတင်းသွားသည်။ အံသွားများ ကို တင်းတင်းကျိတ်လိုက်ပြီး ခပ်ဆတ်ဆတ် ပြောသည်။

''တော်စမ်းပါ ကိုကိုရာ၊ ဖေဖေ့အစ်ကိုဆိုလို့သာ ဒီလူကြီး ကို အမျိုးတော်နေရတာပါ၊ လူကဖြင့် သေခါနီးနေပြီ၊ သိပ်မုန်းတာပဲ အရက်ပဲခွဲသောက်နေတာ၊ အိမ်ကိုလာရင်လဲ မူးမူးရူးရူးနဲ့ လာတာ လာတာလဲ အကောင်းလာတာ မဟုတ်ဘူး၊ မေမေ့ဆီက ငွေလာ တောင်းတာပါ၊ သိပ်နှိပ်စက်တဲ့ အသုဘကြီး''





''အို . . လူကြီးတွေကို ဒီလိုမပြောရဘူး၊ ငရဲကြီး ထိမ့်မယ်''

''ကြီး . . ကြီး . . ခုမှကြီးတာ မဟုတ်ဘူး၊ သူလာတိုင်း ကြီးနေတာ''

စိတ်ဆိုးမာန်ဆိုး ပြောသံကလေးကပင် ကလေးဆန် နေသဖြင့် မောင်မျိုးညွန့် ပြုံးလိုက်မိပါသည်။ တကယ်တော့မူ ထားထား ကိုယ်တိုင်ကလည်း ကလေးစိတ် မကုန်ချင်သေးပါ။ ဆိုးချင် နွဲ့ချင်စိတ် ကလေးက တစ်ခါတစ်ရံ ပေါ်လာတတ်သည်။

ယခုလည်း ချစ်သူမောင်မျိုးညွန့်အပေါ်၌ပင် မိမိ၏အစ် ကို တစ်ယောက်လို အနိုင်ယူ ဆိုးချင်နေသေးပါသည်။

''တစ်နေ့တော့လဲ သူ့ဘာသာသူ အသိတရား ရချင်ရ လာမှာပါ''

''ဟွန်း . . သေတောင် အသိတရား ရှိမယ့်လူ မဟုတ်ဘူး''

အနိုင်ယူပြောနေလို့တော့ ရမှာမဟုတ်မှန်း သိလိုက် သည်။

''ထားပါတော့ ထားရယ်၊ မေမေက ကိုကိုတို့ကိစ္စအ တွက် ဘာပြောသေးလဲ''

ထားထား၏ မိခင်ကို မောင်မျိုးညွန့်ကလည်း ထားထား



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သလို 'မေမေ'ဟု ခေါ်သည်။ ထားထားက ရှက်သွေးဝေနေသည့် မျက်လုံးဖြင့် မောင်မျိုးညွန့်အား မကြည့်ဝံ့ကြည့်ဝံ့ မော့ကြည့်သည်။

"လာမယ့် သီတင်းကျွတ်လောက်မှာ သမီးတို့မင်္ဂလာကိစ္စကို စီစဉ်မယ်တဲ့လို့ ပြောတာပဲ ကိုကို"

"ကောင်းတယ် ထား။ ကိုကိုလဲ မြန်မြန်နီးချင်လှပြီ"

ထားထားက ထိုင်နေရာမှ ထရပ်လိုက်သည်။ မျက်နှာချင်း ဆိုင်ရပ်နေရာမှ မောင်မျိုးညွန့်၏ရင်ကို လက်သီးဆုပ်ကလေးဖြင့် ခပ်သာသာထုရင်း . .

"အမယ် . . သူကပဲ ပြောရတယ်လို့"

မောင်မျိုးညွန့်က ထားသား၏ လက်သီးဆုပ်ကလေး နှစ်ဖက်ကို ဖမ်းကိုင်ထားရင်း တိုးတိုးမေးသည်။

"နို့ . . ထားက မနေချင်သေးလို့လား"

"မေးနေရသေးလား။ ထားကလေ ကိုကို့ကို လုံးဝစိတ်မချဘူး သိလား"

"ဘာဖြစ်လို့"

"လှေသမားတွေဟာ မယားတစ်ရွာတစ်ယောက် ထားကြတာခုပဲ ဘယ်နှစ်ရွာမှာ ဘယ်နှစ်ယောက်ရှိနေပြီလဲမှ မသိတာ"

မောင်မျိုးညွန့်က တဟဲဟဲ ရယ်မောရင်း . .





"ယုံပါဗျာ၊ ထားမှတစ်ပါး အပိုမထားဝံ့ပါဘူးတဲ့၊ သစ္စာဆိုခဲ့ပါတယ် ထားရယ်"

"ယုံပါဘူး။ ဒီက သူပြန်သွားတာနဲ့ ငိုကျန်ရစ်တာ၊ ဟိုတစ်ခေါက်ကလဲ တစ်လဆိုပြီး ပေါ်မလာဘူး။ နှစ်လခွဲလောက် ကြာသွားတယ်၊ မှတ်မိလား။ ဘာလို့ အဲသလောက်ကြာသွားလဲ ပြောစမ်း"

ချက်ချင်းပင် ပြန်ဖြေသည်။

"လှေက ယိုယိုနေလို့ ပြန်ပြင်နေရတာရယ်၊ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ ဆင်ခြေပေးပါဦး"

"ဆင်ခြေ မဟုတ်ပါဘူး ထားရဲ့၊ တကယ်ပါ ပြီးတော့ ကိုကို တို့အိမ်မှာ ရောက်နေတဲ့ ညီ့သည်တစ်ယောက်ကလဲ . .
"

စကားမဆုံးခင် ထားထားက ဖြတ်မေးသည်။

"ညီ့သည် ဟုတ်လား။ ယောကျ်ားလား မိန်းမလား"

"စကားဆုံးအောင် နားထောင်ပါဦး။ ယောကျ်ားပါ၊ သူက သူ့အတွက် မြင်းတစ်ကောင် ရှာပေးပါဆိုလို့ လိုက်ရှာပေးနေရတာနဲ့"

ထားထားက မျက်ခုံးကလေးပင့်ကာ . .

"အဲဒီလူက ထားထက် အရေးကြီးနေလို့လား"

"အရေးကြီးလို့ မကြီးလို့တော့ မဟုတ်ပါဘူး၊ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ညှို့သည်ဖြစ်နေလို့ပါ၊ ပြောရရင်တော့ အဲဒီလိုလူကို ကိုကို ရေထဲက ကယ်တင်လာခဲ့တာ၊ သူ့အသက်ကို ကယ်ခဲ့တာ ကိုကိုပါ။ အိမ်ကိုခေါ်လာပြီး ပြုစုစောင့်ရှောက်ထားတာလဲ ကိုကိုပဲ ဖြစ်နေတယ် မဟုတ်လား၊ ကူညီသက်စနဲ့ ကူညီနေရတာပါ''

ထားထားက မျက်မှောင်ချိုလိုက်သည်။

''ကိုကိုနဲ့ အဖြစ်ချင်းတူနေတာကိုး၊ ကိုကို့ကိုတော့ ဖေဖေက အသက်ကယ်ခဲ့တယ်၊ ကိုကိုက ဟိုလူကို အသက်ကယ်တယ် ကိုကိုတို့ အလုပ်က မလွယ်ပါဘူး၊ ရေထဲမှာ လုပ်ကိုင်နေရတာ အသက်ဘေးနဲ့ အလွန်နီးတာပဲနော်''

မောင်မျိုးညွန့်က ပြုံးသည်။ ထို့နောက် ဦးခေါင်းခါပြရင်း

''အဲဒီလူက ကိုကိုတို့လိုလှေသမားတော့ မဟုတ်ဘူး။ သူ ပြောလို့ ကိုကိုသိသလောက်ဆိုရင် မြင်းတစ်စီးနဲ့ ခရီးလှည့်နေတာတဲ့၊ ပြီးတော့ ဗိုလ်မြတ်ထွန်းရဲ့ တပ်သားလို့လဲ အခိုင်အမာ ပြောတယ် ထားရယ်၊ ဘာကို ယုံရမှန်းတောင် မသိပါဘူး''

စိုးရိမ်မကင်းသော မျက်နှာသို့ ပြောင်းသွားသည်။ ထားထားသည် မောင်မျိုးညွန့်ကို အတော်ကြာအောင် စိုက်ကြည့်နေမိသည်။ ထို့နောက် လေသံတိုးတိုးတိမ်တိမ်နှင့် ပြောနေသည်။

''ကိုကိုနော်၊ ဘုမသိဘမသိနဲ့ ဘာတွေလျှောက်လုပ်နေတာလဲ၊ မင်းလှေမျောလဲ မဆယ်နဲ့တဲ့ နားရွက်တိုနဲ့ ခြေနှစ်





ချောင်းလဲ မကယ်နဲ့တဲ့ ကိုကိုမကြားဖူးဘူးလား၊ တော်ကြာ အစိုးရမင်းတွေ ကြားသိသွားလို့ ဖမ်းလားဆီးလား လုပ်နေပါဦးမယ်တော်''

မောင်မျိုးညွန့်က ချစ်သူအား စိတ်မပူရန် နှစ်သိမ့်လိုက်ပါသည်။

''မစိုးရိမ်ပါနဲ့ ထားရယ်၊ အဲဒီလူက အနေအထိုင်ပိပါတယ်၊ ပြီးတော့ စကားလဲ မဖွာဘူး၊ အေးအေးနေတာပါ၊ အဲဒါကြောင့် တော်ရုံတန်ရုံလူတွေ မသိနိုင်ပါဘူး''

ဤမျှနှင့်ပင် ထားထားမှာ စိတ်မချနိုင်သေးပါ မောင်မျိုးညွန့်ကို ထပ်၍ သတိပေးလိုက်ပါသည်။

''ကိုကိုနော် သူ့ကို ကြာရှည်လက်ခံမထားနဲ့၊ တော်ကြာ တိုယ် ဒုက္ခရောက်နေပါ့မယ်၊ မောင်မင်းကြီးသား မြန်မြန်ကြွမယ်ဆိုရင် ကြွပစေ သိလား''

''ဟုတ်ကဲ့ပါဗျာ''

မောင်မျိုးညွန့်က နောက်သံဖြင့် ပြောလိုက်သည်။ ထိုတဲ့သို့ အတည်ပြောနေသည်ကို မောင်မျိုးညွန့်က ရွှတ်ပျက်ပျက်လုပ်ရပ့် မလားဟု ထားထားက မျက်စောင်းထိုးရင်း မောင်မျိုးညွန့်၏ ဗိုက်ခေါက်ကို နာနာကလေး ဆွဲလိမ်လိုက်တော့သည်။

''အမယ်လေး .. ကျွတ် .. ကျွတ် .. ကျွတ်..''



www.burmeseclassic.com

သွားတော့မယ်ဆို မတားနဲ့ကွယ်

၁၆။

''ညီလေးတို့ ဒီတစ်ခေါက် ခရီးထွက်တာ အတော်ကြာ တယ်နော်''

''ဟုတ်တယ် ကိုကြီး၊ ဒီတစ်ခေါက် ညီလေးတို့လှေကို ချောင်တုန်းက ကုန်သည်ကြီးတစ်ဦးက စင်းလုံးငှားတယ်လေ၊ အဲဒါ ချောင်တုန်းမှာ ကုန်တင်ရင်းနဲ့ ရက်အတော်ကြာသွား တယ်''

မောင်နေဦးက စိတ်ဝင်စားသွားသလို ထေးစိုက်သွားပြီးမှ





မြန်းလိုက်၏။

''ဪ်,, ညီလေးရဲ့ ဖခင်က ဟိုတစ်နေ့က ထင်တယ် ညီလေးကြောင်းနဲ့စကားစပ်ပြီး ပြောမိကြသေးတယ်၊ အဲဒီ ချောင် တုန်းသူတစ်ယောက်နဲ့ ညီလေး တွေ့ထားတယ်ဆို''

မောင်မျိုးညွန့်က ဦးခေါင်းကို တဆတ်ဆတ်ညိတ်နေရာမှ

''ဟုတ်တယ် ကိုကြီး၊ သူ့နာမည်က ထားထားတဲ့၊ လူ ကြီးချင်းလဲ စကားပြောပြီးနေပါပြီ လာမယ့် သီတင်းကျွတ်မှာ မင်္ဂလာကိစ္စလုပ်ဖို့ပဲ ကျန်တော့တယ်''

''ဪ်.. နာမည်ကလေးက ထားထားတဲ့လား၊ ထား ထားဆိုတဲ့ နာမည်လေးက လှသားပဲ၊ လူလဲ လှမှာပေါ့နော်''

ရယ်သံနှောသော အသံဖြင့် မောင်မျိုးညွန့်က ''မဆိုးပါ ဘူးလို့ ပြောရမှာပေါ့ အထက်အညာကျေးက မခင်လေးလို့ ပြောရရင် သူ့အထိုက်အလျောက်တော့ လှပါပေတယ်'' ဟုဆို လိုက်သည်။

မောင်နေဦးက..

''ဪ် .. အထက်သူလား''

''ဟုတ်ပ၊ သူတို့မိသားစုက အထက်ဘက်ကတဲ့၊ ဒါ ပေမယ့် သူတို့ ဒီချောင်တုန်းကို ရောက်လာတာဆို အတော် ကြာကြပြီ၊ ထား တစ်သက်လောက် ရှိပြီလေ၊ ဒီမှာက စီးပွားရေး

www.burmeseclassic.com



လုပ်ငန်းဆောင်တာ ကောင်းလို့ အခြေချကြတာတဲ့''

''ညီလေးပြောတာနဲ့ပဲ ခယ်မတော်ကို တွေ့တောင် မှုးချင်လာပြီ''

''ရပါတယ် ကိုကြီးရယ်၊ လာမယ့် သီတင်းကျွတ်မှာ ကျ တော်တို့ မင်္ဂလာပွဲပဲ၊ ကိုကြီးပါ လိုက်ခဲ့''

မောင်နေဦး အတန်ကြာအောင် ငိုင်တွေးနေမိသည်။ ကယ်တော့ သူသည် ဘုရင့်သစ္စာတော်ခံ 'ဖြူ' ဌာန၏ ခေါင် ဆောင် ဖြစ်သည်။

ထိုဌာနမှ စိတ်ချယုံကြည်စွာဖြင့် စေလွှတ်လိုက်သော အမာခံတစ်ယောက် ဖြစ်သည့်အပြင် သစ္စာအရှိဆုံးဟုလည်း ယုံကြည်ထား ကြပေသည်။

ရန်သူကို မြေလှန်ရှာပါမည် ဟုလည်း သစ္စာဆိုခဲ့ပြီးပြီ ထို့ပြင် ယုံကြည်ရသောသူနှင့် လက်ရည်တူညီမျှသော ရဲမက်များ ကိုပင် နေပြည်တော်သို့ ပြန်၍လွှတ်လေပြီ။

ဤတာဝန်ကို သူတစ်ယောက်တည်းပင် တာဝန်ယူ ဆောင်ရွက်တော့မည်ဟုလည်း ကတိပေးလိုက်ချေပြီ။ ကတိကော အတိုင်း ရန်သူ၏ခြေရာကို ကောက်၍ လိုက်လံရှာဖွေရဦးမည်

ရန်သူသစ္စာဖောက်က မြေလျှိုးမိုးပျံနေသော်လည်း တစ်နေ့နေ့တွင် မတွေ့တွေ့အောင် ရှာလျက် အပြတ်ရှင်းရမည်





သိက သူ့နှလုံးသားထဲမှာ စွဲထင်နေပါ၏။ ထို့ကြောင့် ဤမျှ မ်းအေးသော အရပ်၌ ကျောက်ချကာ မနေနိုင်ပါ။

သည့်ပြင် အများသူငါလို ပျော်ပွဲရွှင်ပွဲ မင်္ဂလာပွဲတို့ကို စောင့်ကာ ဝိုင်းဝန်းကူညီနိုင်သည့် အချိန်ကို သူ မပေးနိုင်။ နိုင်လောက်အောင်လည်း အချိန်မရှိ။ အချိန်နှင့်ဒီရေသည် ကိုမစောင့်ဟု ဆိုးမ ကြသည်။

ဤစကားသည် အလွန်မှန်သည်။ မောင်မျိုးညွန့်တို့အိမ် မှာ သူသောင်တင်နေသည်မှာ တစ်လကျော် နှစ်လနီးပါး ရှိခဲ့လေ ထိုသို့ နေနေရသည်မှာလည်း သူပျော်၍ နေထိုင်ရသည်ကား တော့။ သူ့ ကျန်းမာရေးကြောင့် ဖြစ်၏။

သူ့ကို ရေထဲက ဆယ်တင်လာပြီးကတည်းက သူ့ကျန်း မာရေးမှာ သိပ်မမှန်ချင်။ ရွှေတစ်နေ့ ငွေတစ်နေ့ဆိုသလို ခု ကောင်းနေရာမှ ချက်ချင်းလက်ငင်း အဖျားတက်ချင် တက်လာ တတ်သည်။

အဖျားတက်နေရာမှ ချက်ချင်းကျသွားကာ လူ ကောင်းပကတိ ရှိချင်ရှိသွားတတ်ပြန်သည်။ မသိသူများကဆို ချင် မူယာမာယာ များသည်လို့ပင် ထင်ကောင်းထင်နိုင်သည်။

ဤအဖြစ်ကို မောင်မျိုးညွန့်တို့ မိသားစုတစ်တွေကသာ းလည်စာနာခဲ့ကြပါ၏။ မောင်မျိုးညွန့်၏ မိခင်ကြီး ဒေါ်ရွှေလှ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးသည် အထူးတင်စရာ ဖြစ်သည်။

သူ့အပေါ်၌ တကယ့်သားတစ်ယောက်လို ဂရုစိုက်သည်။ ဆေးကို အိမ်မှမပြတ်စေရ၊ ကွမ်းရွက်နှင့် ငန်းနီကျော်ဆေးကို အမြဲ ဆောင်ထားသည်။

အဖျားတက်ပြီဟေ့ ဆိုတာနှင့် တပြိုင်တည်း ကွမ်းရွက် ပြုတ်ရေနှင့် ဆေးကို တစ်ခါတည်း တိုက်ချပေးသည်။ ထို့နောက် စောင်အထပ်ထပ်ခြုံကာ ချွေးအောင်းချွေးထုတ်ပေးကြပါ၏။ ချွေးတွေ နစ်နေအောင် ထွက်လာသည်နှင့် ထိုချွေးများကို အဝတ်သန့်သန့်ဖြင့်သုတ်ကာ အဝတ်သစ် . အစားသစ်များကို လဲလှယ်ပေးကြပါသည်။

သူ့ကို ဒေါ်ရွှေလှို့က ကလေးတစ်ယောက်လို ပြုစုပေး သဖြင့် ကြာတော့ အားပင်နာလာတော့သည်။ ဤမျှအထိ မလုပ်ပေးကြပါရန် တောင်းပန်သော်လည်း မရပါ။

ဤသို့ အပြုအစု အစောင့်အရှောက် ကောင်းလွန်းသော ကြောင့်ပင် သူ့ရောဂါမှာ ယခု၌ ကောင်းစွာပျောက်ကင်းသွားချေ ပြီ။ နေထိုင်ကောင်းနေပြီမို့ သူဤအိမ်ကခွာဖို့ တွေးသေးသည်။

သို့သော် ရှတ်တရက်ကြီး ထွက်ခွာသွားဖို့ မကောင်း သေးဟု စဉ်းစားရပြန်သည်။ ကျေးဇူးရှင်များကို ကျေးဇူးမဲ့ရာ ကျနေမည်ကို စိုးရသေးသည်။ အလိုက်မသိသူတစ်ဦးလို





အထင်အမြင်ခံရမည် စိုးသဖြင့် မှင်သေသေနှင့် နေနေရခြင်း ဖြစ်သည်။

ထို့ပြင် နောက်တစ်ချက်လည်း ရှိသေးသည်။ သူရေထဲ မျော နေစဉ်ကပင်လျှင် သူ့လက်နက်ပစ္စည်းများသည် ရေ၌ဆုံး ရှုံးခဲ့ရလေပြီ။ ယုတ်စွအဆုံး မြင်းကြီး အာကာပင် သေသလား ရှင်သလား အမှန်ကို မပြောတတ်နိုင်တော့ပေ။

ထို့ကြောင့် ဆုံးရှုံးသွားသော ပစ္စည်းများကို ပြန်လည်စု ဆောင်းရဦးမည်။ ထိုအတွက် အချိန်နည်းနည်းပေးရဦးမည် ဖြစ်သဖြင့် ဤအိမ်ကြီးမှာ သောင်တင်နေရခြင်း ဖြစ်ပါသည်။

မောင်နေဦး၊ လေသံကိုနှိမ့်၍ . .

''လိုက်ချင်ပါရဲ့ ညီလေးရယ်၊ ဒါပေမယ့် ကိုကြီးမှာက မပြီးဆုံးသေးတဲ့ တာဝန်တွေ ကျန်နေသေးတယ်၊ ကိုကြီး ခရီး ထွက်ရလိမ့် ဦးမယ်ကွယ့်''

စိတ်နှလုံး ထိခိုက်စွာဖြင့် မောင်မျိုးညွန့် မော့ကြည့်သည်။ ရေထဲက ကယ်တင်လာတုန်းက မိမိသည် ဤလူစိမ်းအပေါ်၌ သည်မျှအထိ သံယောဇဉ်တွယ်မိလိမ့်မည် မထင်ခဲ့ပါ။

ခုတော့ အတူနေခဲ့ ရသဖြင့်လား မပြောတတ်၊ ထို့ပြင်လဲ မိမိမှာက ညီအစ်ကို မောင်နှမ ဟူ၍ တစ်ယောက်မျှ မရှိခဲ့ပါပေ။ မိခင်ဖခင်တို့က မိမိတစ်ယောက်တည်း မွေးဖွားပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



သားသမီးရတနာ မထွန်းကားခဲ့သေးပါ။

ထို့ကြောင့် ညီအစ်ကို မောင်နှမများကို တမ်းတမိသည် တောင့်တမိသည်။ အများသူငါများတွင် အစ်ကို၊ အစ်မ၊ နှမဟု ခေါ်သံ ဆက်ဆံသံများကို မြင်ရတွေ့ရလျှင် "သူများတွေကို ပါလဲ ညီအစ်ကို မောင်နှမတွေနဲ့ နေချင်လိုက်တာ"ဟု စိတ်က ဖြစ်ပေါ်မိသည်။

သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နေသည်ကို အားကျမိ၏။ ထိုအနေမျိုးကို မရရှိသော အခါ၌ စိတ်အားငယ်ခဲ့ရသည်။ ယခု အစ်ကိုတစ်ယောက် ကောက်ရသလို ဝမ်းသာ၍မှ မဆုံးသေးခင်မှာ ပင် ထိုအစ်ကိုက မိမိတို့နှင့် ခွဲခွာသွားတော့မည်ဟု ပြောလိုက်သည့် အခိုက်၌ပင် မိမိရင်တွင် ဆို့တက်သွားသလို ခံစားလိုက်ရပါသည်။

"မသွားပါနဲ့တော့လား ကိုကြီးရာ"

မောင်နေဦး ခေါင်းကို တစ်ချက်နှစ်ချက် ယမ်းလျက် ..

"မသွားလို့ မဖြစ်လို့ပါ"

"ကျွန်တော်က ကိုကြီးကို ကျွန်တော်တို့နဲ့ တစ်သက်လုံး နေသွားစေချင်တာ"

"ကိုကြီး ယုံပါတယ်၊ ဒါပေမယ့် .."

လေသံမှာ တိမ်ဝင်သွားသဖြင့် မောင်နေဦး စကားဖြတ်





လိုက်သည်။

"ကိုကြီး သွားတော့မယ်ဆိုတော့ ကျွန်တော် စိတ်မကောင်းဘူးဗျာ"

"ဩော် .. ညီလေးရယ်"

ထို့နောက် အသံများသည် တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

★

မောင်နေဦးသည် ဦးကြာဆိုင်နှင့် ဒေါ်ရွှေလှဲတို့၏ ရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်သည်။ ထို့နောက်

"ဘဘတို့ မေမေကြီးတို့ရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီး ရှိပါတယ်၊ ပြီးတော့ ကျွန်တော့်ကို သားတစ်ယောက်လို ပြုစုယုယခဲ့တာတွေကို ကျွန်တော် တစ်သက်မေ့နိုင်စရာ မရှိတော့ပါဘူး၊ ကျွန်တော် အမြဲသတိရနေမှာပါ၊ ခုလဲ အဲဒီကျေးဇူးတွေကို ပြန်ဆပ်နိုင်တဲ့အခွင့် မရှိသေးတဲ့အခါမို့ ထက်အုပ်ချီပြီး ကန်တော့ခဲ့ပါရစေ၊ ကျွန်တော့်အပေါ်မှာ ခွင့်လွှတ်ကြပါတော့"

ဟု လေးလေးနက်နက်ကြီး ပြောရင်း ကန်တော့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြာဆိုင်မှာ အကန်တော့ခံရင်း ရီဝေသော မျက်လုံးများဖြင့် မောင်နေဦးကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ

''ငါ့သားလေး မိမှန်းဖမှန်း ဆရာသမားမှန်း ကျေးဇူးရှင်မှန်း သိတတ်တဲ့သားလေးမို့ သွားလေရာ လာလေရာမှာ ခလုတ်မထိ ဆူးမငြိဘဲနဲ့ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်ပါစေလို့ ဘဘ ဆု တောင်းပေးလိုက်ပါတယ်''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ''

အခန်းထဲ၌ စကားသံများ ခေတ္တတိတ်ဆိတ်သွားတော့သည်။ အားလုံးမှာ ရင်နာနင့်မောလျက်ရှိပြီး မျက်လုံးတွေမှာ ရီဝေမှုန်မှိုင်းနေကြ၏။

ခွဲခွာရတော့မည်ဟူသော အသိက ရင်ထဲမှာ ပူပြင်းစွာ တောက်လောင်ကျွမ်းနေကြသည်။ ဘယ်နေ့ ဘယ်ရက်၊ ဘယ်နှစ် ဘယ်ကာလမှ ပြန်လည်ဆုံဆည်းတော့မည့် အခြေအနေကို လုံးဝမမျှော်မှန်းနိုင်ကြတော့သဖြင့် ရင်မှာပွင့်မတတ် ခံစားနေရပေသည်။

''မေမေကြီး ကျွန်တော့်ကို ခွင့်လွှတ်ပါနော်''

ခြောက်နေသော စကားသံအဆုံးတွင် ဒေါ်ရွှေလှဲ့ထံမှ ရှိုက်သံကလေး ထွက်လာသည်။ ဒေါ်ရွှေလှဲ့မှာ မျက်ရည်စများကို သဘက်ဖြင့် သိမ်းနေရင်း အကြည့်ကို ကွယ်ထားမိသည်။





ဦးကြာဆိုင်မှာ ယောကျ်ားပီပီ စိတ်ကိုထိန်းထားလျက်

''မလှဲ့ရယ်၊ သားက သေလမ်းသွားတာမှ မဟုတ်တာ၊ ဘာလို့ ငိုရတာလဲ၊ စိတ်ကိုထိန်းမှပေါ့''

''ကိုကြာဆိုင်ရယ်၊ ကျွန်မ ရင်ထဲမှာ မချိလွန်းလို့ပါ''

''မသေတစ်နေ့ တွေ့ကြရဦးမှာပါကွာ၊ စိတ်ဖြေမှပေါ့''

''ဒါတော့ ဒါပေါ့ ကိုကြာဆိုင်၊ ဒါပေမယ့် မျက်စိကွယ်ရာ နားကွယ်ရာဆိုတော့ ကျွန်မမှာ ဘယ်လိုစိတ်ချနိုင်ပါ့မလဲ၊ နေများမကောင်းဘူးလား၊ ဖျားနာနေမလား စတဲ့အတွေးတွေနဲ့ ကျွန်မသောက ရောက်နေရမှာရှင်ရဲ့''

ဦးကြာဆိုင်က ရှေ့မှ ကွမ်းအစ်ကို လှမ်းယူရင်း . .

''မင့်နှယ်၊ ပူစရာရှားလို့ ပူတတ်ရန်ကောကွာ''

ဟု ဆိုလိုက်သည်။ ဒေါ်ရွှေလှဲ့မှာ တဘက်ကို ပခုံးတွင် တင်ရင်း ဦးကြာဆိုင်အား မျက်စောင်းစွေကြည့်လိုက်ပြီးမှ . .

''ဘယ့်နှယ်ပြောပါလိမ့်တော်၊ သားဆိုးသမီးဆိုးတောင် မိဘက ပူရသေးတာပဲရှင်ရဲ့၊ ဒီလိုလိမ္မာတဲ့ သားကို မပူဘဲနေနိုင်ပါ့မလဲ''

ဟု ပြောလိုက်တော့သည်။

ကာကယ်တော့လည်း သူ့ကို ဦးကြာဆိုင်တို့ဇနီးမောင်နှံက အားရင်းကဲ့သို့ ချစ်ခင်နေသည်ကို သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ နေမကောင်း ထိုင်မသာရှိမှသာလျှင် အိမ်မှုကိစ္စများ ဝိုင်း မလုပ်ပေးတာ ရှိသည်။ နေကောင်းလာတာနှင့် တပြိုင်တည်း သူ အငြိမ်မနေတော့ပေ။ ထင်းခွဲစရာရှိလျှင် ထင်းခွဲသည်။ နွားစာ ကျွေးစရာရှိလျှင် နွားစာကျွေးသည်။ ရေခပ်စရာရှိလျှင် ရေခပ်သည်။

ဤသည်က ဘဘရေချိုးဖို့၊ ဤသည်က မေမေကြီး ရေချိုး ဖို့ဖြင့် အားလုံးအဆင်သင့် ရှိနေသည်။ စားဦးစားဖျားကအစ သူ ဂရုစိုက်ပြုစုပေးကျွေးခဲ့သည် မဟုတ်ပါလား။

ထိုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည်များကို ဤ အဘိုးကြီး ဇနီးမောင်နှံတို့သည် လွယ်ကူစွာ မေ့နိုင်စွမ်းတော့မည် မဟုတ်မှန်းကို သူသဘောပေါက်ပါ၏။

သို့သော် သူ့မှာက တာဝန်တွေ ရှိသေးသည်။ ဖြူဖြာနှ၏ တာဝန်ဝတ္တရားများကို သူမဆောင်ရွက်၍ မဖြစ်သေးပါ။ သစ္စာ ဖောက် ငမိုက်သား ကိုခေါင်ကို တောနင်းရှာရဦးမည်။

ထိုငမိုက်သားကို တွေ့ရာသချိုင်း ခါးမဆိုင်း ရှင်းရမည် မဟုတ်ပါလော။ ထို့ကြောင့် သူသည် အိမ်ကြီး၌ ကျောက်ချ၍ မနေနိုင်သေးချေ။

သွားရဦးမည်။ ရှာရဦးမည်။ သူအားတင်းလိုက်သည်၊ ကြာရှည်စွာ မနေသင့်တော့ကြောင်း သူတွေးလိုက်၏။ ကြာရှည်စွာ ထိုင်နေမိလျှင် တစ်ထိုင်မှ တစ်ရက်သို့ ကူးချင်ကူးသွားနိုင်သည်၊





ထို့ကြောင့် . .

''အချိန်သိပ်မရှိတော့လို့၊ ကျွန်တော့်ကို ခွင့်ပြုကြပါဦး''

သူ ဖူးထောက်ထိုင်နေရာမှ လေးဖင့်စွာ ထလိုက်သည်။ ဒေါ်ရွှေလှ၏ ရှိုက်သံများ ပို၍ထွက်ပေါ်လာနေသည်။ သူ ခေါင်းငိုက် ထားမြဲထား၍ လှည့်လိုက်သည်။

''သားရယ် မသွားလို့ဖြစ်ရင် မေမေကြီးတို့နဲ့ တစ်သက် လုံး နေပါတော့လားကွယ်''

ကြေကွဲဆို့နစ်သော စကားများက သူ့ကျောကို ဖောက် ဝင်ကာ နှလုံးသားထဲသို့ စိမ့်ဝင်လာသည်။ သူ့ခြေလှမ်းသည် တန့်လုတန့်ခင် ရှိသွားသည်။

သူ ပြန်မလှည့်ရဲတော့၊ အားစိုက်ကာ ရှေ့သို့လှမ်းလာရ သည်။ တံခါး၏ ပုဏ္ဏားကွယ်အနီးတွင် မောင်မျိုးညွန့် ရပ်နေသည်။

မောင်မျိုးညွန့်၏ မျက်နှာပေါ်တွင်လဲ မျက်ရည်များသွယ် ဆင်းနေသည်ကို ထင်ရှားစွာ တွေ့နေရသည်။

❀

မောင်နေဦးနှင့် မောင်မျိုးညွန့်တို့ နှစ်ယောက်သည် လေး လံသော ခြေလှမ်းများဖြင့် တဖြည်းဖြည်း လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အနန်းခွဲရောင်မြင်းညိုကြီးမှာ နောက်မှ အေးဆေးငြိမ်သက်စွာ လိုက်ပါလာ၏။

ပြည့်လုပြည့်ခင် လဝန်းကလေးမှာ ထန်းတစ်ဖျားခန့် မြင့်လာနေပြီ။

သူတို့နှစ်ဦး၏ ခွဲခွာခြင်းဟူသော အသိများက ရင်မှာ မွန်းကျပ်လာနေတော့သည်။ မကြာခင် .. မကြာခင်ဟူသော အတွေးတွေက ဦးခေါင်းထဲမှာ ဝါးပိုးထိုးသကဲ့သို့ တကျည်ကျည်မြည်နေသည့် အလား ရှိသည်။

ရွာ၏ တံမံအထွက်တွင် မောင်နေဦးက ..

''ညီလေး နေခဲ့ရင် ရပါပြီ''

ပြောပြီး မောင်မျိုးညွန့်၏ လက်ထဲမှ ပစ္စည်းပစ္စယများကို လှမ်းယူရန် ဟန်ပြင်လိုက်သော်လည်း မောင်မျိုးညွန့်က မပေးသေးဘဲ

''ဟင့်အင်း၊ ကျွန်တော် ဟိုလက်ပံပင်ကြီးအောက်ထိ လိုက်ပို့ဦးမယ်''

မောင်နေဦးက သက်ပြင်းမှုတ်လိုက်ပြီးနောက် မောင်မျိုးညွန့်ကို ငဲ့ညှာစွာ တစ်ချက် လှည့်ကြည့်ပြီး တိုးတိုးဆိုသည်။

''ရွာနဲ့ဆို အဝေးကြီးပဲ၊ ပြန်တော့ ညီလေးတစ်ယောက်တည်းရယ်''

ခေါင်းမာမာနှင့် မောင်မျိုးညွန့် ငြင်းသည်။





''ပြန်ရဲပါတယ်၊ ကိုကြီးတောင် တစ်ယောက်တည်း ခရီးထွက်သွားတာ ကျွန်တော်က ဘာလို့ မပြန်ရဲစရာရှိလဲ''

ခပ်ဆတ်ဆတ် အငြင်းစကားကြောင့် မောင်နေဦး ငြိမ်သွားသည်။

မောင်မျိုးညွန့်၏ စကားကို ထောက်ခြင်းအားဖြင့် မောင်မျိုးညွန့်ရင်ထဲတွင် မည်သို့ခံစားနေရမည်ကို ဝင်မကြည့်ဘဲနှင့် သိနိုင်လေသည်။

ဤလူငယ်သည် သူ့အပေါ်၌ လွန်စွာပင် သံယောဇဉ်ကြီးလှပေ၏။ လေ့ထွက်သွားသည့် အခါတွင်လဲ မလွှဲသာမရှောင်သာ၍ ထွက်ခွာသွားရသဖြင့် ရေထွက်မတတ် မှာကြားသည်မှာ အလွန်ပင်။ အစ်ကိုတစ်ယောက် ပျောက်ဆုံးသွားမှာကို အလွန်ရှာသည်။

အိမ်မှာရှိနေလျှင်လဲ သူ့အနားက မခွာပေ။ သူရေခပ်တော့လဲ လိုက်ခပ်သည်။ သူထင်းခွဲတော့လဲ လိုက်ခွဲသည်။ သူ[illegible]းစာစင်းတော့လဲ လိုက်စင်းသည်။ ချက်ရေးပြုတ်ရေး ဝင်တော့လဲ မောင်မျိုးညွန့် မနေ။

အိုးဆေးပန်းကန်ဆေး၊ မီးထိုးပေးနှင့် တကယ့်မိန်းကလေးတွေလို အိမ်ကိစ္စ လက်ညီမျှခဲ့သည်။ သူတို့နှစ်ယောက်ချက်ပြုတ်နေတာကို အိမ်နီးနားချင်းများက တွေ့လျှင် ''ဦးကြာဆိုင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေလဲ့တို့ ဘယ်တုန်းကများ သမီးမိန်းကလေးတွေ ရွှေ
လိုက်တာလဲဗျာ၊ ယောက်ျားလေးတွေသာ ပြောရတယ်၊ အိမ်က
ကျုပ်တို့သမီးတွေထက်တောင် ထမင်းချက် ဟင်းချက်တော်
သဗျို့'' ဟု ချီးကျူးခံရသည့်ဘဝ။

အလုပ်အကိုင် အနေအထိုင် တော်လွန်းသဖြင့် ရပ်ထဲ
ရွာထဲက သားမက်ဖမ်းသူတွေကလည်း မနည်းလှ။ သူကသာ
ခေါင်းတစ်ချက် ညိတ်လိုက်ရုံမျှ အားလုံးအဆင်ပြေသွားမှာ
သေချာနေသည်။

သို့သော် သူ ဒါတွေကို စိတ်မကူးရဲ။ ခရီးက မဆုံးသေး
သွားရဦးမည်။ သွားနေရဦးမည်။ သစ္စာဖောက် အချောင်သမား
မတွေ့တွေ့အောင် ရှာရမည်။

တွေ့ရာအရပ်မှာ သုတ်သင်ရမည်ဟု သန္နိဋ္ဌာန်ချထား
ဖြစ်သည်။ သစ္စာခံထားပြီးပြီ ဖြစ်သည်။

သည့်အတွက် သူ ဤကမ္ဘာ၌ မဖြစ်တော့ပါ။

''ကိုကြီးရဲ့ကိစ္စတွေ ပြီးဆုံးသွားရင် ကျွန်တော်တို့ဆီ ပြ
လာမှာလားဟင်''

ထိုမေးသံမှာ မျှော်လင့်ချက်တွေ ပြည့်ပြည့်ဝဝပါနေမှန်း
မောင်နေဦး သိသည်။ ဤလူငယ်သည် သူ့ကိုဖွကို သာမန်
ထင်နေပုံရသည်။ ထိုပြင် ထိုကိစ္စကို ခွဲခွဲခြားခြား မသိ၍ ကိစ္စ





သာ အပေါ်ယံနားလည်သိထားသဖြင့် အဘယ်အထိ ကြီးလေး
ကြောင်းကို နားလည်ရှာမည် မဟုတ်။

သူနှင့်ခွဲခွာရသဖြင့် ကြေကွဲဆို့နစ်နေသောကြောင့်သာ
သူ့ကို ပြန်လာစေချင်သော ဆန္ဒတစ်ခုတည်းနှင့် မေးမြန်းစူးစမ်း
နေသည်ကို သူသိသည်။

သို့ရာတွင် သူနားလည်နေသော အခြေအနေတွေကို
မပြောရဲ။ သူသည် သူရှာဖွေနေသော သစ္စာဖောက်အား တွေ့
လျှင် သူသေသေ ကိုယ်သေသေ အပြတ်ရှင်းရတော့မည်။

ကိုယ်က လက်ဦးလျှင် နိုင်မည်။ သူက လက်ဦးလျှင်
ကိုယ်ခံ ရမည်။ အသက်ကို ပေးဆပ်ကြရမည့် ပွဲမျိုးဖြစ်သည်။

ထားပါဦးတော့။ ကိုယ်က အနိုင်ရလိုက်သည် ဆိုသော်
လည်း မောင်မျိုးညွန့်ထံသို့ သူပြန်လာနိုင်တော့မည် မဟုတ်ချေ။
သူ ခရီးဆက်ရပေဦးမည်။ နေပြည်တော်က သူ့သတင်းစကားကို
မျှော်လင့်နေကြမည်။

ထောက်လှမ်းရေးတပ်မှ မဟာတပ်မင်းကြီးထံသို့ အ
ရောက်သွား၍ ဆောင်ရွက်ခဲ့သမျှကို အစီရင်ခံရမည် ဖြစ်သည်။
ထိုကဲ့သို့ ဆောင်ရွက်နေသူသည် ဘယ်လို ပြန်လာနိုင်မည်နည်း။

''ဘယ်လိုလုပ် ပြန်လာနိုင်တော့မှာလဲ ညီလေးရာ''

သူ့ရင်ထဲမှာ နာကျင်စွာဖြင့်သာ ရေရွတ်နေမိပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပြန်လာနော်"

အခိုင်အမာ တောင်းဆိုသော စကား။ မောင်နေဦး ခြေထ ရင်း လှည့်ကြည့်သည်။ ထို့နောက် ပြုံးသည်။ ယဲ့ယဲ့ပြုံးပြီး ရှေ့ဆ ဆက်လျှောက်နေရာမှ . .

"ကံမကုန်လို့ ပြန်ဆုံဖို့ အခွင့်သာရင်တော့ ပြန်လာမှာ ပေါ့ ညီလေးရာ၊ ကိုယ့်ကျေးဇူးရှင်တွေကို မမေ့ကောင်းပါဘူး"

မောင်မျိုးညွန့်က ထိုစကားကို ကန့်ကွက်သည်။

"ကျေးဇူးရှင်တွေ . . ကျေးဇူးရှင်တွေလို့ မပြောပါနဲ့တော့ ကိုကြီးရာ၊ ကျွန်တော်တို့တတွေဟာ ညီအစ်ကိုတွေပဲဟာ"

သို့နှင့် သူတို့သည် မြင့်မားလှသော လက်ပံပင်ကြီး အောက်သို့ ဝင်လာကြသည်။ မောင်နေဦးက လက်ထဲမှ မြင်းဇ ချုပ်ကြိုးကို သစ်မြစ်တစ်ခုတွင် ခဏချည်နှောင်ထားသည်။

ထို့နောက် မောင်မျိုးညွန့်အနီးသို့ လျှောက်သွားပြီး မောင် မျိုးညွန့်၏ပခုံးကို ဖက်ထားရင်း . .

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ သူတစ်ထူးကျေးဇူးဆိုတာ မေ့ကောင်းတဲ့အရာ မဟုတ်ဘူးကွယ့်၊ ပြီးတော့ ကိုကြီးတို့မြန်မာ လူမျိုးဆိုတာ အင်မတန် ကျေးဇူးသိတတ်တဲ့ လူမျိုးပါ ညီလေးရဲ့"

ပြောရင်း သေနတ်တစ်လက်ကို မြင်းကုန်းနှီးအောက်သို့





သေချာစွာ ထိုးထည့်သည်။ ထို့နောက် နှစ်လုံးပြူးကို ကျော ပေါ်တွင် ကန့်လန့်ဖြတ် စလွယ်လွယ်နေသည်။ မောင်မျိုးညွန့်က သူလုပ်သမျှ ကိုင်သမျှကို အံ့သြတွေဝေစွာ ကြည့်နေရင်းဖြင့် . .

"ကိုကြီးဆီက ကျွန်တော်တို့ ဘာမှမမျှော်လင့်ပါဘူး ဗျာ"

ကျေးဇူးပြန်မဆပ်ရကောင်းလို့ မထင်စေရန် ပြောသည် ဟု သူ နားလည်သည်။ သူ ပြုံးသည်။

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ အခါအခွင့်သင့်တဲ့အခါ ပြန် ဆပ်နိုင်တာပေါ့၊ အခွင့်အလှည့် ကြုံပါစေလို့လဲ ကိုကြီး ဆုတောင်း ပါတယ်၊ ညီလေးအတွက်ဆို ကိုကြီး ရှိရာအရပ်က အရောက်လာ မှာ ပါ"

မောင်မျိုးညွန့်က လက်ထဲမှ ပစ္စည်းများကို လှမ်းပေးရင်း

"နေပါဦး၊ ကိုကြီးက ဘယ်မှာနေမှာမို့လဲ"

"မြန်မာပြည်အတွင်း တစ်နေရာရာမှာတော့ ရှိမှာပေါ့၊ ညီလေးရဲ့ သတင်းကိုလဲ ကိုကြီးရဲ့ အဆောက်တော်များကတဆင့် ဆက်လှမ်းနေမှာပါ"

"ခု . . ကိုကြီးက ဗိုလ်မြတ်ထွန်းရဲ့ တပ်တွေဆီကို သွားမှာလား"

သူ ခေါင်းယမ်းခါလိုက်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



''တော်လှန်ရေးဆိုတာ တစ်ခုတည်း ရှိချင်ရှိမယ် ခွဲနေချင်လဲ ခွဲနေမယ်၊ တစ်ယောက်တည်း ဖြစ်ချင်လဲ ဖြစ်နေမယ် ဒါပေမယ့် တူညီတဲ့အချက်ကတော့ တစ်ခုတည်းပဲ ဖြစ်နေရမယ် အဲဒါက တော်လှန်ရေးဆိုတဲ့ ယုံကြည်ချက်ပဲ''

ပါးချပ်ကြိုးကို ဖြုတ်ယူပြီးနောက် မြင်းပေါ်သို့ ခွစေ့ခနဲ တက်သွားသည်။ ထို့နောက် ကုန်းနှီးတွင် အံကျအောင် ထိုင် ပြီးမှ . .

''ကဲ . . သွားမယ် ညီလေး''

သူ့နှုတ်ဆက်သံသည် တုန်ယင်နေသည်။ မောင်မျိုးညွန့်အ

''ဟုတ် . . ဟုတ်ကဲ့ ကိုကြီး''

သူက မောင်မျိုးညွန့်အား စိတ်မကောင်းစွာဖြင့် တစ်ချက် ကြည့်လိုက်ပြီးနောက် မြင်းဇက်ကြိုးကို ဆွဲလှည့်ကာ မြင်း၏ တင် ပါးကို လက်ဖြင့် ခပ်ဆတ်ဆတ်ရိုက်လိုက်သည်။ မြင်းကြီးသည် သခင့် အလိုအတိုင်း လက်ပံပင်ကြီးအောက်မှ ဒုန်းစိုင်းထွက်သွာ သွားတော့သည်။

မောင်မျိုးညွန့်မှာ တိတ်ဆိတ်ငြိမ်သက်လျက် ကျန်ရ သော လက်ပံပင်ကြီးအောက်တွင် တစ်ယောက်တည်း ရပ်ကျ ရစ်ရင်း မောင်နေဦးနှင့် မြင်းကြီးကို လရောင်အောက်တွင် မြင်တွေ့နိုင်သမျှ ကို ငေးမောကြည့်နေရှာသည်။



ရာက်မြက်ကိုရွေး

သူ။

မောင်နေဦး ထွက်ခွာသွားပြီး သုံးလခန့် အကြာတွင် မောင်မျိုးညွန့်နှင့် မထားထားတို့၏ မင်္ဂလာဆောင်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပကြသည်။ ညောင်တုန်းမြို့ပေါ်ရှိ အခြားသော မင်္ဂလာပွဲများထက် တမူထူးခြားသည်ဟု ဆိုကြပေသည်။

မင်္ဂလာအခမ်းအနား၏ မဏ္ဍပ်ကပင် စရိုက်စက နေသည်းလှ။ မဏ္ဍပ်၏ မုဒ်ဦးဝအဝင်တွင် မှန်စီရွှေချ တိုင်လုံးများကဲ့ သို့ စက္ကူလုံးတိုင်များဖြင့် ခမ်းနားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ကျင်မီးစက်ဟု ဆိုသော စက်များ၏ မီးအရောင်စုံများ မဏ္ဍပ်ဝန်းကျင်၌ အောက်လင်းဓာတ်မီးများကို လှပစွာ ထွန်းညှိထားသည်။ မီး၏အရောင်များဖြင့် ထိခတ်မိသော မှန်စီရွှေချတိုင်လုံးများ၏ အရောင်မှာမူ တဖိတ်ဖိတ် လက်နေသည်။

မဏ္ဍပ်ရှေ့တွင်လဲ ပန်းမျိုးစုံပွင့်သော အပင်များ ရွက်လှပင်များ စသည်ကို သူ့နေရာနှင့် သူ ပန်းအိုးကြီးများဖြင့် စိုက်ပျိုးထားပုံမှာ တကယ့်နန္ဒဝန် ဥယျာဉ်ကြီးအလား ထင်ရသည်။

ထိုမဏ္ဍပ်ကို မင်္ဂလာပွဲမစမီ နှစ်ရက်ခန့်ပင် ကြိုတင်ပြင်ဆင်ထားလျက် ညပိုင်းတွင် ဆိုင်းဝိုင်းများဖြင့် ဧည့်ခံနေစေသည်။ ထို့ကြောင့် မြို့သူမြို့သားများသည် ညစဉ်ပင် မဏ္ဍပ်ရှေ့၌ အထူးစည်ကားနေ၏။

မင်္ဂလာဆောင်သည့်နေ့ ညပိုင်းတွင်လဲ ရန်ကုန်မြို့ပေါ်၌ နာမည်ကျော် လူကြိုက်များလှသည့် ယုတ္တိစီရွှေနှင်းဆီ အငြိမ့်ဖြင့် ဧည့် ခံကပြမည်ဟု သတင်းပျံ့နေသည်။

ယုတ္တိစီမှာ တက်သစ်စ ရွှေမင်းသမီးလေးမို့ ညောင်တုန်း တစ်မြို့လုံးက မလွတ်တမ်း ကြည့်မည်ဟု အားခဲစောင့်မျှော်နေကြသည်။ ထိုမျှ မြို့မျက်နှာဖုံးများ၏ ဧည့်ခံပွဲထက် များစွာသာလွန်အောင် ပြုလုပ်ထားသောကြောင့် မင်းပွဲစိုးပွဲပိုင်းမှ အရာရှိ အရာခံများကပင် ထိုမင်္ဂလာပွဲကို အထူးအလေးထား စိတ်ဝင်စားလျက်





ရှိနေကြရ၏။ ထို့ပြင် ပုလိပ်အဖွဲ့ကလဲ ထိုမင်္ဂလာပွဲကို စောင့်ရှောက်ထိန်းကြပ်ပေးရန် ပုလိပ်သားများကို စေလွှတ်ပေးထားပါသည်။

ဤမျှအထိ သတင်းကြီးနေသော မင်္ဂလာပွဲသို့ တက်ရောက်ပါရန် ဖိတ်ကြားခြင်းခံရသည့် မင်းကတော် စိုးကတော်များကလဲ ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသလို ဖင်တကြွကြွ ဖြစ်နေရပါသည်။

မင်္ဂလာ ပွဲနေ့ပွဲထိုင်အတွက် ဝတ်ရန် အဝတ်အစား ဆွဲရန် စိန်ရွှေရတနာများကို ရွေးချယ်တန်သည် ရွေးချယ်၊ ဝယ်တန်သည်ကိုဝယ်ဖြင့် လုပ်ငန်းငယ်ပို၊ နှုတ်ခမ်းကို သူကြည်ညိုပြန်ဆိုသတဲ့သို့ ဖြစ်နေလေသည်။

ဆိုသလောက် ပြောသလောက် အထင်ရောက်သလောက်အောင်လဲ မင်္ဂလာပွဲနေ့မှာ အထူးစည်ကားလှပါပေ၏။ လက်ဖွဲ့ပစ္စည်းများမှာလဲ သူ့ထက်ငါ ကောင်းလာသည်မှာ ပြည့်လျှံနေအောင် ရှိလေသည်။

"ထားထားတို့များ မိန်းမဖြစ်ရတာ တယ်ကုသိုလ်ကောင်းရှာတာပဲ၊ တစ်သက်မှာ မင်္ဂလာတစ်ခါပဲ ရပေမယ့် ရတဲ့မင်္ဂလာဟာ မိန်းကလေးချင်းတောင် လိုက်မမီအောင်ရတဲ့ ဆိုရိုးကုသိုလ်ထူးကြီးပဲ၊ ဒါတောင် ထားထားဟာ ဒီမှာချက်မြုပ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးလို့၊ ချက်မြှုပ်မြို့ခံဆိုရင် သည့်ထက်များ စည်လေမလား မပြောတတ်ဘူးနော်'' ဟုပင် မိန်းမချင်းက အားကျကာ ဂုဏ်သတင်း ပျံ့မွှေးရသည်အထိ ရှိနေတော့သည်။

ဆိုသည့်အတိုင်းပင် မင်္ဂလာညက ညှော်ခံပွဲဖြင့် အငြိမ့်ရှိခဲ့ပါသည်။ အငြိမ့်ပွဲမှာလဲ အထူးစည်ကားလှပါ၏။ ထို့ပြင် မင်းကတော် စိုးကတော်များ၏ မိသားစုများ လာရောက်ကြည့်ရှုနိုင်ရန်အတွက်လဲ ကုလားထိုင်များ၊ ဖျာများကို စနစ်တကျ ခင်းကျင်းပေးထားပြီး နေရာကိုလဲ ရှေ့ဆုံးနှင့် ဘေးများ၌ ထားရှိပေးရသည်။

ဖျာပေါ်တွင်မူ ကော်ဇောများ ခင်းပေးထားပြီး ယွန်းကွမ်းအစ်များ၊ လက်ဖက်၊ ဂျင်းသုတ်များ၊ ရေနွေးကြမ်းများ စသည်ဖြင့် ညှော်ခံထားပေသည်။

မင်္ဂလာသတို့သားနှင့် သတို့သမီးမှာလည်း အားရနားရသည် မရှိပါ။ ရောက်လာသမျှ မင်းကတော် စိုးကတော်များကို ဖော်ရွေပျူငှာသော အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်ရန် နေရာပေးခြင်း ထိုင်ခုံပေးခြင်းဖြင့် လှုပ်ရှားနေရသည်။





ဆိုင်းဆင့်၍ ပွဲထွက်တော့မည့် အချိန်လောက်မှ အနည်းငယ် လူကျဲသွားသဖြင့် နားနားနေနေ ရှိသွားတော့သည်။

မဏ္ဍပ်အတွင်းသို့ မောင်မျိုးညွန့်နှင့် ထားထားတို့ ဝင်လာကာ ခေတ္တနားရန် ကုလားထိုင်မှာ ထိုင်နေကြတော့၏။

''ကိုကို ပျော်ရဲ့လားဟင်''

ထားထားက နှစ်ကိုယ်ကြားသံဖြင့် မေးလိုက်ပါသည်။ မောင်မျိုးညွန့်က ပခုံးတွန့်ကာ . .

''ပျော်တော့ပျော်ပါတယ်၊ ဒါပေမယ့် မသက်သာလှပါဘူး''

မျက်စောင်းကလေးကို ခပ်စွေစွေထိုးလိုက်ရင်း ထားထားက

''ဟင် . . ကိုကို့စကားကြီးကလဲ''

''ဟုတ်တယ် ထားရဲ့၊ လာတဲ့ညှော်သည်တွေက အတော်များတာလား၊ လာသမျှလူတွေကို နှုတ်ဆက်ရ၊ ပြုံးပြရနဲ့ ပါးတွေကို ညောင်းနေတာပဲ၊ တမင်လုပ်ပြီး ပြုံးရတဲ့ အပြုံးက မသက်သာလှဘူးနော်''

''ကိုကိုက ကြုံကြုံဖန်ဖန်တွေ လျှောက်ပြောနေတာကိုး၊ ဒီလိုပဲပေါ့၊ ကိုယ့်မင်္ဂလာအခမ်းအနားကို လာရောက်အားပေးတဲ့ လူတွေကို ပြုံးမပြလို့ မဲ့ပြရမှာလား ကိုကိုရာ၊ အလိုက်အထိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျေနပ်သွားအောင် ကိုယ်က ဆက်ဆံရမှာပေါ့၊ မဟုတ်ဘူးလား''

မောင်မျိုးညွန့်က . .

''ဟုတ်တော့ ဟုတ်တာပေါ့၊ ကိုကိုက ဒီမြို့ကလဲ မဟုတ်၊ ဒီမြို့က လူတွေကိုလဲ သိပ်မသိကျွမ်းနဲ့၊ အနည်းအပါးလောက်သာ မျက်မှန်းတန်းမိရုံလောက်ပဲ၊ အဲဒီတော့ တွေ့သမျှလူကို လိုက်ပြုံးနေရတာ အလွန်ပဲ ကြောင်စီစီနိုင်နေတာပေါ့၊ မျက်နှာလဲ ပူထူနေတာပဲ ထားရ''

''ဟွန်း . . သူပြောလိုက်မှ အဆန်းချည်းပဲ၊ သိသိမသိသိ ကိုယ်ကပြုံးရမယ့် အချိန်မဟုတ်လား၊ ပြုံးရတာ ပိုက်ဆံကုန်တာမှ မဟုတ်ဘဲ၊ ပြုံးလိုက်ပေါ့၊ ပြီးတော့ မျက်နှာပူသေးသတဲ့၊ ကောက်ညှင်းက မစေးရဘဲ ဆန်ကြမ်းက စေးနေလိုက်တာ၊ ဒီက မိန်းကလေးပဲ၊ ရှက်ရမှာက ကျွန်မ ပါတော်''

စကားအဆုံးတွင် နှစ်ယောက်သား တိုးတိုးရယ်မိကြသည်။ ထိုစဉ် ပုဂ္ဂိုလ်တစ်ဦး မဏ္ဍပ်ထဲသို့ ခပ်သုတ်သုတ် ဝင်လာသည်ကို သူတို့နှစ်ယောက် သတိမထားလိုက်မိပါ။

ထိုသူမှာ ဖိုးသူတော်လို ဝတ်ဖြူစင်ကြယ်များကို ဝတ်ထားပါသည်။ ဦးခေါင်းထက်တွင်လည်း ပန်ရျာပီများပေါင်းသလို ခေါင်းပေါင်းဖြူကို သေသပ်ကျနစွာ ပေါင်းထားသည်။





မှတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများမှာ ထူထဲနေသည်။ ရှည်လျား ဖြိုးဖွေးနေသည်။ မေးမှ ရှည်လျားနေသော မှတ်ဆိတ်မွေးများသည် ရင်ဘတ်ကိုကျော်လွန်၍ပင် ကျနေ၏။ လက်ထဲတွင် ပြောင်လက်နေသော ဝါးတောင်ဝှေးကို အားပြုရင်း မောင်မျိုးညွန့်နှင့် မထားထားတို့ အနီးသို့ နှေးကွေးစွာ လျှောက်ဝင်လာခဲ့သည်။

သူတို့နှစ်ယောက်ရှေ့တွင် ခြေစုံရပ်မိတော့မှ အခြေအဆင့် စကားပြောနေသော မောင်မျိုးညွန့်နှင့် မထားထားတို့မှာ ရိပ်ခနဲ မြင်လိုက်သဖြင့် ခေါင်းကို ဆတ်ခနဲ မော့ကြည့်မိကြတော့သည်။

ပထမတွင် အမှတ်မထင် တွေ့မြင်လိုက်ရသောကြောင့် အံ့ဩထိတ်လန့်သွားမိကြပါ၏။ ရုတ်ခြည်းပင် နှစ်ဦးစလုံးယှဉ်ပြိုင် ထရပ်လိုက်သည့် အခိုက်မှာပင် ထိုလူဖြူဖြူကြီးက အလွန် အေးချမ်း တိုးသက်သော လေသံဖြင့် မေးလိုက်ပါတော့သည်။

''မောင်မျိုးညွန့်နဲ့ မထားထားတို့ထင်ပါရဲ့''

မောင်မျိုးညွန့်ကပင် စိတ်လှုပ်ရှားစွာဖြင့် . .

''ဟုတ်ကဲ့ . . ကျွန်တော်တို့ မောင်မျိုးညွန့်နဲ့ မထားထားပါ''

''မောင်တို့အတွက် ကျုပ်ကို မင်္ဂလာလက်ဖွဲ့ပစ္စည်းက



www.burmeseclassic.com

www.burmeseclassic.com



လေး ပါးလိုက်လို့ပါ၊ အချိန်မီ ရောက်မလာနိုင်တဲ့အတွက် ခုမှပဲ လာလက်ဖွဲ့ရတာ အားနာပါတယ်''

''ကိစ္စမရှိပါဘူး ရပါတယ်၊ ဒါထက် ဘဘက ဘယ်က လာရတာမို့လဲ၊ ဘယ်သူက လက်ဖွဲ့ပစ္စည်းအပို့ ခိုင်းလိုက်ပါသလဲ''

''ကျုပ်လဲ အဲဒီလူကို မသိဘူး၊ ပန်းတနော်ဘက်က ဥမ္မာဒန္တီဘုရားမှာ အဓိဋ္ဌာန်ဝင်ရင်းတွေ့တာ၊ ကျုပ်ကို ဒီနေ့ ဒီရက်အချိန်မီ လက်ဖွဲ့ပစ္စည်း ပို့ပေးဖို့မှာသွားတယ်၊ ကျုပ်လဲ ကုန်းတစ်တန် ရေ တစ်တန်လာခဲ့ရလို့ အချိန်မီ မရောက်နိုင်တော့ဘူးပေါ့''

ပြောပြီး လူဖြူဖြူကြီးသည် သူ၏ပိတ်ဖြူလွယ်အိတ်ကြီးထဲမှ အထုပ်တစ်ထုပ်ကို ထုတ်ယူကာ မောင်မျိုးညွန့်အား လှမ်းပေးလိုက်ပါတော့သည်။

မောင်မျိုးညွန့်က ရိုသေစွာ လက်ခံယူရင်း ယဉ်ကျေးစွာ

''ဘဘကြီး ခဏထိုင်ပါဦး၊ နားပါဦး.. သားတို့ သမီးတို့ ပြုစုကျွေးမွေးပါရစေ၊ တည်းမယ်ဆိုလဲ တည်းနိုင်ပါတယ်''

ထိုလူကြီးက လက်ကာပြလျက်..

''နေပါစေ.. ကျုပ်က ခရီးဆက်ရဦးမှာမို့ မထိုင်ပါရစေနဲ့၊ ဘာမှလဲ မသုံးဆောင်ပါရစေနဲ့တော့''

ဤမျှပြောပြီး လျှင်မြန်စွာ ထွက်ခွာသွားသဖြင့် မောင်မျိုးညွန့်နှင့် မထားထားတို့မှာ တားထားချိန်ပင် မရလိုက်တော့ပါ။





ထို့နောက် လူကြီးသည် မဏ္ဍပ်ရှေ့ရှိ ပွဲခင်းလူအုပ်အတွင်းထဲသို့ တိုးဝင် ပျောက်ကွယ်သွားတော့သည်။

မောင်မျိုးညွန့်မှာ ထူးဆန်းသော လူဖြူကြီးနှင့် လက်ဖွဲ့ပစ္စည်းကို မယုံနိုင်လောက်အောင် ဆန်းနေသဖြင့် အကြာကြီးပင် ငိုင်ရပ်နေမိပါသည်။ ထိုစဉ် ထားထားက မောင်မျိုးညွန့်၏ လက်မောင်းကို ကိုင်လျက် ခပ်တိုးတိုးပြောသည်။

''ကိုကို.. ဘာလက်ဆောင်လဲဆိုတာကို ဖွင့်ကြည့်ရင် မကောင်းဘူးလား''

သတိပေးလိုက်တော့မှ မောင်မျိုးညွန့်သည် အသက်ဝင်လာသလို ရှိလာတော့သည်။ မိမိလက်ထဲသို့ ထူးဆန်းစွာ ရောက်ရှိလာသော အထုပ်ကလေးကို ကြည့်မိသည်။

အထုပ်မှာ သေသပ်ကျနစွာ ထုပ်ထားသည်။ အတွင်း၌ ဘူးကဲ့သို့ ခပ်မာမာကို စမ်းမိသည်။ အပြင်တွင်မူ စက္ကူချောဖြင့် ကော်ဖြင့် လုံခြုံစွာ ပိတ်ထားပါ၏။

မောင်မျိုးညွန့်သည် အထုပ်ကလေး၏ အပေါ်ယံ၌ရှိ စက္ကူကလေးကို ဂရုတစိုက် ဆွဲခွာလိုက်သည်။ ထင်သည့်အတိုင်းပင် အတွင်း၌ စက္ကူဘူးကို တွေ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှပသော သေတ္တာဘူးကလေး ဖြစ်သည်။ ထိုဘူးကို ဖွင့်လိုက်သောအခါ၌ နဝရက်ကိုးသွယ်ခြယ်ထားသည့် လက်စွပ်တစ်ကွင်းနှင့် စာကလေးတစ်စောင်ကို တွေ့လိုက်ရသည်။

''ဟယ် ,, လှလိုက်တာနော်၊ ဘယ်သူ့လက်ဖွဲ့ပါလိမ့်''

ထားထားက ဝမ်းသာမြူးကြွစွာ ပြောလိုက်သည်။ မောင်မျိုးညွန့်က စာကို အလျင်အမြန် ဖွင့်ဖတ်လိုက်တော့သည်။

သို့ . . .

ညီလေး

မင်္ဂလာဆောင်ကို မရောက်လာနိုင်တဲ့အတွက် ကိုကြီးကို ခွင့်လွှတ်ပါနော်၊ ခု ညီမတော်အတွက် လက်ဝတ်ရတနာကို လက်ဖွဲ့လိုက်တယ်၊ ရင်ထဲမှာ အားမရနိုင်သေးပါဘူး၊ ညီလေးအတွက် ဘာမှလက်မဖွဲ့ရတဲ့အတွက် ဝမ်းနည်းမိသေးတယ်။

ကျန်းမာချမ်းသာ၍ ပျော်ရွှင်နိုင်ပါစေ

ကိုကြီး



နဝရက်လက်စွပ်နှင့် ကိုခေါင်

သဓ။

သမီးထားထားက လာရောက်ပြသဖြင့် နဝရက်လက်စွပ်ကို ကိုခေါင် တွေ့ရသည်။ ကိုခေါင်သည် လက်စွပ်ကို အလွန်စိတ်ဝင်စားသွားသည်။ ရှေးမှာ မှည့်ဝင်းနေသလောက် ရတနာကိုးပါးစီခြယ် ထားပုံမှာလဲ အလွန်အလိုင် ကျလှပေသည်။

နဝရက်ကိုးပါးဆိုသည်မှာ စိန်၊ ပုလဲ၊ သန္တာ၊ ဂေါမိတ်၊ နီလာ၊ ကြောင်၊ ဥဿဖရား၊ မြ၊ ပတ္တမြားဟူ၍ စီခြယ်ရပါသည်။ စီခြယ်သည့် အခါ၌လည်း အရှေ့ကစ၍ လက်ယာရစ် စိန်၊ ပုလဲ၊



www.burmeseclassic.com

www.burmeseclassic.com



သန္တာ၊ ဂေါမိတ်၊ နီလာ၊ ကြောင်၊ ဥဿဖရား၊ မြကိုခြယ်ပြီး အလယ်တွင် ကျောက်နီကို ထားရပေသည်။

ဤလက်စွပ်လုပ်ပုံမှာ နန်းကြငှန်းဆန်ရုံမျှပင်မက အလွန် သေသပ်ပိရိလှသည်။ တော်ရုံတန်ရုံ ပန်းတိမ်များပင် မနိုင်နင်းနိုင်ကြောင်းကို ကိုခေါင် တွေးမိသည်။

ထို့ပြင် လက်စွပ်အနေအထားမှာ လက်ရာအလွန်ကောင်းပုံထောက်ပါက နေပြည်တော်မှ လက်ရာဟု အတတ်သိနိုင်ပေသည်။ ထိုကဲ့သို့ ကိုခေါင်သည် နဖူးကြောများကို ကြုတ်ခါ အချိန်အတန် ကြာအောင် စဉ်းစားနေပြီးမှ . .

“သမီး၊ ဒီနဝရက်လက်စွပ်ကို ဘယ်လိုပုဂ္ဂိုလ်က လက်ဖွဲ့သွားတာလဲ၊ ဒီညောင်တုန်းကလား”

“သမီးလဲ အတိအကျတော့ မပြောနိုင်ဘူး ဖေဖေ၊ လာပို့တဲ့ လူသူတော်ကြီးက ပြောတော့ ပန်းတနော်ဆီက လာခဲ့တာပဲလို့ သိရပါတယ်၊ အဲဒီက လက်ဖွဲ့ပစ္စည်း ထည့်ပေးလိုက်လို့ လာပို့တာပဲ”

ကိုခေါင် အတွေးရကျပ်သွားသည်။

“လူသူတော်ဟုတ်လား သမီး”

“ဟုတ်ပါတယ် ဖေဖေ၊ တစ်ကိုယ်လုံး အဖြူရောင် ပိတ်ဖြူတွေ ဝတ်ထားတယ်၊ မုတ်ဆိတ်မွေးကလဲ အဖြူ၊ ရှည်လည်း





အရှည်ကြီး၊ လွယ်အိတ်တောင်မှ ပိတ်အဖြူနဲ့ ချုပ်ထားတဲ့ လွယ်အိတ်ပါ။ အဲဒီလူကြီးကို ကြည့်ရတာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်နဲ့ တူသလား အောက်မေ့ရတယ်”

သမီးထံမှ တိကျသော စကားများကို နားထောင်ရင်း ကိုခေါင်က ဦးနှောက်ထဲတွင် အလုပ်ပေးလျက် ရှိပါသည်။ ယခု အချိန်အခါ၌ တိုင်းပြည်အရေး ပေါက်နင့်ကျေးလို ဖြစ်နေသည်။

ရောထွေးရှုပ်ထွေးနေသော ကာလဖြစ်နေသည်။ ဗြိတိသျှ နယ်ချဲ့သမားများအား မြန်မာ့နယ်မြေပေါ်မှ နှင်ထုတ်လိုသည့် ခေါင်းဆောင်ကြီး ဗိုလ်မြတ်ထွန်း၏ နောက်ပိုင်းတွင် ဆင့်ကာ ဆင့်ကာ ပေါ်ပေါက်လာသော ခေါင်းဆောင်များ တော်လှန်ရေး သမားများကို အင်္ဂလိပ်တို့က နှိမ်နင်းနေရသဖြင့် နေရာတကာတွင် အုပ်ချုပ်ရေးအတွက် လစ်လပ်တန်သင့်သလောက် လစ်လပ်နေသေးသည်။

ဤအချက်ကို တောကြောင်များက အခွင့်ကောင်းယူကာ ခိုးဆိုးတိုက်ခိုက် သတ်ဖြတ်မှုများလည်း အတင့်ရဲသည်ထက် အတင့်ရဲလာသည်လည်း ရှိပေသည်။ ဤအထဲတွင် ရောင်တော်ပြန်ဖြင့် မိမိနောက်ကျော မယုံရသေးသည့် အရေးအခင်းက င်လာလေမလားဟူသော အတွေးဖြင့် ကျောအေးနေခဲ့သည်မှာ ကြာခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရှိနေစဉ်၌ပင် သမီးထားထားတို့၏ မင်္ဂလာလက်ဖွဲ့ လက်စွပ်ကို တွေ့ရသောအခါတွင် နေပြည်တော်နှင့် အလွန်နီးစပ်နေသည်ဟု ထင်သည်။ ထို့ကြောင့် ကိုခေါင်က . .

"နေပါဦး သမီးရဲ့၊ အဲဒီပုဂ္ဂိုလ်ကြီးဆိုတာက သမီးဘက်က ဆက်နွယ်တာလား၊ မောင်မျိုးညွန့်ဘက်က ဆက်နွယ်သိကျွမ်းတာလား"

ထားထားက ဦးခေါင်းကို ချက်ချင်းခါယမ်းလိုက်သည်။

"ဟင့်အင်း . . သမီးဘက်က သိကျွမ်းခဲ့တာ မဟုတ်ပါဘူး ကိုကို့ဘက်က သိတာတဲ့၊ တစ်ကြိမ်သောအခါက ကိုကိုက အဲဒီလူ့ရဲ့အသက်ကို ကယ်ဆယ်ဖူးသတဲ့၊ ရေထဲက အသက်ကယ်ပြီး ကိုကိုတို့အိမ်မှာ ပြုစုစောင့်ရှောက်ထားခဲ့တာ တစ်လနစ်လလောက် ကြာမယ်ဆိုပဲ ခုတော့ အဲဒီလူက အိမ်ကထွက်သွားပြီတဲ့၊ သမီးက ဘယ်ကို သွားတာလဲလို့ မေးတော့ ကိုကိုက သူလည်း မပြောတတ်ဘူးတဲ့၊ မြန်မာပြည်အရပ်ရပ်ကို သွားနေတဲ့ လှည့်လည်ယောက်ပဲတဲ့ ဖေဖေ"

ခုမှ ကိုခေါင့်ရင်ထဲမှာ ပိုဆန်းလာသည်။ အခြေအမြစ် အတည်တကျ မရှိဘဲ အရပ်ရပ် အနယ်နယ်ကို သွားနေသည်မှာ ဘယ်လိုလူမျိုး ဖြစ်နိုင်သနည်း။

အင်္ဂလိပ်အစိုးရကို တော်လှန်နေသည့် မျိုးချစ်ပုဂ္ဂိုလ်ထဲက ဖြစ်နေမည်လား။ သို့မဟုတ် သူ့နောက်သို့ ခြေရာခံလိုက်နေသော



ဆက်သားများ ဖြစ်နေမည်လား၊ သို့လော သို့လော အတွေးများကြောင့် ရင်မှာ နွေးထွေးသွားတော့သည်။

"မောင်မျိုးညွန့်ကို အဲဒီလူရဲ့နာမည် မမေးကြည့်မိဘူးလား"

မောင်မျိုးညွန့် ခရီးထွက်ခွာသွားပြီးမှ သိရသောကြောင့် သိလိုသမျှကို သမီးထားထားကိုပင် လှိမ့်မေးနေရတော့သည်။ ထားထားကလဲ ဖခင်ကြီးသိလိုသမျှကို စိတ်ရှည်စွာ ပြောပြပါသည်။

"မောင်နေဦးတဲ့ ဖေဖေ"

ထိုအမည်သည် နားထဲ၌ မစိမ်းသလိုလိုရှိသည်ဟု ထင်မိသည်။ မှတ်မိသမျှ နာမည်တွေကို ပြန်တွေးကြည့်သောအခါတွင် အသိနှင့် ဝေးဝေးသွားသလို ထင်ပြန်သည်။

အလုပ်အကိုင်ဖြင့် ခရီးသွားစဉ် မြို့ရွာတစ်ခုခု၌ သိကျွမ်းခဲ့သော အမည်လားဟု စိတ်မှာ တွေဝေမိပြန်သည်။ ကြာတော့ စိတ်မောရင်မောဖြင့်သာ ထိုနာမည်ပိုင်ရှင်ကို စွန့်လွှတ်လိုက်ရဘိသကဲ့သို့ ရှိသွားတော့သည်။

နောက်ဆုံး၌ အဖြေတစ်ခုကိုသာ အရအမိ ချလိုက်သည်။ ၎င်းအတွက် ရန်သူကို အထင်သေး၍ မရပါ။ ရန်သူသည် မဝေးမနီးမှပင် ရုတ်ခြည်းပေါ်ပေါက်လာနိုင်သည်။

ပေါ်လာသည်နှင့် လက်ဦးမှုကို ရယူသွားနိုင်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## ကိုသောင်က ဘာစ်မှောင့်

၁၉။

သည်အိမ်မှာတော့ မင်းမှုသူတစ်ယောက် ရှိနေလေ၏။ ကိုသောင်ဆိုသူ ဖြစ်သည်။ ကိုသောင်မှာ ကိုခေါင်၏ညီ ဖြစ်ပါ၏။

ထို့ပြင် ကိုခေါင်နှင့် ကိုသောင်သည် ရုပ်ဆင်းအင်္ဂါလဲ အလွန်တူပေသည်။ သို့သော် ကိုခေါင်နှင့် ကိုသောင်တို့သည် အသွင်တူသော် ငြားလဲ အမူအကျင့်ခြင်းက လွန်စွာပင် ကွာခြားလှပါသည်။

ကိုခေါင်မှာ နေ့စဉ်နှင့်အမျှ သမီးရေး၊ မယားရေး၊ အလွန်



အရေးထားပေသည်။ စီးပွားဉစ္စာ တိုးတက်ရာ တိုးတက်ကြောင်း ကျန်းမာပျော်ရွှင်ရေး၊ စိတ်ချမ်းသာရေးကို အလေးပေးစဉ်းစား ကြံဆနေတတ်သည်။

ထို့နောက်လဲ ယနေ့ယခု ကြီးပွားချမ်းသာနေသည်ထက် အဆအရာ အထောင်သာ လွန်အောင် မည်သို့မည်ပုံ ကြံဆောင်လုပ်ကိုင်ရမည်ကို နည်းသစ်လမ်းသစ် ရှာကြံနေသည်က များ ပါ၏။

ကိုသောင်မှုကား ထိုသို့မဟုတ် တစ်နေ့တစ်နေ့ စားမည်၊ သောက်မည်၊ သုံးမည်၊ ဖြုန်းမည်က များပါသည်။ အသောက် အစား လောင်းကစားများလွန်းသဖြင့်လည်း ကိုသောင်တွင် ခါး ဝတ်ခါးစားများပင် ကောင်းမွန်မွန် မရှိပေ။

ဤသို့သော စရိုက်ဆိုးလှသည့်လူကို အိမ်သို့ ရောက်လာ ဝင်ထွက်သွားလာနိုင်အောင် ခေါ်ဆောင်လာသူမှာလဲ ကိုခေါင်ပင် ဖြစ်လေ၏။

ကိုခေါင်နှင့်ကိုသောင် ညီအစ်ကိုနှစ်ယောက်သည် ဘယ်အရပ် ဘယ်ဒေသတွင် မည်သို့ ဆုံဆည်းလာကြသည် မပြောတတ်။ အစ်ကိုလုပ်သူသည် ညီအပေါ်၌ အတော်ကလေး သံယောဇဉ်ထား ဟန်တူသည်။

ညီတော်မောင်ကို အိမ်သို့ အပါခေါ်လာခဲ့သည်။ အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



နေနိုင်း၏။ သို့ရာတွင် ညီကိုသောင်မှာ အိမ်၌မမြဲပါ။ အစ်ကိုကွယ် သည်နှင့် အိမ်က ထွက်သွားသည်။ သွားချည်လာလှည့် ရှိနေ သည်။

ဒေါ်ထွန်းမယ်ကလဲ ခင်ပွန်း၏ ညီတော်မောင် ဖြစ် နေသောကြောင့် အတတ်နိုင်ဆုံး လိုက်လျောထားသည်။ မညို ငယ်ရအောင် ဆင်ပေးသည်။ စားဖွယ်သောက်ဖွယ်များကိုဖ ဖွယ်ဖွယ်ရာရာ လုပ်ကိုင်ပေးပါသည်။

ထိုအခွင့်အရေးများကို ကိုသောင်က တဖြည်းဖြည်း နင်း တက်လာသည်။ အိမ်သို့ရောက်လာတိုင်း မူးမူးရူးရူး ဖြစ်သည် အရက်သောက်ဖို့ အရက်ဖိုး တောင်းလားတောင်းသည်။ အာ ဝါးဒေး လောင်းကစားဖို့ လောင်းကြေးတောင်းသည်။ ဖဲရိုက်ဖို့ ဖဲဖိုးတောင်းသည်။

အစတွင် ဒေါ်ထွန်းမယ်မှာ မိမိတို့ အလိုလိုက်ခဲ့သည်မို့ တောင်းသမျှကို ရှောရှောရှူရှူ ထုတ်ပေးသည်။ ကြာသော် ဒေါ် ထွန်းမယ် မတတ်နိုင်တော့ပါ။

ဒေါ်ထွန်းမယ် အင်မတန်မှပင် မပြောလိုသော စကားကို ပြောရတော့သည်။ မရှိစကား ပြောရမှာကို အလွန်ဝန်လေးသော ဒေါ်ထွန်းမယ်သည် မရှိဘူးဟူ၍ပင် အပြတ်တင်းခံရတော့သည်

သည်တော့ ကိုသောင်က ငြိမ်မခံတော့ပါ။ ဆူပူလာ



သည်။ ရန်လိုလာ၏။ ပြဿနာ ရှာလာသည်။ ဒေါ်ထွန်းမယ်နှင့် စကားများ သည်အထိ ရှိလာပါ၏။

တစ်ခါတစ်ရံ၌ ကိုသောင်ပြောသော စကားများတွင် မိမိ၏ ခင်ပွန်းကိုပင် ထိခိုက်နစ်နာစေသော အပြောအဆိုမျိုး သုံးနှုန်းလာသဖြင့် အလွန်ရင်နာရသည် အထိမခံနိုင်အောင် ဖြစ်ခဲ့ရလေသည်။

ထို့ကြောင့် ဒေါ်ထွန်းမယ်မှာ တစ်ကြိမ်သည်းခံ နှစ်ကြိမ် သည်းခံ၍ သုံးကြိမ်တိုင်သောအခါ၌ သည်းမခံနိုင်တော့သဖြင့် မိမိ ခင်ပွန်း ရောက်လာသည်နှင့် တပြိုင်တည်း တိုင်ကြားရ၏။

ကိုခေါင်အား ဖွင့်ပြောသောအခါ၌ ထူအြမ်မဆည်နိုင် လောက်အောင် မျက်နှာပျက်သွားသည်ကို ဒေါ်ထွန်းမယ် သတိပြု မိသည်။ အတန်ကြာအောင်ပင် ကိုခေါင်မှာ ငြိမ်သက်နေပြီးမှ . .

''ဘာမှ ပြောမနေပါနဲ့တော့ကွာ၊ မမယ်ရာ သည်းခံလိုက် ပါ''

သည်းခံပါဟု ပြောသူက လွယ်လွယ်ကူကူ ပြောနိုင်သော် လဲ သည်းခံရပေါင်း များနေသော ဒေါ်ထွန်းမယ်မှာ အနာပေါ် တုတ် ကျသလို ခံရချက်များနေသည်မို့ မျက်နှာကိုမဲ့လိုက်ပြီး . .

''ကျွန်မ သည်းခံနေတာတွေ များလှပြီ ကိုခေါင်၊ တစ်ဆိတ် ရှိ ဘာမှန်းမသိတဲ့ စကားနဲ့ ကျွန်မတို့ သားအမိတွေကို

www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်နေတာ သိလား၊ ဘာတဲ့ ရှင့်အထုပ်ဖြည်လိုက်ရမလား ဖြည်လိုက်ရ မလားနဲ့ ဘာစကားလဲ၊ ဟင်း''

သတ္တိဗျတ္တိ အလွန်ကောင်းလှသော၊ ကောင်းခဲ့သော ကိုခေါင်မှာ ထိုစကားကို ကြားလိုက်ရသောအခါတွင် ကြည်လင်လှသည့် လမင်းကြီးအား လင်ပေပ်အဖမ်း ခံလိုက်ရသည့်အလား မျက်နှာကြီး တစ်ခုလုံး မည်းမှောင်သွားသည်။ လင်သား၏မျက်နှာကို အရိပ်တကြည့်ကြည့်ဖြင့် ရှိနေသော ဒေါ်ထွန်းမယ်ပင် အံ့အားသင့်သွားတော့သည်။

''မမယ်ရာ၊ သူလာတောင်းရင်လဲ ကိုယ်တတ်နိုင်သလောက် ကြည့်သာ ပေးလိုက်ပါကွာ၊ ဘာမှ ပြဿနာဖြစ်အောင် အတိုက်အခံ လုပ်မနေပါနဲ့''

''ကျွန်မ နှမြောလို့ တွန့်တိုလို့ ပြောနေတာ မဟုတ်ပါဘူးတော်၊ ရှိတဲ့အခါကျတော့ ရှိသလိုပေါ့၊ မရှိတဲ့ အခါတော့လဲ ဘယ်ပေးနိုင်ပါ့မလဲ၊ ဒါကို လုံးလုံးလက်မခံဘူး၊ ပေးကိုပေးရမယ်ဆိုတော့ မလွန်လွန်းဘူးလား၊ ပြီးတော့ ပေးရင်လဲ သူက စားဖို့ဝတ်ဖို့ ဒီလိုမဟုတ်ဘူး၊ အားလုံးသောက်ပစ်တာနဲ့ ဖဲရိုက်ပစ်တာနဲ့ လောင်းကစားပစ်တာနဲ့ ဘယ်မှာလဲ ကောင်းတာတစ်ခုရှိသေးလား၊ ဒါ့ထက်ဆိုးတာက အိမ်ကဆင်ပေးလိုက်တာတောင် အရက်နဲ့လဲသောက်ပစ်တာ၊ သိပ်ရှက်ဖို့ကောင်းတာပဲ''



မကျေနပ်နေသည်မှာ ကာလအတော်ကြာနေဟန်တူသည်။ ပြောရသည့် အခွင့်အရေး ရသည်နှင့် တပြိုင်နက်တည်း ဒေါ်ထွန်းမယ်မှာ အိတ်သွန်ဖာမှောက် ပြောချလိုက်ပါတော့၏။

''ဩော် .. မိန်းမရယ်၊ ဒါတွေ လျှောက်ပြောနေလို့တော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းနေသလို ဖြစ်နေတော့မှာပါ။ ကဲ .. ဒါတွေထားလိုက်ပါတော့ ငါခရီးထွက်ဖို့ စီစဉ်ပေးပါဦး၊ အဝတ်အစား နည်းနည်းသာ ထည့်ပေးလိုက်ကွာ တစ်ရက်နှစ်ရက်ပဲ ကြာမယ်၊ သိပ်များများ မထည့်နဲ့''

စကားကို တမင်ဖြတ်လိုက်တော့မှပင် ဒေါ်ထွန်းမယ် ရပ်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com

## ချစ်စခင်စကြင်နာခ

၂၀။

''ကိုကို ထားတို့အိမ်မှာ နေရတာ ပျော်ရဲ့လားဟင်''

ကမ်းနားဆိပ် တာဘောင်ရိုးတွင် လျှောက်နေရာမှ ထားထားက တိုးတိုးလေးမေးသည်။ မောင်မျိုးညွန့်က အင်းမလှုပ် အဲမလှုပ်သေး။

မြစ်တစ်ဖက်ရှိ သောင်ပြင်ဆီသို့သာ အကြောင်းမဲ့ငေးမောနေသည်။ ညနေခင်း၏ လေနုလေးသည် မြစ်ပြင်ကို ဖြတ်သန်းလာသည်။ လေက ထားထား၏ ပုသိမ်ထီးအနားရှိ





ဖဲပန်းပွားကလေးများကို သာသာညင်ညင် တိုးဖွေ့သွားကြသည်။

သုံးလေးလှမ်းခန့် အရောက်တွင် ထားထားက ပုသိမ်ထီးကို ပိတ်သည်။ ထို့နောက် ထီးရှက်ကို စုစည်း၍ ဝါကွင်းဖြင့် စွပ်ရင်း

''ကိုကို ထားမေးနေတာ ကြားလားဟင်''

''ကြားပါတယ် ထားရယ်''

''ဟင်၊ ကိုကို့ဖြေသံကြီးက တစ်မျိုးပဲ''

''ဘယ်လိုတစ်မျိုး ဖြစ်နေလို့လဲ''

''လေသံက အောက်တောက်တောက်ကြီးပဲ''

မောင်မျိုးညွန့်က ပြုံးသည်။ ပြုံးပြီးမှ . .

''ထား ထင်နေလို့ပါ၊ ဘာမှ မဖြစ်ပါဘူး''

ထားထားက မျက်ခုံးတစ်ဖက် မြှင့်လိုက်သည်။

''ဒါဖြင့် ထားမေးတာကို ဖြေလေ''

စင်ယော်တောင်ကဲ့သို့ လှပစွာညွတ်ကော့နေသော ထားထား၏ မျက်ခုံးကလေးနှစ်စကို ,မောင်မျိုးညွန့် ကြည့်နေပြီးမှ ခပ်ဖြည်းဖြည်းပြောသည်။

''ပူပူနွေးနွေး ချစ်သူလေးနဲ့ အတူနေရတာ မပျော်ဘဲနေပါ့မလား ထားရဲ့''

ချက်ချင်းပင် ထားထားက နှုတ်ခမ်းစူပစ်သည်။

''ဟင် . , ကိုကို့စကားက ထားမကြိုက်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ဟောဗျာ့ ဘာဖြစ်လို့လဲ''

မောင်မျိုးညွန့်က အံ့အားသင့်စွာ မေးလိုက်၏။ ထား ထားက မောင်မျိုးညွန့်ကို မကြည့်ဘဲ ရှေ့တည့်တည့်ကိုသာ ဝေးဝေးအကြည့်မျိုးဖြင့် ကြည့်၍ လျှောက်နေရင်းမှ . .

''ကိုကိုပဲ စဉ်းစားကြည့်လေ၊ ကိုကို့စကားကို''

''ခက်ပဲ ခက်ရချည်ရဲ့၊ ကိုကို ဘာလို့ စဉ်းစားရမှာလဲ ပျော်လို့ပျော်ပါတယ်လို့ ပြောတဲ့ဥစ္စာများ''

''ဟုတ်သေးပါဘူး၊ ကိုကိုဖြေတာ အဓိပ္ပာယ်အမျိုးမျိုး ထွက်နေတယ် သိလား''

''အဲ . . ဒုက္ခပါပဲ''

''မဒုက္ခနဲ့လေ၊ ပူပူနွေးနွေးဆိုတော့ မပူဘဲအေးသွားတဲ့ ချစ်သူတွေလဲ ကိုကို့မှာ ရှိခဲ့ဖူးမှာပေါ့၊ တစ်နေ့ ထားလဲ အေးသွား တဲ့ ချစ်သူဖြစ်သွားတာနဲ့ တပြိုင်နက်တည်း ကိုကို ထားရစ်ခဲ့မှာပဲ မဟုတ်လား၊ ပြောစမ်းပါဦး ဆရာကြီးရဲ့''

''အဲ . . ဗုဒ္ဓေါ . .''

''ဘာ . . ခုမှ ဘုရားတနေတာလဲ၊ ထားပြောတာ မှန်နေလို့ မဟုတ်လား၊ ထားကို ထားရစ်ခဲ့မယ်တော့ မကြံနဲ့ ထားက သူများ မိန်းမတွေလို ခံနေမယ့်အစားထဲက မဟုတ်ဘူး နော်၊ ထဘီအလံထူပြီး လိုက်လာမှာ သိလား''





ခုမှ မောင်မျိုးညွန့် ရယ်နိုင်သွားသည်။ ရယ်သံဖြင့် . .

''ထားကတော့လေ မဟုတ်မဟုတ်တာတွေ လျှောက် ပြော နေတော့တာပဲ''

ထားထားက မျက်စောင်းထိုးသည်။

''မဟုတ်လို့လား''

''ကိုကို့မှာ . . ချစ်သူဆိုလို့ အပြေးအလွှား ရေတွက်ပါမှ ထားတစ်ယောက်သာ ရှိတာပါ၊ ထားကို ထားရစ်ခဲ့ဖို့ ကိုကို တွေး တောင် မတွေးဝံ့ပါဘူးတဲ့ဗျာ၊ ထားရယ် . . ယုံပါ''

ပြုံးလဲ့လဲ့ အမူအယာကလေးဖြင့် ထားထားက မောင်မျိုး ညွန့်ကို တစ်ချက်လှမ်းကြည့်မြဲ ကြည့်နေရာမှ မေးသည်။

''ယုံရမှာတဲ့လား''

''သစ္စာဆိုရဲပါတယ်''

''ယုံပါဘူး၊ ကိုကိုတို့ ယောကျ်ားတွေဆိုတာ လျှာအရိုးမရှိ ဆိုင်း လျှောက်ပြောတတ်တာ၊ တစ်ချိုကွယ် တစ်မယ်မေ့ အိုင်တွေ ဆိုင်း ခြေဆေးတတ်ကြတာတဲ့''

''ခြော် . . ထားရယ် . .''

''ဘာခြော် . . ထားရယ်လဲ၊ မဟုတ်လို့လား ပြောပါဦး''

''ကိုကို့ကို အထင်သေးလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



ထားထားက မောင်မျိုးညွန့်၏ လက်မောင်းကြီးကို တွဲ၍ လျက် . .

''အထင်သေးလို့ မဟုတ်ပါဘူးတော်ရေ့၊ အထင်ကြီးလို့ အထင်ကြီးလို့ ယောကျ်ားဆိုတာ လောကအားသုံးထစ်ဆင်းရင် လူ့ ဖြစ်သွားတာ၊ ဘာမှ အနှောင်အဖွဲ့ကို မစဉ်းစားကြတော့ဘူး''

မောင်မျိုးညွန့်က . .

''ထားထားကလဲ ကိုကို့ကို အဲဒီစာရင်းသွင်းလိုက်တာ လား''

ပြုံးပြုံးလေး မော့ကြည့်နေရင်းက ထားထား ဖြေသည်။

''အင်း''

''စိတ်ချစမ်းပါ၊ ကိုကိုကလေ ထားကလွဲရင် အားလုံး ဖွဲ့နဲ့ ဆန်ကွဲလို့ ထင်တားတာပါ''

မောင်မျိုးညွန့်၏ လက်မောင်းကို တစ်ချက်နှစ်ချက်ထုပြီး

''အမယ် . . အမယ် . . အဲဒီစကား ထားက ပြောရမှာ ကိုကိုကလွဲရင် အားလုံးကို ဖွဲ့နဲ့ဆန်ကွဲ မှတ်ထင်မယ်လို့''

နှစ်ယောက်သား ကြည်နူးစွာ ရယ်နေမိကြသည်။

စင်စစ်သော် မောင်မျိုးညွန့်မှာ ဤအိမ်ကြီး၌ နေရသည့်





အခိုက်အတန့်တွင်ပင် ပျော်သင့်သလောက် မပျော်နိုင်ခဲ့ပါ။

မိမိသည် လှေကြီးနောက်သို့ မလိုက်သေးဘဲ အိမ်ထောင် ကျခါစအချိန်မှ ဤအိမ်ထောင်အရသာကို ပြည့်ပြည့်ဝဝ ခံစားလိုသေး သည်။ ထို့ကြောင့် မိမိနှင့်ပတ်သက်သော လှေကြီး၏ တာ ဝန်အသီးသီးကို မိမိ၏စိတ်ချ အယုံကြည်ရဆုံး ဖြစ်သော ပဲ့ကိုင် ဦးလှကြီးအား အလုံးစုံတာဝန်လွှဲကာ နားနေခြင်း ဖြစ်သည်။

ဟိုမှာဘက်က အလုပ်တာဝန်များအား စိတ်ချနေရသော် ငြားလည်း သည်မှာဘက်က မိမိအထင်ရောက်ခဲ့သော ပျော်ရွှင်မှု အရာအားလုံးသည် ထင်သလောက်မပေါက်ခဲ့ပေ။ ရွှေကျသော ဆားများကဲ့သို့ ဤအိမ်ကြီးအတွင်းသို့ ဝင်သည့်နေ့မှာပင် ပျော်ရွှင်မှု အလုံးစုံသည် အရည်ဖြစ်သွားခဲ့လေပြီ။

ကိုအချက်များသည် ထားထား၏ ဖခင်ကြီးကြောင့်လည်း မဟုတ်။ ထားထား၏ မိခင်ကြီးကြောင့်လည်း မဟုတ်။ ထို့ပြင် အိမ်ကြီးအတွင်း၌ အရာအားလုံး မပြည့်စုံမှုကြောင့်လည်း မ ဟုတ်ပါ။ အားလုံး ကုံလုံပြည့်စုံပါ၏။

သို့ပေသည့် မောင်မျိုးညွန့် စိတ်အနှောင့်အယှက် ဖြစ်ရ ၏။ ထားထား၏ဦးလေး ဦးသောင်းကြောင့်ပင်တည်း။

ဦးသောင်းသည် ညအချိန်မတော် ရောက်လာတတ် ပါသည်။ ရောက်လာပြန်တော့လည်း အကောင်းကောင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။ မှုန်ရှုံးပြီးလာသည်။

သူဖြစ်ချင်တာကိုသာ သိသည်။ အိမ်တံခါးများကို တဝုန်းဝုန်းထုနက် နိူးတော့သည်။ သည်လိုနိူး၍မှ မထကြပြန်လျှင်လည်း အိမ်ကြီးကို ခဲနှင့်ထုကာ နှိုးတော့တော့သည်။ သည်တော့ မည်သူမှ ငြိမ် မနေဝံ့တော့ ထ၍ တံခါးဖွင့်ပေးလိုက်ရပါသည်။

''ဒီလောက် နှိုးနေတာတောင် ဘာလို့ မနိုးကြတာလဲ။ ကာလနဂါး လုပ်နေတာလား၊ အိပ်ချင်ယောင်ဆောင်နေလို့ မရဘူးကွ၊ အိမ်ပါပြိုသွားမယ် နားလည်လား''

အားလေး လျှာလေးကြီးဖြင့်ပင် ကြိမ်းမောင်းနေသေးသည်။ ထားထားမှာ အမူးသမားဆိုလျှင် အလွန်ကြောက်တတ်သူ ဖြစ်လေသည်။ ခြေဖျားလက်ဖျားများ အေးစက်လာကာ ဘာမှမပြောဝံ့မဆိုဝံ့ ဖြစ်နေသည်။

''ဟော့ . . ငါပြောနေတာ ကြားတယ် မဟုတ်လား''

''ဟုတ် . . ဟုတ်ကဲ့၊ ကြားပါတယ် ဦးလေး''

''ငါပြောတာ မြဲမြဲမှတ်ထား၊ နောက်ကို ငါ့အသံကြားတာနဲ့ တံခါးကို ဆီးဖွင့်ထားနော်၊ ဘယ်မှာလဲ အစ်မထွန်းမယ်''

''ရှိ . . ရှိပါတယ်၊ ဘုရားခန်းထဲမှာ ဘုရားဝတ်ပြုနေပါတယ်၊ ဦးလေး ပြောစရာရှိလား''





ထိုစကားကြောင့် ဦးသောင်မှာ ဒေါပွသွားပုံရသည်။ အခန်းထောင့်သို့ တံတွေးလှမ်းထွေးရင်း . .

''ထွီ . . အကြောင်းမရှိဘဲ လာမလားဟ၊ သွားပြောလိုက် ဒါ့ငွေများများ လိုနေတယ်လို့''

ထားထားသည် ဆက်ပြောနေလျှင်လဲ လေကုန်ရုံသာ ရှိတော့မည်ဟု နားလည်သဖြင့် ဧည့်ခန်းမှ ထွက်သွားပြီးနောက် အပေါ် ထပ် ဘုရားခန်းဆီသို့ ထွက်ခွာသွားတော့သည်။

ထားထား ထွက်သွားပြီးနောက် မောင်မျိုးညွန့်မှာ ကြောင်တောင်တောင်ဖြင့် ရပ်၍ ကျန်နေရစ်တော့သည်။

''မင်းက ငါ့တူမရဲ့ ခင်ပွန်းဆိုတော့ ငါ့တူပေါ့ကွာ''

ဘယ်သူမှ မရှိသောအခါ၌ မောင်မျိုးညွန့်ဘက်သို့ မြှားဦးလှည့်လာတော့သည်။

''ဟုတ်ကဲ့ ဦးလေး''

မောင်မျိုးညွန့်က တိုးတိုးတုတ်တုတ် ဖြေသည်။

''မင်းကကော သောက်တတ်စားတတ်သလားကွ''

''ကျွန်တော် ဝါသနာ မပါပါဘူး ဦးလေး''

''အဟဲ၊ မင်းတို့က လူညံ့တွေပဲကွ၊ မှတ်ထား . . ယောကျ်ားဆိုတာ သောက်သောက်စားစား လူမင်းသားနော်၊ မသောက်မစား လူ့ငနွားတဲ့ကွ နားလည်လား''



www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးညွန့် မကျေမနပ် ရှိသွားသည်။ သို့သော် ကြီး[illegible] နှင့်ငယ်သူမို့ စကားနိုင် လုမပြောတာ အကောင်းဆုံးဟု သဘော[illegible] ပေါက်ထားလိုက်ပါသည်။

''ညွှတ်ယဉ်ပြောလဲ ခံရုံပဲ ရှိပါတယ်၊ ကိုယ်မှ မလုပ်ချင်[illegible] တာ''

''ဒါတို့ သောက်တာစားတာကို မကောင်းဘူးလို့ မင်းတို့[illegible] က ပြောချင်လို့လား''

လျှာလေးအာလေးဖြင့် ပြဿနာ ရှာလာပြီဟု မောင်မျိုး[illegible] ညွှန့် တွက်မိပါသည်။ ထို့ကြောင့် မိမိတို့အခန်းထဲသို့ ပြန်ရန် ခြေဦး[illegible] လှည့်မိလိုက်စဉ် . . .

''နေစမ်းပါဦး၊ ငါ့တူရ၊ ငါ မေးတာကိုလဲ ဖြေစမ်းပါဦး[illegible] တို့က သောက်တာစားတာ ဝါသနာပါတာ ဘယ်သူ့ကို ထိခိုက် လို့လဲကွ''

မောင်မျိုးညွှန့် သည်းမခံချင်တော့ပါ။ သို့အတွက် ထား ထားနှင့် အမေတို့သာ အမြန်ရောက်လာပါစေတော့ဟု ဆု တောင်းနေမိသည်။

''ထွီ . . မနေ့တစ်နေ့ကမှ မင်းက ဒီအိမ်ပေါ်ရောက်လာ တာပါကွ၊ ဒီအိမ်အကြောင်း မင်း ဘယ်လောက်သိလို့လဲ ဒီအိမ်ကြီး ဟာ ကျိုန်စာသင့်နေတဲ့ အိမ်ကြီးကွ''





တွေ့ကရာ လျှောက်ပြောရင်း ဟိုဒီထိခိုက်လာသည်။ [illegible]ကြာတော့လဲ မောင်မျိုးညွှန့် ခွင့်မလွှတ်ချင်တော့ပါပေ။

''ဦးလေးက မူးရင်လဲ အေးအေးနေဖို့ ကောင်းပါတယ်''

ခြေကို တုတ်နှင့်ထိုးလိုက်သည့်အလား ဦးသောင် ခေါင်း [illegible]မှာ ဆတ်ခနဲ ထောင်လာသည်။ မျက်လောက်နီကြီးဖြင့် လှမ်းကြည့် နေရင်းမှ . .

''ယူ့ ဘလယ်တီဖူးပဲ၊ လူကြီးကို စော်ကားတယ်''

''ကျွန်တော် ဘာကို စော်ကားလို့လဲ ဦးလေး သိပ်မူး နေလို့ သတိပေးတဲ့ဥစ္စာ''

''ဒီအိမ်မှာ ငါ့အစ်ကိုကတောင် ငါ့ကို ဘာတစ်ခွန်းမှ မပြောဘူး၊ မင်းက နောက်မှပွင့်တဲ့ ရွှေကြာပင်က အားလုံးကို အပိုင်စီးချင် နေတာပေါ့''

သိက္ခာကိုပါ စော်ကားခံရလိုက်ရသည်မို့ မောင်မျိုးညွှန့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိရင်း ခပ်ဆတ်ဆတ် ပြောချလိုက်မိသည်။

''ဦးလေး တော်တော်တရားလွန်နေပြီ''

''တရားလွန်တယ် ဟုတ်စ၊ ဘာတရားလွန်တာလဲ''

''ဦးလေး အခုလို ပြောတာ ဘယ်ကောင်းပါ့မလဲ ထား ဆီ ကကြားသွားရင် ကျွန်တော့်သိက္ခာကို ထိခိုက်မှာပေါ့ဗျာ''

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက မောင်မျိုးညွန့်ကို စိုက်ကြည့်ပြီး . .

''သိက္ခာဟုတ်လား ဘာသိက္ခာလဲ''

''ဦးလေးရဲ့ ပြောမှုဆိုမှုကြောင့် ဦးလေးပါ သိက္ခာ ဘာ ရှိတော့မှာလဲ''

''နိုး . . မလိုဘူး။ ဘာသိက္ခာမှ မလိုဘူး။ ငါ့မှာ သိက္ခာ ပြီးသား အရက်သမားဖြစ်ပေမယ့် မင်းပြစ်စိုးအောင် ကင်းတယ် ငါ အရက်သောက်တာဟာ သိက္ခာရှိရှိ သောက်တာကွ မှ ထား''

မောင်မျိုးညွန့်က ဆက်ပြောနေလဲ အပိုပဲဟု တွေး သည်။ ထို့ကြောင့် အပေါ်ထပ် လှေကားရှိရာသို့ လှမ်းကြည့် သည်။ ထားထားနှင့် ထားထား၏မိခင်ကြီးတို့က ကမန်းကတမ်း ဆင်းလာသည်ကို တွေ့လိုက်ရသဖြင့် အခန်းထဲသို့ ခပ်သုတ်သုတ် ဝင်ခဲ့သည်။

ထို့နောက် ဧည့်ခန်းတွင် ထားထား၊ ထားထား၏မိခင် ဒေါ်ထွန်းမယ်တို့နှင့် ဦးသောင်တို့ စကားတွေ အခြေအတင် ပြောနေသံ ကြားရသည်။

ဦးသောင်ကလဲ မရမချင်း ပေကပ်လျှက်တောင်းစဉ် ရေ ရ စကားများဖြင့် ပြောနေသည်။ အတော်ကလေး စကားများနေ ကြပြီးမှ လိုသမျှ ငွေကြေးရသွားသည်လား မဆိုနိုင်။ ညအ





တော်နက်မှ ဦးသောင်တစ်ယောက် ကြိမ်းလားမောင်းလား ပြောဆိုရင်း ပြန်သွား တော့သည်။

❋

''ကိုကို စိတ်ညစ်သွားပြီ ထင်တယ်''

ခုတင်ဘေးတွင် တင်ပါးလွှဲဝင်ထိုင်ရင်း ထားထားက ပြော သည်။

''စိတ်မညစ်ပါဘူး ထားရယ်၊ ဦးလေးက မူးနေလို့ပြော တာ နေမှာပါ''

''မူးတဲ့လူကို ချေးကျေးလို့ရမလား၊ ဒါ သက်သက် စော်ကားတာ၊ ထား အပေါ်ကနေ အကုန်ကြားနေတယ်၊ မေမေ အတော်စိတ်ဆိုးသွားတာ တရားရှိတဲ့လူတောင် သည်းမခံနိုင် အောင်ပဲ''

မောင်မျိုးညွန့်သည် လှဲနေရာမှ ကိုယ်ကို တစောင်းလှည့် သည်။ ထားထား၏ မျက်ဝန်းတွင် မျက်ရည်များ တွဲခိုနေသည် ကို မီးရောင်ဖြင့် မြင်တွေ့နေရပေသည်။ ထားထား စိတ်ထိခိုက် နေသည်ကို မောင်မျိုးညွန့် ကောင်းစွာ နားလည်သည်သည်။

ထို့ကြောင့် နှစ်သိမ့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''စိတ်မကောင်း ဖြစ်မနေပါနဲ့ ထားရယ်.. အမှုးသမား[illegible] တုပပြီး ပြောနေတာကိုက ကိုကိုလဲ မှားသွားတယ်''

''ကိုကို မ[illegible]လွန်ပါဘူး .. ဦးလေးက အလွန်ပဲ သွေးဆိုး တာ''

ပြောနေ၍ ဆုံးနိုင်တော့မည်ဟု မောင်မျိုးညွန့် မထင် သဖြင့် စကားကို လမ်းကြောင်း ပြောင်းလိုက်တော့သည်။

''ဒါဖြေ မေ့လိုက်ပါတော့ ထားရာ၊ ညဉ့်နက်နေလှပြီ ထား အိပ်တော့နော်၊ မနက်အစောကြီး ဆွမ်းချက်ရဦးမယ် မဟုတ်လား။ တော်ကြာ အိပ်ရေးမဝလို့ ခေါင်းကိုက်နေပါဦးမယ်၊ အိပ်တော့''

ထားထားက ဘာမှဆက်မပြောတော့ဘဲ မီးအိမ်ကလေး ကို မှုတ်လိုက်ရာ သူတို့အခန်းကလေးမှာ အမှောင်ထဲသို့ နစ်ဝင် သွားပါတော့၏။





[illegible]ဆစ်အိမ်

[illegible]

ဤသို့ဖြင့် မောင်မျိုးညွန့်မှာ နေသော်နေရသော်လည်း [illegible]စ်နေ့ထက်တစ်နေ့ စိတ်အနေကျုံ့လျက်သာ နေရသည်။

ထားထားတည်းဟူသော ချစ်ဇနီးကို လွန်စွာချစ်လွန်း [illegible]မို့ အောင့်အီးကာ နေရပါသော်ငြားလည်း အရက်သမား [illegible]ဦးလေးကိုတော့ဖြင့် နောက်တစ်ကြိမ်တွေ့ရမည့် အရေးကို [illegible]၍ ဝန်လေးနေရတော့သည်။

ထိုသို့သော စိတ်ညစ်ဖွယ်ရာ အကြောင်းများကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဤအိမ်ကြီးမှ လင်မယားနှစ်ယောက် သီးခြားအိမ်ခွဲနေဖို့ ဆိုတာက လည်း မဖြစ်နိုင်သေးပါ။ ခွဲနေဖို့ ငွေကြေး၊ လုပ်ငန်း မပြည့်စုံ၍လားဟူသော အမေးမျိုး မေးနိုင်ပါသည်။

သည်သို့လည်း မဟုတ်ပါ။ ထားထားကို အိမ်တစ်ဆောင် မီးတပြောင် ထားနိုင်ပါသည်။ ထားနိုင်သော အရည်အချင်းက မောင်မျိုးညွန့်တွင် အပြည့်ရှိပါသည်။

သို့သော် ခက်နေတာက တစ်ခုရှိသည်။ ဤသည်မှာ ဒေါ်ထွန်းမယ် ဖြစ်သည်။ ခွဲဆင်းသွားလျှင် ဤအိမ်ကြီးတွင် ဒေါ်ထွန်းမယ် တစ်ယောက်ထီးတည်း ကျန်နေရစ်မည်။

အိမ်ကြီးတစ်လုံးနှင့် မိန်းမသားတစ်ဦးတည်း နေရမည့် အရေးသည် မတွေးဝံ့စရာ ဖြစ်ပါသည်။ သို့မဟုတ် ဤအိမ်ကြီးကို တန်ရာတန်ကြေးဖြင့် ရောင်းချကာ သူတို့နှင့်အတူ လိုက်နေပါဟု ခေါ်ရန် လည်း မဖြစ်ပြန်ပါ။

လိုက်နေဖို့ မလွယ်ပါ။ ယောက်ခထီးကြီး ရှိနေသေးသည်။ ခရီးထွက်သွားလိုက် ပြန်လာလိုက်၊ ချက်ချင်း ပြန်ထွက်သွားလိုက်နှင့်ရှိသည်။ လာပြန်သွားပြန်တော့လည်း လူမြင်သူမြင် အချိန်မျိုးမဟုတ်။

ညလူခြေတိတ်မှ ရောက်လာပြီး ကြီးမနိုးခင် ပြန်ထွက်သွားသည်က များသည်။ အိမ်မှာ တစ်မိနစ်၊ တစ်စက္ကန့်၊





တစ်နာရီကြာအောင် နေမသွား။

ပိုဆိုးသည်မှာ မောင်မျိုးညွန့်တို့ မင်္ဂလာဆောင်တုန်းက ဖြစ်သည်။ မောင်မျိုးညွန့်တို့ မင်္ဂလာဆောင်တုန်းက-လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးပါ၏။ ကုန်ကျစရိတ်မှန်သမျှအားလုံးကို ဒေါ်ထွန်းမယ်၏ လက်ထဲသို့ ထည့်ပေးထားသည်။

လိုတာရှိသမျှ အကုန်ထုတ်ပေးဟု မှာကြားခဲ့သည်။ သမီးမျက်နှာမငယ်အောင် သုံးဟုညွှန်ကြားသည်။ မြို့၏ မင်္ဂလာဆောင်များထက် သာအောင်လုပ်ဟု ဆိုသည်။

ထို့ပြင် မဏ္ဍပ်ကနား ဆောက်ဖို့ကိုပင် အခြားမြို့တစ်မြို့မှ အကောင်းဆုံးအလှဆုံးမဏ္ဍပ်ကို ငှား၍ ဘယ်နေ့ဘယ်ရက်တွင် ညောင်တုန်းအရောက်၊ ဘယ်နေ့ဘယ်ရက်တွင် အခမ်းအနား အပြီးဆောက်ဟု မှာကြားကာ စေလွှတ်လိုက်လေသည်။

ထိုအတွက် ငှားရမ်းခ၊ ခရီးစရိတ်၊ သဘောခ၊ လှည်းခပါ မကျန် အားလုံးသော ငွေကြေးများကို ဦးခေါင်ကပင် ပေးချေလိုက်သည်ဟု မဏ္ဍပ်သမားများက ပြော၍ သိရပါ၏။

အကျွေးအမွေး အချက်အပြုတ်သမားများကိုလည်း ထိပ်တန်းအကျဆုံးများကို ဝယ်ခြမ်း၍ သူ့လူနှင့်သူ့စရိတ်စက ပေးကာ အဝေးကပင် ဦးခေါင်က စီစဉ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မောင်မျိုးညွန့်တို့ မိသားစုမှာ ဤမင်္ဂလာကိစ္စအတွက် အားလုံး လက်တင်ကာလေးမျှပင် ရှိခဲ့ပေသည်။ မောင်မျိုးညွန့်၏ ဖခင်နှင့်မိခင်မှာ ထားထား၏ ဖခင်ကြီးက အားလုံးကို အကွက်ကျကျ ထောင့်စေ့စေ့ စီစဉ်ထားပြီးမို့ ဘာမှ မကုန်ကျရသည့်အတွက် အလွန်အားနာမိကြပါသည်။

ထို့ကြောင့်လဲ ထားထားအတွက် မြတစ်ဆင်စာ လက်ဖွဲ့လိုက်သည့်အပြင် ခွဲနေလိုပါက ကြိုက်သည့်နေရာ၊ ကြိုက်သည့်အိမ်၊ ကြိုက်သည့်ခြံဝင်း တွေ့ပါလျှင် ဝယ်ယူ၍ လက်ဖွဲ့ပါရစေဟု ဝန်ခံကတိ ပေးကြသည်။

မင်္ဂလာနေ့က မောင်မျိုးညွန့် စိတ်အလှုပ်ရှားဆုံး ဖြစ်ခဲ့ရသည်။ နှစ်ဖက်သော မိဘများအား ကန်တော့ခံရန် ဖြစ်သည်။ အချိန် နီးသည်အထိ ဦးခေါင် ပေါ်မလာသေး။

မင်္ဂလာစာပေဟောဆရာက ဩဘာစာ ဖတ်ကြားနေသည်။ ဆိုင်းနောက်ထများနှင့် ဩဘာဆရာတို့ အရှေ့အတင် အချီအချ ပြောနေသည်။ ပြက်လုံးတွေ ထုတ်နေသည်။

ဩဘာဆရာက ခွန်းထောက်တွေ၊ သဖြန်တွေကို ဆိုင်းဆင့်၍ အဆိုအပြောတွေနှင့် ရွတ်နေပါ၏။ ဤအချိန်မှာပင် မောင်မျိုးညွန့်မှာ ချွေးပြန်နေသည်။

ထားထား၏ဖခင်ကြီးရောက်မှ ရောက်လာပါ့မလားဟု





သာ အတွေးတွေက ရင်ထဲမှာ မုန်တိုင်းထ၍ နေသည်။ ကတ္တီပါ ထိုင်အုံးပေါ်တွင် ထိုင်နေရသော်လည်း ထပြေးချင်စိတ် ဖြစ်ပေါ် နေသည်။

ပန်းတွေ၊ ပေါက်ပေါက်တွေ၊ ဒင်္ဂါးတွေ ပရိသတ်အပေါ်သို့ ကြဲချနေလေတိုင်း မိမိပေါ်သို့ ကျလာသည့် အရာမှန်သမျှမှာ ပန်းတွေ ပေါက်ပေါက်တွေ ဒင်္ဂါးတွေဟု မထင်နိုင်မိချေ။ ခဲတွေနှင့် ပစ်ပေါက်နေ သည်ဟု စိတ်က ဝေဝေဝါးဝါး ထင်မှတ်နေမိပါသည်။

ထို့ကြောင့် ထိုအာရုံများ ပျောက်ကွယ်သွားအောင် ရှေ့က ငွေဖလားကြီးကိုသာ လွင့်ထွက်သွားလောက်အောင် စိုက်ကြည့်နေရင်း စိတ်ကိုဖြေနေရပေသည်။ ဩဘာဆရာက

"ကဲ.. မိဘစုံညီဖြစ်ပြီကွယ်၊ သတို့သား မောင်မျိုးညွန့်နဲ့ မထားထားတို့" ဟု ဆိုတော့လဲ ထိုစကားကို စိတ်ထဲ၌ မယုံမရဲ ဖြစ်နေမိသည်။ ကန်တော့သာ ကန်တော့လိုက်ရသည်။ ဦးခေါင် ရောက်မလာဟု ထင်နေပါ၏။

ဦးချကန်တော့ပြီးနောက် မရဲတရဲဖြင့်သာ အသာမော့ ကြည့်လိုက်ရာ ဦးခေါင်ကို ဒေါ်ထွန်းမယ်နှင့် အတွဲညီစွာထိုင်၍ အကန်တော့ ခံနေသည်ကို မျက်ဝါးထင်ထင် မြင်လိုက်ရတော့မှ ဝမ်းသာသွားရသည်။

ခုတစ်ကြိမ် ကြဲချလိုက်သည့်ပန်းတွေ၊ ပေါက်ပေါက်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



ငွေဒင်္ဂါးတွေမှာ မောင်မျိုးညွန့်အတွက် အဓိပ္ပာယ်ရှိသွားသည်ဟု ထင်မိ လိုက်ပါတော့သည်။

အကန်တော့ခံပြီးနောက် မကြာမတင်မှာ ဦးခေါင်မှာလဲ ဘွားခနဲ ပေါ်လာသလို လှစ်ခနဲ ပျောက်သွားပြန်သည်။ မင်္ဂလာ အခမ်းအနား ပြီးစီးသွားသည်အထိ ဦးခေါင်၏ မျက်နှာကို လုံးဝ ပြန်မတွေ့ရတော့ပါ။

ဤသည်မှာ ဦးခေါင်အတွက်
အဘယ်ကြောင့် လျို့ဝှက်နေရသနည်း။
အဘယ်အကြောင်းတွေကြောင့် လူမြင်မခံဝံ့နေရသနည်း။
အဘယ်အတွက်ကြောင့် အမှောင်ထဲ၌ ပုန်းအောင်းနေရသနည်း။

ထို့ကြောင့် ဤအချက် သုံးချက်ကို နားမလည်နိုင်၍ ထားထားအား မေးမည်ဟု ကြံသေးသည်။ နောက်ဆုံး၌ သူတစ်ပါး၏ အတွင်းရေးကို စပ်စုသည်လို့ အထင်အမြင် ခံရမည်ကို လန့်သဖြင့် မမေးတော့ဘဲ ရေငုံနေလိုက်သည်။

လွန်ခဲ့သော နှစ်ပတ်ခန့်က ဦးသောင် ပြောလိုက်သော စကားများကြောင့် ထိုအကြောင်းများသည် မိမိစိတ်ထဲ၌ ပြန်လည် ရှင်သန်လာတော့သည်။

ဦးသောင်ပြောသလို ဤအိမ်ကြီးသည် ကျိန်စာသင့်နေ





သော အိမ်ကြီးဖြစ်နေမည်လား၊ မောင်မျိုးညွန့် ကြားဖူးထား တာရှိသည်။ လှေကြီးဖြင့် မြစ်ရိုးတစ်လျှောက် အနယ်အနယ် အရပ်ရပ်သို့ ရောက်ခဲ့သည်။ လူပေါင်းစုံနှင့် တွေ့သည်။ လူမျိုးပေါင်း စုံနှင့် ပေါင်းဖူးသည်။

ထိုလူများ ပြောသည့်စကားတွေ ကြားဖူးမှတ်သားခဲ့ရပါ သည်။ ပုဂံဘုရားများကို ကောင်းမှုရှင်များက ကျိန်စာတိုက်ခဲ့သည် ဟူသော စကား။ ယခု ဤအိမ်ကြီးသည် ဤသို့များရှိနေမည်လား။ သို့ရာတွင် ဤအိမ်ကြီး၌ မိမိနေခဲ့သမျှ ကာလပတ်လုံး ချွတ်ချွတ် အသံပင် မကြားခဲ့ရ။ အရိပ်အယောင်မျှပင် မတွေ့ရ။

နောက်တစ်ခုက ဤခြံ၊ ဤအိမ်ကို ဖေဖေ့စိတ်ကြိုက် ဝယ်၊ ဖေဖေ့စိတ်ကြိုက် ဆောက်တာဟု ထားထား ပြောသည်။ အိမ်အို အိမ်ဟောင်း မဟုတ်။ သည်တော့ ဦးသောင်စကားသည် မဖြစ်နိုင်ပါပေ။

သို့သော် ဦးခေါင် ပျောက်ပျောက်နေသည်ကတော့ ဆန်း လေစွ။ ကြာလျှင် မောင်မျိုးညွန့် စိတ်အိုက်လာသည်။ တွေးရင်း တွေးရင်း ရှုပ်ထွေးနေသည်။ ရှင်းမရအောင်ဖြစ်ကာ ခေါင်းပင်ခဲလာ တော့သည်။ အဖြစ်က ရယ်စရာ ကောင်းသည်။ မောင်မျိုးညွန့်၏ အတွေးများသည် ပဆစ်ကစားနေရသကဲ့သို့ အိပ်မဝင်နိုင်အောင် ရှိနေတော့သည်တကား။



www.burmeseclassic.com

www.burmeseclassic.com

ကြိုးကြာမွေ့သော နှုတ်ရက်

၂၂။

ခုက္ခသည် တစ်ဦးတည်းမလာဘဲ အပေါ်အပေါင်းနှင့် လာကတတ်သည်ဟူသော စကားရပ်သည် မှန်နေသလော မပြောတတ်။

အကြောင်းအရာ ကွင်းဆက်တွေက မောင်မျိုးညွန့်နှင့် နီးနွယ်ဆက်စပ်နေတော့သည်။ အဖြစ်ကား ဤသို့တည်း။

ထိုနေ့က မောင်မျိုးညွန့် အိမ်မှာမရှိ။ ကမ်းနားဆိပ်သို့ ဆင်းသွား၏။ သည်တစ်ခေါက် မိမိ၏လှေကြီး ညောင်တုန်းသို့



ဝင်ပါက ခရီးလိုက်ရန် ဖြစ်သည်။ ရောက်လာမည့်ဟုလည်း သတင်းရထားသည်။

မိမိမှာ ဤလှေကြီးနှင့် ကင်းကွာနေသည်မှာ လအတော်ကြာချေပြီ။ လေးလဝါးလလောက်ပင် ရှိရော့မည်။ ဤသို့ လှေကြီးပေါ်သို့ မတက်သည်မှာလည်း မိမိဆန္ဒ၊ မိမိသဘောထား တစ်ခုတည်းကြောင့်တော့ မဟုတ်ပါ။

ဖခင်ကြီး ဦးကြာဆိုင်က..

“လူလေး နားမှင်လဲ နားလိုက်ဦး။ လှေကြီးနဲ့ဘာဂန် အရပ်ရပ်ကို မမောင်ကျွန်လွဲထားလဲ ရှာသပဲ”

ဟု တိုက်တိုက်တွန်းတွန်း ပြောနေသဖြင့် ရေပတ်တုန်း ရေတွင်းထဲကျသကို နားလိုက်ခြင်း ဖြစ်ပါသည်။

ယခုတော့ အလိုက်သိစွာ ကောင်းနေပြီ၊ အခွင့်အရေးရ တိုင်းယူတာ မကောင်းသည်ကို တွေးမိသည်။ ထို့ကြောင့် မိဘများ၏ လက်ငုတ်လက်ရင်းဖြစ်သော အလုပ်ကို မိမိပြန် လည်ဦးစီးမှ ဖြစ်တော့မည်။

ဤကဲ့သို့ မိမိပြန်လည်ဦးဆောင်တော့မည့် အကြောင်း ကိုလည်း တားတား နားလည်သဘောပေါက်အောင် ရှင်းပြ ထားပြီး ဖြစ်သည်။ အကျိုးသင့်အကြောင်းသင့်ဖြစ်သော ရှု ရာများကိုလည်း တွက်ပြထားပြီး ဖြစ်သည်။

မိုးဆမ်းဂန်းဂဝေ

www.burmeseclassic.com

www.burmeseclassic.com



ထားထား သဘောပေါက်ပါသည်။ ခွင့်ပြုသည်။ ထားထား၏ ခွင့်ပြုချက်ရပြီးပြီမို့ မိမိလှေကြီးပေါ်သို့ ပြန်လိုက်ရန် စီစဉ်နေရသည်။

မိမိတို့လှေကြီး ဘယ်အရပ် ဘယ်ဒေသရောက်နေသည်ကို လှေသမားအချင်းချင်း မေးမြန်းစုံစမ်းနေရသည်။ တစ်ချို့က ပြည်မှာ တွေ့ခဲ့သည်ဟု ဆိုသည်။ တစ်ချို့က ပုဂံမှာဟု ပြောသည်။ တချို့က သရက်တွင် ဆိုက်ထားသည်ဟု အခိုင်အမာ ပြောသည်။

လွန်ခဲ့သည့် သုံးရက်လောက်က ညောင်တုန်းက လှေသမားတစ်ဦးနှင့် တွေ့သည်။ ထိုလူက ပြောသည်။ မိမိတို့လှေမှာ ကြည်မြင့်တိုင်ဆိပ်တွင် တွေ့ကြောင်း၊ ဤတစ်ရက်နှစ်ရက်အတွင်း ညောင်တုန်းသို့ ဝင်မည်ဖြစ်ကြောင်း၊ ကုန်သည်တစ်ဦးနှင့် ငွေကြေးစကား ပြောနေသေးကြောင်း ညောင်တုန်းကုန်များကို မြေထဲသို့ ပို့ရမည် ထင်ကြောင်းများကို ပြောပြသည်။

ဖြစ်နိုင်သည်။ ထို့ကြောင့် လှေဆိပ်သို့ ဆင်း၍ ဆင်း၍ စနဲနာရပေသည်။ မိမိအိမ်က ထွက်လာသောအချိန်အထိ ထားထားမိခင် ဒေါ်ထွန်းမယ်မှာ အိမ်သို့ ပြန်မရောက်သေးပါ။

ယခုအခါ၌ ဒေါ်ထွန်းမယ်မှာ သမီးထားထားအတွက် စိတ်ချနေရပြီ ဖြစ်သည်။ သူ့အိမ်ထောင်နှင့်သူမို့ ယခင်တုန်းက စိတ်မချစရာအကြောင်း မရှိတော့ပေ။



ထို့ကြောင့်လည်း ဒေါ်ထွန်းမယ်မှာ စိတ်အေးလက်အေးဖြင့် ဘုရားရိပ်တရားရိပ်သို့ ဝင်နေလေပြီ။ ယနေ့လည်း ဥပုသ်နေ့ ဖြစ်သည်။

ပုဏ္ဏာရာမဈေးကျောင်းတိုက်သို့ သွားရောက်ပြီး သီလယူသည်။ ထို့နောက် ဥပုသ်ဇရပ်၌ တစ်နေကုန် နေမည်။ ညနေပိုင်း တရားနာ၊ သီလဆေးပြီးမှ ပြန်လာမည်။

အနည်းဆုံး မှောင်မှ အိမ်ပြန်ရောက်မှာ သေချာနေ၏။

ထို့ကြောင့် အိမ်ကြီးတစ်အိမ်လုံးတွင် ထားထားတစ်ယောက်တည်း ရှိနေပါသည်။

ထားထားမှာ အိမ်မှုကိစ္စများကို လုပ်စရာရှိတာကို လုပ်သည်။ ညနေစာအတွက် မိမိနှင့်မိမိယောကျ်ားနှစ်ယောက်စာ ချက်ရသည်။

မိခင်အတွက်မူ ဥပုသ်မို့ မန်ကျည်းဖျော်ရည် တစ်ခွက်ကိုသာ အဆင်သင့် ပြင်ထားလိုက်သည်။ ထန်းလျက်ကလေးချိုချိုနှင့် ထားကလေး နည်းနည်းကဲထားသည်။

ထိုသို့ လုပ်ရသည်မှာ အမေ့တွင် လေရောဂါရှိသည်။ ဝမ်းထဲ၌ အစာမရှိတာနှင့် လေတွေတဝေါဝေါ အန်တက်သည်။ ထိုအခါ၌ အမေသည် မောပန်းနေတတ်သည်။

ဥပုသ်သည့်မို့ ဝမ်းထဲ၌ အခံမရှိ၍ မဖြစ်။ ထို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးသောက်ရန် ဖျော်ရည်ကို ယွန်းခွက်ဖြင့် အဆင်သ
ဖျော်ထားခြင်း ဖြစ်ပါသည်။

ထို့နောက် ရေမိုးချိုးရန် ပြင်သည်။ မိခင်ကြီး အဝတ်အ
ကိုမျိုးညွန့် အဝတ်အစားနှင့် မိမိ၏အဝတ်အစားများကိုကား သ
လျှော်ရန်မရှိ။ မိခင်ကြီးမှာ ထသွားထလာ အဝတ်သာရှိသည
တစ်ခါလျှော်ပြီးလျှင် တော်တော်နှင့် လျှော်ရန်မလိုပါ။ ကိုမျိုးည
အတွက်သာ အရေးကြီးသည်။

ခရီးထွက်မှာမို့ အားလုံးကို အဆင်သင့် လုပ်ပေးထာ
သည်။ အဆင်သင့် လုပ်ပေးထားပြီး ဖြစ်သည်။ ထို့ကြောင့် မိ
ထဘီတစ်ထည်နှင့် ဘော်လီအင်္ကျီသာ လျှော်ဖွပ်ဖို့ရှိသည်။

ရေချိုးရင်း လျှော်ရန်သာ ရှိသည်။ အတော်ကေ
ညနေစောင်းလာ၍ ထားထားက ရေတွင်းသို့ ဆင်းပြီး ရေချိုးပ

အဝတ်လျှော်ဖွပ်ပြီးသား အဝတ်များကို ကြိုးတန်းတ
လွှားထားပြီးနောက် ရေချိုးသည်။ ထို့နောက် သနပ်ခါးလိမ်းသ
ထိုစဉ် အိမ်ရှေ့မှ ခွေးဟောင်သံ ကြားရသည်။

ရန်လုံ၏အသံ ဖြစ်သည်။ ရန်လုံမှာ ရန်လုံဟု ခေါ်သေ
လည်း ရန်မလုံပါ။ အဘယ်ကြောင့်ဆိုသော် ဟောင်ရုံသာ
ကိုက်တတ်သည့်ခွေး မဟုတ်ပေ။

သူစိမ်းညှော်သည်များ ဖြစ်နေမလားဟူသော အတွေး



သနပ်ခါးလိမ်းနေရာမှ တဘက်ကို ခြုံ၍ အိမ်ရှေ့ထွက်လာမိ
သည်။ အိမ်ရှေ့ဝင်းထရံတံခါး အပြင်ကို လှမ်းကြည့်ရာ ဗိုဘီဝတ်
ထားသော ကုလားကြီးတစ်ယောက် အိမ်ရှေ့လမ်းမအတိုင်း.
ဖြတ်သွားသည်ကို တွေ့လိုက်ရသည်။

''တောက် . . ရန်လုံ တော်တော်ဆိုးတယ်၊ သူ့ဟာသူ
လမ်းလျှောက်သွားတဲ့လူကိုလဲ ဟောင်တာပဲ''

ထိုသို့သာ ပြောပြီး အခန်းထဲ ပြန်ဝင်ကာ သနပ်ခါးကို
ခြေစွန်းခေါင်းစွန်း လိမ်းနေတော့သည်။ ထို့နောက် အဝတ်အစား
လဲပြီး အိမ်ရှေ့သို့ ပြန်ထွက်လာသည်။

ညနေမှာ အတော်မှောင်စ ပြုနေပြီ ဖြစ်သည်။ အခန်းထဲ
မှာပင် အမှောင်ရိပ်သည် ကျလျက်ရှိသည်။ ထို့ကြောင့် ကြေးမီးခွက်
ကလေးကို ရေနံဆီဖြည့်၍ မီးထွန်းလိုက်ပါသည်။

မီးတိုင်ခွက်ကို စားပွဲပေါ်တင်ပြီး ကိုမျိုးညွန့် ပြန်လာပြီဟူ
သော အတွေးဖြင့် အိမ်ရှေ့ကို လှမ်းမျှော်ကြည့်လိုက်မိ၏။

ထိုစဉ် အိမ်ရှေ့ဝန်းတံခါးမှ လူတစ်ယောက် ထွက်သွား
သည်ကို အမှတ်မထင် မြင်လိုက်ရသည်။ နောက်ကျောကိုသာ
လှမ်းတွေ့လိုက်ရသဖြင့် မည်သူမည်ဝါဟု မပြောနိုင်ချေ။

သို့သော် ခြေလှမ်းတွေ ယိုင်ယိုင်နဲ့နဲ့ဖြင့် ခပ်သုတ်သုတ်
ပုံထောက်လျှင် ဦးလေးသောင်သာ ဖြစ်နိုင်သည်ဟု အတတ်



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်မိသည်။

ယခုတစ်ကြိမ်၌ ဦးလေးသောင်သည့် အဘယ်ကြောင့် အိမ် ထဲသို့ မဝင်လေသနည်းဟု အတွေးရကျပ်နေတော့၏။

❖

လင်မယားနှစ်ယောက် ညနေစာစားပြီးလောက်မှ သတိရသည်။ ထားထားသည် လက်ကိုလက်သုတ်နေရင်း 'ဟောတော့'ဟု ဖြစ်သွား၏။ မောင်မျိုးညွန့်က ရေနွေးကြမ်း တစ်ငုံနှစ်ငုံ သောက်နေရာမှ ထားထား၏ ဟောတော့ အသံကို ကြားလိုက်ရသဖြင့် ဦးခေါင်းကို ဆတ်ခနဲ ထောင်လိုက်ပြီး

''ဘာဖြစ်တာလဲ ထား''

''အဝတ်လျှော်တုန်း လက်ကလက်စွပ်က ကျွတ်ကျွတ် နေလို့ချွတ်ပြီး အဝတ်လျှော်တဲ့ ကျောက်ပြားပေါ်မှာ ထားခဲ့မိတာ၊ ခုမှ သတိရတယ်၊ သွားယူလိုက်ဦးမယ်''

မောင်မျိုးညွန့်ကို ထိုသို့ပြော်ပြီး အိမ်ထဲမှ ထွက်လာ ခဲ့သည်။ အဝတ်လျှော်သည့် ကျောက်ပြားဆီသို့သွားပြီး မှတ် မှတ်ရရ ချထားသော နေရာတွင် ကြည့်သည်။

လရောင်မှာ ထိန်ထိန်သာနေသဖြင့် မမြင်မတွေ့နိုင်စရာ





လုံးဝမရှိ၊ သို့သော် ဘာမှမရှိ။ တစ်နေရာရာတွင် ကျသွားလေမ လား အထင်နှင့် နေရာအနှံ့ရှာသည်။

''တွေ့လား''

မောင်မျိုးညွန့်က အိမ်ရှေ့သို့ ထွက်လာပြီး လှမ်းမေးသည်။

''မတွေ့သေးဘူး''

''အထားမှားနေလို့ ထင်တယ်၊ သေချာကြည့်ပါဦး''

''အထားမမှားပါဘူး၊ ခဏ ခဏကျွတ်ကျွတ်သွားလို့ ချွတ်ပြီး ဟောဒီကျောက်ပြားရဲ့ ကျောက်ခွက်ကလေးထဲမှာ အ သေအချာ ထည့်ထားတာ''

မောင်မျိုးညွန့်သည် မီးအိမ်ငယ်တစ်ခုကို ဆွဲကာ ထွက်လာသည်။ မီးအလင်းကြောင့် ကျောက်ပြားတဝိုက်တွင် အလင်းသည် ထင်ထင်ရှားရှား ဖြစ်နေစေသည်။

''အဝတ်ရိုက်ဖွပ်လို့ တစ်နေရာရာများ လွင့်စဉ်သွား လားမှ မပြောတတ်တာ''

ထားထားက ချက်ချင်းငြင်းသည်။

''မဖြစ်နိုင်ဘူး . . ရိုက်ဖွပ်ရမယ့် အဝတ်တွေမှမပါတာ၊ ထားရဲ့ဘော်လီနဲ့ ထဘီသာ လျှော်တာ၊ ဘော်လီနဲ့ ထဘီကို ထားရိုက်လျှော်တာမှ မဟုတ်ဘဲ၊ ဆောင့်ဖွပ်တဲ့ ဥစ္စာပဲ ကိုကိုရဲ့''

''ဒါဖြင့် ရေနဲ့လျှောပြီး ရေမြောင်းထဲများ ကျသွားလားမှ



www.burmeseclassic.com

www.burmeseclassic.com



မသိတာ၊ ရှာစမ်းပါဦး''

နှစ်ယောက်သား ဝါးခြမ်းများဖြင့် မြောင်းထဲတွင် ထိုးမွှေ၍ ရှာနေကြသည်။

ထိုအခိုက်တွင် မိခင်ကြီး ဘုရားခန်းမှ ဆင်းလာပြီး အိမ်ရှေ့သို့ထွက်လာရာ လက်ဆွဲမီးအိမ်တစ်လုံးဖြင့် အလုပ်ရှုပ်နေကြသော ထားထားတို့ကို တွေ့လိုက်ရသဖြင့်

''သမီးတို့ ဘာရှာနေကြတာလဲ''

မောင်မျိုးညွန့်က ဝင်၍ . .

''ထားထားရယ်ပေါ့၊ လက်စွပ်ကိုချွတ်ပြီး ဒီကျောက်ပြားပေါ် တင်ထားတာ၊ ခုမှသတိရလို့ လာရှာတာပါ အမေ''

''တွေ့ရဲ့လား''

''မတွေ့ဘူး မေမေ၊ သမီး ဒီကျောက်ခွက်ကလေးထဲမှာ အသေအချာ ထည့်ထားတာ''

''မြောင်းထဲကို ရေနဲ့မျော ကျသွားလားမှ မသိတာ မနက်ကျမှ ရှာကြည့်ပေါ့ တွေ့မှာပါ''

''ဟုတ်ကဲ့''

ထားထားတို့ အတော်ကြာအောင် ရှာသည်။ မောင်မျိုးညွန့်ကဆိုလျှင် ရွံ့မြောင်းကလေးအတွင်းသို့ပင် လက်ဖြင့်စမ်း၍ စမ်း၍ ရှာပါသည်။





သည့်လောက်ဆို မတွေ့နိုင်စရာ မရှိတော့ပေ။ နောက်ဆုံးတွင် လက်လျှော့လိုက်ပြီး လက်များကို ရေဆေးနေရာမှ ထားထားကို လှမ်းမေးမိ၏။

''ထား . . အိမ်ကို ဘယ်သူလာသေးလဲ''

ထားထား ခုမှသတိရသည်။

ခြံထဲက ဒယီးဒယိုင်ဖြင့် ထွက်ခွာသွားသည့် ဦးလေးသောင် ကို မျက်စိထဲတွင် ပြန်လည်မြင်ယောင်လာ၏။ ခါတိုင်းဆို အိမ်ထဲသို့ ဝင်သည်။ အကြောင်းရှိမှလဲ လာသည်။ အတောင်းရှိမှ လာသည်။

ယခုလည်း တောင်းဖို့လာပါလျက် အိမ်ပေါ်သို့ မတက်။ အိမ်ထဲသို့ မဝင်။ တစ်ခုခုတော့ တစ်ခုခုဖြစ်ရမှာ အသေအချာပင်ဖြစ်၏။ ဤအကြောင်းမှာ ယခုမှ အဓိပ္ပာယ်ရှင်းလင်းရပေပြီ။

ထားထားက ဖြစ်နိုင်သည့် အကြောင်းကို ဖွင့်တပြောလိုက်သည်။ ဒေါ်ထွန်းမယ်မှာ ခေါင်းတဆတ်ဆတ်ညိမ့်ရင်း နားထောင်နေ သည်။ မျက်နှာမှာ မသာမယာရှိသည်။ သို့သော် ကောင်းသည်ဆိုးသည် တစ်ခွန်းမျှ ဝင်မပြောပါ။

သည်နေ့ မိမိစောင့်လာသော ဥပုသ်အကျိုး မခံနိုင်သဖြင့် စိတ်ကို အတော်ချုပ်တီးထားရဟန် တူပေသည်။ လက်ထဲက ဆင်စွယ်ပုတီးကိုသာ တစ်အားဖိ၍ စိပ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် သမီးနှင့်သမက်မျက်နှာကို ညှိုးငယ်စွာ လှမ်းကြည့်သည်။ ထိုအကြည့်ကပင် တောင်းပန်သောအကြည့် ခွင့်လွှတ်ကြပါရန် အကြည့်မျိုးဟု အားလုံးက နားလည်သည်။

အတန်ကြာလျှင် ထိုင်နေရာမှ အသာထပြီး အဆောင်ထပ်သို့ တက်သွားတော့သည်။ မောင်မျိုးညွှန့်တို့ နှစ်ယောက်စလုံး နားလည်ကြပါသည်။

အမေသည် အခန်းထဲသို့ ဝင်သွားပေမည်။ ပြီးလျှင် အခန်း တံခါးကို ဂျက်ထိုးက ခုတင်ပေါ်တွင် မှောက်လျက်စွာ လှဲလျောင်းနေမည် ဖြစ်သည်။ စိတ်နှလုံးများစွာ ထိခိုက်နေသဖြင့် မျက်ရည်မကျအောင် အတော်ကြီး သတိထားနေရမည်ဟု နှစ်ယောက်စလုံး တွေးမိကြပါ၏။

မောင်မျိုးညွှန့်မှာ စိတ်မသက်မသာစွာဖြင့် သက်ပြင်းချလိုက်၏။ ခံပြင်းစရာ ကောင်းနေသည်ကတော့ အမှန်ပင်တည်း။ သို့သော် မိမိမှာ လူငယ်တစ်ယောက် ဖြစ်နေသည်။ လူကြီးက မလုပ်သော ကိစ္စတစ်ခုကို မိမိက မကျေမနပ် လုပ်နေလျှင် မိမိအပေါ်၌ အမြင်တစ်မျိုး ဖြစ်သွားမည်ကို သတိထားနေရသည်။

ထို့ပြင် မိမိမှာက ဖနီးနှင့်စပ်မှ ဦးလေးတော်ရသည် ဖြစ်၏။ ခလည့္ဘက အနေသာကြီးလို ဖြစ်နေသည်။ ထားထားတို့က အရင်းအချာ ဖြစ်ပေသည်။





နောက်ဆုံးတွင် ဤကိစ္စကို သူတို့ဘာသာသူတို့ ရှင်းကြလင်းကြတာ အကောင်းဆုံးဟု မှတ်ယူကာ စိတ်လက်မသက်မသာဖြင့် အိပ်ခန်းထဲသို့သာ ဝင်လာမိတော့သည်။

မပြောသာ၍ မပြောသော်လည်း မောင်မျိုးညွှန့်မှာ အလွန်ဘဲ စိတ်မကောင်းဖြစ်ရသည်။ အထူးသဖြင့် မောင်မျိုးညွှန့်မှာ ရွှေငွေ ကို မက်မောတတ်သူ တစ်ဦးမဟုတ်ပါ။

မိတ်များက မောင်မျိုးညွှန့်အား ရွှေဆင်သော်လည်း လုံးဝ လက်ခံသည်မရှိ။ မဝတ်ချင်ပါဘူးဟူ၍ ငြင်းသည်သာများသည်။ ထို့ကြောင့် မောင်မျိုးညွှန့်၏ ကိုယ်ပေါ်၌ ရွှေဟူ၍ မှုးလို့တောင်မှ ရှုစရာ တစ်ရွေးသားမျှပင် မရှိပါလေ။

သို့သော် ယခုလက်စွပ်ကလေးကိုတော့ မောင်မျိုးညွှန့် လွန် စွာပင် တွယ်တာသည်။ တွယ်တာသည်ကလည်း သူ့စိတ်၌ အလွန် တရာမှ လေးစားချစ်ခင်သော ကိုကြီးကပေးထားသဖြင့် အမြတ်တနိုး ရှိခဲ့ပါသည်။

ကိုကြီးသည် ရောက်ရာအရပ်မှ မဖြစ်ဖြစ်သည့် နည်းဖြင့် ပေးပို့ခဲ့သော ရတနာဖြစ်သည်။ ထို့အပြင် ကိုကြီးသည် မည်



www.burmeseclassic.com

www.burmeseclassic.com



သည့်အရပ် မည်သည့်ဒေသတွင် နေထိုင်ပုန်းအောင်း ရှောင်တိမ်းနေရပါလျက် သူ့သတင်း၊ သူ့အကြောင်းများကို တစ်နည်းနည်းဖြင့် နားစွင့်နေကြောင်း ယုံမှားသင်္ကာဖြစ်စရာ မလိုပါချေ။

ထိုနည်းဖြင့် သူ့အကြောင်းများကို နားထောင်နေကြောင်းကို သိရသောအခါ၌ သူသည် သူ့ကိုကြီးအပေါ်၌ များစွာပင် ချစ်ခင်သွားမိသည်။ လေးစားကြည်ညိုသွားမိသည်။

နောက်တစ်ချက်မှာ ကိုကြီးမှာ ယခုလို ပြေးလွှားပုန်းအောင်းနေရသည့် ဘဝကိုလည်း အလွန်ပင် စာနာမိသည်။ သနားလည်း သနားမိပါသည်။

ယခုအခါ၌ ကိုကြီးတို့၏ ခေါင်းဆောင်ကြီး ဗိုလ်မြတ်ထွန်းမှာ မရှိတော့ပါ။ ဝါးအစည်းပြေသလို ပြိုကွဲခဲ့ချေပြီ။ အင်္ဂလိပ်မင်းအစိုးရများက သူပုန်ဟု သတ်မှတ်ထားသည်။ ရက်ရက်စက်စက် နှိမ်နင်းနေသည်။

အရိပ်တောင် အမြင်မခံဝံ့အောင် ဖြစ်နေသည်။ တပြေးတည်းပြေး၊ တပုန်းတည်း ပုန်းနေကြရသဖြင့် နေရာအတည်တကျ မရှိဘဲ နေနေကြရသည့်ဘဝ ဖြစ်သည်။

ထိုကဲ့သို့ အရေးတော်မလှ ပြေးလွှားနေရသည့် ကြားထဲက မိမိတို့ မင်္ဂလာဆောင်ကို လက်ဖွဲ့ဖြစ်အောင် ဖွဲ့လိုက်





သေးသည်မှာ လွန်စွာပင် အံ့သြဖွယ်ဖြစ်နေသည်။

ထိုကဲ့သို့ ဒုက္ခများအကြားမှ လက်ဖွဲ့ခဲ့သော ထိုလက်စွပ်ကလေးကို မောင်မျိုးညွန့်သည် ကိုကြီး၏ကိုယ်ပွားအဖြစ်နှင့် လွန်စွာ တန်ဖိုးထားပါသည်။

ဤသို့ အခက်အခဲပေါင်းများစွာကြားမှ ရရှိလာသော လက်စွပ်ကလေးကို ထားထား၏ လက်သူကြွယ်တွင် တယုတယ ဝတ်ဆင်ပေးရင်းပင် မောင်မျိုးညွန့်က အမှတ်မှတ်ရရ ပြောမိသေး၏။

"ထား .. ဒီလက်စွပ်ကလေးကို ထားရဲ့ကိုယ်နဲ့ ဘယ်တော့မှ မခွာနဲ့နော်၊ ဒီလက်စွပ်ကလေးဟာ ကိုကို အလွန်လေးစားချစ်ခင်တဲ့ ကိုကြီးရဲ့လက်ဆောင်လို့လဲ အမြဲသတိရနော်၊ အမှန်တော့ ဒီလက်စွပ်ကလေးဟာ ကိုကြီးရဲ့ကိုယ်ပွားလို့ ပြောရင်လဲ ရကာပဲ၊ မဟုတ်ဘူးလား ထားထားရယ်"



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာစပြီ

## ၂၃။

ရက်သတ္တနှစ်ပတ်ခန့်ကြာသောအခါ ဦးလေးသောင်းအိမ်သို့ ရောက်လာပါသည်။

ဒေါ်ထွန်းမယ်က အကျိုးသင့်အကြောင်းသင့် ပြောပြကာမေးသည်။ ကလေးတွေ၏ ပစ္စည်းဖြစ်နေတာမို့ ဒေါ်ထွန်းမယ်ကိုယ်တိုင်ကလည်း ပြန်ရလိုရငြားပြန်ရငြား သဘောထား ရှိသည်။ မဆုံးရှုံးသင့်က မဆုံးရှုံးအောင် ဝင်ထိန်းသည့် သဘောပါသည်။

အကာယ်တန်း ပေါင်နှံထားပါကလည်း လိုက်ရွေးလို





ကြောင်း၊ သို့တည်းမဟုတ် ရောင်းပြီးပါကလည်း တန်ရာတန်ဖိုးဖြင့် ပြန်ဝယ်ယူလိုကြောင်း၊ ထုခွဲသည့်နေရာနှင့် လူကိုသာ ပြောစေလိုကြောင်း မိမိဘာသာ မိမိတို့နည်းဖြင့် သွားတွေ့မည်ဖြစ်ကြောင်းကို ပြောသည်။

ထိုစကားမှာ အင်မတန်မှ နည်းလမ်းကျပေသည်။ ထို့ပြင် ဦးလေးသောင်း၏ ဂုဏ်ကိုလည်း မထိခိုက်စေရန် ဒေါ်ထွန်းမယ်က တွက်တွက်ဆဆပြောသည်ဟု မောင်မျိုးညွန့် တွေးမိ၏။

သို့သော် ဦးလေးသောင်းမှာ ဤသို့ တွက်ဆမိပုံမရပါ။ သူက မတရားစကား၊ မတရားစွပ်စွဲသည်ဟူသော မျက်ထောက်နီကြီးဖြင့် ဒေါ်ထွန်းမယ်ကို စိုက်ကြည့်သည်။ အရက်ခိုးများဝေလျှံလျက်နေသော မျက်နှာပွဖောင်းဖောင်းကြီးသည် နီးမြန်းသွားလျက် . .

''မလှစုန်းမျိုး မရှိခိုးနိုး သဘောမျိုးနဲ့ နင်တို့က ငါ့ကိုစွပ်စွပ် စွဲစွဲ ပြောနေတာပေါ့လေ၊ ဒီမှာ ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း၊ ငါဒီလိုခိုးမယ့် လူစားလားဆိုတာ ငါက အစ်ကို့မျက်နှာ ထောက်နေလို့သာပေါ့''

ဒေါ်ထွန်းမယ်က . .

''တို့က မင်းကို ခိုးတယ်လို့ စွပ်စွဲနေတာ မဟုတ်ပါဘူး၊ တကယ်လို့ ရမိတာတောင်မှ ပြန်ပေးမယ်ဆိုတာကို ယုံပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ လက်လွှန်သွားတာမျိုးရှိခဲ့ရင် တို့ကပြန်ပြီး ဝယ်ထား ဝယ်၊ ရွေးတန်ရွေးအနေနဲ့ ပြောတာပါ''

ဤသို့ ချောချော့မော့မော့ ပြောကာမှ ဦးလေးသောင်မှာ ပို၍ ဒေါပွလာတော့သည်။

''အဲဒါကိုက ပါ့ကို စော်ကားနေတာပဲ၊ ဒီမယ် မထွန်းအေး ငါက နင်တို့ဘဝစေစ်ခုလုံးကို ကယ်တင်နေတာ ဆိုတာကို နင် မြဲမြဲ မှတ်ထားပါ၊ ငါ အားလုံးကို ဖွင့်ချလိုက်ရင် နင်တို့ ဘယ်အ ရောက် သွားမယ်ဆိုတာ နည်းနည်းမှ မသိပေဘူးလား''

ထိုစကား ကြားရသောအခါ ဒေါ်ထွန်းမယ်မှာ အ တော်ကလေး စိတ်ဆိုးသွားပုံရသည်။ ခေါင်းကို ဆတ်ခနဲ မော့ကာ ဦးသောင်ကို စေ့စေ့ကြည့်သည်။ မျက်လုံးထဲတွင် ဒေါသအရောင်များ လျှံကျ လာလေတော့မလားပင် ထင်ရသည်။

သို့သော် ခဏအတွင်းမှာပင် မျက်နှာတွင် နာကြည်းပြုံး ပြုံးလိုက်သည်ကို တွေ့လိုက်ရပြန်၏။ အတန်ကြာမှ . . .

''မောင်သောင် မင်းစကားတွေက မလွန်လွန်းဘူးလား တစ်ခါက်ရှိ ဒီစကားပဲ ပြန်ပြန်ရောက်လာတာပဲ၊ အစ်ကိုမျက်နှာကို မှ မထောက်ဘူးဆိုရင် လုပ်ချင်တာ လုပ်နိုင်တယ်''

''ဒီလိုလား''

ဦးလေးသောင်က စိန်ခေါ်လိုက်၏။ ဒေါ်ထွန်းမယ်က ဘာမှ





ဆက်မပြောဘဲ စိုက်ကြည့်ရင်း သက်ပြင်းကိုသာ ရှိုက်နေ၏။ သည် တော့ မောင်မျိုးညွန့် မနေသာနိုင်တော့ပေ။ ထို့ပြင် မခံချင်စိတ်က လည်း ရင်ထဲမှာ ပြည့်နေသဖြင့် . .

''ဒီမှာ ဦးလေး၊ ဦးလေးကို ကျွန်တော်တို့ တစ်ခုမေး ပါရစေ ဦး၊ ကျွန်တော်တို့က အစိုးရဥပဒေနဲ့ မကင်းတဲ့အလုပ်မျိုး ဘာတွေ လုပ်နေလို့လဲ၊ ပြောစမ်းပါ''

လေသံတင်းတင်းဖြင့် ပြောလိုက်သဖြင့် ဦးသောင်မှာ မောင်မျိုးညွန့်အား ကျားစီးဖားစီး အကြည့်မျိုးဖြင့် လှည့်ကြည့် လိုက်ပြီးလျှင် . .

''ခြော် . . မင်းက အရွယ်မရောက်သေးဘူး အာခံချင် တယ်ပေါ့''

''ကျွန်တော် အာခံနေတာ မဟုတ်ဘူး၊ လိုရင်းကို မေးနေ တာပါ၊ ဘေးစကားတွေ မပြောရင် ကောင်းမယ် ထင်တယ်''

ဒေါ်ထွန်းမယ် ကြားဝင်သည်။

''ဟဲ့ . . သား၊ လူကြီးကို အဲသလို မပြောနဲ့လေ''

ထားထားက . .

''ဦးလေးပြောတဲ့စကားကိုလဲ မေမေကြည့်ပါဦး၊ သမီး တို့ အပေါ်မှာ ဘယ်လောက် ရင့်သီးသလဲဆိုတာကို''

ဦးသောင်က ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ အရက်



www.burmeseclassic.com

www.burmeseclassic.com



မှာ တော်တော်ကြီး မှုးနေပုံရပေသည်။ ယိုင်ထိုးယိုင်ထိုး ဖြစ်သွားရာမှ ထားထားကို လက်ညှိုးငေါက်ငေါက် ထိုးလျက် ပြောသည်။

''နင့်အဖေက လူကောင်းသူကောင်းများ မှတ်နေသလား''

ထားထားက စွတ်အော်ပစ်သည်။

''ဖေဖေ့ကို အဲသလို မစော်ကားပါနဲ့ ဦးလေး''

''ငါ စော်ကားနေတာ မဟုတ်ဘူး။ ငါ အထုပ်ဖြေလိုက်ရင် နင်တို့ ဘယ်ဘဝရောက်သွားမယ် မှတ်သလဲ''

အခြေအတင်က တင်းမာလာသည်။ ကြာလျှင်သည့်ထက် ဆိုးရွာလာမည်ကို ဒေါ်ထွန်းမယ် သိလိုက်၏။ ထို့ကြောင့် သမီးထားထားကို ဝင်၍ ဟန့်လိုက်တော့သည်။

''သမီး နေရာတကာတိုင်း ဝင်မပါနဲ့၊ မေမေတို့ လူကြီးတွေ ရှိသေးတယ်၊ ပြောစရာရှိရင် မေမေပြောမယ်၊ ကဲ . . မောင်သောင် နင်လဲပြန်တော့၊ ညဥ့်နက်လှပြီ''

ထားထားကို ပြောနေရာမှ ဦးသောင်ကိုပါ လေပြေထိုးသံနှင့် ဝင်ပြောလိုက်သည်။ သို့သော် ဦးသောင်မှာ ပုဆိုးကို တိုတိုပြင်ဝတ်ရင်း ဒေါ်ထွန်းမယ်ကို လေသံသြသြကြီးဖြင့် ဆက်ပြောနေ၏။





''နင် ပြန်ခိုင်းတိုင်း ငါမပြန်နိုင်သေးဘူး၊ နင့်သားသမီးတွေ ပြောတဲ့ဆိုတာ ကြားရဲ့မဟုတ်လား၊ ဦးလေး တစ်ယောက်ကို လက်တုံ့ပြန်ချင်တဲ့ စကားမျိုး''

မောင်မျိုးညွန့်မှာ ဦးသောင်၏ စကားတွေ လွန်လွန်ကျူးကျူး ရှိနေသည်မို့ မခံမရပ်နိုင်အောင် ရှိနေသည်။ သို့သော် ခိုင်လုပ် သူက ကာဆီးကာဆီး လုပ်နေသဖြင့် ဝင်မပြောတော့ဘဲ အိပ်ခန်းထဲသို့သာ ခပ်သုတ်သုတ် ဝင်လာတော့သည်။

ညှော်ခန်းထဲတွင် ဒေါ်ထွန်းမယ်နှင့် ဦးသောင်တို့ ဒေါ်ချ စကားတွေ အတော်ကြာအောင် ပြောနေသေးသည်။ အတော ကြီး ကြာမှ ဦးသောင် ထွက်သွားသည်ကို ကြားလိုက်ရပေသည်။

''တောက်''

မောင်မျိုးညွန့်၏ တက်ခေါက်သံမှာ တစ်ခန်းလုံးကိုပင် တိန်းသွားစေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဧတာရှင်ပြီ

## ၂၄။

"ဒိုင်း . . ."

ယမ်း၏တွန်းကန်မှုကြောင့် ပေါက်ကွဲထွက်ပေါ်လာသော သေနတ်သံက ဟိန်းထွက်သွားလေ၏။

ထို့ပြင် အလွန်တိတ်ဆိတ်သော ညအချိန်လည်း ဖြစ်သည်။ ထို့ထက်ဆိုးသည်က ဤခြံဝင်းအတွင်း၌ သစ်ပင်ကြီးငယ်တို့ဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိနေသဖြင့် မြိုင်ကလေးတစ်ခုပမာ ရှိလေသည်။





သေနတ်သံက ထိုမြိုင်ကလေးတကြောကို ရိုက်ခတ်သွားသဖြင့် ပဲ့တင်သံများပင် ဖြစ်ထွန်းသွား၏။ သစ်ပင်များအပေါ်၌ အသိုက်ဆောက်၍ အိပ်စက်နေကြသော ကျီးတစ်သိုက်မှာလည်း သေနတ်သံကြောင့် လန့်သွားဟန်တူ၏။

တအားအား အော်မြည်ရင်း ညအမှောင်ထုထဲတွင် ဝဲယာတောင်မြောက်သို့ ဂမူးရှူးထိုး ပျံသန်းလျက် ရှိသည်။ မရှေးမနှောင်းမှာပင် ခွာသံစိပ်များကို ကျီးလန့်ပျံနေသော အော်သံများနှင့်အတူ ရောထွေးကြားလိုက်နိုင်ပါ၏။

မောင်မျိုးညွန့်မှာမူ ထိုအချိန်က ဆင်အော်လို့မှ မနိုးနိုင်အောင် အိပ်မောကျနေသည်။ သို့သော် သူသည် အိပ်မက်တစ်ခုအတွင်း၌ ကျရောက်လျက် ရှိသည်။ သူ၏ ပခုက္ကူလက်လှေကြီးမှာ သွားသည့်အရပ်က တစ်နေရာ၊ ရောက်နေသည့် နေရာက တစ်ခု ဖြစ်နေသည်။

သူရောက်နေရသည်က အဆုံးအစ မတွေ့ရသော သမုဒ္ဒရာကြီး။ ထိုစဉ်တွင် သမုဒ္ဒရာကြီးသည် မုန်တိုင်းကျရောက်နေသဖြင့် အရပ်ရှစ်ခွင်မှာ မှောင်ပိန်းနေသည်။

လှိုင်းလုံးကြီးများက တဝုန်းဝုန်းရိုက်နေ၏။ သို့သော် အသံတွေမရှိ၊ မကြားရ၊ ပတ်ခြောက်တီးသံကို နားထောင်နေရသလို ရှိ နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေသမားများအားလုံးသည် လှေကြီးပေါ်၌ အသက်ဆုံးရှုံးကြရမည်ကို အလွန်ကြောက်ရွံ့စွာဖြင့် တောင်မြောက်မသိနိုင်အောင် ပြေးလွှားလျက် ရှိနေကြပါ၏။

ထိုအခါ လေပြင်းမုန်တိုင်းတစ်ခုက ပင့်ရိုက်လိုက်ပြန်၏။ ရွက်တိုင်သည် ခါးတဝက်မှ ပြတ်ကျသွားသည်။ လေနှင့်လွင့်ပါသွားဘဲ လှေကြီးအတွင်းသို့ ဝုန်းခနဲ ကျလာ၏။ တိုင်လုံးဖြင့် အရာဝတ္ထု တစ်ခုခု ဆိခိုက်မိသော ဒိုင်းခနဲ အသံကြီးကို သူ့နားနှင့်ဆတ်ဆတ် ကြားလိုက်မိသည် ထင်သည်။

နား၌ အတော်ပင် အသံကျယ်ကျယ် ကြားလိုက်ရသည် ကား အမှန်ပင်တည်း။

''ကိုကို . . ကိုကို ခြံထဲက ဘာသံကြီးလဲ မသိဘူး ထစမ်း ပါဦး''

အအိပ်ဆတ်သော ထားထားက မောင်မျိုးညွန့်၏လက်မောင်းကို လှုပ်၍လှုပ်၍ နှိုးနေသည်။ မောင်မျိုးညွန့် ကယောင်ကတန်းဖြင့် လန့်နိုးလာတော့သည်။

''ထား . . ဘာဖြစ်လို့လဲ''

''ထား ကြောက်လိုက်တာ''

တကယ်ပင် ထားထား ကြောက်နေပါသည်။ လက်ဖျားခြေဖျားတွေ အေးစက်နေပြီး တစ်ကိုယ်လုံး နတ်ဝင်သလို တဆတ်





ဆတ် တုန်ယင်နေသည်။

''ဘာဖြစ်လို့ ဘာကို ကြောက်တာလဲ''

မောင်မျိုးညွန့်က ခုတင်ပေါ်တွင် ငုတ်တုတ်ထထိုင်ရင်း ခပ် တိုးတိုး မေးနေပြန်၏။ ထားထားက စိတ်မရှည်တော့သလိုဖြင့်

''အို . . ကိုကိုကလဲ အရေးရယ် အကြောင်းရယ်ဆို နိုးလို့ ကို မရဘူး၊ သိပ်အအိပ်ကြီးတာပဲ၊ စောစောက အသံကြီးကို ကိုကို မကြားလိုက်မိဘူးလား''

မောင်မျိုးညွန့်မှာ နဝေတိမ်တောင် ဖြစ်နေမိသည်။ သူ့နားထဲ၌ ကြားလိုက်ရသောအသံမှာ ဟုတ်မှဟုတ်ရဲ့လား ဟူသော သံသယများ ဖြစ်နေမိသည်။ ထားထားကို သူအံ့သြတွေဝေစွာ ကြည့်လျက် . .

''ဘာအသံကြီးမို့လဲ ထားရာ''

ထားထား စိတ်တိုသွားသည်။

''ဩော် . . တော်တော်ခက်တဲ့လူပါလား၊ တစ်ခြံလုံးတုန် သွားတာကိုတောင် ကိုကို မကြားလိုက်မိဘူးလား၊ ဗိုင်းဆိုတဲ့ အသံကြီး ဟိန်းသွားတာလေ၊ ကဲပါ . . မီးထွန်းစမ်းပါဦး''

ထိုအခိုက်တွင် အိမ်ရှေ့ညှော်ခန်းမှ ဒေါ်ထွန်းမယ်၏ အသံက ထွက်ပေါ်လာပြန်သည်။

''ဟဲ့ . . သမီးနဲ့သားတို့ နိုးနေကြလား၊ ထစမ်း . .



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲက ဘာဖြစ်တာလဲ မသိဘူး၊ ထ . . ထ . . ထကြစမ်း''

''ဟုတ် . . ဟုတ်ကဲ့ မေမေ . . နိုးနေပါပြီ''

သို့နှင့်ပင် မောင်မျိုးညွန့်တို့သည် မီးအိမ်တစ်လုံးကို ဆွဲကာ အိမ်ရှေ့တံခါးဖွင့်ပြီးနောက် အိမ်အပြင်သို့ ထွက်လာကြသည်။

အသံကြားရာအရပ်ကို ဒေါ်ထွန်းမယ်နှင့် ထားထားတို့က ညွှန်ပြသဖြင့် မောင်မျိုးညွန့်က ဦးဆောင်ကာ ထွက်လာကြသည်။ ကောင်းကင်မှ လမှာ လဆန်း သုံးလေးရက်သာရှိသည်။ လရောင်မှာ အင်အားမရှိလှပါ။ လရောင်မှိန်မှိန်သာ လင်းနေရသဖြင့် အမှောင်ကသာ စိုးမိုးနေ၏။

ထိုမြင် ဥယျာဉ်ခြံဝင်းကြီးမှာ သစ်ပင်ကြီးငယ် အလွန်ပေါမျာ းပေသည်။

အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ထို့ကြောင့် လရောင်များသည် သစ်ပင်၏ အပေါ်ပိုင်းကို ကျရောက်နေသော်လည်း အပင်အောက်ကိုမူ ထိုးဖောက်မလာနိုင်သောကြောင့် ခြံထဲတွင် အမှောင်ရိပ်များက ရှိမြဲရှိနေကြပေသည်။

မောင်မျိုးညွန့်မှာ မီး၏အလင်းကို အားကိုးအားထားပြု





ဦး မြေပါးကင်းပါးကို အထူးဂရုစိုက် သွားနေရသဖြင့် ထိုအသံကြားရာ အရပ်သို့ ရုတ်ခြည်းမရောက်နိုင်အောင် ရှိနေသည်။

သည့်အပြင် မိမိနောက်တွင် လိုက်ပါလာသော ဒေါ်ထွန်းမယ်နှင့် ထားထားကိုလည်း တစ်ခါတစ်ခါတွင် မီးရောင်ဖြင့် လမ်းပြနေရသေး၏။ ထိုပြင် ချုံ့ရှိနေလျှင်လည်းကောင်း၊ မြောင်းရှိနေလျှင်သော်လည်းကောင်း၊ ဂမုန်နှင့်ခဲများရှိနေလျှင်သော်လည်းကောင်း နောက်မှ စမ်းတဝါးဝါး လျှောက်နေကြသူများကို လှည့်၍လှည့်၍ သတိပေးနေရသေးသည်။

တိုက်မိပြုမိကာ လဲမည်စိုးသဖြင့် စောင့်ခေါ်ရသည်က များ နေပါသည်။ ယင်းကဲ့သို့ သွားနေရသောကြောင့် အတော်ကြီးကြာမှ ထိုနေရာသို့ ရောက်သွားနိုင်တော့သည်။

မီးအိမ်၏ အလင်းရောင်ကြောင့် မြင်လိုက်ရသော မြင်ကွင်းမှာမူ လွန်စွာပင် အကျည်းတန်လျက် ရှိနေပါသည်။ ထားထားမှာမူ ရုတ်တရက် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့်ပင် အလန့်တကြား အော်လိုက်မိတော့သည်။

''အမယ်လေး''

ဒေါ်ထွန်းမယ်မှာမူ . .

''အလို . . ဘုရား . . ဘုရား''

မောင်မျိုးညွန့်မှာ တခဏတော့ ကြက်သေ သေသွားပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တော့ ချက်ချင်းလှုပ်ရှားလာသည်။ မီးရောင်ကို ရှေ့သို့ တိုးနိုင်သမျှတိုး၍ ကြည့်သည်။

မြက်ခင်းပေါ်၌ လဲကျနေသူမှာ မှောက်လျက်ကြီး ဖြစ်နေသည်။ ဘယ်ဘက်ခြေမှာ ကွေးလျက်ရှိပြီး ညာဘက်ခြေမှာမူ ဆန့်ဆန့် ကြီးရှိသည်။

ညာဘက်လက်မှာ ဘေးသို့ ဆန့်နေပြီး ဘယ်လက်မှာ ရင်ဘက်အောက်တွင် ပိလျက်ရှိပေသည်။ ထိုထဲမှ စီးထွက်လာသော သွေးများသည် မြက်များပေါ်တွင် အိုင်ထွန်းနေ၏။

မျက်နှာမှာမူ ခပ်စောင်းစောင်းဖြစ်နေသည်မို့ မောင်မျိုးညွန့်က မီးအိမ်ကို မြှောက်ကာ အလင်းရောင်ဖြင့် သေချာကြည့်လိုက်ပါ သည်။

အားလုံးပင် အံ့သြတုန်လှုပ်သွားကြပါသည်။ ထားထား နှုတ်ဖျားမှပင် . .

"အမယ်လေး . . ဦးလေး"

ငိုသံဖြင့် အော်လိုက်သော အသံ၏ မရှေးမနှောင်းမှာပင် ဒေါ်ထွန်းမယ်က . .

"ဖြစ်မှဖြစ်ရလေ မောင်သောင်ရယ်"

❁





ဖြစ်လာတော့မှ ဤအတိုင်းကြည့်နေလို့ မပြီးသေးမှန်း မောင်မျိုးညွန့် သိသည်။ ထို့ပြင် ဤကဲ့သို့ သေမှုမျိုးက သာမန်ရိုးရိုးသာ မဟုတ်။ ဥပဒေနှင့် ပတ်သက်နေသည်။

"သား ဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲ"

ဒေါ်ထွန်းမယ်က အစိုးရိမ်ကြီးစွာဖြင့် မေးသည်။ မောင်မျိုးညွန့်က ခေါင်းကုပ်သည်။ ထို့နောက် ခပ်တိုးတိုး ပြောသည်။

"ဂါတ်တဲကို အကြောင်းကြားမှ ဖြစ်မယ်"

ထားထားက မောင်မျိုးညွန့်၏ မျက်နှာကို ဖျတ်ခနဲ ကြည့်၍

"ကိုကိုဖြစ်ပါ့မလား"

"မဖြစ်လို့ မရဘူး ထားရဲ့၊ ခုဟာက လူသေမှု၊ ရိုးရိုးမှု မဟုတ်တာ လူသတ်မှုဖြစ်နေပြီ၊ ပြီးတော့ ကိုယ့်ခြံဝင်းထဲမှာ ဖြစ်နေတော့ ဂါတ်ကို မတိုင်လို့ကို မဖြစ်တော့ဘူး ထားရဲ့"

"ဘယ်သူ့ဘယ်ဝါ သတ်တာမှန်းမှ မသိတာ"

"အဲဒါကြောင့် ခက်နေတာပေါ့၊ ကိုယ်က မတိုင်ကြားဘဲ ဖျောက်ဖျက်ပစ်လိုက်ရင် အဲဒါမှ ပိုဆိုးလိမ့်မယ်၊ ပြီးတော့ ဒီသေနတ်သံကို အနီးအပါး ပတ်ဝန်းကျင်ကလဲ ကြားနိုင်လောက်တယ်၊ သွေးရိုးသားရိုး သေတာပါလို့ လိမ်ဖို့ကလဲ အခက်သားပဲ"

ဒေါ်ထွန်းမယ်မှာ ဦးနှောက်ခြောက်နေပုံရသည်။ သမီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးညွန့်တို့ အချီအချ တိုင်ပင်နေသည်ကို အသာနား ထောင်ရင်း သက်ပြင်းကိုသာ အကြိမ်ကြိမ်ချလျက်နေသည်။ အတန်ကြာမှ စိုးရိမ်မကင်းသည့် လေသံဖြင့် . .

''တော်ကြာ ရုံးခေါ် ဂါတ်ခေါ်နဲ့ စစ်လားဆေးလား လုပ်နေကြဦးမှာ၊ အင်း . . မောင်သောင် . . မောင်သောင်း သေတာတောင် ဒုက္ခပေးလို့ မဆုံးသေးပါလား''

မောင်မျိုးညွန့်က သက်ပြင်းရှည်ကြီးကို ချလိုက်ပြီးမှ ပြော သည်။

''ဘယ်တတ်နိုင်ပါ့မလဲ အမေရယ်၊ မေးတာ စမ်းတာ လောက်တော့ ရှိမှာပေါ့''

ထားထားက . .

''မေးတာ စမ်းတာလောက်ဆို အကြောင်းမဟုတ်ပါဘူး။ တော်ကြာတော့ ဘယ်သူသတ်တာလဲ၊ ဘာကြောင့် သတ်တာ ထင်သလဲ၊ ဘာညာတွေ လျှောက်မေးနေရင် အခက်၊ ထားတို့က ရုံးတွေ ဂါတ်တွေ တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူး''

''ဒါတော့ သမီးရယ် . . ကိုယ်လဲ ဘယ်သိပါ့မလဲ၊ မောင် သောင်က ကိုးကျင်းကိုးကုန်း သွားနေတာကလား၊ ပြီးတော့ အရက်သမား ကစားသမားဆိုတာက သွားချင်ရာသွားပြီး တွေ့က ရာလူနဲ့ ပေါင်းနေတဲ့ဥစ္စာ၊ အဲဒီကနေ တစ်ယောက်နဲ့တစ်ယောက်





ရန်ငြိုးရန်စ ရှိချင်ရှိနေမှာပေါ့၊ ဒါကို မေမေတို့ ဘယ်လိုသိနိုင်မှာလဲ''

စကားမှာ ပြတ်တော့မည် မဟုတ်မှန်းကို မောင်မျိုးညွန့် တွေးမိသည်။ ညဉ့်က အတော်နက်ပြီ၊ ဤကိစ္စကို မြန်မြန် အကြောင်းကြားမှ တော်တော့မည်ဟု တွေးမိသည်။

ထို့ကြောင့် . .

''ဒါတွေ လျှောက်ပြောနေရင်တော့ ဆုံးနိုင်မှာ မဟုတ်ဘူး အမေ၊ မိုးသာ စင်စင်လင်းသွားတော့မှာ၊ ကျွန်တော် လုပ်စရာရှိ တာ လုပ်ဦးမှ ဖြစ်မယ်၊ ဌာနကို ကျွန်တော် ပြေးလိုက်ဦးမယ်''

''အေးအေး . . သွားရင်လဲ လမ်းမှာ သတိဝီရိယနဲ့ သွားနော် သား''

မောင်မျိုးညွန့်က ဟုတ်ကဲ့ဆိုကာ အိမ်ထဲမှ ခပ်သုတ် သုတ် ထွက်သွားတော့သည်။ ထားထားမှာ မောင်မျိုးညွန့် ထွက်သွားသွားချင်း ကျောချမ်းသွားသဖြင့် ကမန်းကတန်းပင် အိမ်ရှေ့တံခါးကို ထပိတ်ပြီးနောက် မီးခင်ကြီးအနီးတွင် ဝင်ထိုင် လိုက်၏။

☾

ဂါတ်တဲသို့ သွားရောက်တိုင်ကြားသော မောင်မျိုးညွန့်တစ် အိမ်သို့ ပြန်ရောက်လာသော်လည်း ဂါတ်တဲမှ ပုလိပ်သားများ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတစ်ယောက်မှ မပါလာခဲ့ချေ။

ဒေါ်ထွန်းမယ်က ဆီးမေးသောအခါ၌

"ခုပဲ လိုက်လာကြမယ်တဲ့ အမေ" ဟု မောင်မျိုးညွန့် ပြောသည်။ အိမ်ထဲသို့ မောင်မျိုးညွန့် ရောက်လာသည့်တိုင်အောင် ထားထားမှာ ထိုင်နေရာမှ မထရဲအောင် ရှိနေသည်။

တကယ့်တကယ်တော့ ထားထားမှာ အကြောက်လွန်နေသည်။ အထူးသဖြင့် သရဲတစ္ဆေဆို ပိုဆိုးသည်။ သရဲတစ္ဆေဆိုလို့ ထားထား ဘယ်နှစ်ကြိမ် အခြောက်ခံရသည်ဟူ၍ မရှိပါ။ သို့သော် ထားထားသည် သူပြော ငါပြောနှင့်ပင် မမြင်မတွေ့ဘူးသော နာနာဘာဝ ဝိနာဘာဝကို အလိုလိုနေရင်း အသားကုန်ကြောက်နေခြင်းပင် ဖြစ်သည်။

ယခုလည်း ဦးသောင်သေသည်မှာ ပူပူနွေးနွေး လတ်တလောသာ ရှိသေးသည်။ ယခုချက်ချင်း သရဲဖြစ်ကာ သူ့ကို လာခြောက်လိမ့်မည်ဟု ထင်နေ၏။

သူနှင့်ဦးသောင်မှာ လွန်ခဲ့သော တစ်လလောက်က စကားများခဲ့ဖူးသည်။ နဝရတ်လက်စွပ်နှင့် ပတ်သက်၍ ဖြစ်သည်။ ထိုကတည်းက သူ့ကိုဦးလေးသောင် အမိကထား၍ ငြိုးနေလိမ့်မည်ဟု တွက်သည်။

ထိုအငြိုးဖြင့် သူ့ဂုတ်ကိုလာချိုးမှာ အရမ်းကြောက်နေ





သည်။ ထို့ကြောင့် ဘယ်ကိုမှ မသွားရဲ၊ မလာရဲ၊ မရွေ့ရဲအောင် ဖြစ်လျက် မိခင်အနီးမှာသာ ကပ်နေတော့သည်။

မောင်မျိုးညွန့်က ကုလားထိုင်မှာ ဝင်ထိုင်ရင်း . .

"ထား ကိုကိုဖို့ ရေတစ်ခွက်လောက် ခပ်ပေးပါလား"

ထိုစကားသံကြားတော့ ထားထား၏ ကျောပြင်တစ်ခုလုံး စိမ့်ခနဲ အေးသွားသည်။ ထို့နောက် ထားထားက တုန်တုန်ယင်ယင်ဖြင့် . .

"ဟာ . . ကိုကို့ဘာသာ သွားသောက်တော့"

ဖွတ်ငြင်းသည်။ ဒေါ်ထွန်းမယ်က ဝင်၍

"သွားခပ်ပေးလိုက်ပါ သမီးရယ်၊ ညည်းအစ်ကို မောလာမှာပေါ့"

"ဟင့်အင်း . . သမီး နောက်ဖေးချောင် မသွားရဲတော့ဘူး"

မောင်မျိုးညွန့်က . .

"ဘာဖြစ်လို့ မသွားရဲတာလဲ"

ဒေါ်ထွန်းမယ်က စိတ်ညစ်ရသည့်အထဲ သမီးသတ္တိကြောင်နေသည်ကို ပြုံးရင်း ဝင်ပြောသည်။

"အမယ်လေး မင်းမိန်းမက ဘာမှမဟုတ်ဘူး သူ့ရဲဘော နည်းနေတာ၊ သူ့ဦးလေးက သရဲဖြစ်ပြီး သူ့ကိုလာခြောက်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အိပ်ချင်နေတာတောင် သွားမအိပ်ရဲတော့ဘူးကွယ့်''

''ဟောဗျ''

ထိုစဉ်၌ ခြံဝတွင် စကားပြောဆိုနေသံများ ကြားရသဖြင့် မောင်မျိုးညွန့် ထ၍ ကြည့်လိုက်ရာ မီးရောင်တဝင်းဖင်းကို တွေ့ရသည်။ ဂါတ်တဲမှ ပုလိပ်သားများ ရောက်လာပြီဟု သိလိုက်ရပေသည်။

''ဟော . . ပုလိပ်တွေ လာပြီ''

မောင်မျိုးညွန့်သည် အိမ်ရှေ့တံခါးကို ကတိုက်ကရိုက် ဖွင့်ပြီး ခြံဆီသို့ ခပ်ယုတ်သုတ်သွားလေသည်။ ဒေါ်ထွန်းမယ်နှင့် ထားထားမှာလည်း အယောင်ယောင် အမှားမှား ကြောက်ကြောက်လန့်လန့် ဖြင့် ထကြည့်မိတော့သည်။

သို့ဖြင့် မောင်မျိုးညွန့်က ဌာနအုပ်ဦးစိုးမောင်တို့အား ရှေ့ဆောင်ကာ အလောင်းရှိရာသို့ ခေါ်လာခဲ့သည်။ အောက်လင်းမီးနှစ်လုံးကို လူနှစ်ယောက်က ခေါင်းပေါ်တွင် ရွက်ထားသဖြင့် အတော် လင်းထိန်နေပါသည်။

ဌာနအုပ် ဦးစိုးမောင်မှာ မောင်မျိုးညွန့် ပြသသော အလောင်းကို သေချာစစ်ဆေးနေသည်။ အတူလိုက်ပါလာကြသော ပုလိပ်သားနှစ်ယောက်ကလည်း လိုအပ်သမျှကို ကူညီလုပ်ကိုင်ပေး၏။





ဦးစိုးမောင်မှာ ပုလိပ်သားနှစ်ယောက်နှင့်အတူ အလောင်း၏အနေအထား၊ ခြံနှင့်အကွာအဝေး၊ လဲကျသေဆုံးနေပုံတို့ကို မှတ်ချက်ယူ၏။

အားလုံး မှတ်တမ်းမှတ်ရာများကို သေချာကျနစစ်ဆေးပြီးနောက် ပုလိပ်သားများအား အလောင်းကို လှည်းတစ်စီးငှား၍ ဆေးရုံသို့ ပို့ဆောင်ရန် ညွှန်ကြားပြီးလျှင် မောင်မျိုးညွန့်နှင့်အတူ အိမ်ဆီသို့ လျှောက်လာခဲ့သည်။

ထို့နောက် မောင်မျိုးညွန့်အားလည်းကောင်း၊ ဒေါ်ထွန်းမယ်အား လည်းကောင်း၊ ထားထားအား လည်းကောင်း မေးသင့်မေးထိုက်သော စကားများကို မေးမြန်းခြင်း မှတ်ချက်များရေးမှတ်ခြင်းပြုပြီးနောက် အလောင်းကို သယ်ဆောင်၍ ပြန်သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၅။

ညောင်တုန်းတစ်မြို့လုံးကပင် ဦးသောင်၏ အခြေအနေကို သိထားကြသည်။

ဦးသောင်သည် အခြေအမြစ် ရှိသူမဟုတ်။ အတည်တကျရှိသူမဟုတ်။ အိမ်ခြေယာခြေရှိသူ မဟုတ်။ ထို့ပြင် အသောက်အစားသမားတစ်ဦး၊ ကစားသမားတစ်ဦး ဖြစ်သလိုနေ ဖြစ်သလိုစားသော ဘဝဖြစ်၏။

သို့သော် တစ်ခါတစ်ရံ၌ ဒေါ်ထွန်းမယ်တို့ အိမ်ဘက်သို့





ရောက်ရောက်လာတတ်သည်။ လာသည်မှာလည်း အလည်အပတ်သဘောမျိုးဟု ပတ်ဝန်းကျင်က ထင်သည်။ ညအိပ်သည်တွေ့၍ မတွေ့ရ။

ထိုသို့ အစွယ်အပွားမရှိ၊ အခြေအနေမရှိ လူတစ်ဦး သေဆုံးသွားသော်လည်း မည်သူကမျှ အရေးတယူ မရှိတော့ပေ။ အဆိုးဆုံးမှာ မည်သူကမျှ အမှုမလိုက်လာသည့် ကိစ္စဖြစ်သည်။

အမှုဖြစ်ပွားသည့် နေ့ညက ဌာနအုပ် ဦးစိုးမောင်က အိမ်သားများကို စစ်ချက်ယူရာ၌ ဒေါ်ထွန်းမယ် ပြောပြချက်အရ ဦးသောင်ဆိုသူမှာ မိမိ၏မတ်ဖြစ်ကြောင်း မိမိ၏ခင်ပွန်း၏ ညီအရင်းဖြစ်ကြောင်း၊ ဦးသောင်မှာ သောက်စားမူးရူးခြင်း၊ လောင်းကစားလိုက်ခြင်းဖြင့် အချိန်ကုန်နေသဖြင့် မိမိတို့က ထိုအကျင့်စာရိတ္တများကို မကြိုက်သဖြင့် အိမ်တွင် လက်မခံထားခြင်းဖြစ်ကြောင်း သို့သော်မယ့် အသုံးအစွဲ လိုသည့်အခါတိုင်း မိမိတို့ထံ၌ လက်ဝါးလာဖြန့်တတ်ကြောင်းများကို ပြောပြသဖြင့် ဦးခေါင်နှင့်ဦးသောင်မှာ ညီအစ်ကိုတော်ကြောင်းကို သိရပေတော့သည်။

သို့သော်လည်း ဦးခေါင်တို့ဘက်ကပင် ထိုအမှုအတွက် လေးလေးပင်ပင် ထိထိရောက်ရောက် မလိုက်လာသဖြင့် အမှုမှာ လေးနက် သင့်သလောက် မလေးနက်တော့ဘဲ ခပ်ပေါ့ပေါ့သာ ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒေါ်ထွန်းမယ်တို့ ကိုယ်တိုင်ကလည်း ဦးသောင် အသတ်ခံရမှုနှင့် ပတ်သက်၍ များစွာစိတ်ဝင်စားပုံတို့ မပြကြပါ။ ဝမ်းတောင်သာကောင်း သာနေကြမည် ထင်သည်။

အဘယ်ကြောင့်ဆိုသော် ဦးသောင်မှာ ဒေါ်ထွန်းမယ်တို့ တစ်အိမ်သားလုံးကို နှိပ်စက်နေသူ ဖြစ်သည်။ တောင်းသမှု ရမ်းသမျှ ကို ပိန်လိန်ခံနေကြဟန် ရှိသည်။

ယခု ဦးသောင် သေဆုံးသွားသဖြင့် ထိုဘဝမှ ကျွတ်လွတ် သွားပြီဖြစ်၍ မိသားစုအေးချမ်းစွာ နေရပြီဟု မှတ်ယူနေကြဟန်ဖြင့် အသာငြိမ်နေကြပုံ ဖြစ်သည်။ သို့သော် စိတ်ထဲတွင် စနိုးစနောင့် ဖြစ်ရတာတော့ ရှိနေကြမည် ထင်၏။

အကြောင်းဟူမူ ဦးသောင် သေဆုံးရသည်မှာ အခြားတစ် နေရာ၌ မဟုတ်ဘဲ ၎င်းတို့ခြံဝင်းအတွင်းတွင် ဖြစ်နေချေသည်။ ထို့ပြင် သေဆုံးရသည်ကလည်း သွေးရိုးသားရိုး မဟုတ်ပါ။

သေနတ်ဖြင့် ချောင်းမြောင်း အပစ်ခံရခြင်း ဖြစ်နေသည်။ ထိုအချက်ကို စဉ်းစားမိသောအခါ၌ ဦးသောင်လို အမှုသမား၌ အဘယ်ကဲ့သို့သော ရန်ငြိုးရန်တေးများ ရှိနိုင်မည်နည်း။

ထိုရန်စနက်ကြောင့် လုပ်သည်ပဲထားဦးတော့ တစ်နေရာ တစ်ရပ်ရပ်တွင် ထိုပြဿနာကို ရှင်းဖို့ကောင်းသည်။ ယခုတော့ ဤဝင်း၊ ဤခြံကြီးအပြွင်မှ၌ လာရှင်းရသနည်း။





ဤအရိပ်သည် ၎င်းတို့မိသားစု အသိုင်းအဝိုင်းကို မိုးထား သဖြင့် အသာကုပ်၍ ငြိမ်နေလိုက်သောကြောင့် ထိုအမှုကြီးမှာ ခုနစ်ရက်ပင် မခံတော့ဘဲ ပျောက်ကွယ်လုလု ရှိသွားတော့သည်။

ညောင်တုန်းဌာနကလည်း မည်သူကမှ အရေးတယူ မရှိ လှသော လူသတ်မှုကြောင့် အထက်ကိုသာ အစီရင်ခံစာသဘော မျိုးရေးသား၍ ပို့လိုက်ပြီးနောက် မသိလိုက်မသိဘာသာ နေလိုက် မိ တော့သည်။

★

ဤသို့ဖြင့် ခပ်ပေါ့ပေါ့ဟု သဘောထားကာ နေနေသော ဌာနအုပ်ဦးစိုးမောင်သည် တစ်လခန့်ကြာသောအခါ၌ အထက် က ပုလိပ်မင်းကြီး၏စာကြောင့် မီးခဲထိုင်မိသလို ဒိုင်းခနဲ ထခုန်သွား မိတော့သည်။

အစက ဦးသောင်အား လမ်းဘေးစား လမ်းဘေးနေ လောက်မျှ အလေးအနက်ထားစရာမလိုဟု သဘောထားခဲ့ပါ သော်လည်း ပုလိပ်မင်းကြီး၏ ပြင်းပြင်းထန်ထန် မေးခွန်း များကြောင့် ဌာနအုပ် ဦးစိုးမောင်မှာ လွန်စွာပင် ထိတ်လန့်တုန် လှုပ်သွားရပါတော့သည်။

ထို့ပြင် မိမိ၏လက်ရှိရာထူးကလေးပင် ပြုတ်သွားမှာကို



www.burmeseclassic.com

www.burmeseclassic.com



အထူးကြောက်ရွံ့သွားသည်။

အကြောင်းမှာ ဦးသောင်ဟူသောလူမှာ မိမိစုံစမ်းသိရှိရသလောက်ဆို အသောက်သမား၊ အကစားသမားသက်သက်လောက်သာဟု ထင်ခဲ့သော်ငြားလည်း တကယ်တန်းကျတော့ ဦးသောင်မှာ နယ်နယ်ရရ ပုဂ္ဂိုလ်ကြီးမဟုတ်ပါ။

အင်္ဂလိပ်မင်း၏ တကယ့်အရေးပါ အရာရောက်နေသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်နေသောကြောင့် ဌာနအုပ်ဦးစိုးမောင်မှာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားရပါတော့သည်။

တကယ်တော့ ဦးသောင်မှာ သာမန်အသောက်သမား ကစားသမား မဟုတ်ပေ။ အင်္ဂလိပ်မင်းများက အထူးတာဝန်ပေး စေလွှတ်ထားသော သူလျှိုတစ်ဦး ဖြစ်နေပါသည်။

ယခုအခါ၌ အင်္ဂလိပ်အစိုးရမင်းကို မကျေနပ်သော တော်လှန်ရေးသမားများ အနယ်နယ် အရပ်ရပ်၌ ပေါ်နေပေသည်။ အင်္ဂလိပ်ကို တော်လှန်ရန် ခေါင်းသွေး အားမွေးနေကြသည်။

သို့နှင့်ထင်ရှားသော တော်လှန်ရေးသမားများကား များပြားစွာ ပေါ်ထွန်းလာနေသည်။

ပုဂံမှဗိုလ်ချို၊ ပုပ္ပားမှ ဗိုလ်နက်ကျော်၊ ဝန်းသိုမှ စော်ဘွားကြီး ဦးအောင်မြတ်၊ ရွှေဘိုမှ ထိပ်တင်မှတ်၊ ကျောက်ဆည်မှ ဗိုလ်သာကျွန်၊ ဆင်ဖြူကျွန်းမှ ဦးဥတ္တမ၊ ဝဲလောင်မှ ဗိုလ်ရာညွန့်၊





ကျွန်းခင်းကြီးမှ ဗိုလ်လှကျော်၊ မင်းတုန်းမှ ဗိုလ်ရွှေ၊ ဇီးပင်ကြီးမှ မြင့်စိုင်းမင်းသား၊ ရှိန်းမကားမှ ဗိုလ်ရိုင်း၊ နတ်မောက်မှ ဗိုလ်မင်းရောင်စသော နာမည်များမှာ အင်္ဂလိပ်မင်းများ၏နား၌ မကြားလိုမနာလိုသော အမည်များ ဖြစ်နေသဖြင့် ထိုတော်လှန်ရေးကြီးသည် မြန်မာပြည် အရပ်ရပ်သို့ တောမီးပမာ ကူးစက်သွားမှာကို လွန်စွာစိုးရိမ်နေကြသည်။

ဤသို့ရှိနေစဉ် အင်မတန်ဆိုးရွားလှသော သတင်းတစ်ခုကလည်း ဖြစ်ပေါ်နေသည်။

ထိုသတင်းမှာ မျဉ်းမနား ဒီဇိဖ်အတွင်းမှ သစ်ကြိုတ်ဝန်၏အကြောင်း ဖြစ်သည်။ ထိုသစ်ကြိုတ်ဝန်သည် သူ့လက်အောက်ရှိ ယယ်သားများကို ခေါ်ဆောင်လျက် ကျောက်တောင်တွင် စခန်းချနေသော ဗြိတိသျှစစ်တပ်သို့ အညံ့ခံလိုက်ကြသည်။ ထိုကဲ့သို့ အညံ့ခံလာသော ပုဂ္ဂိုလ်အား ကြိုးဖြင့်တုပ်နှောင်ကာ ညှင်းပန်းနှိပ်စက်သည် ဟူသော သတင်းဆိုးဖြစ်သည်။

ဤမျှအထိ ရက်စက်စွာ အုပ်ချုပ်လာကြသော ဗြိတိသျှများအား မြန်မာများသည် ရွံရှာစက်ဆုပ်သွားသဖြင့် တော်လှန်ပုန်ကန်ရန် အလျှိုလျှိုစိတ်စဉ်နေသဖြင့် ရှင်းတို့သည် ထိထိရောက်ရောက် နှိမ်နင်းရန် သူလျှိုများကို အနယ်နယ် အရပ်ရပ်တွင် လက်သပ်မွေးထားသည်ကို ဌာနအုပ် ဦးစိုးမောင် ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



မရိပ်မိခဲ့ခြင်း ဖြစ်ပါ၏။

ယခုလည်း ကိုသောင်မှာ ဤနယ်တွင် သူပုန်သူကန်များကို ဖော်ထုတ်ရန်အလို့ငှာ စေလွှတ်ထားသည်ကို မိမိမရိပ်မိခဲ့သဖြင့် ပေါ့ပေါ့နေခဲ့မိခြင်းမှာ များစွာမှားယွင်းမိသည်။ ခုမှ ခေါင်းကို ဆင်နှင်းခံလိုက်ရသလို ဖျာဆင်းသွားတော့၏။

ဌာနအုပ် ဦးစိုးမောင်သည် ချက်ချင်းပင် ထိုအမှုတွဲမှိုင်များကို ရှာဖွေရတော့သည်။ အထက်က တစ်လအတွင်း တရားခံကို ဖမ်းပေးရမည်ဟု ပုလိပ်မင်းကြီး၏ ရာဇသံကို ဖြစ်သည့်နည်းဖြင့် ရှာဖွေဖော်ထုတ်နိုင်ရန် ပြင်ဆင်နေရပါတော့သည်။

ဌာနအုပ် ဦးစိုးမောင်သည် ထိုအမှုအတွက် အားကြိုးမာန် တက် ဆောင်ရွက်နေရတော့သည်။ ဒေါ်ထွန်းမယ်၊ ထားထား မောင်မျိုးညွန့်တို့ကိုပါ ပြန်လည်စစ်ဆေးရသည်။

ထို့နောက် ခြံနီးစပ်များကိုလည်း ထိရောက်စွာ ဝင်ရောက် စုံစမ်းမေးမြန်းရသည်။ ထိုအခါမှ ဦးသောင်နှင့် ဒေါ်ထွန်းမယ်တို့ ဆက်ဆံရေးကို အတိအကျ သိရှိလာ၏။

အမှုအခင်း မဖြစ်ခင်က ဦးသောင်နှင့်ဒေါ်ထွန်းမယ်





မိသားစု စကားများသည်ကိုပါ သိရသည်။ ဦးသောင်မှာ ဆင်းလာသည်အထိ ကြိမ်းမောင်းဆူပွက်နေသည်ကို ဖြတ်သွားဖြတ်လာများပင် သတိထားမိကြောင်း သိရ၏။

ထိုကိစ္စပြီးသည့် နောက်ပိုင်းတွင် မောင်မျိုးညွန့်မှာ ဦးလေးသောင်နှင့် မျက်နှာကြောမတည့်တော့ဘဲ တစောင်းစောင်း ရှိနေကြောင်းကိုပါ ဌာနအုပ် ဦးစိုးမောင် သိခဲ့ရပေသည်။

ဤသို့ သိခဲ့ရပြီးနောက် ဦးစိုးမောင်မှာ မိမိနပ်ပစ်ခံရပြီဟု နားလည်သဘောပေါက်သွားတော့သည်။ ထို့ကြောင့် အမှုမှန်ကို ဆုပ်ကိုင်နေပြီမို့ နောက်ဆုံးအနေဖြင့် တရားခံကိုသာ ကွင်းခနဲနေအောင် ဖမ်းပြဖို့သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ငှက်သင့်လေပြီ

၂၆။

မောင်မျိုးညွန့် အဖမ်းခံရလေပြီ။

ထိုသတင်းသည် ညောင်တုန်းတစ်မြို့လုံး ရှတ်ခြည်းဆိုသလို ပျံ့သွားလေတော့သည်။ ကြားရသူအပေါင်းမှာလည်း မအံ့သြဘဲ မနေနိုင်လောက်အောင် ရှိတော့သည်။

တစ်ချို့ဆိုလျှင် ''ဖြစ်မှဖြစ်ရလေဦး''ဟုဆိုကာ စုတ်တသတ်သတ်နှင့် ဖြစ်သည်။ တချို့က ''ဟယ် .. ကောင်လေးက ယဉ်ယဉ်ရွယ်ရွယ်နဲ့ ရုပ်ရည်ကလဲ သနားကမားရယ်





သနားပါတယ်''ဟု စိတ်မကောင်း ဖြစ်ကြသည်။ တစ်ချို့က''ဘာလို့ သတ်တာပါလိမ့်၊ အင်း .. လုပ်ရဲရင် ခံရဲရမှာပေါ့''ဟု ဝေဖန်သုံးသပ်သည်။ တစ်ချို့က ''အိမ်ထောင်ကျတာမှ ဘာကြာသေးလို့လဲ ရက်စက်လိုက်တာနော်၊ မိန်းကလေးတော့ ဒုက္ခပဲ'' ဟုဆိုကြပေသည်။

တကယ်တော့ ပြောမည်ဆိုလည်း ပြောစရာပင်တည်း။ ဤမြို့ကလေး၌ မောင်မျိုးညွန့်နှင့် ထားထားတို့ကို အားလုံးက စိတ်ဝင်စားနေကြ၏။ သူတို့၏မင်္ဂလာဆောင်သည် မေ့နိုင်စရာ မရှိလောက်အောင် အထူးစည်ကားခဲ့ပေ၏။

ထို့ပြင် မင်္ဂလာဆောင်ပြီးတာမှ လွန်ရောကျွံရော ခြောက်လလောက်ပဲ ရှိလေဦးမည်။ ထိုသို့ အလွန်အချိန်တိုတောင်းလှသော ကာလကလေးမှာပင် အရှပ်ဆိုးလှသည့် လူသတ်မှုကို ကျူးလွန်မိသဖြင့် ပြောစမှတ်တွင်အောင် ဖြစ်နေပါသည်။

မည်သို့ပင်ဆိုစေ မောင်မျိုးညွန့်မှာ အချုပ်ခန်း၌ စံမြန်းနေရတော့သည်။

* * *

ဌာနအုပ် ဦးစိုးမောင်မှာ ထိုအမှုနှင့်ပတ်သက်၍ အမြန်ဆုံး ရုံးတော်သို့ တင်နိုင်အောင် ဆောင်ရွက်နေရပေသည်။

တရားခံကိုထုတ်၍ စစ်ဆေးတိုင်း တရားခံကလည်း အမြ



www.burmeseclassic.com

www.burmeseclassic.com



တမ်းပင်''ဘူး''လျက် ရှိနေပေသည်။ ကြာတော့ ဌာနအုပ်ဦး စိုးမောင်ပင် စိတ်မရှည်တော့သလို ရှိလာ၏။ မာမာတင်းတင်းပင် ပြောဆို ဆက်ဆံလာရသည်။

''ဒီမှာ မောင်မျိုးညွန့်၊ မင်းဘာမှလိမ်ညာမနေနဲ့တော့၊ အမှန်အတိုင်းသာ ဖွင့်ပြောလိုက်တော့''

မောင်မျိုးညွန့်သည် ဌာနအုပ်ဦးစိုးမောင်အား ခပ်တင်းတင်း စိုက်ကြည့်နေရင်း အံကိုတင်းစွာ ကြိတ်လိုက်ရင်း

''ကျွန်တော် မသတ်လို့ မသတ်ဘူးလို့ ပြောတာပဲ''

''မင်းတော်တော် ခေါင်းမာတာပဲ''

''ကျွန်တော် ဘာလို့ ခေါင်းမာရမှာလဲ၊ ကိုယ်မသတ်တာကို သတ်ပါတယ်လို့ ကျွန်တော် ဝန်မခံနိုင်ဘူး၊ ခင်ဗျားတို့ဟာ အင်္ဂလိပ်မင်းတွေရဲ့ ခွေးတွေပဲဗျ၊ သူတို့မျက်နှာသာ ရရှိရေးအတွက် မဟုတ်တာကို အဟုတ်လုပ်ပြီး သံတော်ဦးတင်ချင်နေတာပဲကိုး''

ဌာနအုပ် ဦးစိုးမောင်မှာ ရှူးရှူးရှားရှား ဖြစ်သွားသည်။ မျက်နှာပြုပြုကြီးတစ်ခုလုံး နီရဲသွားသည်။ တောက်တစ်ချက် ခေါက်ပြီးမှ လေသံမာမာဖြင့် ဆိုသည်။

''တယ် . . ဒါလုပ်လိုက်ရရင် အသားနာတော့မယ်''

''ဒီမယ် ဦးစိုးမောင်၊ ခင်ဗျားလဲ မြန်မာလူမျိုး၊ ကျုပ်လဲ





မြန်မာလူမျိုးဘဲ၊ ဘာလို့ ကိုယ့်အချင်းချင်း အာဏာပြချင်ရတာလဲ၊ ဒီအင်္ဂလိပ်ကောင်တွေအတွက် သခင်အားရကျွန်ဒုက္ခဝတဲ့ စကားအတိုင်း လုပ်ပြနေတာလား''

မြန်းကနဲ အသံက ထွက်ပေါ်လာသည်။ မောင်မျိုးညွန့်၏ မျက်နှာသည် တစ်ဖက်သို့ လည်ဆင်းသွားသည်။ ညာဘက်ပါး တစ်ခြမ်းမှာ လက်ငါးချောင်းရာက အထင်းသားပေါ်နေ၏။ မောင်မျိုးညွန့်မှာ နာတာထက် ခံပြင်းစိတ်က အခေါင်သို့ မြင့်တက်လာသည်။ မြွေတစ်ကောင်ကဲ့သို့ ဦးခေါင်းသည် ရှုတ်ခနဲ ထောင်လာသည်။

''ဒီမှာ ဦးစိုးမောင်၊ ကျုပ်ဟာ ခင်ဗျားလက်ထဲက ရေပဲဆိုပြီး ထင်တိုင်းလုပ်မယ်တော့ မကြံနဲ့၊ ကျုပ်အသားကို ရိုက်လားနှက်လား လုပ်စရာမလိုဘူး၊ ဖြစ်နိုင်ရင် ခင်ဗျား တစ်ခါတည်း ကျုပ်ကို သတ်ပစ်နိုင်တယ်''

ဦးစိုးမောင်မှာ စိတ်ကို မြန်ထိန်းလိုက်သည်။ မျက်နှာကို ခပ်ပြုံးပြုံးကြီးထားလျက် မောင်မျိုးညွန့်ကို စိုက်ကြည့်မှိစိုက်ကြည့် နေရာမှ လေသံခပ်ပျော့ပျော့ ပြောသည်။

''ညီလေးရာ မင်းက အင်မတန် စိတ်ကြီးတာကိုး၊ ဒါတို့က အထက်ကခိုင်းတဲ့အတိုင်း တာဝန်အရ လုပ်နေရတာပါ၊ တို့ကို တလွဲ မထင်ပါနဲ့ကွာ၊ အမှန်တော့ ဒီအမှုဟာ ဘာမှအရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတဲ့အမှု မဟုတ်ပါဘူး။ အိမ်သာခဲပေါက်မှုလောက်ပဲ ရှိပါတယ်။ ပြီးတော့ သေသွားတဲ့ လူက မင်းတို့ဦးလေးပဲ ထားပါတော့ . . မင်းတို့ကိုယ်တိုင် သိနေကြတာပဲလေ . . အလုပ်မရှိ အကိုင်မရှိ အမှုးသမားပဲဟာ မင်းသတ်လိုက်ရင်တောင် ပြေပျောက်သွားမှာပါကွာ မစိုးရိမ်ပါနဲ့၊ မင်းအမှန်အတိုင်းသာပြော မင်းဘက်မှာ တို့လဲရှိပါတယ်၊ ညီလေးရာ . . ''

ဆိုပြီး ရေနွေးတစ်ခွက်ကို ငုံ့ကာ သောက်နေသည်။ မောင်မျိုးညွန့်မှာ ဌာနအုပ် ဦးစိုးမောင် လေသံပြောင်းကာ အချော့ဆွဲနေသည်ကို သတိထားမိသည်။

သို့သော် မောင်မျိုးညွန့်က အသည်းမာသည်။ ပြတ်သားသည်။ ရဲရင့်သည်။ မောင်မျိုးညွန့်က မရယ်ချင်ရယ်ချင်ဖြင့် တစ်ချက် ရယ်လိုက်ပြီးမှ . .

''ဒီမယ် ဦးစိုးမောင် ခင်ဗျားက ကျွန်တော့်ကို ဘယ်လို ချော့ချော့ ကျွန်တော် ပျော့မယ်လူစား မဟုတ်ဘူး၊ ကိုယ်မလုပ်မိတဲ့ အလုပ်ကို လုပ်ပါတယ်လို့ ကျွန်တော် ဝန်ခံမှာမဟုတ်ဘူး၊ ခုလဲ ဝန် မခံဘူး နောင်လဲ ဝန်မခံဘူး၊ ဖြောင့်ကွယ်ကွယ်မယ်လဲ မထင်နဲ့ ဒါ . . ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ဇာတိမာန်ပဲ ဦးစိုးမောင်''

စကားဆုံးလျှင်ဆုံးချင်း ဌာနအုပ်ဦးစိုးမောင်က ကောက်မေးလိုက်သည်။





''ဒါဖြင့် မောင်မျိုးညွန့်က ဘယ်သူသတ်တာလို့ ထင်လဲ''

''ကျွန်တော် အဲဒါအတိအကျ မပြောနိုင်ဘူး။ ဘာလို့လဲ ဆိုတော့ ကျွန်တော် အဲဒီညက အိပ်မောကျနေလို့ပဲ''

ဌာနအုပ် ဦးစိုးမောင်မှာ စိတ်အိုက်သွားသည်။ အိပ်မက်ထဲ၌ လမင်းကိုဖမ်းရသလို မိလုမိခါနီးမှ လွတ်သွားဘိသကဲ့သို့ ဖြစ် နေတော့သည်။

''မင်း . . အိပ်မောကျနေပါတယ်ဆိုတာကို မင်း ဘယ်လို သက်သေပြနိုင်မလဲ''

''ကျွန်တော့်ဇနီး ထားထားအသိပဲ''

ရယ်မောသံသည် ဂါတ်တဲရုံးခန်းတစ်ခုလုံး ပြည့်လျှံသွားသည်။ အတော်ကြာအောင် ရယ်နေပြီးမှ . .

''ငါ့မယ့်ရင် ငါ့မယားမေးဆိုတာမျိုး ဖြစ်နေပြီကွ''

''တယ်လဲခက်ပါလား ဦးစိုးမောင်၊ ခင်ဗျားတို့ ပြောပြနေတဲ့ သက်သေဆိုတာ ကျွန်တော် ပြခဲ့ပြီဘဲ၊ ကျွန်တော်တို့ မိသားစုတာ အဲဒီညက အိမ်ထဲမှာ အိပ်နေခဲ့ကြတာပဲဗျာ . . ။ ဘေးလူမှ မရှိဘဲဟာ ကျွန်တော် ထောက်ပြနိုင်တာ ဒါပဲရှိတယ်၊ ပြီးတော့ ကျွန် တော့်ယောက္ခမကြီး ရှိတယ်၊ ဒီသုံးဦးပဲ ကျွန်တော်တို့ နေတာ''



www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးညွန့်က ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ဌာနအုပ် ဦးစိုးမောင်မှာ စိတ်မောလူမော ရှိသွားသည်။ ဤတရားခံကို ဘယ်လို စစ်ဆေးရပါမည်နည်း။ အဘယ်သို့ ရုံးတင်ရပါမည်နည်း။ အတွေးရ ကျပ်နေသည်။

"အချင်းဖြစ်ပွားတဲ့ညက ခင်ဗျားအိမ်မှာ ရှိနေတယ်နော်"

"အိပ်နေတယ်"

"အိပ်တာ မအိပ်တာကို တို့မေးနေတာ မဟုတ်ဘူး။ အိမ်မှာ ရှိနေ မရှိနေဆိုတာကို မေးတာ၊ ရှိရင်ရှိတယ်၊ မရှိရင် မရှိဘူး၊ ဒါပဲဖြေ"

"ရှိတယ်"

"အဲဒီအချိန်မှာ သေနတ်သံတစ်ချက် ကြားတယ်လို့ ပြောတယ်"

"ကျွန်တော် ကြားတာ မဟုတ်ဘူး။ ကျွန်တော့်ဇနီး ကြားတာပါ"

မာရကျောရေနှင့် မောင်မျိုးညွန့်က ပြောသည်။

"ကောင်းပြီ .. မင်းဇနီးက ထွက်ဆိုတယ်၊ ပြီးတော့ မြင်းခွာသံ ကြားတယ်လို့လဲ ပါတယ် ဟုတ်လား"

"အဲဒါတွေ ကျွန်တော် ဘာမှမကြားမိဘူး။ ကျွန်တော့်ဇနီး ကြားတာတွေ ဖြစ်တယ်၊ သူ့နှိုးမှ ကျွန်တော်နိုးတာ၊ ကျွန်တော်တို့ အသံကြားရာကို သွားကြည့်တော့မှ ဦးလေးသောင်း အလောင်းကို တွေ့ရတာပဲ"

ဌာနအုပ် ဦးစိုးမောင်က ဟန်ပါပါဖြင့် စားပွဲခုံစွန်းတွင် တင်ပါးလွှဲထိုင်သည်။ ထို့နောက် ကုလားထိုင်တွင် ငုတ်တုတ်ကလေး ထိုင်နေသော မောင်မျိုးညွန့်အား ငုံ့၍ စိုက်ကြည့်နေပြီးမှ ပြောသည်။

"ထားပါတော့ .. တို့အဲဒီနေရာ အနီးပတ်ဝန်းကျင်ကို လေ့လာပြီးပြီကွ၊ မြင်းခြေရာနဲ့တူတဲ့ ခွက်ခွက်ကလေးကိုတောင် မတွေ့ရပါလား"

မောင်မျိုးညွန့်က မာသည်။

"ဒါတော့ ကျွန်တော် မသိဘူး"

"ကဲ .. မင်းသိတာ ပြောပါဦး"

"ကျွန်တော် အားလုံးပြောခဲ့ပြီးပြီပဲဗျာ"

"ကျန်ပါသေးတယ် .. သေသူ ဦးသောင်းနဲ့မင်းနဲ့ အချင်းများတဲ့ ကိစ္စလေ"

ထိုစကားကို ထည့်ပြောလာသောအခါ မောင်မျိုးညွန့်၏ မျက်နှာသည် ဆတ်ကနဲ မော့လာသည်။ ဌာနအုပ် ဦးစိုးမောင်အား စူးစူးရဲရဲ ကြည့်လိုက်ပြီးနောက် ..







www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ တူဝရီးချင်းပဲ၊ စိတ်အခန့်မသင့်ရင် ပြောမိဆိုမိတာလောက်ပဲ ရှိမယ်၊ သတ်လောက်တဲ့ အထိတော့ မရှိနိုင်ဘူးဗျ"

မောင်မျိုးညွန့် ဒေါသကြီးသွားသည်ကို ဌာနအုပ် ဦးစိုးမောင် အကဲခတ်မိသည်။ ပျော့ကွက်ဟာကွက်ကို အရအမိ ထောက်၍ ပြောသည်။

"ညီလေး မင်းမမိုက်ချင်စမ်းပါနဲ့ကွာ၊ တို့ပုလိပ်သားတွေက မင်းတို့အပေါ်မှာ အတော်သက်ညှာနေတာပါ၊ မဟုတ်ရင် တစ်အိမ်သားလုံးတောင် ဖမ်းချုပ်ထားနိုင်တယ်"

"မဆိုင်တဲ့လူတွေကို ဘာလို့ဖမ်းရမှာလဲ"

ဌာနအုပ် ဦးစိုးမောင်က ထိုင်နေရာမှ ထရပ်လိုက်သည်။ ထို့နောက် ဟန်ပါပါရယ်လိုက်ပြီး ပြောသည်။

"တို့ အမှုသွားအမှုလာတွေကို အသေအချာ လေ့လာပြီးမှ ပြောတာပါကွာ၊ ဥပမာ .. ညီလေးကို တစ်ခုပြောမယ်၊ ဒီအမှုမှာ တို့က မင်းရဲ့မယား ထားထားကိုပါ ဖမ်းလို့ရတယ်၊ အဲဒါက ဘာလဲ ဆိုတော့ အမှုမှန်ပေါ်ရေးအတွက် မင်းဇနီးကပါ မင်းနဲ့အတူ ရောဖိုးကွယ်နေလို့ပဲ၊ ဘုရင်မင်းမြတ်ရဲ့ အုပ်ချုပ်ရေးကို တစ်နည်းနည်းနဲ့ အတိမ်းအစောင်းဖြစ်အောင်လုပ်ရင် ပါဝင်ရင် အဲဒီလူကို ဥပဒေအရ ဖမ်းချုပ်ထားဖို့ ဘုရင်မင်းမြတ်ရဲ့ အာဏာ





ထဲမှာ ပါထားလို့ပဲကွ"

ထားထားကိုပါ ဖမ်းချုပ်ထားနိုင်သည်ဟူသော စကားကြားလိုက်ရသောအခါ မောင်မျိုးညွန့်မှာ တစ်ကိုယ်လုံး တုန်လှုပ်သွားရ တော့သည်။ သူ့ချစ်သူလေးကို သူလို ဒုက္ခ သုက္ခဖြင့် စံမြန်းရသော ဤလို အချုပ်ခန်းထဲသို့ မရောက်စေလိုပါ။

ဒုက္ခရောက်ချင်းရောက်လျှင် မိမိတစ်ယောက်တည်းသာ ရောက်ပါစေတော့ဟု သဘောထားမိသည်။ ထို့ကြောင့် မောင်မျိုးညွန့်မှာ ဒေါသဖြင့် ဟစ်အော်ပြောလိုက်မိသည်။

"ဒီမှာ ဦးစိုးမောင်၊ မဆီမဆိုင်တဲ့ လူတွေကို ဒုက္ခ လျှောက် မပေးနေပါနဲ့၊ ကျုပ်တစ်ယောက်တည်းကို ဒုက္ခပေးရရင် တော်လောက်ရောပေါ့၊ ခင်ဗျားတို့ ဘုရင်မင်းမြတ်ကြီးရဲ့ ဩဇာ အာဏာစက် တိုးတက်ဖို့ မြန်မာလူမျိုးတို့ရဲ့ လည်ချောင်းသွေးနဲ့ ဆေးရမယ်ဆိုရင် ကျုပ်ရဲ့လည်ချောင်းသွေးနဲ့သာ ဆေးပါ၊ ကျုပ် ရဲရဲကြီး စက်တိုင်တက်ရဲ ပါတယ်"

"အဲသလို သတ္တိမျိုးမှ စိုးမောင်က ကြိုက်တာ၊ ကဲ .. သူ့ကို အချုပ်ခန်းထဲ ပြန်ထည့်ထားလိုက်ဦး၊ ငါ ခဏအနားယူလိုက်ဦးမယ်"

မောင်မျိုးညွန့်ကို ပြောနေရာမှ သူ့ပုလိပ်သားများကိုပါ လှမ်းပြောလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ပူတာယ်ဓလေ ဆာယ်ဒနေကဲ

၂၇။

ကံနိမ့်ရာလှံစိုက်ဆိုသလို မောင်မျိုးညွန့် အဖမ်းခံရသည့်နေ့မှစ၍ သောကအရောက်ဆုံးမှာ ထားထားပင် ဖြစ်တော့သည်။

ထမင်းမစား ဟင်းမစားဖြင့် တငိုငိုသာ ရှိနေသော သမီးကို ကြည့်၍ ဒေါ်ထွန်းမယ်ပင် အလွန်စိတ်ထိခိုက်နေရ၏။ ထိုကဲ့သို့သားအမိနှစ်ယောက်တည်း ခံစားနေရသော ဒုက္ခတို့ကို ကိုခေါင်သာရှိလျှင် အဘယ်မျှကောင်းလိမ့်မည်နည်းဟု တွေးမိပါသည်။ သို့သော် ယခုအချိန်အထိ ကိုခေါင်မှာ ပေါ်မလာနိုင်သေးသဖြင့်





မိမိ၏ရင်ထဲ၌လည်း လိပ်ခဲတင်းတင်း ဖြစ်နေမိသည်။

ထိုသို့ဖြင့် သမီးကိုသာ အားပေးနှစ်သိမ့်နေရလေသည်။

"သမီးရယ် . . ကိုယ့်ကိုယ်ကို အဲသလောက်ကြီးဖြစ်အောင် မနေပါနဲ့၊ အစားအသောက် မစားဘဲနေရင် မကြာခင်မှာ သမီးလဲ သွားရင် မေမေတို့ ဘယ်လိုလုပ်ကြမလဲ၊ မောင်မျိုးညွန့်ခများလဲ ပိုပြီး ဒုက္ခရောက်တော့မှာပေါ့"

ထားထားမှာ ခုတင်ပေါ်ရှိ ခေါင်းအုံးတွင် ဝမ်းလျားမှောက်ကာ ငိုနေရာမှ ထတိုင်ရင်း ငိုသံဖြင့် ပြောသည်။

"မေမေ စဉ်းစားကြည့်လေ၊ ကိုကို့အပြစ်က ဘယ်လောက် ဆိုးရွားသလဲလို့"

ဒေါ်ထွန်းမယ်က ခုတင်စောင်းတွင် ထိုင်လိုက်ပြီး . .

"ဟုတ်ပါတယ် . . မေမေ သိပါတယ်ကွယ်၊ သူ့ခများမှာ အပြစ်မရှိဘူးဆိုတာ မေမေတို့သမီးတို့ သိထားသလို သိကြားနတ်တွေလဲ သိမှာပါ"

"တကယ်တော့ ဦးလေးဟာ သမီးတို့ဆီကို လာတာ ကောင်းသောလာခြင်း မဟုတ်ပါဘူး၊ သမီးတို့တတွေ ဒုက္ခရောက်အောင် လာနှိပ်စက်တာ၊ မသေခင်ကလဲ နှိပ်စက်တယ်၊ သေတော့လဲ အေးအေးမသေဘူး၊ မဆိုင်သူတွေပါ ဒုက္ခဖြစ်ကျန်ရစ်အောင် လုပ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထွန်းမယ် သက်ပြင်းချလိုက်သည်။

''ကုသိုလ်ကြမ္မာက ပါခဲ့ပြီကိုး''

''အဲသလိုဖြစ်အောင် မေမေတို့ လက်ခံခဲ့တာ မဟုတ်လား''

ချစ်သူအတွက် ထိုးနှက်လာသော စကားဟု ဒေါ်ထွန်းမယ် နားလည်ပါသည်။ ယခုအခါ၌ မည်မျှပင် တရားသဘောနှင့် ဖျောင်းဖျသော်လည်း သမီး နားဝင်မည်မဟုတ်မှန်းကို ဒေါ်ထွန်းမယ် သိပေသည်။ ထို့ကြောင့် စကားလမ်းကြောင်း ပြောင်းရန်သာ စဉ်းစားရသည်။

''ထားတော့ သမီးရယ်၊ ကိုယ့်ကိုယ်ကိုလဲ အားတင်းဦးမှပေါ့၊ ပြီး .. နေ့လယ်လောက်မှာ ဦးကြာဆိုင်တို့ ရောက်လာကြတော့မှာ၊ သမီး ဆင်းကြိုဦးမှပေါ့ကွယ်၊ နောက်ပြီး ညနေဆို မောင်မျိုးညွန့်ကို သမီး ထမင်းပို့ဦးမှပေါ့၊ သူ့ခမျာ အချုပ်ခန်း ထမင်းကို စားနိုင်ရှာမှာ မဟုတ်ပါဘူး''

''မေမေရယ် .. သမီး သွားတောင် မသွားချင်ဘူး၊ ကိုကို့ မျက်နှာကိုမြင်ရင် သမီး သိပ်သနားတာပဲ၊ ဖြစ်နိုင်ရင် နေရာချင်း တောင် လဲလိုက်ချင်တယ် သိလား''

ဒေါ်ထွန်းမယ်မှာ သက်ပြင်းရှည်ကြီးချရင်း ..

''တစ်နေ့တော့ အမှန်တရားဆိုတာ ရှိလာဦးမှာပါ''





★

ထိုနေ့မှာပင် ဦးကြာဆိုင်နှင့် ဒေါ်ရွှေလှဲတို့ ရောက်လာကြပါသည်။ ဒေါ်ရွှေလှဲ့မှာ သားဇောဖြင့် ပဋာမြေလူးမျှ ဖြစ်နေသည်။

ဦးကြာဆိုင်မှာမူ ယောကျ်ားပီပီ စိတ်ကိုထိန်းချုပ်ထားဟန်ရှိ၏။ သို့သော် မဟုတ်မတရားဘဲ ခံရသည်မို့ စိတ်ထဲမှာ အတော်ခံပြင်းနေပုံရသည်။ မေးကျောကို ထောင်နေအောင် ကျိတ်ထားပြီးမှ ထားထားကို ကြည့်လျက် ..

''သမီး ဘာမှအားမငယ်နဲ့၊ ဘဘတို့ ရှိတယ်ကွယ့်၊ ဒီအင်္ဂလိပ်ကောင်တွေဟာ တို့မြေပေါ်မှာလဲ ကျူးကျော်တယ်၊ တို့လူမျိုးတွေကိုလဲ မတရား နှိပ်စက်ချင်နေကြတာကလား၊ ဒီမှာ ဘဘမှာ ရှိသမျှစည်းစိမ် ကုန်ချင်ကုန်သွားပါစေ၊ ဘဘတို့ ဒီအမှုက ကွင်းလုံးကျွတ်လွတ်အောင် လိုက်မယ်''

ထိုစကားကြားရသောအခါ၌ ထားထားမှာ အားတက်မိပါသည်။ ယခုအချိန်တွင် မိမိမှာမူ ရေနစ်သူတစ်ဦးကဲ့သို့ ကယ်သူမဲ့ဘဝသို့ ရောက်နေချိန်တွင် ကောက်ရိုးတစ်မျှင်ကို ဆုပ်ကိုင်ရဘိအလား အားရှိသည်မှာ အမှန်ပါတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဒုက္ခဟူသမျှ မျှဝေခံစားရမည်

၂၈။

''ကိုကို.. မျက်နှာတွေလဲ ယောင်ကိုင်းနေတာပါလား''

မောင်မျိုးညွန့်က နာကြည်းဆွေးမြေ့စွာ ပြုံးပြလိုက်သည်။

''ဒါဟာ အင်္ဂလိပ်မင်းရဲ့ လက်ကိုင်တုတ်တွေက ကိုကို့ သတ္တိဗျတ္တိကို သဘောကျလွန်းလို့ ဆုတော်လာဘ်တော် ပေးတာလေ''

ထားထား ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရပါသည်။ သူ့ ထက်ပင် မောင်မျိုးညွန့်က အဘယ်မျှ နာကြည်းနေမည်ကိုလည်း





ခန့်မှန်းမိပါ၏။

''သူတို့ ဒီလောက်တောင် ရက်စက်ကြသလား ကိုကို ရာ၊ လူလူချင်းတောင် ညှာရကောင်းမှန်း မသိတော့ဘူးလား''

''ဒါ.. အကင်းပဲ ရှိသေးတယ် ထားရဲ့..၊ နံပါတ်တုတ် ကို ခြေသလုံးပေါ်တင်ပြီး လှိမ့်တာတို့ တက်နင်းတာတို့တောင် သူတို့က အပျော်ခရီးထွက်သလို လုပ်တတ်ကြတာ''

''အို..''

ထားထားမှာ သတိမလစ်သွားအောင် မနည်းကြီး စိတ် ထိန်းလိုက်ရသည်။ ဤမျှအထိ ရက်စက်လွန်းသူများကိုလည်း အမုန်းချေပစ်ချင်လောက်အောင် ဒေါသထွက်သွားမိသည်။

''ဘာပဲဖြစ်ဖြစ် ကိုကိုတော့ မြန်မြန်ရုံးတင်ပါစေလို့ ဆု တောင်းနေရတာပဲ ဒီပုလိပ်စုတ်တွေ မေးတာမြန်းတာကို မခံချင် တော့ဘူး၊ သူတို့က သူတို့ဖြစ်ချင်တဲ့ မေးခွန်းတွေသာ မေးတာ ကိုယ်ကလဲ မဟုတ်တာကို ဟုတ်ပါတယ်လို့ ဝန်မခံနိုင်ဘူး ထားရဲ့ သစ္စာနှုတ်စီးပဲ''

အစက ကိုကို့ကို ပျော့လိမ့်မည်ဟု ထင်ခဲ့သည်။ အကျင့် ပျက် ပုလိပ်တွေ မေးမြန်းဒဏ်ကို ခံမှခံနိုင်ပါ့မလားဟု ထင်ပြီး ထား ထား တအား စိတ်ပူခဲ့သည်။ တကယ့်တကယ်ကျတော့ ကိုကို့ စိတ်ဓာတ်က အလွန်မာ နေသည်။ သူတို့ညည်းသမျှ နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



သမျှကို အံကြိတ်ခံနိုင်ခဲ့သည်။ အလျှော့မပေးသော ကိုကို့သတ္တိကို ထားထား အလွန်လေးစားသွားမိ၏။

"ဟုတ်တယ်နော် ကိုကို၊ ကိုယ်လဲ သတ္တိတာမှ မဟုတ်ဘဲဟာ သူ့ရန်ငြိုးနဲ့သူ အသတ်ခံရတာပဲ ထားထားတို့ ဘာတတ်နိုင်မှာမို့လဲ၊ ဒါကတော့ သက်သက်မဲ့ အပြစ်မရှိ အပြစ်ရှာနေတာပဲ"

ထားထားက မျက်ရည်စီးများကို တဘက်ဖြင့် သုတ်ရင်း ခပ်တိုးတိုး ပြောသည်။ မောင်မျိုးညွန့်က ခေါင်းညိတ်ရင်း မခံချင်စိတ်ဖြင့် ..

"အပြစ်မရှိ အပြစ်ရှာတာလောက်ဆို မပြောပါဘူး၊ ခုတော့ ခေါင်းမထောင်နိုင်အောင် နှိပ်မယ်ဆိုတဲ့သဘောနဲ့ နှိပ်စက်ကြတာ၊ ဒီကြားထဲ မျောက်အမြီးနဲ့ မျောက်ပြန်ချည် ထားတာကို ဒီပုလိပ်စုတ်တွေကပါ အဟုတ်ကြီးမှတ်ပြီး ကိုယ့်အမျိုးသားချင်း နှိပ်စက်နေတာတော့ အတော်ဆိုးတာပဲ"

"ကိုကိုရာ .. အမေပြောသလိုပေါ့၊ အမှန်တရားဆိုတာ ဘယ်လိုမှ ဖုံးကွယ်ထားလို့ မရပါဘူး၊ တစ်နေ့တော့ အမှန်တရားဟာ ပေါ်လာမှာပါ"

မောင်မျိုးညွန့်က မျက်နှာကို ရှုံ့မဲ့လျက် ..

"အမှန်တရားက ဘယ်ပြတင်းပေါက်က ဝင်လာမယ်မှန်း





မသိသေးဘူး၊ ကိုကိုကတော့ အသက်နဲ့ခန္ဓာကိုယ် အိုးစားမကွဲအောင် အားတင်းနေရတယ် ထားရေ"

ထားထားရင်ထဲ၌ ထိုစကားသည် မီးဆိုင်မီးခဲပမာ ဝင်ပြည့်လာတော့သည် ထင်သည်။ မျက်ဝန်းတွင် မျက်ရည်များ လျှံလာတော့သည်။

"ကိုကိုရာ .. ထား ဘာမှ မတတ်နိုင်လို့ပါ၊ ဖြစ်နိုင်မယ်ဆိုရင် ထားအသက်နဲ့တောင်ခုဆက်ပြီး လုလိုက်ချင်ပါတယ် ကိုကို ယုံသလားဟင်"

"ကိုကို ယုံပါတယ်ကွာ၊ ဒါနဲ့ ဒီနေ့ မေမေ ပါမလာဘူးလားဟင်"

မောင်မျိုးညွန့်က သူ့အမေ ဒေါ်ရွှေလုံ့ကို မေးလိုက်ခြင်းဖြစ်သည်။ ဦးကြာဆိုင်နှင့် ဒေါ်ရွှေလုံ့တို့မှာ ညောင်တုန်းသို့ သားကိစ္စဖြင့် ရောက်လာကတည်းက နားသည်မရှိတော့ပါ။

သား၏လွတ်မြောက်ရေးအတွက် ကုန်ချင်သလောက် ကုန် ကျချင်သလောက်ကျ အထုပ်ပိုက်၍ လိုက်မည်ဟု စိတ်ဆုံးဖြတ်ထားကြပါသည်။ ထို့ပြင် မိမိတို့မှာလည်း အပြေးအလွှားကြည့်ပါမှ ဒီသားတစ်ယောက်သာ ရှိသည်။ ဤသားကလေးအား သုဝဏ္ဏသျှံကဲ့သို့ သစ္စာဆို၍ လွတ်မြောက်မည်ဆိုပါက မိမိတို့သည် ဤမဟာပထဝီ မြေကြီးကိုပင် ကိုင်၍ ဆိုရဲကြမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ယခုလည်း ဦးကြာဆိုင်နှင့် ဒေါ်ရွှေလှဲ့တို့သည် ရန်ကုန်အထိပင် တက်သွားကြသည်။ ရုံးပြင်တမ်းနားသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော်လည်း ပါးစပ်ပါရွာရောက်ဆိုသကဲ့သို့ ဤသားကလေး၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းကောင်းများကို လိုက်ရန်ဖြစ်သည်။

ထို့ပြင် အမှုဆိုင်ရမည်ဆိုလျှင်လည်း အကောင်းဆုံးအတော်ဆုံး ရှေ့နေကို ငှားရန် အတော့်ကို လုံးပန်းနေကြပေသည်။

''ဖေဖေတို့ ရန်ကုန်ကို တက်သွားတယ်.. မေမေကြီးလဲ ပါသွားတယ်''

''ဘာကိစ္စနဲ့လဲ''

''ကိုကို့အတွက် သွားတာလေ ဟိုမှာ အသိမိတ်ဆွေတွေနဲ့ ကိုကို့ရဲ့ လွတ်မြောက်ရေးအတွက် လိုက်သွားကြတာပါ''

မောင်မျိုးညွန့်က သက်ပြင်းကို ရှူးခနဲ မှုတ်ထုတ်ရင်း

''ဩော်.. မေမေတို့ ဖေဖေတို့လဲ ကိုကို့အတွက် တော်တော် ပင်ပန်းနေရှာကြပြီနော်''

''ရုံးရောက်ရင် ဒီအမှုက ကိုကို လွတ်သွားမှာပါ''

မောင်မျိုးညွန့်က ခပ်ယဲ့ယဲ့ပြုံးနေပြီးမှ လေသံကိုနိမ့်၍

''ကိုကိုလဲ အဲသလိုပဲ မျှော်လင့်နေရတာပဲ''



**ပညာကိအရဟာရား‌ရုံး**

၂၉။

တရားရုံးတော်သို့ ရောက်ဖူးသည်မှာ ဤအကြိမ်သည် ပထမဦးဆုံးအကြိမ် ဖြစ်ပါသည်။

အချုပ်ခန်းကလေးအတွင်းမှ ပုလိပ်သားနှစ်ယောက်သည် မောင်မျိုးညွန့်ကို လက်ထိပ်ခတ်ပြီး နှစ်ယောက်ညှပ်ကာ ခေါ်ဆောင် လာခဲ့သည်။

လူသတ်မှုဖြစ်သဖြင့် အမှုကြီးတို့၏ ထုံးစံအတိုင်း လက်နှစ်ဘက်စလုံးကို လက်ထိပ်ခတ်ကာ ကြိုးတန်းလန်းတစ်ကို ပုလိပ်



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ဦးက ကိုင်၍ ခေါ်လာရပေသည်။

ထိုကဲ့သို့ မလုပ်ပါက တရားခံသည် လမ်းခုလတ်တွင် ထွက်ပြေးလွတ်မြောက်သွားနိုင်ပေသည်။ ထို့ကြောင့် ထွက်ပြေးမသွားနိုင်အောင် ကြပ်ကြပ်မတ်မတ် ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

ရုံးခန်းထဲသို့ ရောက်သောအခါ၌ မောင်မျိုးညွန့်အား ဝက်ခြံဟုခေါ်သော တရားခံထားသည့် သုံးဘက်ကာ သစ်သားလှောင်ခြံအတွင်းရှိ ထိုင်ခုံတွင် ထိုင်ခိုင်းထားသည်။ ထို့နောက် ပုလိပ်သားနှစ်ဦးကလည်း မောင်မျိုးညွန့်၏ ဘေးတစ်ဖက်တစ်ချက်တွင် ညှပ်၍ ထိုင်နေပါသည်။

ဤသို့ဖြင့် တရားစစ်ဆေးရန် ဝက်ခြံကလေးအတွင်းသို့ ရောက်နှင့်နေသော်လည်း တရားစစ်ဆေးမည့် တရားသူကြီးမှာ ၎င်း ထိုင်ရမည့် တရားခုံပေါ်သို့ ရောက်ရှိခြင်း မရှိသေးပါ။

မောင်မျိုးညွန့်နှင့် မနီးမဝေး ဘေးတိုက်သာသာလောက်တွင်မူ မောင်မျိုးညွန့်၏ ဖနီးနှင့် မိဘများက ခုံတန်းရှည်တွင် ညှိုးငယ်သော မျက်နှာဖြင့် ငြိမ်သက်စွာ ထိုင်ရင်း မောင်မျိုးညွန့်အား မကြာခဏ လှမ်းလှမ်းကြည့်နေကြသည်။

တရားခံ မောင်မျိုးညွန့်၏ ရှေ့တွင်မူ ရှေ့နေများ ရုံးစာရေး စာချီများနှင့် ဌာနအုပ် ဦးစိုးမောင်တို့ လှုပ်ရှားနေကြသည်။ ၎င်းတို့





သည် အသီးသီးနေရာယူ ထိုင်နေကြပြီးလျှင် တရားခွင်၌ စွဲချက်တင်မည့် အကြောင်းအရာ၊ စာအုပ်စာတန်းများ၊ ဖိုင်များ ဥပဒေမှတ်စုများကို ဟိုလှန်ဒီလှန်ဖြင့်လည်းကောင်း၊ ခေါင်းတဆတ်ဆတ်လည်တညိတ်ညိတ် ပြုခြင်းဖြင့်လည်းကောင်း လှုပ်ရှားနေကြပေသည်။

မောင်မျိုးညွန့်၏ အမြင်မှာတော့ ထိုလူတစ်စုသည် ဇာတ်စင်ပေါ်က ရုပ်သေးရုပ်ကလေးများ အသက်မပါဘဲ လှုပ်ရှားနေသလိုရှိသည်ဟု ထင်မိပါ၏။

ခဏကြာတော့ တရားသူကြီးသည် ၎င်းအတွက် သီးသန့်ထားသော စင်မြင့်ပေါ်ရှိ တရားခုံပေါ်သို့ ဟန်ပန်တွေအပြည့်ဖြင့် စာအုပ်အချို့ကို ပွေ့ပိုက်ကာ တက်လာသည်။

ထိုစဉ် တရားရုံးတော်အတွင်းရှိ လူအားလုံးသည် တရားသူကြီးအား လေးစားသောအားဖြင့် မတ်တတ်ရပ်၍ ကြိုဆိုလိုက်ကြသည်။

မောင်မျိုးညွန့်မှာ ပထမတော့ ဘုမသိဘမသိနှင့် ရောယောင်၍ ရပ်မိလိုက်ပြီးမှ အခိပ္ပါယ်ကို နားလည်မိသဖြင့် ဆတ်ကနဲ ပြန်ထိုင်ချလိုက်သည်။ ထိုအခါ၌ လက်ထိပ်ကြိုးကို ဆွဲထားသော ပုလိပ်သားက ကြိုးကို ခပ်တင်းတင်းဆွဲရင်း

"ထလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လေသံတိုးတိုးနှင့် ဆိုသည်။ မောင်မျိုးညွန့်က . .

"ဘာလို့ ထရမှာလဲ"

တိုးတိုးဆတ်ဆတ် ပြန်ပြောနေစဉ်မှာပင် အားလုံး ကိုယ့်နေရာ ကိုယ့်ကုလားထိုင်မှာ ပြန်ထိုင်နေကြပြီမို့ စကားဆက်မှာ ပြတ် သွားတော့သည်။

တရားသူကြီးသည် ၎င်း၏ကုလားထိုင်အမြင့်တွင် အသာ ထိုင်သည်။ ထို့နောက် လေသံအေးအေး တည်တည်ဖြင့် ပြောသည်မှာ ဘယ်နေ့ဘယ်အချိန်တွင် အမှုအခင်း ဖြစ်ပွားခဲ့သည်ကို ဤရုံးတော်မှ ကြားနာမည်ဖြစ်ကြောင်း၊ ဤအမှုမှာ အမှုကြီးဖြစ်သဖြင့် နှစ်ဘက်သော ရှေ့နေများ၊ ရှေ့ရပ်များ အထူးဂရုစိုက်သင့်ကြောင်း၊ ဘုရင်မံမင်းမြတ်၏ တရားဥပဒေကြောင်းအရ မသွေမဖီ စစ်ဆေး အပြစ်ပေးသွားရမည့်အကြောင်း စသည်တို့ကို အင်္ဂလိပ်အစိုးရအား သိဒ္ဓိတင်စကားများကို ရှည်လျားစွာပြောနေသဖြင့် မောင်မျိုးညွန့်မှာ တိုကြည့် သည် ကြည့်ဖြင့် နေမိတော့သည်။

တရားရုံးတော်ရှိ အခန်းတစ်ခုလုံးမှာ အနီရောင်များသာ လွှမ်းနေသည်။ တရားသူကြီးထိုင်သော စင်မြင့်ဝရန်တာပတ်လည် အကာတစ်ခုလုံးကို အနီရောင်ပိတ်စကြီးဖြင့် ရစ်ပတ်ထားသည်။ နံရံနောက်ခံတွင်လည်း အနီပိတ်များ ဖြန့်ကျက်ထားပြီး ၎င်းအပေါ်





တွင် ဘုရင်မင်းမြတ်နှင့် ဘုရင်ခံချုပ်ပုံတို့ကို ယှဉ်လျက် ချိတ်ထားသည်။ မောင်မျိုးညွန့်မှာ လေ့လာမှတ်သားခဲ့ဖူးသော ဓါသနာမပါရှိ၍ မည်သူမည်ဝါဟုပင် မသိပါချေ။

တရားသူကြီး၏ ဦးခေါင်းထိပ်တည့်တည့်ရှိ မျက်နှာကြက်တွင်မူ ပိတ်အနီစကြီးကို ကန့်လန့်ဖြတ် ချိတ်ဆွဲထား၏။ ထိုပိတ်စ၏ အောက်အနားတွင် သစ်သားလုံးကို အစွပ်ဖြင့်ထည့်ထားပြီး ကြိုးစရှည်နှစ်ချောင်း ဆိုင်းထား၏။

တစ်ဖက် ကြိုးစနှစ်ချောင်းမှာ ရုံးကံခါးဝတွင် ထိုင်နေသော လူတစ်ယောက်က ဆွဲလိုက်လျှော့ပေးလိုက် လုပ်နေ၏။ ထိုအခါတွင် အဝတ်မှာ ဘယ်ညာလှုပ်ခါနေသည်။

မောင်မျိုးညွန့် သဘောပေါက်သွား၏။ တရားသူကြီး အိုက်မည်စိုးသောကြောင့် ယပ်ခပ်ပေးနေခြင်း ဖြစ်ပါသည်။ ထိုအခိုက်တွင် ရှာနအုပ်ဦးစိုးမောင်သည် ထိုင်နေရာမှ ထလိုက်သည်။ တရားသူကြီးကို များစွာရုဏ်ယူ ဝင့်ကြွားသောပုံစံဖြင့် ခါးညွတ်လျက် အရိုအသေပေးပြီး ၎င်း၏စွဲချက်တင်မည့် စာရွက်စာတမ်းများကိုယူလျက် တရားသူကြီးရှေ့ရှိ သစ်သားလက်တန်းများ ပွတ်လုံးများဖြင့် ရင်စို့သာသာခန့်ရှိသော အကာအရံထံသို့ တက်ရောက်သွားသည်။

ထို့နောက်တွင် ဦးစိုးမောင်က . .



www.burmeseclassic.com

www.burmeseclassic.com



''အဟမ်း''

ချောင်းတစ်ချက်ဟန့်ပြီး တရားသူကြီးမင်းအား ခပ်ပြုံး ပြုံးမျက်နှာပေးဖြင့် ကြည့်နေရာမှ..

''ကျွန်တော်မျိုးဟာ မြန်မာလူမျိုးပင် ဖြစ်လင့်ကစား ဗြိတိသျှအင်ပါယာကြီး၏ အကျိုးကို အလွန်လိုလားခဲ့သဖြင့် ဤပုလိပ်အဖွဲ့ကြီးတွင် ဝင်ရောက်ဆောင်ရွက်ခဲ့ပါတယ် ဘုရား မင်းမြတ်ရဲ့ အလိုတော်အတိုင်း ယခုတရားခံကိုလဲ ကျွန်တော် မျိုးဟာ အမှန်တရား ဖြစ်အောင် အပင်ပန်းဆုံးဆောင်ရွက်ခဲ့ ခြင်း ဖြစ်ပါတယ် တရားသူကြီးမင်းခင်ဗျား''

''ယခု တရားသူကြီးမင်းရဲ့ ရှေ့မှောက်ကို ရောက်နေတဲ့ တရားခံမောင်မျိုးညွန့်ဟာ တရားခံအစစ်သာ ဖြစ်ထိုက်ပါတယ် တရားသူကြီးမင်းခင်ဗျား ဤတရားခံ မောင်မျိုးညွန့်ဟာ ဤအမှု နဲ့ လုံးဝဆက်စပ်ခြင်း မရှိပါလို့ နည်းမျိုးစုံအကြောင်းပြ ရှောင်တိမ်း သော်ငြားလဲ အမှုရဲ့တရားခံအစစ်ဟာ သူသာဖြစ်ကြောင်းကို ဤ ရုံးတော်မှာ အထောက်အထား အခိုင်အလုံ သက်သေအထောက် တင် ပြနိုင်ပြီဖြစ်ကြောင်းကို ကျွန်တော်များ ပုလိပ်အဖွဲ့ကြီးအနေ ရဲရဲဝံ့ဝံ့ အာမခံနိုင်နေပါပြီ''

မောင်မျိုးညွန့်မှာ ဌာနအုပ် ဦးစိုးမောင်၏ စွဲချက်ကို နား ထောင်ရင်း အလွန်ပင် ဒေါသထွက်နေမိသည်။ တစ်ဘက်၌





မျက်နှာလိုအားရ လျှောက်လွှဲရင်း မြန်မာတစ်မျိုးသားလုံး၏ ကိုယ်စားပြုသော မောင်မျိုးညွန့်ကိုတော့ မထောက်မညှာ ပြော ဆိုနေသဖြင့် လွန်စွာပင် အံသည်းနာမိပါသည်။

ထိုအချိန်တွင် မိမိဘေး၌ ပုလိပ်သားများ ညှပ်ပူးညှပ်ပိတ် သာ မထိုင်နေပါက မိမိ၏ဝက်ခြံကလေးအတွင်းမှ ပြေးထွက်သွား ကာ ဦးစိုးမောင်၏ မျက်နှာကြီးကို လက်သီးဖြင့် တစ်အားထိုးမိမှာ အမှန်ဖြစ်ပါသည်။

''ဆက်လက်ပြီး လျှောက်ထားရမယ်ဆိုရင် ဒီလူသတ်မှု မှာ မောင်မျိုးညွန့်ဟာ အခင်းဖြစ်ပွားတဲ့ညက သေသူဦးသောင်နှင့် အတော်ကြီး စကားများရန်ဖြစ်ကာ အလွန်ထင်ရှားနေပါတယ် ဘာကြောင့်လဲဆိုတော့''

မောင်မျိုးညွန့် နားမထောင်ရဲတော့ပါ။ အသားတွေသာ တဆတ်ဆတ် တုန်နေသည်။ နားနှစ်ဖက်ကိုသာ ပိတ်ထားချင်နေ ပါတော့၏။

ထို့ကြောင့် လက်ထိပ်ခတ်ထားသော လက်ကို အသာ မပြီး လက်ဖနောင့်တွင် မေးတင် လက်ညှိုးကို နားပေါက်ထဲ ထည့်ကာ ပိတ်ထားလိုက်မိသည်။



www.burmeseclassic.com

## တစ်ပွဲပေါ် နှစ်ပွဲဆင့်

၃၈။

မတရားရုံး၌ မတရားစစ်ဆေးနေစဉ် နှစ်လခန့်အကြာတွင် မမျှော်လင့်သော ပြဿနာတစ်ခုက ဝင်လာပြန်၏။

ထိုသည်မှာ အခြားမဟုတ်။ ဦးခေါင်အား နေ့ဖြူဘက်တွင် အသတ်ခံလိုက်ရပြီဟူသော သတင်းဖြစ်ပါသည်။ ဦးခေါင်မှာ ဦးသောင် အသတ်ခံရသည်ဟု သိကတည်းကပင် စိတ်ဂဏှာမငြိမ် နိုင်အောင် ဖြစ်နေတော့သည်။

အိမ်သို့ ပြန်လာရာတွင် ဒေါ်ထွန်းမယ်နှင့် သမီးထားထား





တို့က ဖြစ်ကြောင်းကုန်စင် ပြောပြကြသည်။ ဦးခေါင်မှာ နားထောင် ...င်း မျက်နှာတွင် သွေးဆုတ်နေတော့သည်။

ထို့နောက် ငင်းအမှုကို ကုန်ချင်သလောက်ကုန်၊ ခမ်းချင် သလောက်ခမ်း လိုက်ကြစေရန် ဒေါ်ထွန်းမယ်နှင့် သမီးထားထား တို့အား အာဏာကုန် လွှဲအပ်ပြီးနောက် ညတွင်းချင်းပင် ခရီးသွား ...ရာ ရှိသည်ဟုဆိုကာ ထွက်ခွာသွားတော့သည်။

ဒေါ်ထွန်းမယ်မှာ မည်သို့မျှ မပြောဆိုသော်လည်း ထား ထားကမူ မကျေနပ်နိုင်အောင် ရှိသည်။ ခုလို ဒုက္ခနှင့်ကြုံတွေ့နေရ သော အချိန်မျိုးတွင် ဖခင်ကြီးအား အိမ်မှာ ရှိနေစေချင်သည်။ အကြံကောင်း ဉာဏ်ကောင်းများကို ရယူချင်သည်။

ယခုတော့မူ မျက်နှာလွှဲ ခဲပစ်လုပ်သွားသည်။

ထို့ပြင် ထားထား နားမလည်နိုင်အောင် ရှိသည်။ ဘာ ကြောင့် ဖေဖေသည် ဤပြဿနာများကို ရှောင်လွှဲနေရသနည်း၊ ဖေဖေတွင် အဘယ်သို့သော အကြောင်းကြီးငယ် ရှိနေရသနည်း။

အကယ်၍ ဖေဖေ့တွင် ပြဿနာကြီးငယ်ရှိပါက ဖွင့်ဟတိုင် ပင်သင့်သည်ဟု ထင်ပါသည်။ မိမိတို့ကပါ ပါဝင်ကူညီဖြေရှင်းပေးရ မည်သာ ဖြစ်သည်။

ဖေဖေ နေစိမ့်နေသည်ကို လုံးဝ သဘောမတူသော်လည်း ဖခင်ကြီးအား တစ်လုံးမျှပင် မပြောပါ။ မိမိရင်ထဲ၌သာ ကျိုက်မှိတ်



www.burmeseclassic.com

www.burmeseclassic.com



ခံစားရင်း နေလိုက်၏။

ယခုတော့ ဖေဖေ သေပြီ၊ အသတ်ခံရသည်ဟူသော သတင်းကြားလိုက်သည့်တခဏ၌ ထားထားသည် မူးမေ့လဲ သွားပါတော့ သည်။

ဒေါ်ထွန်းမယ်၊ ဒေါ်ရွှေလှဲ့တို့သာ အနားတွင်မရှိပါက သတိ ပြန်လည်စရာ အကြောင်းမရှိတော့ပေ။ ထားထားအား နှာနှပ် ယပ် ခပ်ပေးသောကြောင့် ''ဟင်းခနဲ''သက်ပြင်းရှည်ကြီးချကာ သတိရလာတော့သည်။

ဒေါ်ထွန်းမယ်က . .

''သမီး . . သမီးလေး သတိရလာပြီလား''

ဒေါ်ရွှေလှဲ့ကလဲ . .

''သမီး . . သမီး သတိထားမှပေါ့၊ စိတ်ကိုထိန်းပါ သမီး ရယ်''

ထိုကဲ့သို့ တတွတ်တွတ်ပြောနေသူများကို ထားထား သည် မျက်လုံးကြီးအပြူးသားနှင့် ငေးကြောင်ကြည့်နေမြဲ ကြည့် နေသည်။ မိခင်နှင့် ယောက္ခမကြီး၏ မျက်နှာကို ကြည့်ရင်း ရင်ထဲမှာ အလိုလို ရယ်မောချင်နေသလား၊ ဖျစ်ညှစ်ငိုချချင်သလား မတွေး တတ်အောင် ရှိနေသည်။

''သမီး ငိုချင်ရင် တအားငိုချလိုက်လေ၊ တင်းခံမထားနဲ့





. . ငို''

ဦးကြာဆိုင်က ထားထား၏ ယယ်ထိပ်ပေါ်တွင် လက်ဝါး တလေးအသာတင်ရင်း နားချနေသည်။ ထိုစကားကြားတော့ ထားထားသည် ဦးကြာဆိုင်ကို အားကိုးအားထား ပြုသော မျက်လုံးရွဲ ကြီးများဖြင့် တလည်လည်မော့လို့ ကြည့်နေရှာပါ၏။

''သမီးရယ် . . သောကတွေ များလှတဲ့ မေမေ့ရင်ကို တော့ ကွဲအောင်မလုပ်လိုက်ပါနဲ့''

မိခင်ကြီးက ငိုသံနှင့် ပြောသည်။ ထားထားသည် မိခင် ကြီး၏ မျက်လုံးများကို ရင်ဆိုင်၍ စူးစူးစိုက်စိုက် ကြည့်နေမိသည်။ မိခင်၏ မျက်ဝန်းထဲတွင် မျက်ရည်များ ပြည့်လျှံနေသည်။ မျက်ရည် စီးကြောင်းကလေးနှစ်သွယ်သည် မေမေ၏အိုမင်းသော ပါးတွန့်အ ရေးအစင်းများပေါ်တွင် ဖြတ်သန်းစီးဆင်းသွား၏။

ထားထားက ဖျစ်ညှစ်ခေါ်လိုက်သည်။

''မေမေ . . ''

''သမီး . . ''

မိခင်နှင့် သမီးတို့သည် တစ်ယောက်ကိုတစ်ယောက် တ အားဖက်ထားကြသည်။ ထားထားသည် မိခင်၏ပခုံးပေါ်တွင် မေး ရင်း မျက်ရည်တွေကို အဆီးအကာမရှိ သွန်ချလိုက်ရင်း

''မေမေ့ . . မေမေ . . သမီးတို့ ဘယ်သူ့ကို အားကိုးကြ



www.burmeseclassic.com

www.burmeseclassic.com



ရတော့မလဲ''

နှစ်ယောက်စလုံး၏ ငိုသံများသည် အိမ်ကလေးအတွင်း၌ သိမ့်သိမ့်လျှံနေတော့၏။

ထားထားတို့မှာ အဖေ့အသုဘကို အခမ်းအနား မလုပ်နိုင်တော့ပါ။ ဖြစ်သလို အကျဉ်းရုံး၍သာ လုပ်ရတော့သည်။

မနေ့ဖြူသို့ ဦးကြာဆိုင်ကိုသာ လွှတ်လိုက်လေသည်။ အလောင်းကို သက်ဆိုင်ရာမှ တောင်းယူပြီး ရွာအခေါင်းဖြင့် သွင်းကာ အသာချခဲ့ရသည်။

ထားထားက ဦးကြာဆိုင်နှင့်အတူ လိုက်သွားချင်သည်။ နောက်ဆုံးအနေနှင့် ဖခင်ကြီး၏ မျက်နှာကို တစ်ဝကြည့်လိုက်ချင်သည်။ ထို့နောက် အားရပါးရ ကန်တော့လိုက်ချင်ပါသေးသည်။

သို့သော် မိခင်ကြီးက တားသည်။

''သမီး လိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲကွယ်၊ ဒီမှာက မောင်မျိုးညွန့်ရဲ့ ကိစ္စက ရှိသေးတယ် မဟုတ်လား။ ရုံးချိန်းနေ့ကလဲ ဘာလိုတော့လို့လဲ၊ ပြီးတော့ ရုံးပေါ်မှာ သမီးရဲ့မျက်နှာကို မောင်မျိုးညွန့် မမြင်ရလို့ အားငယ်နေရှာမှာပေါ့''





''မဟုတ်ဘူး မေမေရယ်၊ ကျေးဇူးရှင် ဖေဖေရဲ့ မျက်နှာကို နောက်ဆုံးအနေနဲ့ သမီးအားရပါးရ ကြည့်လိုက်ချင်လို့ပါ''

ဒေါ်ထွန်းမယ်၏ မျက်နှာကလေး ညိုးသွားသည်။ တကယ်တော့ သမီးပြောသည်မှာ မှန်ပါသည်။ သွားလေသူကို နောက်ဆုံးအနေဖြင့် ကန်တော့ပြီး အလွမ်းပြေနှုတ်ဆက် အကြည့်တော့ ကြည့်သင့်ပါပေသည်။

''သမီးပြောတာ မှန်ပါတယ်၊ ဒီကိစ္စမှာ မေမေက ရှေ့ဆုံးက နေသင့်တာ မေမေ နားလည်ပါတယ် သမီးရယ်၊ ဒါပေမယ့် မေမေတို့မှာ ဘယ်လောက် အပူကြီးနေရတယ်ဆိုတာ သမီး သိပါတယ်၊ တစ်မှုပေါ် နှစ်မှုဆင့်ဖြစ်လာတဲ့ အကြောင်းတွေကြောင့် တရားသိပါတယ်ဆိုတဲ့ မေမေတောင် ငိုမိတာပဲ. မဟုတ်လား''

''သမီးတို့ရဲ့ ရေစက်ဝက အကြောင်းကံတွေက မကောင်းခဲ့ဘူးနော်''

''ဒါပေါ့. သမီးရယ်၊ တရားနဲ့သာ နှလုံးသွင်းရမှာပေါ့''

''သမီးတော့ အဲသလောက် မရင့်မာနိုင်ဘူး မေမေ၊ ငိုစရာ ရှိရင် ငိုလိုက်ရမှ၊ ခုလဲ.. ဖေဖေ့ကို ဘယ်လို ရန်ငြိုးကြောင့် ဒီလောက် တောင် ရက်စက်လိုက်ကြတာလဲဆိုတာ သမီး သိချင်တယ်''

ဒေါ်ထွန်းမယ်က သမီး၏မျက်နှာကို ငေးမြဲငေးကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဖအေ့သမီး ပီသပါပေတယ်ဟု စိတ်ထဲက မှတ်ချက်ချလိုက်သည်။

''ဒါတွေ မသိချင်ပါနဲ့တော့ သမီးရာ၊ သမီးသိနေလို့ကော ဘာတွေ အကျိုးထူးလာမှာတဲ့လဲ၊ ခုဘဝမှာတောင် မေမေတို့ သမီးတို့ ဒီလောက် သောကရောက်ခဲ့တာဟာ ဒီဘဝလောက်နဲ့ တော် လောက်ပါပြီ၊ သံသရာအရှည်ကြီး ဆွဲမဆန့်ချင်ပါနဲ့ သမီးရယ်''

ထားထားက ခေါင်းကို သွက်သွက်ကြီးခါရင်း . .

''ဟင့်အင်း . . သမီးမကျေနပ်နိုင်ဘူး၊ မေမေ စဉ်းစားကြည့် လေ၊ ကိုကိုဟာ တကယ့်လူအေး၊ လူသူတော်ကောင်း၊ လူများအ သက်ဆို သတ်ဖို့ဝေးစွ အဲသလိုလူမျိုးကိုမှ မဟုတ်မတရား စွဲချက် တင်နေကြတာ၊ သမီး ဘယ်လို ကြည့်ရက်နိုင်မလဲ၊ ပြီးတော့ အဲဒီ အပူက မငြိမ်းသေးဘူး။ ခု ဖေဖေ့ကို သတ်သွားကြပြန်ပြီ၊ ဖေဖေ့အမှု ကို အင်္ဂလိပ်အစိုးရမင်းက ဘယ်လိုလုပ်ကြမလဲ၊ အမူးသမား အရူး သမားကျတော့ ရဲကြီးခွင်ကျယ် လုပ်လိုက်ကြတာ မပြော လိုက်ချင် ဘူး''

ထားထားရင်ထဲတွင် မည်မျှဖေါက်ကွဲနေမည်ကို ဒေါ်ထွန်း မယ် ခန့်မှန်းမိပါသည်။

''ဒါတွေ ထားလိုက်ပါတော့ သမီးရယ်၊ မေမေတို့ ဒါတွေ ပြောနေကြလို့လဲ ကိစ္စဝိစ္စတွေအားလုံး ပြေလည်သွားမှာမှ မဟုတ် ဘဲ၊ ပြီးတော့ သေတဲ့လူလဲ ပြန်ရှင်လာမှာမှ မဟုတ်တော့ဘဲ ဦးကြာ





ဆိုင်တို့ဟာ အခုအချိန်မှာတော့ မေမေတို့ရဲ့ သောကကို ခွဲဝေမျှ ခံစားနေကြတဲ့ မိတ်ဆွေဟောင်းတွေပဲ၊ ဦးကြာဆိုင်က သမီး ဖေဖေအတွက် အကောင်းဆုံး စီစဉ်ခဲ့မှာပါ။ မေမေတို့က ဒီကနေပြီး သွားလေသူအတွက် ကောင်းမှုကုသိုလ်တွေ လုပ်နေကြတာပေါ့''

မေမေက ဖွင့်ဟ်တားထားသဖြင့် ထားထား မလိုက် တော့ဘဲ နေလိုက်ရခြင်း ဖြစ်ပါတော့သည်။

ဆန်း ကွန်ပျူတာစာစီ/ဒီဇိုင်း၊ သင်တန်းများ
၁၂၆၊ မြိတ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

## အဲ့ရှယ်လူ

၃၁။

ခြောက်လ၊ ခုနစ်လခန့်အရောက်တွင် မောင်မျိုးညွန့်၏အမှုကို အမိန့်ချလေတော့သည်။

မောင်မျိုးညွန့်ကို ရုံးတော်မှ အမိန့်ချတော့မည်ဟူသော သတင်းသည် ပျံ့သွားတော့သည်။ စိတ်ဝင်စားသူတိုင်းက ထိုအမိန့်ချမည့်နေ့ကို စောင့်စား နားစွင့်နေကြဟန် တူသည်။ တစ်ချို့က မောင်မျိုးညွန့်ကို သနားသောကြောင့် လာရောက်နားထောင်ကြခြင်း ဖြစ်သည်။





တစ်ချို့ကတော့ ရုပ်ကလေးသနားကမားနှင့် လွန်စွာရက်စက်လှသော လူသတ်သမားကို လာရောက်ကြည့်ရှုကြခြင်းဖြစ်သည်။ တစ်ချို့ကတော့ သူများအသက်ကို ရက်ရက်စက်စက်သတ်ချင်တာကိုး၊ ကိုယ်လဲခံရမှာပေါ့ဟူသော အဓိပ္ပာယ်ဖြင့် လာရောက်ကြခြင်း ဖြစ်သည်။

ထိုနေ့က တရားရုံးတွင် လူတွေပြည့်ကျပ်နေသည်။ ထားထားသည် လူတွေကို ကြည့်ရင်း ခေါင်းပင် မူးဝေနေသည်။ အစကတည်းကပင် ထားထားမှာ ဤအမိန့်ချမည့် အသံများကို နားဖြင့်မကြားလို မမြင်လိုရှိနေခဲ့၏။ မလိုက်ချင် လိုက်ချင်ဖြစ်နေသောကြောင့်

"မေမေရယ် . . သမီးစိတ်တွေ လေးလိုက်တာ"

"ဘာဖြစ်လို့လဲ သမီးရယ်"

"ကိုကို့အမှုကို သမီး မထင်တော့ပါဘူး" ဟုပြောကာ ထား ထားမှာ ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။

"စိတ်တင်းမှပေါ့ သမီးရယ်"

"ကိုကို ကံဆိုးလိုက်တာနော်"

ဒေါ်ထွန်းမယ်က သမီး၏ ကျောကုန်းကလေးကို ယုယစွာပွတ်သပ်ပေးနေရာမှ . .

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ သမီးရယ်၊ မေမေတို့နဲ့ သမီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ယောက္ခမတွေလဲ တာဝန်ကျေခဲ့ကြတာပဲဟာ''

မျက်ရည်စများကို လက်ခုံဖြင့် တို့သုတ်နေရင်း ထားထား ပြော၏။

''ဟုတ်ပါတယ်လေ၊ သမီး ဒါတွေ သိပါတယ်၊ ဒါပေမယ့် ဒီလူတွေက တစ်ဖက်စောင်းနင်းကြီး မေမေရာ..၊ သမီးတို့ဘက်က ရှေ့နေကြီး လျှောက်လွှဲသွားတာ အင်မတန် ကောင်းပါတယ်၊ အကွက်စေ့ပါတယ်၊ တရားလိုဘက် ရှေ့နေကြီးတောင် လိုက်လို့မမီပါဘူး မေမေ၊ ဘယ်လောက်ပဲ တော်တော် ကောင်းကောင်း ကိုကို့အတွက်တော့ မလွယ်တော့ဘူး ထင်ပါရဲ့''

''အို.. သမီးရယ်၊ စကားဦး မသန်းကောင်းပါဘူးကွယ်''

''မဟုတ်ဘူး မေမေ၊ သမီးတို့ ဒီအမှုကို ရင်ဆိုင်နေရတာ မေမေ သဘောပေါက်လားဟင်၊ သမီးတို့ တစ်ပန်းရှုံးနေပြီ၊ အစိုးရနဲ့ တရားရင်ဆိုင်နေရတာ၊ မသေလဲသုတ် သေလဲသုတ်ဆိုသလို သူတို့ ဘက်ကပဲ အနိုင်ယူကြတော့မှာ''

ဒေါ်ထွန်းမယ်က စောဒက တက်သည်။

''ဒါဖြင့် တရားရုံးတော်ဆိုတာ ဘာလို့များ ထားနေကြသေးသလဲ၊ ကြက်ခြင်းထဲက ကြက်တွေကို သတ်ချင်တဲ့နေ့မှာ ဆွဲ ထုတ်ပြီး သတ်လိုက်ပါတော့လား''

ထားထားက မောဟိုက်စွာ သက်ပြင်းချလိုက်၏။





''ဒါက ကမ္ဘာမှာ ရှပ်ပြကောင်းအောင် လုပ်ထားတာ၊ ဒီလိုကပြားတွေက တိုင်းပြည်နဲ့လူမျိုးကို မတရားအုပ်ချုပ်ချင်နေကြတာပါ''

ဒေါ်ထွန်းမယ်မှာ စိတ်မောသွားသဖြင့် လက်ထဲက ပုတီးကို သွက်သွက်ကြီး စိတ်ချနေရာက လေသံပျော့ပျော့ဖြင့် ပြောသည်။

''ကဲပါလေ... ဒါတွေပြောနေလို့ ပြီးမှာ မဟုတ်ပါဘူး ဆုံးမှာလဲ မဟုတ်ဘူး၊ ဒါတွေ ထားလိုက်တော့၊ သွားကြဖို့ အချိန်နီးနေပြီ သမီး ရေချိုးလိုက်ဦး''

ရေချိုးချင်စိတ်၊ ဖီးလိမ်းချင်စိတ်၊ တစ်စိတ်မှ မရှိပါဘူး မေမေရယ်.. ဟုဆိုကာ ဤအတိုင်းပင် အဝတ်အစားလဲပြီးနောက် ထလိုက်လာရခြင်း ဖြစ်ပေသည်။

× × ×

တရားရုံးတော်ကြီး တစ်ခုလုံးမှာ အပ်ကျသံကိုပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

မောင်မျိုးညွန့်မှာ များပြားလှသော လူတွေကို တစ်ချက်မော့ကြည့်ပြီးနောက် ဦးခေါင်းကို ငိုက်စိုက်ချထားလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ဘုရား၊ တရား၊ သံဃာ ဆရာသမားမိဘများ၏ ဂုဏ်ကျေးဇူးကို နှလုံးသွင်းကာ ငြိမ်နေသည်။

တရားသူကြီးက အမိန့်ချမည့် စာရွက်ရှည်ကြီးကို ကိုင်ကာ ထိုစာရွက်ပေါ်မှ ကျော်၍ လူတွေကို တစ်ချက် အကဲခတ်သည်။ ထို့နောက် မောင်မျိုးညွန့် ထိုင်နေရာသို့ တည်ငြိမ်စွာ ကြည့်နေပြီးမှ

''မောင်မျိုးညွန့်၊ ဒီနေ့ မောင်မင်းတို့ ကျွန်ုပ်တို့ အမိန့်ချမှတ်ရမယ်၊ မောင်မင်း ကောင်းကောင်းနားထောင်ပါ''

တရားသူကြီးက စကားရပ်သည်။ မောင်မျိုးညွန့်နှင့် မောင်မျိုးညွန့်၏ မိသားစုတစ်စု ထိုင်နေသော နေရာသို့ တစ်ချက် ဝေ့ကြည့်သည်။

''အဘ ဦးကြာဆိုင် .. အမိ ဒေါ်ရွှေလုံ့ရဲ့သား မောင်မျိုးညွန့်၊ အသက် (၂၆)နှစ်ဟာ လွန်ခဲ့သော (    )ခုနှစ်၊ မတ်လ (၁၅)ရက်နေ့ညမှာ ဦးသောင်ဆိုသူနှင့် အလွန်အကျွံ စကားများခဲ့ပါတယ်။ ထို့နောက် ဦးသောင် ပြန်လည် ထွက်ခွာအသွားတွင် မောင်မျိုးညွန့်သည် ဦးသောင်၏ နောက်မှလိုက်ကာ ဦးသောင်အား ရက်ရက်စက်စက် သတ်ဖြတ်မှုကို ဤရုံးတော်၌ (    )ခုနှစ်၊ ဇွန်လ (၂၉)ရက်နေ့မှာ နှစ်ဘက်သော ရှေ့နေများနှင့်အတူ အမှုဖွင့်ခဲ့ခြင်း ဖြစ်ပါတယ်၊ ဤအမှုကို





ညောင်တုန်းမှာ ဌာနအုပ် ဦးစိုးမောင်က တရားလိုအဖြစ် စွဲချက်တင်ခဲ့မှု ဖြစ်ပါတယ်''

''တရားခံ မောင်မျိုးညွန့်မှာ ဖမ်းသည့်နေ့မှစ၍ ဤအမှုအတွက် မိမိမကျူးလွန်မိကြောင်းကိုသာ အကြောက်အကန် ငြင်းဆိုခဲ့သည်မှာ အထင်အရှား ဖြစ်နေပါသည်။ သို့သော်လည်း မိမိမသတ်ဟု အကြိမ်ကြိမ် ငြင်းဆိုသော်ငြားလည်း တရားခံအစစ်ကို မထောက် ပြသည်မှာလည်း ဤရုံးတော်မှ စဉ်းစားစရာတစ်ချက် ဖြစ်နေတယ်''

တရားသူကြီးသည် ခေတ္တနားသည်။ စာရွက်ပေါ်မှ ကျော်ကာ မောင်မျိုးညွန့်ကို စူးစိုက်ကြည့်သည်။

''ဤကဲ့သို့ လုပ်နေခြင်းမှာ မောင်မျိုးညွန့်သည် အင်္ဂလိပ်အစိုးရ၏ တရားဥပဒေအရ အုပ်ချုပ်မှုကို လိမ်လည်နှောင့်ယှက်နေခြင်းသာ ဖြစ်သည်ဟု ဤရုံးတော်က ကောက်ချက်ချပါတယ်၊ နောက်တစ်ချက်မှာ ဦးသောင်သည် ဤအိမ်၏ ဆွေမျိုးသားချင်းတော်သည်မှာ အမှန်ဖြစ်ပါတယ်။ ထို့ကြောင့် ဤအိမ်အတွင်းသို့ ဝင်ထွက်သွားလာနိုင်သည်ကို သက်သေထွက်သူများက အတိအလင်း ထွက်ဆိုခဲ့ပြီးပြီ။ ဤသို့ထွက်စေ ဝင်စေ ရှိနေသည်တို့ နောက်မှ ရောက်လာသော မောင်မျိုးညွန့်မှာ များစွာသိသား နှစ်သက်ပုံမရချေ။ ထို့အတွက်နှင့် တစ်ဦးနှင့်တစ်ဦး [illegible]နေရာမှ

www.burmeseclassic.com



အဆိုပါ အခင်းဖြစ်ပွားသည့်ညကတော့ အကြီးအကျယ် စကားများသည်မှာ လွန်စွာပင် ထင်ရှားနေပါတယ်၊ ထို့ကြောင့် . . ''

''ဟိတ် . . အမိန့်ချနေတာ ရပ်လိုက်စမ်းညီဂြ

ဟိန်းလွှင့်သော အသံသြကြီးက တရားသူကြီး၏ အမိန့်ချနေသံကိုပင် လွှမ်းသွားတော့သည်။ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

ထားထားသည် ခေါင်းငုံ့၍ မျက်ရည်သုတ်နေရာမှ ဆတ်ခနဲ မော့ကြည့်မိသည်။ တရားသူကြီးမှာလည်း အတော်လန့်သွားပုံရ သည်။ စာရွက်ကိုကိုင်ရင်း လူတွေထဲသို့ အကြည့်ရောက်နေသည်။

ထိုစဉ်တွင် လူအုပ်ကြားထဲမှ လူတစ်ယောက် တိုးထွက်လာတော့သည်။ သူသည် ဝတ်ဖြူစင်ကြယ်နှင့်လူ။

ထိုလူသည် ဣန္ဒြေရစွာပင် လျှောက်လာရင်း တရားသူကြီး၏ စင်မြင့်ရှေ့တွင် တည်ငြိမ်စွာ ရပ်လိုက်ပါတော့သည်။ တရားသူကြီးမှာ မိမိတရားခွင်တွင် လာရောက် နှောင့်ယှက်ရပါမည်လောဟူသော အကြည့်ဖြင့် မျက်နှာကြီးတစ်ခုလုံး နီရဲနေပါသည်။

''မောင်မင်း ဘယ်သူလဲ . . မောင်မင်း တရားခွင်ကို နှောင့်ယှက်တာ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာ မောင်မင်း





မသိဘူးလား''

ထိုသူက ခြောက်ကပ်ကပ်ရယ်ရင်း ပြောသည်။

''မင်းတို့တရားခုံကြီး စောင်းနေလို့ ငါ [illegible]''

ထိုစကားကြောင့် ဘေးလူအချို့ပင် လက်[illegible] လိုက်ကြ၏။ ထို့ပြင် ဤလူဖြူဖြူအဘိုးကြီး သ[illegible] ကိုလည်း အံ့သြနေကြရပေသည်။

ထားထားကတော့ နားမလည်နိုင်[illegible] ဖြစ်နေသည်။ စိတ်ထဲမှာ ဇဝေဇဝါ ရှိသည်။ [illegible] မြင်ဖူးသလိုလို ရှိနေသည်။ ဘယ်နေရာ ဘယ်[illegible] မရသေးပါ။ ထိုစဉ် သူတို့မင်္ဂလာဆောင်ဧည့်က [illegible] မှတ်ရလိုက်သည်။

မင်္ဂလာလက်ဖွဲ့ လာပို့သော အဘိုးကြီး။

''မောင်မင်း မယဉ်ကျေးပါလား မောင်မင်း [illegible] တာလဲ''

ထိုလူက ပြုံးလိုက်ပြီးနောက် . .

''သြော် . . ကျုပ်တို့ကို မယဉ်ကျေးဘူး[illegible] ခင် ဗျား ပြန်ရုပ်သိမ်းလိုက်ပါ၊ ခင်ဗျားတို့ကို ယဉ်[illegible] တဲ့ လူမျိုးတွေက ကျုပ်တို့နိုင်ငံနဲ့ ကျုပ်တို့လူ[illegible] များအုပ်ချုပ်ချင်လို့ သိမ်းပိုက်တာကိုတော့ ယဉ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထင်နေတယ်ပေါ့လေ၊ ဟား . . ဟား . . ဟား''

ပြောပြီးနောက် ဟက်ပက်စွာ ရယ်မောပစ်သည်။ တရားသူကြီးမှာ အတော်စိတ်တိုသွား၏။

''မောင်မင်းကို ရုံးတော် နှောင့်ယှက်မှုနဲ့ ကျုပ် ဖမ်းချုပ်နိုင်တယ်''

''ကျုပ် ဒီလောက်အမှုကလေးကို မမှုလို့ ဒီကို ရောက်လာတယ်ဆိုတာ ခင်ဗျားနားလည်ပါ''

တရားသူကြီးမှာ အတော်ဦးနှောက် ခြောက်သွားသလို ခေါင်းခါနေရင်း ''မောင်မင်း ရူးနေသလား''ဟု ကျယ်လောင်စွာ အော်မေးလိုက်သည်။ ထိုလူက မခိုးမခန့် ရယ်ပြီးမှ . .

''ကျုပ် မရူးဘူး၊ ရူးနေတာက ခင်ဗျားတို့ ပထမဦးဆုံး ရူးတဲ့လူက ဌာနအုပ် ဦးစိုးမောင် . . နောက်ရူးတာက ခင်ဗျား ဘာဖြစ်လို့လဲဆိုတော့ ဦးသောင်ဆိုတဲ့လူဟာ အင်္ဂလိပ်အစိုးရရဲ့ သူလျှို ဖြစ်နေတာကြောင့် အင်္ဂလိပ်အစိုးရ အရူးခိုင်းတိုင်း ခင်ဗျား တို့ လိုက် ရူးနေကြရတယ် မဟုတ်လား''

သည်တော့မှ နားထောင်နေသူ လူအများမှာ ဟာ . . ဟင် . . ဟူ၍ အသံများ စီသွားတော့သည်။ အစက ဦးသောင်အား သာမန်လူဟု ထင်ခဲ့သော်ငြားလည်း ယခု ထိုလူဖြူကြီးက ဘွင်းဘွင်းကြီး ပြောချလိုက်သဖြင့် အလွန်ပင် အံ့သြထိတ်လန့်





သွားကြပါသည်။

''ခင်ဗျားတို့က ခင်ဗျားတို့လူထိသွားတော့ ဘုရင်ခံမင်း မြတ်တောင် မနေနိုင်တော့ဘူး၊ အရူးကို ကျွဲခတ်သလို အခံ ရခက်သွားတယ် မှတ်တယ်၊ ဟိုလူမဲ၊ ဒီလူမဲနဲ့ နောက်ဆုံး အပြစ်မရှိတဲ့ မောင်မျိုးညွန့်ကိုတောင် ဖမ်းပြီးစက်တိုင်ပို့ဖို့ မဟားတရားကြီး ကြိုးစားနေကြတယ် မဟုတ်လား၊ အင်္ဂလိပ်ခွေး တွေရဲ့''

တရားသူကြီးမှာ ထိုစကားကြောင့် အထိနာသွားသည်။ ရှူးရှူးရှားရှား ဖြစ်သွားပြီး . .

''ဟိတ် . . သူ့ကို ဖမ်းကြစမ်း၊ ဒီကောင် ဘယ်သူလဲ''

''ကျုပ် အကောင်မဟုတ်ဘူး၊ ဘုရင့်သစ္စာတော်ခံ ဖြူဌာနရဲ့တပ်မှူးလေး၊ ဖြူဌာနဆိုတာ ကျုပ်တို့ရဲ့လျှို့ဝှက်အမည် ပဲ၊ ဘုရင့်ထောက်လှမ်းရေးအဖွဲ့လို့ အဓိပ္ပာယ်ရတယ်၊ ကျုပ် ဒီကို လာခဲ့တာဟာ တရားခံချင်းလဲဖို့ လာခဲ့တာပဲ၊ ကျုပ်ကို ဖမ်း နိုင်တယ်၊ အပြစ်ပေးနိုင်တယ်၊ ဘာလို့ ကျုပ်ကို အပြစ်ပေးနိုင် သလဲဆိုတော့ ကျုပ်ဟာ ကျုပ်တို့ မဟာတပ်မင်းကြီးခိုင်းစေတဲ့ တာဝန်တွေအားလုံး ပြီးဆုံးခဲ့ပြီ၊ ခုချိန်မှာ ကျုပ်ဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ကို အသက်နဲ့ကျေးဇူးဆပ်ရမယ့် အချိန်ပဲ၊ ဦးသောင် ကို သတ်တာ မောင်မျိုးညွန့် မဟုတ်ဘူး၊ ကျုပ် သတ်တာ''



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားများကို ကြားရသောအခါ၌ တရားသူကြီးမှာ အလွန်အံ့ဩ တုန်ယင်သွားသည်။ အတန်ကြာအောင် ငေးကြည့်နေပြီးမှ . .

''မောင်မင်း ဘာလို့ သတ်ရတာလဲ''

''ကျုပ် ဦးသောင်ကို သတ်တာဟာ သတ်ချင်လို့ သတ်တာမဟုတ်ဘူး၊ ကျုပ်လူမှားပြီး သတ်မိတာ ဦးခေါင်နဲ့ဦးသောင်ဟာ ညီအစ်ကိုမှန်း ကျုပ် မသိခဲ့ဘူး။ ပြီးတော့ ရုပ်ချင်းကလဲ အလွန်တူနေတော့ ဦးခေါင်အထင်နဲ့ ကျုပ် သတ်ပစ်လိုက်တာပဲ''

ထားထားနှင့် ဒေါ်ထွန်းမယ်တို့ပင် ထိုစကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။ သို့သော် ထိုလူဖြူက ဘယ်သူမှ ဂရုမစိုက်ဘဲ ခေါင်းတွင် ပေါင်းထားသော ပဝါဖြူကို ချွတ်လိုက်ပြီးနောက် . .

''ကျုပ်ကို ကျုပ်တို့ရဲ့ တပ်မင်းကြီးက ကိုခေါင်ကို သုတ်သင်ဖို့ စေလွှတ်ခဲ့တာပဲ၊ ကျုပ် အဲဒီညက ကိုခေါင် ပြန်လာလိမ့်မယ်ဆိုပြီး အဲဒီမှာ စောင့်နေတုန်း ကိုသောင် ရောက်လာတာပဲ၊ ကျုပ် ကိုသောင်ကို ကိုခေါင်အထင်နဲ့ သတ်လိုက်တယ်၊ နောက်မှ ကိုခေါင်မဟုတ်ဘဲ ကိုသောင်ဖြစ်နေမှန်း သိရတာပဲ၊ ပြီး ညီအစ်ကိုနှစ်ယောက်မှန်းလဲ ကျုပ်မသိလို့ မှားသွားတာ''

တရားသူကြီးကလဲ အလွန်စိတ်ဝင်စားသွားသဖြင့် . .





''နေပါဦး မောင်မင်းက ကိုခေါင့်ကို ဘာလို့ သတ်ချင်နေရတာလဲ''

ထိုလူဖြူဖြူက သျှောင်တစ်စောင်းရှိ ဆံပင်များတို့ ပြန်ထုံးရင်း အေးဆေးစွာ ပြောလိုက်၏။

''ကျုပ်တို့ ဘုရင့်အတွက် ရှမ်းပြည်နယ်က အခွန်ပဏ္ဏာတော်တွေကို ကြားဖြတ်တိုက်ယူသွားတဲ့ ကျုပ်တို့တပ်က တပ်မှူးကြီး နေမျိုးဇလဗိုလ်ခေါင်ဆိုတာ သူပါပဲ၊ အဲဒီပဏ္ဏာတော်တွေကို တိုက်ယူပြီး အပြီးတိုင် အောက်ပြည်အောက်ရွာကို ရှောင်တိမ်းခဲ့တဲ့ ဗိုလ်ခေါင်ကို သစ္စာဖောက်တို့ သွားရာလမ်းကို ပို့ဖို့ ကျုပ်တာဝန်ယူခဲ့တာပဲ၊ ခုတော့ ကျုပ် ဗိုလ်ခေါင်ကို လှလှပပကြီး စာရင်းရှင်းပြီးသွားပါပြီ''

ထိုစကားအဆုံးတွင် တရားသူကြီးမှာ သူအလွန်စိတ်ဝင်စားသောအချက်ကို ကောက်မေးသည်။

''မောင်းမင်းပြောတဲ့အထဲမှာ ရှမ်းပြည်နယ်က အခွန်ပဏ္ဏာတော်ဆိုတာပါတယ်၊ အဲဒီပစ္စည်းတွေကကော''

ထိုလူက ဟက်ဟက်ပက်ပက် ရယ်မောနေပြီးမှ တစ်လုံးချင်း ပြောလိုက်သည်။

''ဟဲ့ . . တိုင်းပြည်နဲ့လူမျိုးကို သိမ်းပိုက်ရုံတင်အားမရသေးလို့ တိုင်းပြည်ရဲ့ ရတနာပစ္စည်းတွေကိုပါယူပြီး ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်ကို ဆက်သချင်နေသေးတာလား။ ဒါတွေသိလို့ ဗိုလ်ခေါင်ကို အပြတ်ရှင်းပြီး ဗိုလ်ခေါင် ဖွက်ထားတဲ့ ရတနာသိုက် အညွှန်းမြေပုံကိုပါ ကျုပ် ရအောင်ယူခဲ့တယ်၊ ပြီးတော့ မီးရှို့ဖျက်ဆီးလိုက်တယ်၊ ဒီရတနာတွေကို ကျုပ်တို့မြေပေါ်က တစ်လက်မ အရွေ့မခံနိုင်ဘူး၊ နောင်လာ နောက်သားတွေက ကျုပ်တို့လူမျိုးအတွက် တော်လှန်ရေးကြီး အောင်မြင်တဲ့ တစ်နေ့မှာ အဲဒီရတနာသိုက်တွေကို တစ်နည်းနည်းနဲ့တွေ့ ပြီး တိုင်းပြည်ကို ပြန်လည်ပြုပြင်နိုင်လိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်''

လက်ခုပ်သံများ မမျှော်လင့်ဘဲ ထွက်ပေါ်လာသဖြင့် တရားသူကြီးမှာ ဒေါသဖြစ်လျက် တရားခုံကြီးကို တဒေါက်ဒေါက် ထုနက်နေတော့သည်။



## နောက်ဆုံးနှင့် ကိုကြီး

BURMESE CLASSIC

၃၅။

မောင်မျိုးညွန့်သည် မောင်နေဦးရှိရာသို့ [illegible] လျှောက်သွားသည်။ ထို့နောက် မောင်နေဦး၏ [illegible] ပြီးနောက် လက်အုပ်ချီလိုက်သည်။ ကန်တော့ပြီး [illegible] သည်။

''အသက်နဲ့လဲပြီး ကယ်တယ်ဆိုတာ ကိုကြီး [illegible] အဲဒီကျေးဇူးကို ကျွန်တော် လက်အုပ်ချီ ကန်[illegible] ဒီတစ်ကြိမ်မှာ ကိုကြီးအသက်ကို ပြန်မတယ်နိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ခွင့်လွှတ်ပါနော်''

ရှိုက်သံကို ထိန်းရင်း မောင်မျိုးညွန့် ပြောသည်။ မောင်နေဦးက အသာအယာပြုံးလိုက်ကာ . .

''မလိုတော့ပါဘူး ညီလေးရာ၊ ညီလေးက ကိုကြီးရဲ့ တစ်ကြိမ်သောအခါက အသက်သခင် ကျေးဇူးရှင်ပါ၊ ကိုကြီး ပြောခဲ့ဖူးတယ် မဟုတ်လား၊ ကိုကြီးတို့ မြန်မာလူမျိုးဆိုတာ ကျေးဇူးသိတတ်တဲ့ လူမျိုးပါလို့၊ ပြီးတော့ အခွင့်အလမ်းကြုံရင် ညီလေးကို ကိုကြီး ပြန်ပြီး ကယ်တင်ပါရစေ၊ ကယ်တင်ပါ့မယ်လို့ ကတိပြုခဲ့တယ် မဟုတ်လား၊ ကိုကြီးတို့ မြန်မာတွေဟာ ကတိတစ်လုံးကို လွယ်လွယ်နဲ့ ပေးခဲ့တယ်၊ ပေးပြီးရင်လဲ အဲဒီကတိကို ဘယ်တော့မှ မဖောက်ဖျက်တတ်ပါဘူး''

မောင်မျိုးညွန့်မှာ မောင်နေဦး ရှေ့တွင် ခြေစုံရပ်သည်။ အားမရနိုင်သော အကြည့်မျိုးဖြင့် ကြည့်နေရာမှ ပြောသည်။

''ကျွန်တော် ယုံကြည်ပါတယ်''

မောင်နေဦးက . .

''ပြီးတော့ ညီလေးတို့ကို တစ်ခု တောင်းပန်စရာ ရှိသေးတယ်''

''ဘာများပါလိမ့် ကိုကြီး . . ''

''ကိုကြီး ဗိုလ်ခေါင်ကို သတ်လိုက်ရတဲ့ကိစ္စ ညီလေး





ကိုရော ထားထားကိုပါ ကိုကြီး တောင်းပန်ပါတယ်၊ ညီလေးရဲ့ ထားထားကိုလဲ ညီလေး ဝိုင်းတောင်းပန်ပေးနော်''

မောင်မျိုးညွန့်က . .

''ခြော် . . ကိုကြီးရယ် . . ''ဟု ညည်းနေစဉ် အဝေးမှ ရပ်လျက်ရှိနေသော ထားထားသည် သူတို့အနီးသို့ တဖြည်းဖြည်း လျှောက်လာသည်။ ထားထား အနီးသို့ရောက်လျှင် မောင်မျိုးညွန့်က . .

''ထားရယ် . . ကိုကြီးက ထားဖေဖေကိစ္စကို တောင်းပန်ပါသတဲ့''

ထားက ခေါင်းကို သာသာငုံ့ချရင်း တိုးတိုးဖွဖွပြောသည်။

''ဖေဖေ ဆုံးပါးသွားတဲ့အတွက် ဝမ်းနည်းတာထက်ပိုပြီး ဖေဖေဟာ သူ့တရား သူစီရင်သွားတာမို့ ထား ဘယ်လိုမှ မ အောက်မေ့ပါဘူး ကိုကြီးရယ်''

မောင်နေဦးမှာ မျက်ရည်များ လည်သွားသည်အထိ ဝမ်း သာသွားတော့သည်။

''ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ညီလေး ရယ်''

ထိုအခိုက်တွင် ဦးကြာဆိုင်၊ ဒေါ်ရွှေလှ၊ ဒေါ်ထွန်းမေတို့ သည် အနီးသို့ ရောက်လာကြပေသည်။ မောင်နေဦးသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့အနီးသို့ ရောက်လာသော လူကြီးများကို ထိုင်၍ ကန်တော့ရင်း . .

"ကျွန်တော့်မှာ အပြစ်ရှိရင် ခွင့်လွှတ်ကြပါ"

ဟု တောင်းပန်လိုက်သည်။ ဒေါ်ထွန်းမယ်က ဦးခေါင်းကိုသာ တဆတ်ဆတ်ညိတ်၍ နေသည်။ ဦးကြာဆိုင်မှာ ဆုပေးရမည့်အစား ရင်ထဲဆို့နေသဖြင့် တစ်ဖက်သို့ မျက်နှာလှည့်နေ၏။

ဒေါ်ရွှေလုံ့မှာမူ မောင်နေဦးကို ကြည့်ရင်း မျက်စိတွေပြာဝေလျက် မူးမေ့လဲကျသွားတော့ပေသည်။ မောင်နေဦးက ဆီးပွေ့ထားလိုက်ရသည်။

"အမေ . . အမေ . ."

"မေမေ . . မေမေ . ."

"ရွှေလုံ့ . . . ရွှေလုံ့ . . . သတိထားမှပေါ့၊ သတိထားမှပေါ့"

ဒေါ်ရွှေလုံ့၏ နားထဲ၌ ထိုအသံများသည် အစတွင်ကြားနေရသော်လည်း တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားတော့သည်။

ဧအာင်ဖင်



www.burmeseclassic.com